www.burmeseclassic.com

ငုံမိုးစာပေ

# ဖျား

# သို့ - - ချစ်သူ




Digital Art : Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

တာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၅၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၅၅၀၃၀၇

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း။

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ

Idea Kyaw & Wai Yan

ဖြန့်ချိရေး

စိုးမိုးစာပေ

# မျိုး

# သို့ --- ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သို့ ...

ချစ်သူ

တလုံးလေးတွေက ဝိုင်းဝိုင်းစက်စက်မဟုတ်ပေမယ့် အလွန်လှ[illegible]

ဘဲဥပုံ ရှည်သွယ်သွယ်ခပ်ဝန်းဝန်းလေးမှာ အသတ်တွေ ရှေ့[illegible]တွေနှင့် တစ်ချောင်းငင် နှစ်ချောင်းငင်တို့မှာ ထောင့်မှန်ကျကျလေး [illegible] ဆွဲတင်ဆွဲပို့ထားပုံက ကဗျာဆန်သည်။

မြင်တာနှင့် တစ်ခါတည်းမှတ်မိသွားစေနိုင်သော လက်ရေးမျိုး [illegible]သော်လည်း မိန်းမဆန်တာမျိုးလည်းမဟုတ်။

ဒီလက်ရေးမျိုးဟာ ဆင်တူအောင်ရေးနိုင်ဖို့ လွယ်ချင်လွယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ သူမကတော့ မြင်တာနှင့်သိနေသည်။

ထို့ကြောင့်သို့ . . . ချစ်သူဟူသော လိပ်မူ၍ရောက်လာသမျှ ကိုးစောင်တိတိရှိပြီဖြစ်သည့် စာအားလုံးကို တစ်စောင်မှမဖတ်ခဲ့ပါ။

ခေတ္တ–ဂျပန်ဟူသော တစ်နေရာမှ သူ့ထံသို့ မရောက်သော်လည်း စာတစ်စောင်ရောက်တိုင်း မဲ့ပြုံးတစ်ခုကိုတော့ ရက်ရောစွာ ပို့ပေးခဲ့သည်။

ဒီမှာ မင်းရဲ့ချစ်သူမရှိဘူး၊ ခေါင်းစည်းမှားနေပြီဆိုတာ မသိနားမလည်တဲ့ မင်းရဲ့လက်ချောင်းတွေ ဘယ်လောက်ထိဖွဲ့ကောင်းနိုင်မှာလဲ. . .

ထိုစဉ် အလွန်နုစ်သက်ဖွယ်ကောင်းသော ရေမွှေးနံ့တစ်ချက်နှင့် တစ်ယောက်သောသူ၏အရိပ်က သူမဘေးမှာရောက်လာသည်။

စားပွဲပေါ်တွင် ထူထဲလှသည့် စာအုပ်ကြီးမှာ မှီလှဲထားသော ကြောင့် ထောင့်ကျဉ်းပုံတစ်ခုကို ဖြစ်ပေါ်နေစေသော စာအိတ်ထူထူလေးက ငြိမ်ငြိမ်သက်သက်လေးရှိနေပေမယ့် ယှဉ်လျက်ရပ်နေသူနှစ်ဦး ရှေ့မှာတော့ မျက်စိမှိတ်ပြ လျှာထုတ်ပြနှင့် ခုန်ဆွခုန်ဆွ လက်ယပ်ခေါ်နေသလို မုန်းတီးစက်စုပ်ဖွယ်အတိ။

"ဒါဟာ. . . ကိုးစောင်မြောက်ပဲ"

စကားသံကပြတ်တောက်၍ ဒေါသကို သွားကြားထဲမှာ အတင်းဖိကြိတ်ချိုးနှိမ်ထားရသလိုမျိုး ဖြစ်သည်။

"ဒီအိမ်မှာ မိန်းမငါးယောက်ရှိတယ်။ ဒီစာကိုးစောင် ဘယ်





သူ့ကိုပို့ပေးနေတာလဲဆိုတာ စာထဲမှာတော့ပါမှာပေါ့၊ ငါတစ်ခုပဲသိချင်တယ် မရ၊ ငါတို့လေးယောက်က မြတ်နိုးမြေဆိုတဲ့သူကို သုံးယောက် သျှာထားတယ်၊ ဒါပေမဲ့ မင်းနှုတ်ခမ်းမှာ စွန်းထင်နေတဲ့မဲ့ပြုံးကိုမြင်တိုင်း ငါတို့လျှာထားမိတဲ့သူတွေ မှားနေပြီလို့ ငါတို့ ခံစားမိနေတယ်"

သူမက ပြောလက်စစကားကိုရပ်ပစ်ကာ တောင့်တောင့်လေး ငြိမ်သက်နေခဲ့သည့် မရ၏ နှာတံချွန်ကော့ကော့လေးထင်နေသော ဘေးဘစောင်းမျက်နှာလေးကို စူးစိုက်ကြည့်သည်။

တအောင့်ကြာမှ ရှေ့ကို ခြေတစ်လှမ်းတိုးပြီး စာကိုငုံ့ကြည့်သည်။

ပြီးတော့ မျက်နှာသာမကဘဲ တစ်ကိုယ်လုံး မရဘက်ကို လှည့်ရပ်လိုက်ပြီး . . .

"မင်းပြောသလို ဒီမိန်းမတွေထဲမှာ ငါကအမေ၊ ငါက အစ်မပဲလို့ သတ်မှတ်တာမှန်ရင် မင်း ငါ့ကို အခုပြောစမ်းပါ၊ သူ ဘယ်သူလဲ"

မရ မဖြေပါ။

မဖြေဘူးဆိုတာကိုလည်း သူမက ဘပ်၍မျှော်လင့်ပြီးဖြစ်ပုံနှင့် မေးခွန်းတွေ ဆက်တိုက်မေးတော့သည်။

"မင်း. . . ပထမဆုံးမှားခဲ့တာကို ငါခွင့်လွှတ်ပေးခဲ့တယ်၊ အခု နောက်ထပ်မှားဦးမလို့လား"

"ဟိုသုံးယောက်ကိုတောင်မှ လက်ခံမပေးနိုင်တာ၊ သူပဲဆိုတော



www.burmeseclassic.com

www.burmeseclassic.com



ေ ..သွားရင် ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ပြီးခဲ့တဲ့အပြစ်တွေပါ ပေါင်းပြီး ပိုဆိုးသွားမယ်ဆိုတာတွေ အားလုံး မင်းသိပြီး မျိုသိပ်နေတာ မဟုတ်လား''

''မရ. . . မင်း ပြောစမ်းပါ၊ မင်း ဒီလောက် သတ္တိမနည်းဘူးဆိုတာ ငါသိတယ်၊ လုပ်ရဲရင်ခံရဲ ဘယ်ဆိုတာမျိုးက ကလေးလေးတွေကိုပြောပေးရတဲ့ အားပေးစကားပဲ၊ ခုမှ မင်း ဘာကိုကြောက်နေတာလဲ''

မရမျက်နှာသည် ရှာဖွေစက်တစ်ခုလို သူမထံသို့ ခပ်ဖြည်းဖြည်း စောင်းငဲ့ကြည့်လာသည်။

စိန်ပွင့်လေးတွေလိုလက်ဖြာနေသော မျက်ဝန်းတို့အထက်မှာ တစ်ချောင်းချင်းကော့ပျံနေသည့် မျက်တောင်နက်တို့ရှိနေပေမယ့် တစ်ချက်ကလေးမှ မျက်တောင်မခတ်။

''သတ္တိရှိတဲ့လူတိုင်းဟာ ကြောက်တတ်လို့တဲ့ မမမိုး၊ ခရီး ဘယ်လောက်ဝေးသလဲဆိုတာ ပြေးကြည့်မှသိတာ၊ ရှုံးဖူးတဲ့သူမှ အနိုင်ရရှိခြင်းကို မြတ်နိုးတတ်တာ၊ လူတိုင်းမှာ ကျောသားရင်သားဆိုတာရှိကြပါတယ်၊ ကိုင်ပြရင် ကိုင်ပြထားတာကိုပဲ မြင်တတ်တဲ့ လူတိုင်းရဲ့ရှေ့မှာ နောက်ကွယ်က တစ်စုံတစ်ခုက ပျောက်နေတတ်တယ်၊ အဲဒါ ဘာလဲဆိုတော့ လူတစ်ယောက်ရဲ့လျှို့ဝှက်ချက်ပဲ''

မရ မျက်နှာပြန်လှည့်၍ တည့်မတ်စွာရပ်နေသည်။

''သိပ်တော်လွန်းတဲ့သူမှာလည်း ညံ့တာတစ်ခုတော့ ရှိနေမှာ





ပါ၊ လူတိုင်းလူတိုင်းမှာ ကံကောင်းခြင်းတွေချည်း မရတတ်ခဲ့တဲ့ လောကကြီးထဲမှာ သတ္တိရှိတယ်ဆိုတဲ့လူတွေ ကြောက်တတ်တယ်ဆိုတာ၊ မမမိုး လက်ခံသင့်တယ်လို့ မရ ထင်တယ်''

မိုးအထက်က ငြိမ်သက်နေ၏။

သူ့နာမည်သည် မိုးအထက်ဖြစ်သော်လည်း အမြန်ခေါ်ရင်းနှင့် မိုးထက်ပဲဖြစ်သွားခဲ့ပါ၏။

''မရ ကြောက်တတ်တယ် မမမိုး၊ ဒါပေမဲ့ သူများအပြစ်တင်မှာကို မဟုတ်ဘူး''

ပြော၍ မရက နှုတ်ခမ်းလေးတွန့်၏။

''ဒါလည်း လျှို့ဝှက်ချက်တစ်ခုပေါ့၊ မရ လူတွေကိုမကြောက်တတ်တာ မမမိုးသိပါတယ်၊ ဆယ့်ခုနှစ်နှစ်သမီးဆိုတဲ့အရွယ် ဟိုတစ်ချိန်က ညှိုးသကျည်းတွေကို ဒလိမ့်တုံးနဲ့ လှိမ့်ခံရပြီး ထမင်းသုံးရက် အငတ်ခံခဲ့ရတဲ့ နောက်ပိုင်းမှာ သွေးအစား လည်ပတ်နေခဲ့တဲ့ မရ ကိုယ်ထဲကသွေးတွေ ရေခဲစက်ထဲ ရောက်သွားသလိုပါပဲ''

''မရ ငါသိချင်တာ အဲဒါတွေမဟုတ်ဘူး''

မရက ဖျတ်ခနဲလှည့်ကြည့်သည်။

မိုးထက်ကလည်း မမှိတ်မသုန် ပြန်ကြည့်၏။

''မမမိုး ဒီစာ ဘယ်သူရေးသလဲဆိုတာကို သိချင်တာမဟုတ်သား၊ မမမိုး ဖွင့်ဖတ်လိုက်ပါ၊ စာတွေအားလုံးက မမမိုးလက်ထဲမှာပဲ''

''မလိုဘူး၊ ယောကျ်ားတစ်ယောက်နဲ့ပတ်သက်သမျှ လေပြည်



www.burmeseclassic.com

www.burmeseclassic.com



လေညှင်းကအစ 'မာန်မာန' တရားခံကို သိရဖို့ပဲ၊ ငါးယောက်ထဲမှာ ဖြစ်နိုင်ချေအရှိဆုံးက မင်း၊ ယောက်ျားဆိုတဲ့ တစ်စုံတစ်ယောက်နဲ့ ထိစပ်ပတ်သက်ခဲ့တာလည်း မင်းပဲ၊ ကျန်တဲ့လေးယောက်လုံး ခေါင်းခါလိုက်တာနဲ့ မဟုတ်နိုင်ဘူးဆိုတာ ငါယုံတယ်၊ မင်းကို မယုံဘူး"

"မရကလည်း ခေါင်းမခါပါဘူး၊ ဒါပေမဲ့ ဝန်ခံစရာလည်း မလိုဘူး မမမိုး၊ ဒါ ဘယ်သူ့စာဖြစ်ဖြစ် မရ စိတ်မဝင်စားဘူး၊ မရ ထဲမှာ ဘာမှမရှိဘူး"

ဖြည်း ဒေ ဘာ"

မိုးထက် စူးစူးဝါးဝါးထအော်သည်။

မရကိုယ်ကို သူမဘက်သို့ ဗွေ့ခနဲပါအောင် ဆွဲလှည့်၏။

"မင်း. . . မင်းက ဒီစကားပြောရုံနဲ့ ပြီးသွားလိမ့်မယ်လို့ ထင်ထားလို့လား၊ ခေါင်ညိတ်ခေါင်းခါ လူတိုင်းလုပ်တတ်တယ်၊ မဟုတ်ဘူးဆိုတဲ့စကား ပခက်ထဲကကလေးလည်း ပြောတတ်တာပဲ၊ နှစ်ပေါင်းများစွာ မင်းရင်ခွင်ထဲမှာ ရင်ငွေ့ပေးပြီး ယုယမြတ်နိုးခဲ့တဲ့သူ၊ ဘယ်ယောက်ျားနဲ့မှမတူအောင် ချောမွေ့ပြီး မာယာပရိယာယ်တွေနဲ့ ပြည့်သိပ်နေတဲ့ယောက်ျား၊ မင်းက ရင်ထဲမှာ ဘာမှမရှိဘူးလို့ ပြောရဲသလား"

"ချောတိုင်းချစ်တယ်ဆိုရင် မမမိုး သူ့ကို ချစ်ခဲ့သလား"

"ဘာ"





ဒုတိယအကြိမ် စူးခနဲအသံထွက်မှာ ဖြန်းခနဲရိုက်ချလိုက်သံက ကျယ်လောင်စွာထွက်ပေါ်လာခဲ့၏။

ဘင်ပါးထိရှည်၍ နဖူးမှသိမ်းလုန်ထားသည့် အပြာရောင်ဘီးကုတ်လေး လွင့်ထွက်သွား၏။ မိုးထက်သည် ရိုက်ချပြီးသည်အထိ ဒေါသကမပြေ။

"ငါးယောက်ထဲမှာ ယောက်ျားတွေနဲ့ ပတ်သက်မှုရှိတာက မင်းပဲ၊ အားလုံးရဲ့ဦးတည်ချက်တိုင်းက မင်း၊ ဒါပေမဲ့ ဖေသက်မောင်ရယ်၊ နေမောင်မောင်ရယ်၊ ကျော်ဒေယရယ်၊ ဒီသုံးယောက်ဆိုရင် ခွင့်လွှတ်လို့ရတယ်၊ မင်းပြောသလို မင်းရင်ထဲမှာ ဘာမှမရှိဘူးဆိုတာကို ခေါင်းညိတ်ဖို့ဖြစ်နိုင်တယ်၊ အဲဒီတစ်ယောက်ကို မယုံဘူး၊ သည်းဘာဝပျက်ခံပြီး ချစ်. . ."

"မချစ်ခဲ့ဘူး"

"ဒါပေမဲ့ ရင်ထဲမှာရှိနေတယ်"

"မရှိဘူး"

သူကရှိနေတယ်၊ အဲဒါ မင်းရှိနေလို့"

"တစ်ဆင့်ချင်းပဲရှင်းပါ မမမိုး၊ အဖြေကို ခုန်မတွက်ပါနဲ့"

"တွက်ရမယ်၊ အမိကအဖြေထွက်ဖို့ပဲ၊ ဒီစာကို မင်းဖွင့်လိုက်ပါ သူဆိုတာသေချာတာနဲ့ ငါလုပ်စရာရှိတာ လုပ်ရမယ်"

မရက ခေါင်းခါပစ်သည်။

"မရနဲ့မသက်ဆိုင်ဘူးလို့ ခံယူထားတဲ့အတွက် မရမဖွင့်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မမိုးဖွင့်လိုက်လို့ တစ်ဘက်သက်ကောက်ချက်ချမှုတွေနဲ့ ဒီတစ်ခါ ထပ်ပြီး အပြစ်ပေးမယ်ဆိုရင်လည်း မရ မခံနိုင်ဘူး။ အဲဒါ မမိုးကို အာခံတာမဟုတ်ဘူး မရ မမှားလို့''

''ဘာလို့ မမှားရမှာလဲ၊ ဒါဟာ သူ့စာဆိုရင် သူဖြစ်နေခဲ့ရင် အစကတည်းက မင်းမှားခဲ့တာ၊ ခုလည်းမှားတာပဲ၊ နောက်မမှားနိုင်အောင် အပြစ်ပေးတာကိုလည်း ခံရမှာပဲ၊ နောက်ထပ် ဆယ်စောင်မြောက်ဆိုတာ ငါလက်မခံနိုင်တော့ဘူး။ မင်း. . . ခုဖွင့်ပါ''

''မဖွင့်ဘူး. . . မမိုး''

''မင်း''

မိုးထက်၏လက်တစ်ဖက် မြောက်တက်သွားပြန်သည်။

နောက်ထပ်တစ်ချက်ကိုလည်း မရ ခံယူခဲ့ပါသည်။

သို့သော် သူမမျက်ဝန်းလေးတွေမှာ လင်းလက်နေဆဲ။

မိုးထက်က နာကျင်သွားပြီဖြစ်သည့် သူမလက်ဖဝါးကို ပြန်၍ ထွေးဆုပ်ထား၍ ဒေါသကြောင့် ကတုန်ကယင်ဖြစ်နေခြင်းကို ထိန်းကာ. . .

''မင်းကို သုံးရက်အချိန်ပေးမယ်၊ ဒီစာကို ငါမသိမ်းတော့ဘူး။ သုံးရက်ပြည့်ရင် မင်းဖွင့်သည်ဖြစ်စေ၊ မဖွင့်သည်ဖြစ်စေ ငါ့ကို လာအပ်ပါ''

''ဘာပဲဖြစ်လာလာ မရက ပြစ်ဒဏ်ခံရမှာပဲ မဟုတ်လား''

''မင်းနားလည်ထားရင် ပြီးတာပဲ''





မိုးထက် ချာခနဲလှည့်ထွက်သွားသည်။

မရ နေရာမှာတင် ငြိမ်သက်စွာကျန်ခဲ့၏။

သူမနာမည်အစုံမှာ မင်းမရ ဖြစ်လေသည်။

မိုးအထက်. . .

မင်းမရ. . .

အမြင့်စံ. . .

နန်းပန့်ခမ်း. . .

မေအာကာ. . .

သူမအပါအဝင် ငါးယောက်သောမျက်နှာများ တန်းစီပေါ်လာသည်။ ထိုငါးယောက်တို့နှင့် ပတ်သက်သောအရာများသည်က . . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မျက်နှံးထူထူကြီးများက အဖျားနားကျမှ အထက်သို့ အနည်းငယ်ကော့တက်နေကြ၏။ သိသာထင်ရှားစွာ ကော့ချွန်နေသော နှာတံက ပွယောင်းဖုထစ်မှုမရှိဘဲ ပိရိကျနသည့် နှုတ်ခမ်းများနှင့် လိုက်ဖက်နေ၏။

ထိုမျက်နှာပိုင်ရှင်သည် ငယ်ရွယ်စဉ်ဘဝက အလွန်ချောမောမည့် ယောကျ်ားဖြစ်ရမည်ဟု လူတိုင်း ကောက်နှုတ်ချက်ချကြမည်သာ။

ထိုလူကြီးသည် ဦးမောင်မောင်လွန်းဖြစ်ကာ မဟာသွေးဟု ကိုယ်တိုင် သတ်မှတ်ခဲ့ကြသော 'မဟာစံအိမ်' ကြီး၏ ဒုတိယမြောက် အရှင်သခင်မ ဒေါ်မမနန်းထိပ်၏ ဒုတိယမြောက်မောင်ငယ်။

အငယ်ဆုံးက ဒေါ်ဒေဝီနန်းထိပ်။





မောင်နှမသုံးယောက်သည် ရွှေလင်ပန်းနှင့်အချင်းဆေး၍ ရွှေကျင်ခက်ပဝါနှင့် ထွေး မြပုခက်မှာ အိပ်စက်ခဲ့ကြရသည်။

မောင်နှမသုံးယောက်လုံး ချောချောလှလှတွေဖြစ်ကြပေမယ့် မျိုးဆက်သွေးကို အဓိကထားကြသူများပီပီ အကြီးဆုံးမမကစ၍ အိမ်ထောင်ချပေးဖို့ စပ်လိုက်တော့ သားသမီးမရနိုင်သည့်အဖြစ်ကို သိခဲ့ရသည်။

ထို့နောက် သုံးယောက်လုံးစစ်ကြည့်တော့ ဦးမောင်မောင်လွန်း တစ်ယောက်သာ မျိုးဆက်သွေးရဖို့ရှိနေသည့် အဖြစ်ကို ကြေကွဲဖွယ် တွေ့ခဲ့ရ၏။

"ဒီလိုမျိုးတုံးတဲ့ဘဝနဲ့တော့ ယောကျ်ားက ငြိုငြင်၊ ယောက္ခမကမကြည်နဲ့ အိမ်ထောင်သည်ဘဝကို မလိုချင်တော့ဘူး"

"ဟုတ်တယ်. . . မောင်လေးကိုသာ မျိုးနွယ်တူချင်း လက်ဆက်ပေးလိုက်ပါတော့၊ သမီးတို့ တူတွေ တူမတွေထိန်းရင်း ဒီအတိုင်းပဲ နေသွားတော့မယ်"

ညီအစ်မနှစ်ယောက် အပျိုကြီးတွေဖြစ်ခဲ့ကြတာ ဦးမောင်မောင်လွန်းကို မိဘသဘောတူသည့် မျိုးနွယ်တူချင်း လက်ထပ်ပေးခဲ့သည်။

တက္ကသိုလ်ရောက်နေပြီဖြစ်သည့် ဦးမောင်မောင်လွန်းက ငွေကို ခုလိုသုံးကာ ရည်းစားထားခြင်းအလုပ်မှာ ပျော်မွေ့နေဆဲ အိမ်ထောင်ကျသွားခဲ့ပေမယ့် နေတာထိုင်တာက လူပျိုနဲ့အိမ်ထောင်သည်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ခြားနားသွားသည်မရှိ။

မောင်မောင်လွှန်းဆိုလျှင် ချောတာကော ထောတာကော နာမည်ကြီးနေသည်။

မိဘအလိုမလိုက်ပေမယ့် အစ်မနဲ့ညီမက ဖြစ်ချင်တာကို ဖြစ်ခွင့်ပေးနေခဲ့ကြ၏။

"မေမေတို့က ကျွန်တော့်ဘဝမှာ ပျော်မလို့ပဲရှိသေးတာတွေ အားလုံးကို စုပုံမီးရှို့ပစ်လိုက်တာပဲ၊ ကုန်ပြီ ဘာမှမရှိတော့ဘူး။ ဒီကနေပြီး နေတတ်အောင် ကြံဖန်လုပ်ယူနေရတာ"

ဒါ. . . သူ့လက်သုံးစကား ဖြစ်မိ၏။

"မောင်လေးရယ်. . . နင်ကလည်းဟုတ်တာပဲ၊ နည်းနည်းပါးပါး အနေအထိုင်ဆင်ခြင်ဦး၊ သီရိနဲ့နေရီဆိုတာ တော်တော်ဆင်. . . တယ်ဆို၊ ရှာလည်းရှာတတ်ပါ့ဟယ်၊ လွှန်လွှန်ကျူးကျူးတွေ မဖြစ်စေနဲ့နော်"

"ဒါကတော့ အချစ်ဆိုတာ ကန့်သတ်ထားလို့ရတာမှ မဟုတ်ဘဲ မမကြီးရာ"

"အချစ်ကဲ့အချစ် ညားလို့ရတာ မရတာက သပ်သပ်၊ မင်းကို အဲဒီလိုဟာတွေနဲ့ ငြိစွန်းပြီး ရှင်းမရဖြစ်လာရင် တို့တွေက ဘယ်ဂ. . . လုပ်ရှင်းပေးမလဲ"

"ငွေရှိရင်ဖြစ်တယ်"

မောင်မောင်လွှန်းက ရယ်ကျဲကျဲပြောရင်း အင်္ကျီလက်. . .





. . .နေလျက် အခန်းပြင်ထွက်လာခဲ့၏။

"ဟင်"

အအေးဗန်းလေးကိုင်၍ရပ်နေသည့် တမာခါးနှင့် မျက်လုံးချင်းဆုံလိုက်မိစဉ် သူ မျက်မှောင်ကုတ်သွား၏။

တမာခါးက ဖေဖေ့လူယုံကြီး ဦးဘညီ၏သမီး။

အိမ်မှာ ဘဏ္ဍာထိန်းအဆင့်ရှိသူမို့ ဦးဘညီကို အားလုံးဘ. . .သူကြီးသူကြီးလို ဆက်ဆံအရေးထားကြသည်။

တမာခါးကိုလည်း အိမ်မှာ အလုပ်သမားလို မဆက်ဆံခဲ့. . .။

သားအဘနှစ်ယောက်အတွက် သီးသန့်လုံးချင်းတိုက်ကလေး. . .သဲမှာ နေစေသည်။

အိမ်မှာ ဘယ်အချိန် ဘယ်အရေးဖြစ်ဖြစ် ခေါ်လျှင် ဦးဘညီ. . .ရောက်လာမှ ပြီး၏။

တမာခါး ကျောင်းတက်နိုင်အောင်လည်း မေမေတို့က ဂရု. . .စိုက် စီစဉ်ပေးသည်။

ဒါပေမဲ့ တမာခါးက ကားပေးလည်းမစီး။

အဝတ်အစားပေးလည်း မယူ။

အဆောင်မှာသွားနေပြီး ကျောင်းတက်သည်။

ကျောင်းပိတ်မှပြန်လာသည်။

ပြန်ရောက်သည့်အချိန် အိမ်မှာ တစ်ချက်မှမငြိမ်ဘဲ . . .ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကူလုပ်တတ်၏။

ဒါကို အားလုံးကကျေနပ်ကြသည်။

တမာခါးကို ချစ်ကြပါသည်။

သို့သော် သူမမျက်လုံးများကတော့ အမြဲတမ်း မာနရောင်များနှင့် တလက်လက်ဖြာနေတတ်၏။

အများအားဖြင့် မြင်ရသမျှ သူမနှုတ်ခမ်းမှာ သွက်လက်ပေါ့ပါးစွာပြုံးရယ်နေတာမျိုး မရှိ။ တစ်စုံတစ်ယောက်ကို ခြောက်သွေ့စွာတုံ့ပြန်ပြုံးပြတတ်သလို မောင်မောင်လွန်းနှင့် ရင်ဆိုင်မိတိုင်း တင်းတင်းစေ့နေတတ်သည့် နှုတ်ခမ်းတို့က အားနာရကျိုးရမှန်းမသိ။

ရင်ထဲမှာ ရှုတတစ်တိကလေးပေါ်လာကာ မောင်မောင်လွန်း မရည်ရွယ်ပါဘဲနှင့် ခါးထောက်ပိတ်ရပ်ရင်း တမာခါးကို စူးစိုက်ကြည့်မိ၏။

ခပ်ညှံ့ညှံ့ ရှိုးရှိုးထမီအနီရဲရဲနှင့် သူတွဲခဲ့သမျှ မိန်းကလေးတွေထဲမှာ တစ်ခါမှဝတ်တာသုံးတာ မမြင်ဘူးခဲ့သော ဝါနုနုပုံတုံးတုံးဈေးပေါမည်မှန်းလည်းသိသာစေသည့် ပွတောတောအင်္ကျီကို ဝတ်ထား၏။

ကျောလယ်သာသာရှည်သော ဆံပင်နှစ်ဖက်ကိုခွဲ၍ ကျစ်ဆံမြီးကျစ်ထားကာ ပါးပြင်ပေါ်မှာ ပါးကွက်ရှည်လေးနှစ်ဖက်နှင့် . . . ၊

ပါးကွက်ကလေးတွေကို ဘီးကြောင်းကလေးတွေပေါ်အောင် ထပ်ခြစ်ထားပုံက ရယ်စရာပါ။ သက်သက် ကလေးကလား ယော်မှုပြန်ချင်တာ။





နဖူးပေါ်မှာ ဆံမြိတ်မချ ဆံစပ်မွှေးမထား။

ကကြီးပုံနဖူးမျိုးလည်းမဟုတ်ဘဲ ဆံပင်တွေကို အပြောင်သိမ်းယူထားသဖြင့် အနည်းငယ်ကျယ်ချင်သော နဖူးက မလှသည့်ဘက်သို့ ယွန်းချင်၏။

သို့သော် ကုလားမမျက်လုံးများလို မျက်အိမ်လည်းကျယ်ကာ မျက်ဝန်းတွေမှောင်လဲ့လျက် အတုတပ်ထားသလားထင်ရလောက်အောင် ရှည်လျားကော့နက်သော မျက်တောင်များကြောင့် သူမမျက်နှာ လိုအပ်ချက်မှန်သမျှက ပျောက်ကွယ်နေ၏။

နှာတံပေါ်၍ နှုတ်ခမ်းလေးတွေကျတော့ ပါးလျှနီရဲနေသဖြင့် မျက်ဝန်းစူးစူးနှင့် တမာခါးမျက်နှာလေးက လှပါ၏။

"ကိုကိုလေး ရှေ့ကဖယ်ပေးပါ"

"ဟင်"

ပြောပုံက တောင်းပန်သံဟုထင်ရပေမယ့် သူ့ရင်ထဲမှာတော့ အမိန့်ပေးခံလိုက်ရသလိုမျိုးဆကာ ဘေးကို ရွှေ့ပေးမလိုပြင်လိုက်မိသော ခြေလှမ်းကို ပြန်ရုတ်သိမ်းလိုက်သည်။

ပြုံးသနားရာဗိုနည်းလမ်းက ခေါင်းထဲ ချက်ချင်းရောက်လာ၏။

"မင်း . . . ဒီမှာရပ်ပြီး ဘာချောင်းနေတာလဲ"

"ကျွန်မ မမဒေဝီခိုင်းလို့ အအေးလာပို့တာပါ"

"မဟုတ်ဘူး . . . မင်းရောက်နေတာ အတော်ကြာပြီ၊ ဒါတို့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေတာကို နားထောင်ဖို့မဟုတ်ပေမယ့် နားထောင်လိုက်တယ် မဟုတ်လား၊ မှန်မှန်ပြော''

အကြောက်အရွံ့မရှိသော မျက်ဝန်းများက သူ့ကို ရဲရဲတင် တင်း ကြည့်လာ၏။

သူကလည်း ပြန်ကြည့်သည်။

တမာခါးမျက်ဝန်းများမှာ သူ့အပေါ် အထင်မြင်သေးနေသော အငွေ့အသက်တွေ တလူလူလွင့်ပျံလာသလို ခံစားရ၏။

ဒီမျက်ဝန်းတွေက ကိုယ်ကသာကြည့်ရမှာ။

ဒေါသစိတ်က ပုဒ်မမရှိဘဲ လက်ထိပ်တစ်ခုအဖြစ် မြ ယောင်လာသည်။

တမာခါးကို သူမကျေနပ်ပါ။

သူမနှင့်ဆုံမိတိုင်း ထိုသို့ဖြစ်ရခြင်းကို သူငယ်ချင်းများနှင့် ဆုံ၍ ပြောပြမိတော့ . . .

''အဲဒါ အဓိပ္ပာယ်မရှိ ရန်လိုနေတာကွ၊ မိန်းကလေးတစ် ယောက်ဆီမှာ အဲဒီလိုအမူအယာတွေဖြစ်နေရင် မစဉ်းစားနဲ့၊ သေချာ ပြီ''

''ဘာလဲ''

''မင်းကိုချစ်နေလို့ပေါ့''

သိသားပဲဆိုသောအတွေးနှင့် သူ မိန့်မိန့်ကြီးပြုံးမိသည်။

ဒို့ပြင် အကြောင်းမှမရှိတာ။





မောင်မောင်လွန်းဆို နှစ်ခါမငြင်းနိုင်ကြသော မိန်းမလှလေး တွေထဲမှာ သူမမပါလျှင် ဘာမို့လို့လဲ။

''သခင်နဲ့ကျွန် ဒီခေတ်မှာတော့ အိမ်ရှင်နဲ့အိမ်ဖော်တွေ၊ ဒါကတည်းက တစ်ဝက်ကသေချာပြီးသား၊ သူ မင်းကို သဘောကျ နေတာ၊ မမှန်းဝံ့လို့မှုပျက်နေတာ''

ယောကျ်ားလေးချင်းဆုံတော့ လွတ်လပ်စွာပြောမိကြ၏။

မောင်မောင်လွန်းကတော့ . . .

သူ့အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ကျော်မှာ သကြံန်အတက် ဖြစ်၏။

ထိုနေ့ကလျှောက်လည်ကြရင်း အပျော်လွန်ကြ၊ ဖယားရှုပ် ခြင်း သူနဲ့ မတ်သက်ခဲ့ဖူးသည့်တစ်ယောက်ထဲက အစ်ကိုဆိုသူ တစ်ယောက်နှင့် အပေါင်းပါတစ်သိုက်။ ရင်ဆိုင်မိကြတော့ အုပ်စုချင်းက ခဲ့သည်သာ။

မောင်မောင်လွန်းတို့အားလုံး ခပ်ယိုင်ယိုင်။

သူတို့မှာက တုတ်တွေကိုယ်စီနှင့်။

''တိရစ္ဆာန်ကောင်။ မိန်းကလေးတွေကို ဘာမှတ်နေလဲ ဆိုဘူး။ မင်းကို ဒီနေရာမှာ ပွဲချင်းပြီးပစ်ခဲ့ပြီးမှ ငါကြိုးစင်တက် မယ်''

ကြိမ်းဝါးပုံက ကြက်သီးထဖွယ်ဖြစ်၏။

လူရှင်း ကားရှင်းသောနေရာမှာ ဖြန့်ကျယ်ဝိုင်းထားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဝန်းက တဖြည်းဖြည်း ကျဉ်းမြောင်းလာ၏။

အုပ်စုထဲမှာ သိပ်မမူးတာ နှစ်ယောက်သုံးယောက်ပဲရှိတော့သည်။

မောင်မောင်လွန်းကိုယ်တိုင် ခြေလှမ်းကမနိုင်ချင်။

ထိုစဉ် ပါးနားမှာ အေးခနဲဖြစ်သွားကာ မည်းခနဲမြောက်တက်သွားသည့်တုတ်ချက်ကို မြင်လိုက်သဖြင့် သူ နောက်ဆုတ်ရှောင်လိုက်မိသည်။

ဒါပေမဲ့ သွားပြီဆိုသောစိတ်နှင့် မျက်လုံးထဲမှာ မှောင်ကျသွားခဲ့သည်။

"ကိုနောင် . . . ကိုနောင် မလုပ်ပါနဲ့"

အော်သံတစ်ချက် ကြားလိုက်ရသည်။

တမာခါးဆိုတာလည်း သိ၏။

မျက်လုံးဖွင့်ကြည့်လိုက်မိတော့ သူ အတော့်ကိုအံ့ဩသွားခဲ့မိသည်။

ဖြူဖြူမြင့်မြင့်လူရွယ်၏လက်ထဲမှာ တုတ်ကိုင်ထားဆဲရှိသော်လည်း တမာခါးက ထိုသူ့ခါးကို တင်းကျပ်စွာဖက်ထားသည်။

မြှောက်ထားသည့်တုတ်က အပေါ်မှာ ဒီတိုင်းမြှောက်လျက်သား။

"ဘာဖြစ်လို့ဝင်ပါတာလဲ တမာ၊ ဒီကောင်သိပ်ယုတ်မာတာ၊ သူ့ကြောင့် ကိုယ့်ညီမလေး . . ."





ထိုလူ့အသံက ဆို့နင့်အက်ကွဲသွားသလိုလို တုန်ယင်အက်ရှသွားပုံက အတော့်ကို တုန်လှုပ်စွာခံစားနေရမှန်း သိသာစေ၏။

"ဟေ့ကောင် . . . မင်း . . . မင်း . . . သီရိကို နာမည်တော့ မော်မိဦးမှာပေါ့"

"မှတ်မိတယ်"

"တောက်"

သူပြန်ဖြေတော့ ထိုသူ တက်ခေါက်ကာ ရှေ့တစ်လှမ်းတိုးသည်။

"ကိုနောင် . . . ကိုနောင်ကို တမာတောင်းပန်တာပါ၊ သူက သမာ့အလုပ်ရှင်၊ ဒီနေရာမှာ တမာရှိနေရက်နဲ့ တမာ့ချစ်သူက သူ့ကို ာတရလုပ်မယ့်အဖြစ်ဟာ ဘယ်လိုမှ မဖွယ်ရာဘူးကိုနောင်၊ တမာ ာင်းပန်တာ၊ သူ့ကိုမထိခိုက်စေချင်လို့မဟုတ်ဘူး၊ တမာ့အတွက်နဲ့ ိုနောင့်အတွက်ကိုပြောတာ၊ တုတ်ကိုချလိုက်ပါ"

တမာ တောင်းပန်နေသည်။

တုတ်တွေအားလုံး စိုက်ကျသွား၏။

တက်ခေါက်သံများပါ အဆစ်ပါလေသည်။

သူ တမာ့ကို စူးစိုက်ကြည့်သည်။

အရက်ရှိန်ကြောင့် ဝေရီနေသည့်အာရုံထဲတွင် တမာ့မျက်နှာ း သူဖက်တွယ်ထားသည့် ဟိုတစ်ယောက်ခါးမှာ ရစ်သိုင်းထား လက်အစုံက ပို၍ ပီပြင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အသည်းထဲမှာစွဲသွားသည်။

နာကျည်းခါးသီးသွားသည်လား။ မေ့မှုးစွဲလမ်းခဲ့သည်လား။

တမာခါး၏ အေးစက်စက်မျက်ဝန်းများကို သူ့အာရုံထဲက ဘယ်လိုမှဖျောက်မရတော့ပါ။ ထိုသူ၏တုတ်ကို ပြုတ်ကျစေခဲ့လျက် အားလုံးသောတုတ်များကို ဖယ်ရှားပေးခဲ့သော်လည်း တမာခါး၏ မျက်ဝန်းများသည် သူ၏မျက်နှာတစ်ကိုယ်လုံးထက်သို့ ဝေ့ခနဲ ဖြတ်သန်းသွားခဲ့၏။

သို့သော် အထင်မြင်သေးသော စွေစောင်းအေးခဲသည့် မျက်ဝန်းများ. . .။

နောက်ပိုင်းမှာ တမာခါးကိုတွေ့ဖို့ သူ ကြိုးစားတော့သည်။ ဒါပေမဲ့ အဆောင်ကိုဝဲကြည့်တော့လည်း တွေ့ဖို့မလွယ်။ အိမ်ပြန်လာတော့လည်း ကိုယ့်မှာ သားမယားနှင့်မို့ မလွတ်လယ်။

မမတို့က တစ်မျိုး။

''မောင်မောင်ရယ်. . .မင်း မြနွယ်မှူးကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့ရောမှတ်ရဲ့လားဟင်''

''အေးနော်၊ ကိုလေးက မိန်းမယူထားပြီး လူကအပြင်မှာ ချည်းပဲ''

အစ်မနဲ့ညီမတွေက တစ်မျိုး။

''မောင်ရယ်. . .နွယ်မှူးကိုဂရုမစိုက်ရင်နေပါ၊ နွယ်မှူး





သိက္ခာကျ အရှက်ရအောင်တော့ ဒီလိုမနေပါနဲ့၊ နွယ်မှူးဟာ ယောကျ်ားတစ်ယောက်ကို သာယာပျော်မွေ့အောင်စွမ်းဆောင်နိုင်တဲ့ မိန်းမတစ်ယောက်မဖြစ်ရတော့ဘူးဆိုရင်တောင် မောင်နဲ့နွယ်မှူးတို့ရဲ့ အိမ်ထောင်ရေးကို ချည်နှောင်စရာကြိုးကလေးတစ်စတော့ လိုချင်ပါ သေးတယ်၊ အဲဒီတစ်ခုကိုပေးပါ၊ သာယာမှုတစ်ခုအတွက် သက်သက် ပြောတာမဟုတ်ဘူး၊ နွယ်မှူး ကလေးပဲလိုချင်တာ၊ မောင့်ရင်သွေးကို နွယ်မှူး လွယ်ပါရစေ''

မြနွယ်မှူးက အရေးဆိုလာတော့ အလိုမပြည့်သည့်သူ့ဒေါသ တွေ ပေါက်ကွဲလာခဲ့သည်။

''မင်းက ငါ့ကို သားတင်တဲ့နွားသိုးတစ်ကောင်လို့ မှတ်နေ သလားနွယ်မှူး၊ မင်းကို လက်မထပ်ခင်ကတည်းက ငါပြောပြီးသား၊ အချစ်ကို နည်းနည်းပဲပေးပါ၊ ဒါလောက်ရရင်ကျေနပ်ပါတယ်၊ ဘာညာ နဲ့ ဖွဲ့ယူလို့ရသလား၊ မင်းကို ငါမချစ်ဘူး၊ ထိတွေ့ပတ်သက်မှုဆိုတာ အချစ်ရှိမှ ပျော်ဝင်လို့ရတာ''

''ဒါဆို မောင့်ရင်ထဲကအချစ်တွေ သိပ်များနေတာပဲ၊ မောင့် အချစ်က နွယ်မှူးတစ်ယောက်ကလွဲရင် အားလုံးအပေါ်မှာတော့ ပေါပေါလောလော ပေးနိုင်တယ်နော်''

''ပေးနိုင်တယ်၊ ဇနီးဆိုတာကပုံစံတစ်မျိုး၊ အပြင်မှာချစ်တဲ့ အပျော်ဆိုတာက တစ်မျိုး၊ ငါကပျော်ချင်တာ၊ အဲဒီအပျော်ဟာ ချုပ် နှောင်မှုတစ်ခုအောက်က စိတ်ပျက်ညည်းငွေ့စရာမျိုး မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နွယ်မှူး၊ အိမ်ထောင်မပြုချင်သေးဘဲ ပြုလိုက်ရတဲ့ စိတ်ပျက်ခြင်းထဲမှာ မင်းပါသွားတာ စိတ်မကောင်းစရာပဲ နွယ်မှူး၊ မင်းဘာသာနေတတ်အောင်နေဖို့ပဲ ကြိုးစားပါ''

မောင်မောင်လွန်းက တင်းမာစွာပြောပြသည်။

နွယ်မှူးသည် မောင်မောင်လွန်းက ငြင်းဆန်နေမှန်းသိလျက်နှင့် လက်ထပ်ဖို့ကို တစ်ဘက်သက် ခေါင်းညိတ်ခဲ့မိတာဖြစ်၏။

လက်ထပ်ပြီးတော့လည်း သူမ ဘယ်လောက်ပဲလိုက်လျောပါစေ၊ မောင်မောင်လွန်းဘက်က နွေးထွေးယုယမှုဆိုတာ ရှိမလာခဲ့ဘဲ ခုနောက်ပိုင်းမှာ အိမ်ရာထဲသို့ပင် ဝင်မအိပ်တော့သည့်အဖြစ်ကရင်နာဖွယ်ကောင်းလှသည်။

''သား. . . မင်းကို မေမေတို့က မျိုးဆက်များရဲ့ပိုင်ရှင်ဆိုပြီး အားထားခဲ့ကြတာ၊ ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ မျိုးရိုးဂုဏ်နေတွေ များပြားတဲ့ စည်းစိမ်ဥစ္စာတွေ၊ ဒါတွေကို ဘယ်မျိုးဆက်က ဆက်ခံနိုင်မှာလဲ''

မိဘတွေကပါ တပူဆာဆာဖြစ်လာ၏။

သူကတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ချင်။

လူတစ်ယောက် ရှင်သန်လာမှုဟာ နောက်မျိုးဆက်ချန်ခဲ့နိုင်ဖို့ အဓိကလား၊ လူတစ်ယောက်လုံးကို မျိုးပွားပစ္စည်းကြီးလို အရိပ်တကြည့်ကြည့်ဖြစ်နေတာကို မကျေနပ်။

မမနန်းထိပ်ကိုယ်တိုင် ကြည့်ပါဦး။





ကိုယ့်ဘဝတွေ အလှတွေ လှပမောက်လျှံနေပါလျက် တိုတောင်းလှသော ဘဝ ခဏလေးမှာ သာယာမှုကိုမရှာဘဲ မျိုးဆက်ဖြစ်ထွန်းနိုင်တော့လို့ ဘဝကို အရှုံးပေးခဲ့ကြသတဲ့။

မောင်မောင်လွန်း ဘာကိုမှ ဂရုမစိုက်ဘဲနေခဲ့၏။

ထိုမျိုးဆက်ကိစ္စများကြောင့် သူ့ဒွေးကတော်ကြီးခမျာ အိပ်ရာထဲ လဲခဲ့တော့သည်။

''ညည်းတို့မောင် အပြင်မှာပွေရှုပ်နေတာတွေ ငါမသိဘူးထင်လို့လားဟင်၊ ဒါတွေကို ငါ လုံးဝလက်မခံဘူးသိလား။ ငါအသိအမှတ်ပြုတဲ့ မျိုးဆက်ကိုပဲ ငါအမွေတွေပေးမှာ''

ဟု တဖွဖွပြောရင်း အိပ်ရာထဲလဲ၏။

မောင်မောင် ဂရုမစိုက်ခဲ့ပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"တို့နဲ့ ခဏလေးလိုက်ခဲ့ပါ၊ နာရီဝက်မကျော်စေရဘူး။ မင်းကို ပြန်ပို့မယ်"

"ငါးမိနစ်တောင်အချိန်မရဘူး ကိုကိုလေး၊ ကျွန်မ စာမေးပွဲရှိနေလို့ပါ"

တမာ့ကို သူ နှစ်ခေါက်တိတိ သွားခေါ်သည်။ ဘယ်လိုမှ မရခဲ့ပါ။

"ဒါနဲ့ မင်းတို့ပြောတော့ ငါ့ကိုသဘောကျနေတာဆို"

သူပြောတော့ သူငယ်ချင်းတွေ ခေါင်းကုတ်ကြ၏။

"သူ့မှာ ရည်းစားနဲ့ကွ၊ မှန်းဆတယ်ဆိုတာ မှားချင်လည်း မှားမှာပေါ့"





"ဘာလဲ မင်းက သူ့ကိုကြိုက်နေလို့လား"

"လိုချင်တာ"

"ဘာရယ်"

သူပြောတော့ အားလုံး အံ့ဩကုန်ကြသည်။

ချောမွေ့နေသည့်သူ့မျက်နှာမှာ တစ်စုံတစ်ခုကြောင့် မကျေနပ်သောအရိပ်ငွေ့တွေ ပြည့်နှက်ကာ မျက်ခုံးထူထူနှစ်ဖက်က အနည်းငယ်တွန့်နေ၏။

အိမ်ကြီးဆီသို့ မျက်နှာမူထားသော်ငြား အထဲမှာ တမာရှိနေမှန်းသိပေမယ့် အရိပ်အယောင်လေးမှ မမြင်ကြရပါ။

"ငါ သူ့ကို အမြဲမြင်နေခဲ့ရတာ မြင်တိုင်း သူနဲ့ မျက်နှာချင်းဆိုင်တိုင်း နိုးလိုးခုလုဖြစ်ဖြစ်သွားတာ ဘာဖြစ်မှန်းမသိဘူး၊ မကျေနပ်တာက ဘာကြောင့်ဆိုတာ မပေါ်ခဲ့ဘူး၊ ဟိုတစ်ခါ သူ့ရည်းစားကို သူဖက်ထားတုန်းကမှ ရင်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားခဲ့ရတာ"

"ဘာကိုလဲ"

"မသိဘူး၊ ဒါပေမဲ့ အဲဒီလက်တွေကိုမုန်းတာတော့ သေချာတယ်၊ ကိုယ့်ကိုယ်ကို ပြစ်ပယ်ခံလိုက်ရသလို တစ်ခါမှ မခံစားခဲ့ဘူးတဲ့ သိမ်ငယ်ခြင်းမျိုးပေါ့"

"ဘာဆိုင်လဲကွ၊ ဒါ ခံစားဖို့မလိုပါဘူး၊ ကိုယ်က အရှင်သခင်သူ့လိုမိန်းကလေးက ဒီပုံစံကျောလို့မရပါဘူး"

မောင်မောင်လွန်းက ခေါင်းခါလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့မသိဘူး။ ငါ့ရင်ထဲမှာ သိနေတာရှိနေတယ်ကွ၊ မင်းတို့ မသိသေးပါဘူး။ ဒါဟာ တိုက်ပွဲပဲ၊ တမာခါးနဲ့ ငါက စစ်သူကြီးတွေပေါ့"

သူ ကြိမ်းဝါးခဲ့မိသည်။

သို့သော် ပြဿနာတွေရှင်း နေရသည့်အဖြစ်ကိုတော့ သူ မသိခဲ့ဘူးထင်ပါသည်။

ထိုအချိန်များမှာ မမတို့ ဒေဝီတို့နှင့် အမြဲလိုက်ပါနေခဲ့ရသော တမာခါးအတွက် မောင်မောင်လွှန်း၏ ခြေရာများကို ရှုံ့ရှာစွာ မြင်တွေ့ခဲ့ရသော . . .

❀ ❀ ❀



## အခန်း (၄)

အိမ်ရှေ့မှာကားရပ်လိုက်ကတည်းက တမာ့မျက်လုံးလေး ဝိုင်းသွားခဲ့လေသည်။

ဒါ ကိုနောင်တို့အိမ်ပဲ။

ခြံဝင်းကျဉ်းကျဉ်းနှင့် ဆယ်ပေသာသာ ပျဉ်ထောင်အိမ်လေးတစ်လုံး။

ဒီအိမ်မှာ လေဖျန်းနေသည့် ကိုနောင့်အဖေ ဒုက္ခိတကြီးတစ်ဦးနှင့် ညီမငယ် သီရိနေ တို့သုံးယောက်ပဲ ရှိ၏။

ကိုနောင်က ဝပ်ရှော့လုပ်သည်မို့ နေ့ဘက်မှာ အိမ်မှာ မရှိ။

သီရိနေကတော့ ကုမ္ပဏီကြီးတစ်ခုမှာ အရောင်းဝန်ထမ်းလေးဖြစ်၏။ ကုမ္ပဏီပိတ်ရပ်တိုင်း အိမ်မှာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နားရက်ဆိုတော့ ကောင်မလေးရှိမှာပဲ"

မမက အရင်ဆင်းသည်။

ဒေဝီဆင်းပြီးတော့ တမာ မဆင်းလို့မရတော့ပါ။

မမတို့က အထူးသဖြင့် မောင်မောင်လွှန်းနှင့်ပတ်သက်သမျှ ကြိတ်ဖြေရှင်းရတော့မည့်ပြဿနာ ရှိလာလျှင် . . .

"တမာရယ် အဲဒီကောင်မလေးကိုမျှားသိလား။ ကြည့်ပါဦး"

ဟု အစချီကာ ပြောပါတော့သည်။

"မေမေက အတင်းကိုတယူသန်နေတာ၊ မောင်လေးကို ဘယ်မှာမှ ပွေတာရှုပ်တာ လက်မခံဘူးတဲ့တမာရယ်၊ အဲဒါ အခု ဘာညာတွေငြိကုန်ပြီလို့ကြားတယ်၊ သွားမရှင်းလို့မဖြစ်ဘူး၊ လိုက်ခဲ့ပါဟယ်"

ကိုယ့်ကို ညီအစ်မသဖွယ် နေရာတကာတိုင်ပင်ခဲ့ကြသည့် မမတို့ကို တမာ ငြင်းဆန်လို့မဖြစ်ပါ။

လိုက်ခဲ့ပါဆိုတော့လည်း လိုက်ခဲ့ရသည်။

ဒီရောက်တော့ သီရိဖြစ်နေပါရောလား။

အိမ်ရှေ့မှာကားရပ်လိုက်သည်နှင့် လေဖျန်းနေသဖြင့် လမ်းမလျှောက်နိုင်။ ပါးတစ်ခြမ်းရွဲ့ကာ သွားရည်တွေတမြားမြားဖြစ်နေသည့် အသက်ငါးဆယ်ခန့်လူကြီးက ပက်လက်ကုလားထိုင်ခပ်နဲ့နဲ့မှာ ထိုင်နေရင်း လှမ်း၍ပြုံးရယ်ပြသည်။

ရှုံးရှုံးဝါးဝါးစကားတွေပြော၍ ညော်ဝတ်ကျေလိုသောအမူအယာ





တွေ့ မျက်နှာမှာ စုပြုံထင်ဟပ်နေ၏။

လာဆိုသောပုံစံနှင့် လက်တစ်ဖက်လုပ်ပြကာ အိမ်ထဲကို ညွှန်းကြည့်၍ အသံပေးရှာ၏။

ဒါ ကိုနောင်တို့အိမ်ဆိုတာသိပေမယ့် တစ်ခါမှတော့ မရောက်ဘူးခဲ့ပါ။

မြင်ရတော့ တမာ့ရင်ထဲမှာနင့်နေသည်။

လူကြီးခေါ်သံကြား၍ ထင်သည်၊ မကြာခင်မှာဘဲ သီရိ ထွက်လာ၏။ မျက်နှာချင်းဆိုင်လိုက်မိကြလျှင် သီရိက တအံ့တသြလေး ကြည့်ရင်း သူမနှင့် မျက်ဝန်းချင်းဆုံလိုက်၏။

တမာ မျက်နှာ ဖျတ်ခနဲလွှဲပစ်လိုက်မိသည်။

အိမ်ကိုမဝင်ထွက်ဘူးပေမယ့် ပန်းခြံမှာ အတူဆုံဖူးသောကြောင့် ကိုနောင်မိတ်ဆက်ပေး၍ သီရိနဲ့တမာသိနေသည်။

ဒါပေမဲ့ အခုတော့ သူမကစ၍ မျက်နှာလွှဲလိုက်သည်နှင့် သီရိ နားလည်သွားပုံရသည်။

သူမကို နှုတ်ဆက်ဖို့ မကြိုးစားတော့ဘဲ . . .

"ဩော် . . . ထိုင်ကြပါရှင်၊ ဘာကိစ္စများလဲဟင်"

သီရိ သိချင်စိတ်ကို မအောင့်အင်းနိုင်ဘဲ သင်ဖြူးလေး ကမျာ ခင်းပေးရင်း မေးလိုက်သည်။

မမတို့ကမထိုင်ပါ။

"ဒါ . . . မင်းရဲ့အဖေလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . အော်. . . ဟုတ်. . . ဟုတ်ပါတယ်ရှင်"

မမက ဘာမှမပြောဘဲ လက်ကိုင်အိတ်ကို လက်ဖျားမှာချိတ်ထားရာကနေ ဖြုတ်၍ အထဲက ထောင်တန်အုပ်ထူထူကြီးတွေကို ကိုင်သမျှ ဆုပ်၍ဆွဲထုတ်လိုက်သည်။ ပြီးတော့ သွားရည်ရွဲရွဲနှင့် ပြူးပြူးကြီးမော့ကြည့်နေသော လူကြီးကိုပါ မျက်မှောင်ကုတ်၍စိုက်ကြည့်၏။

လူကြီးကတော့ သူ့ကိုခင်မင်၍ ဆေးဖိုးဝါးခကူညီမည့်သူဟု ထင်နေရှာသလားမသိ။

မမက ငွေတွေကို လူကြီးမျက်နှာရှေ့မှ ဝှေ့ဝဲဖြတ်သန်းစေသည်။

ပြီးမှ သီရိမျက်နှာရှေ့မှာ ဆတ်ကနဲရပ်တန့်သွားကာ. . .

"ခုချိန်မှာ ခပ်ချောချောယောကျ်ားတစ်ယောက်ထက် မင်းအတွက် ငွေရှိဖို့က အလိုအပ်ဆုံးဖြစ်နိုင်တယ် သီရိ၊ ရော့. . . ဒါကိုယူ၊ မင်းရဲ့အဖေကို ဆေးကုပေါ့၊ ငါတို့ရဲ့မောင် မောင်မောင်လွှန်းကိုတော့ မေ့ပစ်လိုက်ပါ"

"ဟင်"

ကျောချမှ ဓါးပြမှန်းသိရှာသူ။

သီရိ ငွေတွေကိုကြည့်ကာ အဖေဖြစ်သူကိုပါ ငဲ့ကြည့်မိရင်း နှုတ်ခမ်းသားလေးတွေ တုန်ခိုက်လာ၏။

"ယူလေ. . . ဒီငွေနဲ့ မင်းရဲ့ပြဿနာတွေကို ရှင်းပစ်လို့ရတယ်"





"ဒီမှာ သီရိက . . ."

"နေဦး. . . မင်းပုံစံကြည့်ရတာ ရုပ်ရှင်ထဲကလို ငွေကိုပြန်ပစ်ပေါက်ပေးချင်ပုံရတယ်၊ ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးနော်၊ ငွေယူရင် ငွေပါဆုံးမှာ၊ ပြီးတော့ မောင်မောင်လွှန်းက မင်းအတွက် အရာရာကိုဖြစ်စေနိုင်မယ့် ဖန်ဆင်းရှင်လည်းမဟုတ်ဘူး။ သူ့ရင်ထဲမှာ အချစ်မရှိဘူး။ မင်းကို သူ အချိန်မရွေးထားသွားမှာပဲ၊ ငါတို့ ခုလိုရောက်လာတာက မင်းမှာ အနှောင်အဖွဲ့တွေရှိနေပြီလို့ ကြားလို့ပဲ"

မမက ငွေကို လူကြီးဘေးကစားပွဲပုလေးပေါ် လှမ်းပစ်တင်လိုက်၏။

"ရင်းနှီးသုံးစွဲဖို့ ငွေကိုရအောင်ယူ၊ မင်းဘာလုပ်သင့်တယ်ဆိုတာ စဉ်းစား၊ ဘာပဲစဉ်းစားစဉ်းစား မောင်မောင်လွှန်းကို မင်းဘယ်တော့မှရမှာမဟုတ်ဘူးဆိုတာ မမေ့ပါနဲ့၊ ငါတို့မခွဲလည်း မင်းကိုသူက ဘယ်တော့မှလက်ထပ်မှာမဟုတ်ဘူး၊ ဒါက လုံးဝသေချာပြီးသားပဲ"

"မမ"

"မမ မခေါ်နဲ့၊ မင်းဆီမှာ ရန်တွေ့ဖို့စကားလုံးတွေရှိချင်ရှိမယ်၊ ဒါမှမဟုတ် လူနဲ့ငွေ မလဲနိုင်တဲ့ခံစားချက်တွေပြောဖို့ ရင်ထဲမှာဖြစ်လာချင်လာမယ်၊ ဒါပေမဲ့ တို့က နားထောင်မပေးနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အစကတည်းက မင်းမှားခဲ့တာ၊ မင်းချစ်ခဲ့တဲ့ မောင်မောင်လွှန်းဟာ ရုပ်ကွက်ငယ်လေးထဲက သူလိုကိုယ်လို အညာသားရ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်မဟုတ်ဘူးဆိုတာ သိထားဖို့သင့်တယ်၊ မိန်း တစ်ယောက်ရဲ့ ထိန်းသိမ်းအပ်တာတွေကို မင်း. . .''

''ဒီလိုမပြောပါနဲ့ မမရယ်. . . သီရိလေ. . .''

''တော်ပြီ. . . တော်ပြီ. . . မမ သူနဲ့စကားပြောမနေနဲ့တော့

ဒေဝီက မမကို ဆွဲဖယ်ပစ်လိုက်ပြီး ကြားလာဝင်ရပ်လိုက် ၏။

''ဒီမှာ သီရိ. . . မင်းက စောဒကတက်နေတော့လည် မပြောချင်ပေမယ့် ပြောရဦးမယ်၊ မင်း ကိုယ်နဲ့ တန်ရာတန်ရာမှန်း ကိုယ့်အတွက် အကောင်းဆုံးက ဘာလုပ်သင့်ဆုံးလဲဆိုတာ သတိရ

သီရိမျက်ဝန်းလေးတွေ သူမဆီ ဝေ့ကျလာသည်။

သူမ ဘာမှမတတ်နိုင်ပါ။

မျက်ရည်ပြည့်ဝိုင်းသော မျက်ဝန်းလေးတွေကို စိုက်ကြည့် ရင်း ကိုယ့်ကို နားလည်လာဖို့သာ တောင်းပန်မိနေသည်။

ရင်ထဲမှာတော့ တဆစ်ဆစ် ဆွေးမြေ့နေပါ၏။

ဒါဟာ ကိုယ့်ရည်းစားတစ်ယောက်၏ညီမဆိုသော ပတ်သက် မှုကြောင့်မဟုတ်ပါ။

မိန်းမသားဘဝချင်း မာနက ခေါင်းထောင်လာခဲ့တာ ဖြစ်

ထိုအချိန်မှာ သီရိက အင့်ခနဲရှိုက်ငိုရင်း ဒေဝီ့ခြေသလုံး ဖက်၍ ကြမ်းပြင်မှာ မှောက်ချလိုက်သောအခါ. . .

''အို. . . ဒါဘာလုပ်တာလဲ''





''မမရယ်''

''ဖယ်ပါ. . . ဖယ်စမ်းပါ၊ မင်း သနားခံနေလည်းမရဘူး၊ က မင်းချစ်သူကို ခွဲထုတ်နေတာမှမဟုတ်ဘဲ၊ သူကိုယ်တိုင်က ကို မက်မောမှုမရှိတာ၊ သူနဲ့. . .''

''ဟား. . . အရား. . . ဂူး. . .''

အားလုံး ဂရုမစိုက်မိခဲ့ကြသည့် လေဖြန်းနေသောလူကြီးမှာ အတွက် တောင်းပန်နေသလိုမျိုး မျက်ဝန်းမှာ မျက်ရည်များနှင့် န်လက်ဟန်တွေ လုပ်ပြနေရှာ၏။

''ဖယားတွေရှုပ်ကုန်ပြီ ဒေဝီ၊ ဘယ်လိုလုပ်ကြမလဲ''

''အို. . . ဘာလုပ်လို့ရမှာလဲ၊ ဒီလို အတန်းစားတွေက ဒီလို ခြေသလုံးဖက်ရတာ အသားပဲ့တာမှမဟုတ်တာ၊ သူတို့အတွက် ကြီးဘူး၊ ဖယ်. . . ဖယ်. . .''

ဒေဝီက ပြောပြောဆိုဆို သီရိဖက်ထားသည့်လက်ထဲက ကို ကြိုးစား၏။

သီရိက အတင်းဖက်ထားကာ . . .

''သီရိတောင်းပန်ပါတယ်မမရယ်၊ သီရိမှားခဲ့တာမှန်ပါတယ်၊ လူတိုင်း မှားတတ်ကြတဲ့အမှားမျိုးပါ၊ မိန်းမသားချင်း စာနာ ထားပြီး သီရိရဲ့ဒုက္ခကို ငဲ့ညှာပေးပါ၊ သီရိမှာလေ. . .''

''တိတ်စမ်းဖော့''

ဒေဝီသည် ဘယ်လိုမှမထင်မှတ်နိုင်စွာ ခက်ထန်သူမှန်း တ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစွာ မြင်လိုက်ရတော့သည်။

သီရိရင်ဘတ်ကို ဒူးနှင့်တိုက်ဖယ်ပစ်၍ နောက်ဆုတ်ရင်း ခါးထောက်သည်။

သီရိ ပက်ခနဲလဲကျတော့ လူကြီးက ကုလားထိုင်ပေါ်ကနေ ဆင်းလာဖို့ ကြိုးစားရှာ၏။

မြင်ကွင်းက ကြည့်မကောင်းပါ။

တမာ အားလုံးကို မျက်နှာလွှဲကာ ကားဆီ ဆင်းလာခဲ့သည်။

သူမမျက်ဝန်းမှာ မျက်ရည်တွေနှင့်ပါ။

''မမ. . . သီရိကိုသနားပါ မမရယ်၊ နောက်ဆုံး သီရိရဲ့အရှက်ကို ကာကွယ်ရုံလေးဖြစ်ဖြစ်''

''တော်စမ်းပါ''

''ဟင့်အင်း. . . ပြောပါရစေ၊ ဒီငွေတွေနဲ့ သီရိရဲ့အရှက်ကို မကာရံနိုင်ပါဘူး မမရယ်၊ သီရိ ငွေမယူပါဘူး၊ ကိုကို့ကို ခဏလေး ပိုင်ပါရစေ၊ ကလေးရဲ့အဖေအဖြစ်. . .''

''ကဲဟာယ်''

သီရိကို ဒေဝီက အညှာအတာမဲ့စွာ လွှဲရိုက်ချလိုက်၏။

''မလုပ်နဲ့ ဒေဝီ၊ တက်တက် ကားပေါ်ကို၊ ငွေလည်းထားပြီပဲ''

မမက ဒေဝီကို ကားပေါ်ဆွဲတင်သည်။



''မမ. . . သီရိ ကိုကိုနဲ့တွေ့ပါရစေ၊ သီရိကို သနားပါ မမရယ်''

ကားကို အတင်းလိုက်ဆွဲသည်မို့ နောက်မှာ ဖရိုဖရဲကျန်ခဲ့သည့် သီရိကို မော့မကြည့်မိအောင်ကြိုးစားရင်း ကွယ်လုလုကျမှ မျက်လုံးက နောက်ကြည့်မှန်ဆီသို့ ရောက်သွားခဲ့ပြန်သည်။

''အို''

တမာ ကားမောင်းရင်း အသံလေးထွက်သွားသဖြင့် မမက နောက်ကိုပြန်ကြည့်၏။

''ဟယ်. . . ဟိုမှာ ဘာဖြစ်နေပြီလဲမသိဘူး ဒေဝီ''

ဒေဝီက လှည့်မကြည့်ဘဲ မျက်နှာကို ခါထုတ်ပစ်၏။

''ဟိုအိမ်ပေါ်က လေဖျန်းနေတဲ့လူကြီး ပြုတ်ကျတာလေ၊ ဒေဝီ ...သားပဲ၊ သူ့သမီးကိုရိုက်လိုက်လို့ ကုန်းထလာတာ''

''ဟယ်. . . ဒုက္ခပါပဲ၊ အခုဟာက အိမ်ပေါ်ကပြုတ်ကျတာ ...ဟိုမှာ လူတွေအများကြီးပဲ၊ ငါတို့ ကောင်းပါဦးမလား''

''ကားရပ်လိုက်ရမလားမမကြီး''

မေးရင်း တမာက ကားရပ်ပစ်လိုက်သဖြင့် ဒေဝီ ဒေါ့ဒေါ့ သွားသည်။

''ဘာဖြစ်လို့ ကားရပ်ပစ်လိုက်တာလဲ တမာ၊ မောင်း ဆက်...င်း သူတို့ဟာသူတို့ ဘာဖြစ်ဖြစ်၊ ကိုယ့်ကြောင့်မှမဟုတ်တာ၊ တစ်ယောက်ဟာ စောင့်ထိန်းသင့်တာကို မထိန်းနိုင်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်မျိုးတွေကြုံရမှာပဲ၊ ဖြစ်လာရင် ငါတို့လိုလူတွေက မစာနာဘူး။ မထောက်ထားဘူးဆိုပြီး လူကြမ်းတွေဖြစ်ကုန်ရော၊ ဒီလိုမှားမိလို့ ငါ ဒီလိုခံရပါလားဆိုတဲ့အသိကျတော့ ဘယ်မိန်းမဝင်သလဲ၊ ဆင်းရဲတဲ့မိန်းကလေးတိုင်း ဒီလိုဖြစ်သလား၊ ချမ်းသာတဲ့မိန်းမတွေ ဖြစ်ကြတော့ကော သူ့ပတ်ဝန်းကျင် သူ့အသိုင်းအဝိုင်းမှာ လူမသိသူမသိ ကြိတ်ဖြေရှင်းလိုက်နိုင်တာမျိုး ရှိချင်ရှိမယ်၊ အရက်ကွဲတာ ဘဝပျက်တာကတော့ မိန်းမတိုင်း အတူတူပဲ''

ဒေဝီက မျက်နှာတည်တည်လေးနှင့် ကားမောင်းနေသည့် တမာ့ကို ရှုစိုက်ကြည့်နေရင်း စကားတွေ အများကြီးပြောနေခဲ့သည်။

တမာကတော့ တုန်လှုပ်ဟန်မပြဘဲ ဒေဝီပြောနေသမျှဟာ သူနှင့် ဘာမှမဆိုင်သလို ကားကိုသာ ဂရုစိုက်မောင်းနေလိုက်၏။

''ဒါကို ရက်စက်တာလို့ချည်းမမြင်ဘဲ ပညာယူတတ်ရင် တသက်စာ အေးချမ်းသွားပြီ''

တမာ့နှုတ်ခမ်းလေး တင်းတင်းစေ့နေသော်လည်း မျက်ဝန်းအစုံသည် စိန်ပုံကြီးထဲသို့ မီးမောင်းထိုးထားသလို အလျှံတဖိတ်ဖိတ် လက်နေခဲ့ပြီ။

''ကဲ. . . အဲဒီတစ်ယောက်ကိစ္စ ထားလိုက်တော့၊ နေရီဆိုတဲ့ တစ်ယောက်ကို ဘယ်လိုရှင်းမလဲ''

''ခုပဲဆက်သွားမယ်လေ၊ ဒီနေ့ပဲ တမာကအားတာ၊ မနက်ဖြန်ကျောင်းဖွင့်ရင် သူရှိမှာမဟုတ်တော့ဘူး၊ အိမ်ကဒရိုင်ဘာ ဒီကိစ္စ





သိလို့မဖြစ်ဘူး။ သူသိရင် မေမေတို့သိမှာပဲ''

ကားကို သူတို့နိုင်းသည့်နေရာများဆီ ဦးတည်ပေးနေခဲ့ရင်း တမာ့ရင်ထဲမှာ နာလာသည်။

ဒါတွေ ငါ ဘာဖြစ်လို့လုပ်ပေးနေရတာလဲ။

မလုပ်လို့မဖြစ်ဘူးဆိုသည့် အဖြေက အတိအကျထွက်လာ၏။

တကယ်တော့ တမာတို့ကလည်း အလုမ်းဝေးပေမယ့် သာမန်အဆင့်အတန်းထဲကတော့ မဟုတ်ပါ။

ဒါကြောင့်လည်း ဒေါ်စောမုံလင်းက လူယုံကြီးဦးဘညီကို ယုံကြည်စိတ်ချအားကိုးခဲ့တာ ဖြစ်သည်။

ဒီအိမ် ဒီလူတွေထဲမှာ သူ့ဆန်စားလို့ရဲခဲ့ရတာလည်း ကြာပြီ။

တမာ မှုတ်ထုတ်လိုက်သည့် သက်ပြင်းတစ်ရှိုက်သည် တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းသားတို့ကို မတိုးဖောက်နိုင်ဘဲ နှာခေါင်းနှင့်မျက်ဝန်း နားစသည်တို့မှ လွင့်ပျံသွားခဲ့သည်လား မသိ။

သုံးယောက်တိတိရှိသော မိန်းမတို့မှာ မောင်မောင်လွန်းဆိုသည့် လူချောလူလှနှင့် ပတ်သက်သော ချစ်ရာဇဝင်တစ်ခုစီတွင် ကျန်ခဲ့၏။

တမာ့အတွက်ကတော့ အလွန်ထူးဆန်းသော ဘဝစာမျက်နှာတို့ကို ဖတ်ရှုခဲ့ရခြင်းသာ ဖြစ်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဖိနပ်က အသစ်ကြီးကနေ အစိမ်းသက်သက်ကြီး ပြုတ်ထွက်သွားချေ၏။

ညနေကစောင်းနေပြီမို့ ကားတွေကကျပ် မိုးတွေကညို့နေတာကြောင့် မစောင့်တော့ဘဲ ခပ်သုတ်သုတ်လျှောက်နေမိခဲ့တာကြောင့်လား။

ဘာပဲဖြစ်ဖြစ် ဖိနပ်က ဒီဒဏ်လောက်နှင့် ပြုတ်သွားနိုင်လောက်သည့်အခြေအနေထိ မဆိုးသေးပါ။

ဖိနပ်ပြုတ်ကို ကောက်ယူကြည့်ရင်း ကိုင်သွားရမည်လား၊ ထားပစ်ခဲ့ရတော့မည်လား။

ကိုင်သွားရမှာ ရှက်သလိုလိုဖြစ်သော်လည်း ထားခဲ့ရမှာလည်း





နှမြောစရာကြီးဖြစ်၏။

"ဒါ ဘယ်လိုလုပ်မလဲ၊ မိုးတွေရွာတော့မှာ"

အနားမှာ ကားတစ်စီးလာရပ်၏။

မော့ကြည့်လိုက်တော့ မောင်မောင်လွန်း။

ဖိနပ်ကို လမ်းဘေးသို့ရောက်အောင် ခပ်ဆတ်ဆတ် ကန်ထုတ်ပစ်လိုက်လေ၏။

နေရာမှဆက်ထွက်လာခဲ့မိခြင်းသည် မဆုံးဖြတ်ရသေးမီ သူ့အတိုင်း ဖြစ်သွားခဲ့တာဖြစ်၏။

"တမာ"

ကားက သိမ့်ခနဲတိုးလိုက်လာ၏။

တမာ့တင်ပါးလေးနှင့် ထိလုထိခင်ထိ ကပ်မောင်းလာကာ. . .

"မိုးပေါက်တွေကျလာပြီ တမာ၊ လာ. . .ကားပေါ်တက်"

"မတက်ချင်ဘူး၊ ကျွန်မ ဒီလိုပဲသွားနေကျပါ"

ကားကို ရှေ့မရောက်နောက်မရောက်အောင် ဂရုစိုက်မောင်းရင်း မောင်မောင်လွန်းက စိတ်မရှည်စွာ မော့ကြည့်သည်။

'သိပ်လှတာလည်းမဟုတ်ဘဲနဲ့' ဆိုသော စကားများထဲမှာ ခပ်နုပ်နုပ်လေးရှိပေမယ့် မျက်တောင်ရှည်ကြီးတွေ ကော့နက်ညွတ်ပျံနေသော မျက်ဝန်းတွေကို မော့ကြည့်နေရသည့်အဖြစ်က ကဗျာတွေစာတွေဖွဲ့လို့ မမှီနိုင်။

အောက်နှုတ်ခမ်းအလယ်သည် အနည်းငယ်ညွတ်ကာ လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းပုံဖြစ်၏။

မေးဖျားနှစ်ခွလေးနှင့် နှုတ်ခမ်းကိုပေါင်းရုံးကြည့်လျှင် အလွန်မာနကြီးသော မျက်နှာကလေးကို ဖြစ်ပေါ်စေသည်။

တမာ တကယ်ပဲ မာနကြီးပါသည်။

အိမ်မှာ ဘယ်သူ့အပေါ် ဘယ်လိုပဲနေနေ သူ့အပေါ်မှာ ကွက်ကွက်ကလေးငဲ့ပိုက်၍ မာနကြီးထားသည်။

ရိုကျိုးဟန်တွေကြားထဲမှာ အထင်မြင်သေးရှုံ့ရှာခြင်းကို နှစ်ယောက်တည်း သိသာအောင်ပြသည်။

အစကတော့ တမာ့ကို သူ သေချာမစူးစိုက်မိဘဲ အထင်မြင်သေးခဲ့မိသေးသည်။ တကယ်ကြည့်တော့မှ သူမ ဘာကြောင့် သူ့အပေါ် ဤသို့ ဆက်ဆံမှန်းသိလာခဲ့ရ၏။

အဲဒီလိုမင်း မာနကြီးတာက ချစ်ဖို့ကောင်းတာပဲ တမာ။

တမာ့ကို သူ မဖြစ်မနေလိုအပ်နေခဲ့ပြီ။

"တမာ"

သူ တမာ့ရှေ့ကနေ ကားကို ခပ်စောင်းစောင်းထိုးရပ်ကာ ကားပေါ်ကဆင်းသည်။ ရန်လိုစွာ အသင့်စောင့်ကြိုနေသည့် မျက်ဝန်းလေးတွေကို သူ ဂရုမစိုက်စွာ ကြည့်၍. . .

"မနက်ဖြန်ကျောင်းပိတ်လို့ မင်း အိမ်ပြန်လာမှာမဟုတ်လား၊ တစ်လမ်းတည်းသွားကြမှာပဲ၊ ကားပေါ်တက်ပါ"

ဒီထိရောက်နေကာမှ အဆောင်ကိုပဲပြန်မှာလို့ပြောလည်း





သဘာဝကျတော့မှာ မဟုတ်။

သို့သော် . . .

"ရတယ် ကိုကိုလေး၊ ကျွန်မ ဒီတိုင်းပဲပြန်မယ်"

"မင်းကို တို့ခေါ်နေတာ၊ လမ်းဘေးက ကလေကချေမဟုတ်ဘူးနော် တမာ"

တမာက လှစ်ခနဲပြုံး၍ ခပ်ရိရိပြန်ကြည့်သည်။

"လမ်းဘေးက ကလေကချေဆိုဘာဖြစ်လဲ၊ တမာကလည်း ကလေကချေပဲဟာ၊ တက်လိုက်သွားလည်း ပြဿနာသိပ်မရှိပါဘူး၊ ကိုကိုလေးက ကျွန်မရဲ့ အရှင်သခင်"

လူတိုင်းနဲ့ဆို မယ်မင်းကြီးမက သူ့ကိုယ်သူတမာ။

သူ့ရှေ့မှာဆို ကျွန်မဆိုတာက ပါးစပ်ကမချ။

"မင်း. . . စကားတတ်ပါတယ်၊ ဒါပေမဲ့ နားဝင်မချိုဘူး။ ကားပေါ်တက်"

"မတက်နိုင်ဘူး ကိုကိုလေး၊ ကျွန်မ ကိုကိုလေးနားဝင်ချိုအောင် ပြောပြဖို့လည်း စိတ်မဝင်စားဘူး၊ ကျွန်မကို ဖယ်ပေးပါ"

"မင်း တို့ကို ဘယ်လိုဆက်ဆံတာလဲ တမာ"

"မရိုးသားစွာဆက်ဆံတယ်လို့ ခံစားမိလို့ ခုခံကာကွယ်တဲ့သဘောပါ၊ ကျွန်မကို ခွင့်လွှတ်ပါကိုကိုလေး"

"မလွှတ်နိုင်ဘူး. . . လာတက်"

"အို. . . ကိုကိုလေး. . . မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှစိတ်မထိန်းနိုင်တော့ဘဲ တမာ့ကို ကားထဲ အတင်းဆွဲထည့် ဖာခါးတွေပိတ်ပစ်ပြီး မောင်းထွက်လာခဲ့သည်။

တမာသည် အလွန်မာကြောစွာ အသေခံ၍ စတီယာရင်ကို အတင်းဝင်လုသည်။

သူ သူ လက်ပြန်တစ်ချက်ရိုက်ပစ်လိုက်သည်နှင့် ပုံခနဲ ခွေကျသွား၏။

စိတ်တော့မကောင်းဘူး တမာ။

❀ ❀ ❀



## အခန်း (၆)

"ဘယ်လို. . . ဘယ်လို. . . အမလေး. . . ကိုယ်ကျိုးတွေ နည်းကုန်ပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ဟင်. . . ဘာလဲကွ"

"ဘာဖြစ်လို့လဲ မေမေ"

"ကိုဘညို"

မျက်နှာတွေ စုံညီစွာရှိနေသည်။

ဘာလဲဟု အလန့်တကြားမေးနေကြ၏။

ထိုထဲကမှ ဒေါ်စောမုံလင်းက ကားပေါ်ကခုပဲဆင်း၍ အိမ် ပေါ်တက်လာသည့် ဦးဘညိုကို ချောက်ချားစွာလှမ်းခေါ်၏။

ဦးဘညို ခြေလှမ်းတုံ့သွားကာ ဖုန်းကိုင်လျက် မျက်လုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကာ သူ့ထံ လှည့်ကြည့်လိုက်သော မျက်နှာကို အံ့သြဟန်နှင့် ပြန်ကြည့်၍ . . .

"အမိန့်ရှိပါ မမစော"

"ငါ့သား. . . ငါ့သားမိုက်ပြန်ပြီ"

ဒေါ်စောမုံလင်း ဖုန်းကို ပခက်ပေါ် သေချာမချဖြစ်ဘဲ နောက်ပြန် ဖြစ်သလိုတင်ကာ ရှေ့တိုးလာ၏။

ချွေးမဖြစ်သည့်နွယ်မှူးက ထ၍ ဖုန်းကို နေရာတကျ ထိုးတင် လိုက်သည်။

ဒေါ်စောမုံလင်းသည် ဦးဘညီရှေ့ထိလျှောက်သွားကာ . . .

"သားလေ. . . သားမောင်မောင်က မင်းရဲ့သမီးကို. . ."

"ဗျာ"

"ဘယ်လို မေမေ"

"သူ နိုးသွားပြီတဲ့"

"အို"

အားလုံးထဲမှာ မမနှင့်နွယ်မှူးက အဆိုးဆုံး။

ဦးနန်းဟန်နေရာမှ ဝုန်းခနဲထရပ်လိုက်စဉ် ယိုင်နဲ့သွား၏။

မမနဲ့ဒေဝီ ကမန်းကတန်းထကာဦးနန်းဟန်ကို တွဲကူလိုက် ကြသည်။

"ဒီ. . . ဒီကောင်လေး ဖုန်းဆက်တာ၊ ဘယ်မှာလဲ သူက ဘယ်ကဆက်တာလဲ၊ ကိုယ့်မှာ သားနဲ့မယားနဲ့ သူများသမီးပျိုကို





ဒီလိုနိုးယူလို့ရမလား"

"ဖေဖေရယ်. . . ဖေဖေ ဒေါသမကြီးပါနဲ့၊ နေလည်းကောင်း တာမဟုတ်ဘဲနဲ့၊ ဒီကိစ္စ သမီးတို့သားအမိ ရှင်းပါ့မယ်"

"ဟုတ်ပါတယ်ဖေဖေရယ်၊ လာပါ၊ ဖေဖေ. . . ထပါနော်"

ဒေဝီက အဖေချစ်သမီး။

ဦးနန်းဟန်ကို ပြဿနာကြားထဲ ဝင်မပါဖြစ်အောင် တောင်း ပန်ဖျောင်းဖျ၍ တွဲခေါ်သွားနိုင်ခဲ့သည်။

ဒေါ်စောမုံလင်းသည် မျက်ရည်တွေကျနေသည့် ချွေးမဖြစ် သူကို ငုံ့ကြည့်၍ . . .

"သမီး နွယ်မှူး၊ ဒီကိစ္စကို မေမေစီစဉ်ပေးပါ့မယ်၊ လောလော ဆယ်တော့ သည်းခံပါကွယ်"

"သည်းမခံလို့လည်း ဘာမှလုပ်လို့ရတော့တာမှမဟုတ်ဘဲ မေမေ၊ မောင်က အစကတည်းက နွယ်မှူးကို ဂရုမစိုက်ခဲ့တာပါ။ ဒါပေမဲ့ သူ တမာ့ကို သဘောကျနေလိမ့်မယ်လို့တော့ နည်းနည်းမှ တွေးမိခဲ့ဘူး။ နွယ်မှူးဟာ တမာ့လိုမိန်းမတစ်ယောက်နဲ့ ယှဉ်ပြီး ရှုံးခဲ့ရတာတော့ တကယ်ရင်နာဖို့ကောင်းတယ်၊ ဒါ သက်သက် တမာ စော်ကားနှမ်းခုတ်တာ"

"ဒါတော့. . . မဟုတ်လောက်ဘူးထင်တယ် ယောက်မရယ်"

မမက ကြားဝင်လာသည်။

သွားအတူစားအတူနီးပါး သူတို့နားမှာပဲ ရှိနေတတ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တမာ့ စိတ်ဓါတ် တမာ့နေပုံထိုင်ပုံကို သူတို့ထက် ဘယ်သူမှပိုမသိနိုင်၊

ဖြစ်ပျက်သွားပုံများက အံ့သြစရာကောင်းလွန်း၍ ဘယ်လို့ကို တွေးမရတော့။

"ဒါ. . . သမီးထင်တယ်၊ မောင်မောင်တစ်ဘက်သက် လုပ်သွားတာပဲဖြစ်မှာမေမေ၊ အိမ်မှာ သူတို့ မျက်နှာချင်းဆိုင်ဖြစ်ရင်တောင် သိပ်ဟက်ဟက်ပက်ပက် စကားပြောကြ ရင်းနှီးကြတာမရှိဘူး၊ တမာက အရမ်းတည်တာ"

"တိတ်စမ်း သမီး၊ လက်ခုပ်က နှစ်ဖက်တီးမှမြည်တာ"

ဒေါ်စောမုံလင်းက သားကို တစ်ဘက်သတ်အပြစ်မကျစေလို

ဦးဘညီ ခေါင်းငိုက်စိုက်ကျလျက် မျက်နှာကြီးနီရဲနေရှာသည်၊

"ဘာပဲဖြစ်ဖြစ် ကိုဘညီရယ်၊ ယောက်ျားကောင်းမောင်းမ တစ်ထောင်ဆိုတဲ့စကားလည်း ရှိတယ်၊ ရှေးခေတ်မင်းများထောင်မှ ကြင်ယာတော်တွေ များခဲ့ကြတာပဲ၊ သားကသာ နှစ်သက်တယ်ဆိုရင် တမာလိုမိန်းကလေးမျိုးနဲ့ ငါ သဘောတူမှာပါ"

ဦးဘညီ ကိုယ်ကြီး မသိမသာ တောင့်မတ်သွား၏။

ဒေါ်စောမုံလင်းပြောပုံက သူမကပဲ အောင့်သက်သက် လက်ခံပေးရသလိုလို။

သမီးပျိုလေးတစ်ယောက်လုံး စော်ကားခံလိုက်ရသူရင်ထဲကို မစာနာပါလား။

"ငါ့ကို မစာမနာပြောတယ်လို့တော့မထင်နဲ့ ကိုဘညီ၊





မောင်မောင်က လူဆိုးပေမယ့် သာမန်မိန်းမမျိုးနဲ့ ဖြစ်လို့ကတော့ နေဆိုးမိုးဆိုး လိုက်ခွဲပစ်မှာပဲ၊ ငါ အသိအမှတ်မပြုဘဲ ဘယ်သွေးသားကိုမှ လက်မခံဘူး၊ စာရင်းမသွင်းဘူး၊ မင်းတို့သားအဘက ငါတို့ 'ဟာစံအိမ်' ရဲ့ အမိက ရင်းနှီးသူတွေလို့သတ်မှတ်တဲ့အတွက် ဒီကိစ္စ ပြေလည်အောင်ကြိုးစားမယ်၊ ရှင်းလည်းရှင်းပစ်ချင်တာ၊ မင်းဆန္ဒကို စဉ်းစားထား၊ ငါ အစွမ်းကုန်လိုက်လျောမယ်လို့ ကတိပေးတယ်"

"ဟုတ်ပါတယ်၊ နှယ်မှုူးလည်း မိန်းမသားချင်းစာနာပြီး ဒီကိစ္စကို ဖုံးဖုံးဖိဖိ အေးအေးချမ်းချမ်းပြီးသွားအောင် သည်းခံပေးပါလို့ တိုတောင်းပန်ချင်တယ်၊ မောင်မောင်ဟာ ငယ်ငယ်ကတည်းက အဖော်ကန်းရယ်၊ သူဖြစ်ချင်တာဆို မရမက ဇွတ်လုပ်တတ်တဲ့ဗွဲ ဒီတုန်းကတည်းက ရှိတာ"

အားလုံးကလက်ခံပေးရတော့မည့် အခြေအနေထဲတွင် နှယ်မှုူး က ပို၍ရင်နာရသည့်လူ။

ခုမှ ကိုယ်ဝန်လေးသုံးလနှင့် ဘဝမှာ သေပျော်နေပျော်ဖြစ်ခဲ့ မျှော်လင့်ရိပ်ကလေး ရှင်သန်လာခဲ့သည်။

မောင်မောင်ကတော့ နောက်ထပ်ရင်ခွင်မှာ ပျော်မွေ့နေခဲ့ပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"တမာ့ကို ကျွန်တော် အကြီးအကျယ်လက်ထပ်မှာ မေမေ" ဟု ပြောချလိုက်တော့ တမာ ချက်ချင်းကန့်ကွက်သည်။ နွယ်မှုူးကဒိုရိုက်၍ အထုပ်ဆွဲ၏။

"မမနွယ်မှုူး ဘယ်မှမသွားရဘူး။ တမာသွားမယ်"

"မသွားရဘူး"

မောင်မောင်လွန်းက တမာ့လက်ကိုသာမက တစ်ကိုယ်လုံးကို ဆွဲဖက်ကာ အများရှေ့မှာပဲ အတင်းဖက်ထား၏။

တမာ ဝမ်းသာကျေနပ်ရန်ဝေးလို့ ဒေါသချောင်းချောင်းထွက်ကာ မျက်လုံးအစုံမှာ ပြူတ်ထွက်ခုန်ပေါက်ကျတော့မတတ် ပြူးကျယ်နေခဲ့၏။





နောက်တော့ တမာ ခါးခါးသီးသီးဖြစ်လွန်းသဖြင့် ခြံထဲမှာ တိုက်တစ်လုံးဆောက်ပေးသည်။ ဘယ်လိုမှမပေါင်းနိုင်ပါဘူးဟု ဖွတ်ငိုနေတော့ ဦးဘညီကိုယ်တိုင် နားချခဲ့ရ၏။

"ဆရာကြီး အသည်းအသန်ဖြစ်နေတယ် သမီး၊ မိန်းမသားဘဝမှာ ဘယ်ဘက်ကမှ အသာစီးရဖို့ မဖြစ်နိုင်တော့တဲ့ အခြေအနေဖြစ်လာရင် ပင့်သက်ချပြီး ငြိမ်နေလိုက်ရမှာပဲ၊ ဒါကို သမီးနားလည်ပါ"

"သမီးကိုခွင့်လွှတ်ပါ ဖေဖေ၊ ဒီလိုခံရတော့မှာပဲဆိုတာကို သိလို့ ဒီလူလူပါးဝတာ၊ သူ့ဟာသူ ဘာမျိုးနွယ်ပဲဖြစ်ဖြစ် တမာမမက်ဘူး။ သူတို့ပံ့ပေးတာကိုလည်း မလိုချင်ဘူး။ သမီးတို့ ဒီကထွက်သွားကြပါစို့နော်၊ သွားမါရစေဖေဖေရယ်၊ မသွားရရင် တမာ ကိုယ့်ကိုယ်ကို သတ်သေမှာ"

ထိုသို့ပြောလျှင် ဦးဘညီက နှမ်းယဲ့စွာပြုံး၍ ခေါင်းကိုခါယမ်းနေသည်။

"သမီး... ဒီလိုလုပ်မယ်လို့ဆုံးဖြတ်ခဲ့တယ် ဟုတ်လား။ လူ့ဘဝဆိုတာ ဒီဘဝမှာ ရုပ်ခန္ဓာ ပြတ်ကွာချုပ်ရုံနဲ့ အရာအားလုံးချုပ်ငြိမ်းသွားမှာမဟုတ်ဘူး သမီး၊ ခန္ဓာမရှိတော့ မရှိတဲ့ဒုက္ခ၊ နာမ်မရှိတော့ မရှိတဲ့ဒုက္ခ၊ အမျိုးမျိုးလာဦးမှာ၊ နိဗ္ဗာန်ရောက်တဲ့ချမ်းသာခြင်းအစစ်အမှန်ကိုမရသရွေ့ ဘယ်တော့မှ အေးချမ်းမှာမဟုတ်ဘူး။ သမီးအဲဒီလိုလုပ်သွားလို့ အေးချမ်းမှာပဲလို့ထင်ရင် လုပ်သွားပါ၊ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



သမီးကို စောင့်ကြည့်တားဆီးနေနိုင်မှာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ အမီး သွားပြီးရင် ဖေဖေ့အလှည့်ပဲ၊ ဖေဖေကတော့ အရှင်သခင်ဖြစ်နေလျက်နဲ့ အထပ်ထပ်ရှိခိုးမတတ် တောင်းပန်ရင်း ဒီစိတ်ဖိစီးပြီး အိမ်ရာထဲလဲနေတဲ့ ဆရာကြီးကို မြန်မြန်သေစေအောင် ထပ်ပြီး အနိုင်ယူသလိုမျိုး ဘယ်တော့မှမလုပ်ဘူး''

ဦးဘညီလေသံက မာကျောပြတ်သားနေသည်။

''အရှုံးပေးနေတဲ့သူကို ထပ်ပြီးကြိုးတုပ်ရိုက်တာ မေတ္တာတရားကင်းမဲ့တာပဲ သမီး၊ ရိုင်းရိုင်းပြောရရင် သခင်နဲ့ကျွန်ဆိုတာ ထားရာနေ စေရာသွား၊ သေဆိုသေ ရှင်ဆိုရှင်၊ ဖေဖေ့မှာ အဲဒီသစ္စာမျိုး ရှိတယ်''

ဦးဘညီက အပြီးသတ်ပိတ်ပြော၏။

တမာသည် အလွန်မုန်းတီးသော ယောကျ်ားတစ်ယောက်၏ ယုယကြင်နာခြင်းများကို ခါးသီးစွာလက်ခံနေခဲ့ရရင်း အမြဲမပြတ်သတိရနေခဲ့သည်များက သီရိ နေရီနှင့် နဝီ ဆိုသော အမျိုးသမီးသုံးယောက်၏ဘဝ။

ပြီးတော့ နွယ်မှူး။

ထိုလေးယောက်စလုံးမှာ မောင်မောင်လွန်း၏ချစ်သူများ ဖြစ်ခဲ့ကြပြီ။

''ဘာ. . . ကိုယ်ဝန် သွားပြီ၊ အမလေး. . .''

နွယ်မှူးကိုကြည့်ကာ ဒေါ်စောမုံလင်း မြေမတိုင်မိလတ်မကိုင်





မိဖြစ်သွား၏။

''တိုးတိုးပြောလေ မေမေ၊ ဖေဖေကြားသွားဦးမယ်''

ဒွေဝီက ကမန်းကတန်းလှမ်းတားပြီး နွယ်မှူးဆီ ပြေးသွား၏။

နွယ်မှူးသည် အိပ်ရာထက်မှာ အနွေးထည်ထူထူ ဆံပင်တွေပြေကျလျက် မငိုအောင် ထိန်းနေရှာပုံရသော်လည်း မျက်ရည်ကျနေခဲ့၏။

နွယ်မှူးငိုရပြီပေါ့ မောင်ရယ်။

တမ်းတမ်းတတ မက်မက်မောမော လွယ်ထားခဲ့ရတဲ့ ရင်သွေးခုတော့ ပိုးမွေးသလို ဂရုစိုက်နေခဲ့ရသည့်ကြားထဲကနေ သွေးတွေလွန်ကာ ပါသွားခဲ့ရပြီ။

''ဖြစ်နိုင်ရင်တော့ နောက်ထပ် ကလေးမလွယ်တာပဲကောင်းတယ်ညီမ၊ ညီမရဲ့သားအိမ်ခေါင်းက သိပ်မကောင်းဘူး၊ ထပ်ရှိရင် အလုပ်ထပ်လုပ်ရတာပဲရှိမယ်၊ သားသမီးရဖို့က ခုနစ်ဆယ်ရာနှုန်း မသေချာဘူး''

မီးယပ်သားဖွားအထူးကုက သေချာရှင်းပြခဲ့သည်။

ဒါကိုသာ သူတို့သိသွားကြလျှင် . . .

ဘယ်သူ့ကိုမှမပြောဘဲထားပေမယ့် ကိုယ့်ကိုယ်ကို ခွင့်နာလို့မဆုံး။

အိမ်တောင်ကျစာတည်းက မသာယာခဲ့သည့် နှံ့အိုင်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ထပ်၍ မကျူးခတ်လိုတော့ပါ။

''နွယ်မှူး. . . မေမေတို့ဆီ ကျန်းမာရေးကောင်းတဲ့အထိ ပြန်နေပါရစေ မေမေ၊ စိတ်တွေလည်း တအားညစ်နေလို့ပါ''

ဒေါ်စောမုံလင်း ဘာမှမပြောနိုင်အောင် ဆို့နင့်နေသော်လည်း နွယ်မှူး မျှော်သိပ်ထားသည့်အရာကို ဒေဝီနဲ့မမက ရိပ်မိသည်။

ထို့ကြောင့် ချက်ချင်း ခွင့်ပြုလိုက်ကြသည်။

နွယ်မှူးထွက်သွားခဲ့သည့်နောက်ပိုင်းတွင် တမာ၏ ခါးသော နလုံးသားများသည်။

❀ ❀ ❀



## အခန်း (၈)

သူ့ အပြင်ထွက်ခါနီးမှ ''ပြောစရာရှိတယ် နေဦး'' ဆိုသည့် ဝါကျတစ်ကြောင်းက ခပ်မာမာပြုတ်ကျလာသဖြင့် ခြေဦးရှေ့မှာ စည်းတားမစ်လိုက်သလို မောင်မောင်လွှမ်း တုံ့ခနဲရပ်သွား၏။

တမာသည် သူ့ကို ဘယ်တုန်းကမှ စကားစတင်ပြောခဲ့တာ မဟုတ်။

လက်ထပ်ပြီးကာတည်းက ကိုကိုလေးဆိုတာလည်း ပျောက်သွားသည်။

ဦးမောင်မောင်လွှမ်း 'ရှင်' 'ကျွန်မ' ဆိုတာတွေကို ပြင်းပြင်းထန်ထန်သုံး၍ အရင်လို တရိုတသေ ခေါင်းညိတ်ငြိမ်သက်မှုတာမျိုးလည်း မရှိ။

www.burmeseclassic.com



စော်ကားသံဆိုနေတာမဟုတ်ပေမယ့် မလေးစားတာတော့ အမှန်ပဲဖြစ်သည်။ သူ့မှာ သည်းခံဖို့စိတ်ကူးထားပေမယ့် မာနကလည်း ရှိနေတာမို့ သူပြောကိုယ်ပြောနှင့် တစ်ခါမှလည်း စကားပြောအဆင် မပြေပါ။

"ဘာပြောမလို့လဲကွ၊ အချိန်သိပ်မရှိဘူး"

"အချိန်သိပ်မရလည်း ကြွ၊ ရှင့်ကို ဘယ်သူမှဆွဲမထားဘူး"

"ဟ. . . မင်း ဘယ်လိုမိန်းမလဲ"

"ရှင်မသိဘူးလား"

"တမာ"

သူ ပန်းကနေဆောင့်ခါတော့ တမာက အသံထွက်အောင် ရယ်ပစ်လိုက်သဖြင့် သူ့မှာ အို့တို့အမ်းတမ်းကြီး ဖြစ်သွားခဲ့၏။

"လှုပ်လေ. . . ပန်းကနေမလှုပ်နဲ့ ခါးကဆွဲပြီး တခါးဝရောက် အောင် လွှင့်ပစ်လိုက်စမ်းပါ၊ အဲဒါမှ ဗိုက်ထဲကဟာလေးပါ ပြုတ်ထွက် ကျသွားအောင်"

"ဟင်. . . ဘာ. . . ဘာပြောတယ်. . . မင်း. . ."

လက်နှစ်ဖက်သည် ပန်းမှ ဖျတ်ခနဲကွာကျသွား၏။

မောင်မောင်လွန်းမျက်နှာမှာ ပြူးပြူးပျာပျာဖြစ်သွားကာ နက်ချင်းပင် ရှင်လန်းမှုတွေ ကူးစက်ရောက်ရှိလာ၏။

"မင်းမှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား၊ ဟာ. . . ဆောရီး. . . ကိုယ့်ဒေါသအတွက် ဆောရီးကွာ၊ ဒါမင်္ဂလာစကားပဲ၊ ဟုတ်ပြီ၊ မင်း





စောစောကပြောစရာရှိတာဆိုတာ ဒါလား၊ ဒီအတွက် မင်း ကိုယ့်ကို ဘာတောင်းဆိုမလဲ၊ ဘာပူဆာမလဲ၊ လိုချင်တာပေးမယ် ပြော"

သူမလက်ဖဝါးကို ဖမ်းဆုပ်လိုက်တော့ တမာနောက်ဆုတ်ရုပ် ကာ. . .

"ကျွန်မ ဒီကလေးကို လုံးဝမလိုချင်တဲ့အတွက် မမွေးပေးဘူး ဆိုရင် ရှင်ဘယ်လိုနေမလဲ"

"ဘာ. . . မင်း. . . မင်း"

"ရှင် ကျွန်မအသားကို ဒေါသနဲ့ဖြစ်ဖြစ် ပျော်လို့ပဲဖြစ်ဖြစ် လုံးဝ မထိမတို့ဘဲ ငြိမ်ငြိမ်လေးရပ်နေစမ်းပါ၊ ကျွန်မပြောမယ်၊ ဒီမှာ ဦးမောင်မောင်လွန်း၊ ကျွန်မ မကျေနပ်ခဲ့သမျှ အခုကစပြီးရင်ဖွင့်တော့ မယ်၊ ဒီကလေးကို ကျွန်မ မွေးရမယ်ဆိုရင် ရှင်တို့မိသားစုပိုင်ဆိုင် သမျှ အစွင်းပစ္စည်းအားလုံးရဲ့တစ်ဝက်တိတိကို ကျွန်မရမှဖြစ်မယ်၊ စာချုပ်စာတမ်းနဲ့အတူ လက်ဝယ်ရောက်ရှိမှနော်"

"တမာ"

မောင်မောင်လွန်း ဒေါသမထိန်းနိုင်ဖြစ်သွားခဲ့၏။

မပေးချင်၍မဟုတ်ပါ။ ပစ္စည်းမက်လိုက်တာဟု တွေးမိ၍လည်း မဟုတ်။ ဒီအမွေတွေဟာ မျိုးဆက်ထွန်းလားနိုင်သည့်သူမှလွဲ၍ ဘယ် သူမှရမှာလည်းမဟုတ်။ တစ်ဝက်မဟုတ်ပါ။ ရှိသမျှအားလုံး ကိုယ့်ရို့ ချည်းဖြစ်သည်။

ပြီးတော့ တမာ ငွေမမက်ဘူးဆိုတာ သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ဘာရည်ရွယ်ချက်တွေရှိနေမှန်း မသိပေမယ့် သူ့ကို ဒုက္ခပေးဖို့သက်သက် ကပ်ဖဲ့တောင်းဆိုနေမှန်းလည်း သိ၏။

တကယ်ဆို ဖေဖေက နေ့လားညလားဖြစ်နေတာ။

ဒီကိစ္စတွေ ပြောရမယ့်အချိန်မဟုတ်။

"တမာရယ်. . . . မင်းလိုချင်ရင် အားလုံးမင်းပိုင်ဆိုင်ခွင့်ရအောင် ကိုယ်လုပ်ပေးနိုင်တယ်၊ အခုက ဖေဖေမကျန်းမာဘူး၊ မင်းသက်သက်ကွာ"

သူ ညည်းညည်းညူညူပြောမိသည်။

တမာက လက်ပိုက်ပင်မဖြေခဲ့ပါ။

"ရှင့်ဖေဖေက ဘယ်တော့ကျန်းမာမှာလဲ၊ ကျွန်မက ဒီကလေးကို ဒီရက်ဒီလမှာစပြီး လွယ်ပိုးရတဲ့အတွက် ခုကစပြီး မစဉ်းစားရဘူးလား။ ကျွန်မကလည်း ပြောလို့ရတဲ့အချိန်လေးမှာ ပြောဖို့ကြိုးစားရတာ၊ မစောင့်နိုင်ဘူး၊ သေမင်းလက်ထဲကနေ အသက်ကို ငါးရက်စာပေးပါ၊ ခြောက်ရက်စာပေးပါနဲ့ ဝယ်ယူနေရတဲ့လူနာကို ထပ်ပြီး အမွေရဖို့အတွက် ဘာဖြစ်ပါစေ ညာဖြစ်ပါစေလို့ ဆုတောင်းပေးရတော့ကောင်းလား"

"မင်း. . . တိတ်စမ်း"

လက်တစ်ဖက်ကို အားရှိပါးရှိရွယ်လိုက်မိပြီးမှ မရိုက်ဖြစ်။

တမာက တစ်ချက်မှတွန့်မသွားပါ။

"ရိုက်လေ. . . ရှင်ရိုက်လေ ဒီကကြိုက်လေပဲ၊ ပြစရာရသွား





တာပေါ့၊ ဒီမှာ မျက်နှာကိုကြည့်ထားနော်၊ အရိုးကွဲအောင်မှတ်မှအသည်းစွဲအောင်ချစ်တဲ့ရုပ်လား၊ တမာခါးတို့က ခါးပြီးရင်းခါး မုန်းပြီးရင်းမုန်းပဲ၊ ဝေးလေပိုကောင်းလေ၊ ဖော်ဒီကိုယ်ဝန်ကို. . ."

"နေဦး. . . မင်းထင်ရာစွတ်မပြောနေနဲ့၊ မင်းလိုချင်တာ ကိုယ်ပေးရင် ဒီကိုယ်ဝန်ကို ဂရုစိုက်စောင့်ရှောက်မယ်လို့ ကတိပေးမှာတကယ်လား"

တမာက ဟက်ခနဲရယ်ပြီးမှ မဲ့ပစ်၏။

"ကျွန်မလက်နဲ့ မဖျက်ဆီးဘူး"

"မရဘူး၊ မင်းကိုယ်ဝန်ကို မင်းဂရုစိုက်မှဖြစ်မှာ၊ မင်းရဲ့လဲလှယ်မှုက တန်ရာတန်ကြေးဖြစ်သင့်တာပဲ၊ ငါပြောတာကို ကျေနပ်မှဖြစ်မယ်"

တမာ ကျေနပ်လိုက်၏။

သူမနှုတ်ခမ်းမှ စွန်းထင်းခဲ့သောမဲ့ပြုံး၏ လျှို့ဝှက်ချက်များကို မသိနိုင်ခဲ့သော မောင်မောင်လွန်းမှာ ဦးနှန်းဟန်ဆုံးသွားသည်နှင့် အမွေတွေကိုယူ၍ ပျောက်ကွယ်သွားခဲ့သော တမာနှင့်ကိုယ်ဝန်ကို ဘယ်မှာမှ အစရှာမရခဲ့တော့ပေ။

သူ့လက်ထဲမှာကျန်ရှိနေခဲ့သည်က စာလေးတစ်စောင်သာ။

သူဌေးကြီး ဦးမောင်မောင်လွန်း . . .

ကျွန်မ ရှင့်အမွေတွေကို လိုချင်မက်မောလွန်းလို့ ယူသွား



www.burmeseclassic.com

www.burmeseclassic.com



တာတော့မဟုတ်ဘူးနော်၊ ကယ်ဆယ်ရေးဒုက္ခသည်စခန်းတစ်ခု အတွက် လိုအပ်မှာတွေရှိလို့ပါ၊ နောက်တော့ ရှင်နားလည်လာမှာပါ၊ ကျွန်မ ကတိတည်ပါ့မယ်. . .

❀ ❀ ❀



## အခန်း (၉)

ပြတင်းတံခါးမှ တိုးဝှေ့ဝင်ရောက်လာခဲ့သည့် ခပ်သော့သော့ လေကြောင့် ထောင်ထားသည့်စာအိတ်က အနည်းငယ်လှုပ်ရှားသွားသည်။

ကိုယ်တိုင် ပါဝင်ခဲ့ဖူးသည်မဟုတ်သော်လည်း ကြားသိခဲ့ရသော အတိတ်၏ကြေးမုံချပ်ထဲကို တကယ်ကြည့်မြင်ခံစားနေရသလိုပါပဲ။

'မဟာစံအိမ်' နှင့် 'မာနမာန်' တို့ ဖြစ်တည်ခဲ့ကြပုံချင်း မတူသော်လည်း ထိုနှစ်ရပ်သည် ရေစီးကြောင်းတစ်ခု၏ အစနှင့်အဆုံး သာဖြစ်၏။

အကယ်၍ ရေစီးကြောင်းက မဆုံးနိုင်သေးဘူးဆိုပါလျှင်. . .

"မရ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှင့်အတူ တံခါးဖွင့်၍ဝင်လာသူကို မရ လှည့်ကြည့်လိုက်၏။

အမြင့်စံ ခေါ် အမြင့်။

အမြင့်က ဝင်လာကတည်းက စာအိတ်ဆီကိုပဲကြည့်လာကာ အနားရောက်တော့ မရကိုကျော်၍ အိပ်ရာဘေးမှာခြေချလျက် ဝင်ထိုင်လိုက်၏။

"နင့်ကိုတော့မသိဘူး၊ မမမိုး ခုထိပွဲကြမ်းတုန်းပဲ၊ ဒီကိစ္စ သူထင်သလိုဟုတ်နေရင် မလွယ်ဘူး"

ကြာမြင့်စွာရပ်နေခဲ့သဖြင့် တောင့်တင်းနာကျင်နေခဲ့သော ခြေထောက်တွေကိုအားပြုရွေ့၍ စားပွဲကုလားထိုင်မှာ မရ ထိုင်လိုက်၏။

ထိုစဉ် နောက်ထပ်လေအဝှေ့မှာ စာအိတ်လေးက ဟက်ထိုးလန်သွား၍ နှစ်ယောက်လုံး ပြိုင်တူကြည့်လိုက်မိပြန်သည်။

မရ ရှိန်းမြနေတတ်သော ပါးမို့လေးနှစ်ဖက်တွင် အနီရောင်သမ်းကာ မျက်ခုံးတို့က အရင်းကလေးတွေ ညွှတ်ကျနေကြ၏။

"ဖေတိုက်တာကို မတိုက်ပါနဲ့ဆိုပြီး ဆုပ်ဖမ်းထားလို့ရသလား အမြင့်၊ ငါကလည်း ငါ့ဘက်ကဘာမှမဟုတ်ခဲ့လို့ မဟုတ်ခဲ့ဘူးပြောတာ၊ ဒီ့ပြင် ဘာမှပြောဖို့မရှိဘူး"

"အေးလေ. . .တစ်ခုပိုဆိုးသွားတာက ဒီစာကမှ ငါတို့ ဒီမှာ လူစုံရှိမနေတာပဲ၊ စမ်းနဲ့မေက တာဝန်တွေကျတဲ့ဆီသွားနေကြတာ၊ လေးငါးလစီရှိနေကြပြီ၊ ပြီးတော့ သူတို့မဖြစ်နိုင်ဘူးဆိုတာလည်း မမမိုး





က ရိပ်မိနေတာဟ၊ ဘာပဲဖြစ်ဖြစ် ငါတို့ထဲမှာ နင်ပဲပေါ်ပြူလာဖြစ်တာ၊ ချထားတဲ့သံမဏိစည်းကမ်းကို ချိုးဖောက်သလို အကြိမ်ကြိမ်အခါခါဖြစ်နေတာလည်း နင်ပဲ၊ ငါကတော့ နင့်စိတ်ထဲကိုလည်း နားလည်တယ်၊ မမမိုးကိုလည်းနားလည်တယ်၊ နာမည်ကိုက နင့်နာမည်ကိုပေးတာ ငါတို့ထက်ထူးခြားပါတယ်၊ 'မင်းမရ' ဆိုတာ ဘယ်သူမှ မရစေရဘူးဆိုတဲ့သဘောမဟုတ်လား"

အမြင့်ကပြောနေရင်း ငြိမ်နေသည့်မရမျက်နှာလေးကို ကြည့်နေပြန်သည်။

ပန်းဝတ်မှုံလေးဖြန့်ကျက်နေသလို နုမွတ်နေသည်။

နာမည်ကြီးပန်းချီဆရာတစ်ယောက်၏ စုတ်ချက်တွေတင်ထားသလို ဆေးသားညီနေ၏။

နီရမည့်နေရာလေးတွေမှာ နီမြန်းနေသည်။

နက်မှောင်နေတာလေးတွေ ရှန်းစိုနေတာတွေ။

ဘဝတူတွေဆိုပေမယ့် မရက ကုသိုလ်ထူးတဲ့သူပါ။ သို့သော်. . .

"မင်းမရက ငါ့သမီးဆိုတာ ဘယ်သူ့ခေါင်းထဲမှ မထည့်ရဘူး၊ အမေအားလုံးဟာ ကျားစားခံရပြီး မသေမရှင်ကျန်ခဲ့ကြတဲ့ ဘဝတူတွေချည်းပဲ၊ အဲဒီတော့ ပေါက်ဖွားလာခဲ့တဲ့ မိန်းမငါးယောက်မှာ အဓိကထားရမှာက ဘဝ၊ အမေကို ဒုတိယမှာထား၊ အမေ ဘယ်သူဖြစ်ဖြစ် ဘဝကပထမ၊ အမေက ဒုတိယ"



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ မင်းမရကိုမွေးခဲ့သော ဒေါ်တမာခါး၏ တင်းကျပ်သောစနစ်တစ်ခု ဖြစ်၏။ အားလုံးသည် အဖေတူအမေကွဲ ညီအစ်မများဖြစ်ကြသော်လည်း အမေကိုလည်း မမြင်ဘူးကြ။

တစ်ယောက်တစ်မအေစီဘဝမှာ ညီအစ်မငါးယောက် အမေငါးယောက်ဖြစ်ခဲ့ကြရသည့် အကြောင်းများကို အလွန်သိချင်ခဲ့ကြပေမယ့် ပြောမယ့်သူမရှိ။

"အဲဒါကို တစ်သက်စာမှတ်ထားကြစမ်း၊ ညည်းတို့အဖေဆိုတဲ့ပုဂ္ဂိုလ်ရဲ့ ပေါ့ပျက်ယုတ်မာတဲ့အကျင့်၊ မိန်းမတွေအပေါ်ထားတဲ့သဘောထား၊ ဒီယောကျ်ားမျိုး တစ်ယောက်တည်းနဲ့ ကိုယ့်ကိုယ်ကို သတ်သေရလောက်အောင် မိန်းမငါးယောက် ဒုက္ခရောက်ခဲ့ကြရတာ၊ နောက်ထပ် ယောကျ်ားတွေအများကြီး၊ တစ်ပုံကြီးပဲ၊ ဒီယောကျ်ားတွေဟာ ဒီအကျင့်တွေရှိနေကြရင် ဒါကို ညည်းတို့မရှောင်နိုင်ကြရင် တွေးကြည့်စမ်း။ အေး. . . ငါလိုချင်တာအဲဒါပဲ၊ ဒီဒုက္ခတွေကို ငါတစ်ယောက်တည်း ပခုံးထမ်းယူပြီးစုဆောင်းခဲ့တာ၊ အဲဒီဖြေယုက်တစ်ခုကို လိုချင်လို့"

ယောကျ်ားတွေကို အယ်တော့မှအထင်မကြီးတတ်အောင် ဒေါ်တမာခါး ပြုစုပျိုးထောင်ပေးခဲ့သည်။

ယောကျ်ားဆို မျက်လုံးစိမ်းနင့်ကြည့်တတ်ကြသော အမေများကြားမှာ မိန်းကလေးငါးယောက် နေတတ်ခဲ့ကြသည်က အမေတွေဖြစ်စေချင်ကြသည့်အတိုင်းပဲ ဖြစ်ပါ၏။





ငယ်စဉ်ဘဝကဆို ငါးယောက်ဟာ အမေငါးယောက်[illegible]ထဲမှာ ကူးလူးကာ ဘယ်သူက ကိုယ့်အမေဆိုတာတောင် သိပ်မသိခဲ့ကြ။

"ယောကျ်ားလေးတွေနဲ့မဆော့ရဘူး။ ယောကျ်ားလေးတွေက ယောကျ်ားဆိုတဲ့ မာနစိတ်ကြီးတယ်၊ အနိုင်ယူတတ်တယ်၊ မိုလ်ကျတတ်တယ်"

စသည့် အသေးအဖွဲလေးမှစ၍ လက်ထပ်ရိုက်သွင်းခဲ့သည့် စကားများက အားလုံး၏အသည်းထဲမှာ စွဲနေခဲ့ကြသည်။

"ယောကျ်ားဆိုတာ လိုချင်တာရှိရင် အရှက်မရှိဒူးထောက်မယ်၊ မရရင် သူတောင်းစားလို၊ ရတော့ ခါးပြလို၊ မိန်းမဟာ သူတို့အတွက် ဝိုင်ချိုတစ်ခွက်လောက်ပဲတဲ့"

"ငွေရှိရင် ငွေနဲ့ဖြားယောင်းပြီးဖျက်ဆီးတယ်၊ ရုပ်ချောရင် ရုပ်နဲ့ပြတယ်၊ သူတို့ပါးစပ်က အချစ်ဆိုတာ အလကား၊ မီးဖိုပေါ်က ရေနွေးအိုးဆူနေသလိုပေါ့၊ မီးဖိုပေါ်က ဆွဲချလိုက်တာနဲ့ ရေပွက်ပွက်ဆူနေတာတွေ မရှိတော့ဘူး"

"တကယ်ပါ၊ ဘဝဆက်တိုင်း ငါ ဘယ်ဆုကိုမှမတောင်းဘူး။ ယောကျ်ားတွေကို အရုပ်လိုလှည့်ပတ်ကစားနိုင်ပြီး ကျောက်သင်ပုန်းပေါ်က စာလုံးတွေလိုရေးပြီး ဖျက်ချပစ်လိုက်နိုင်တဲ့ လက်တစ်ဖက်လို ယောကျ်ားတွေကို ခံစားမှုနှလုံးသားနဲ့ သင်ပုန်းချေနိုင်ရပါလို့ဆိုတဲ့ ဆုကိုရရင်ကျေနပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောကြသေးတယ်၊ မှားကြပြီဆိုရင် မိန်းကလေးပဲ အနေအထိုင်ခံတတ်လို့ ဖြစ်ရသေးတယ်၊ 'ငါကယောကျ်ားလေး ဘာဖြစ်လဲဆိုတာမျိုး' အဲဒါကိုသေအောင်မှတ်၊ ထိန်းသိမ်းနိုင်ခြင်းဆိုတာ မိန်းမရဲ့တန်ဖိုးပဲ၊ ကိုယ့်တန်ဖိုးကိုမြင့်အောင်တင်၊ တန်ဖိုးနှစ်ခုမှာ တစ်ခုက ပိုမြင့်သွားတာနဲ့ တစ်ခုက အလိုလိုနိမ့်သွားမှာ၊ ယောကျ်ားဆိုတာ ဘယ်တော့မှ ကိုယ့်အမြင့်မှာမရှိစေနဲ့"

ခေတ်ယောက်တစ်မျိုး ပြောကြသမျှထဲမှာ ယောကျ်ားတွေနှင့် ပတ်သက်၍ ကောင်းတာမပါ။

ထိုထဲမှာ ဒေါ်တမာခါးက အတင်းဆုံး။

"ရှင်းရှင်းပြောမယ်၊ ယောကျ်ားဆို ကိုယ့်အဖေကလွဲပြီး ကိုယ့်ဘက်ပိုင်းမှာ ခွေးထီးတစ်ကောင်တောင်မှ အိမ်ရှေ့ကမဖြတ်စေနဲ့၊ ယောကျ်ားတိုင်း ဒီလိုမဟုတ်ပါဘူးဆိုတဲ့ဆင်ခြေမျိုး ငါလက်မခံဘူး၊ အတွေ့ကြုံတယ်ပြောလည်း ဂရုမစိုက်ဘူး၊ ခံစားခဲ့ကြရတာ ငါတစ်ဘဝတည်းမဟုတ်ဘူး၊ ညည်းတို့မိခင်တွေရဲ့မျက်ရည်တွေ ကျခဲ့ရတာ၊ အသားတွေနာကျင်အောင် ရိုက်နှက်ခံခဲ့ရတာ၊ ဘာဖြစ်လို့လဲလို့မမေးနဲ့၊ အဲဒါ ယောကျ်ားတွေရဲ့ အနိုင်ကျင့်ယုတ်မာမှုတွေပဲ၊ ညည်းတို့အားလုံး အဲဒီအတွက် အကုန်ရအောင်ပြန်ယူရမယ်"

ပြောတော့ ရအောင်ပြန်ယူရမည်ဟုဆိုပါသည်။

တကယ်တမ်း ဘယ်ယောကျ်ားနှင့်မှ လေတင်လေအောက်တောင် ထိုင်တာမကြုံကြိုက်ခဲ့သူဖြစ်သည်။





"ယောကျ်ားနဲ့ပတ်သက်ရင် ဘာသံမှမကြားချင်ဘူး၊ အဓိကက မသနားတတ်ဖို့ပဲ၊ ညည်းတို့နှလုံးသားမှာ ပျော့ကွက်တစ်ကွက်မှ မရှိစေနဲ့"

မိန်းမ ဒုက္ခသည်များစခန်းဟုခေါ်ရလောက်အောင် ရှိုက်သံတွေ မိုးအလင်းရှိခဲ့ဖူးသည်ဆိုသော 'မာနမာန်' သည် ထပ်၍ ဆင့်ပွားခဲ့တော့လည်း မိန်းမများချည်းဖြစ်ကာ ဒေါ်တမာခါး၏ဒေါသများ ပို၍ ကြီးထွားကျယ်ပြန့်ခဲ့ရသည်။

"တောက်. . . လောကက ဒီလောက်ဒဏ်ခတ်မှတော့ ဓာပစေ၊ ငါ့လက်ထဲမှာ ယောကျ်ားနဲ့မိန်းမ ဘယ်သူပျော့ညံ့သလဲဆိုတာ သိကိုသိစေရမယ်"

ကြိမ်းဝါးသလောက် ဖြစ်အောင်လုပ်သည်။

ကိုယ်ဝန်ဆောင်တို့ကို သူမကိုယ်တိုင် စုယူခဲ့သည်။

စီစဉ်သမျှ ဖြစ်စေချင်သမျှအားလုံးကို ဖြစ်စေခဲ့၏။

မောင်မောင်လွန်း၏ အစွန့်ပယ်ခံများအားလုံးထဲမှာ တမာခါးက မြတ်နိုးယုယခံခဲ့ရသည့်ပန်းကလေး ဖြစ်သည်။

သို့သော် သူမက ရွှေဘုံပေါ်မှာ ရင်ခွန်နန်းတော်ကြီးနှင့် မနေခဲ့ဘဲ နှစ်နာခဲ့သူတိုင်းရှေ့မှာ မားမားရပ်ခဲ့သည်။

သူမကိုယ်တိုင်လွယ်ထားခဲ့ရသည့် ရင်သွေးကို သီရိတို့ နေခြည်တို့နှင့်တန်းတူ မွေးခဲ့သည်။

မိန်းကလေးတို့သည် ဆင်းရဲတဲ့သူပါသလို ငွေကြေးချမ်းသာ

www.burmeseclassic.com



သူများသည်း ပါသည်။

အါပေမဲ့ အရှက်တကွဲအဖြစ်မျိုးနှင့် ကြုံလာရသောအခါ ဦးဆောင်ဖြေရှင်းပေးမည့် အရိပ်ကောင်းတစ်ခုရှိသောအခါ ထိုဆီသို့ ယုံကြည်အားကိုးစွာ စုဝေးရောက်လာခဲ့ကြ၏။

တမာခါးသည် ဤသို့သော မိန်းမဖြစ်လေသည်။

မောင်မောင်လွန်းထံမှ လိုချင်သလောက်ပါအောင် ယူနိုင်ခဲ့ပြီ၊ လုံလောက်ပြီဆိုမှ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခဲ့တာဖြစ်၏။

သူမမျက်စိအောက်မှာတင် ရင်ကွဲပက်လက် ငိုကြွေးရှုံးနိမ့်ခဲ့ကြရသော မိန်းမလေးယောက်တို့ကို စာနာစိတ်ဖြင့်ကူညီခဲ့သည်။

သူမရင်ထဲမှာ စွန်းထင်းကျန်ခဲ့သည်က မောင်မောင်လွန်းမှစ၍ ဘယ်ယောကျ်ားမှမကောင်းဘူးဆိုသော မျက်လုံးစိမ်းတစ်စုံ ဖြစ်သည်။

ကိုယ်ဝန်များမှ မိန်းကလေးတွေချည်း မွေးလာခဲ့သောအခါ ထိုမျက်လုံးစိမ်းတို့မှာ အနီရောင်ဖြစ်ခဲ့လေသလား မသိ။

မိန်းကလေးတွေကို နာခံလောက်အောင် တင်းကျပ်စောင့်ကျပ်လာခဲ့သည်။

အမေတွေထဲက အိမ်ထောင်ပြုတဲ့သူက အမြင့်စံ၏အမေ နေရီ ဖြစ်၏။

ကလေးကိုခေါ်ထားကာ ဘယ်တော့မှပြန်မလာဖို့အမိန့်နှင့်





နှင်လွှတ်လိုက်သည်။

နေရီ့မှာ အိမ်ထောင်မပြုတော့ပါဘူးဟု ဒူးထောက်တောင်းပန်တာပင် မရတော့။ နန်းပန့်ခမ်း၏အမေ ထွဲနော်ကျတော့မိဘများထံ ခဏဟုပြန်သွားခဲ့တာ နန်းပန့်ခမ်း ဆယ့်တစ်နှစ်သမီးမှစ၍ ဒီနေ့ထိ ပေါ်မလာတော့ပါ။

သီရိကတော့ မိုးထက်ဆယ်တန်းအောင်သည့် နှစ်ထဲကျမှ ဆုံးသွားခဲ့သည်။

ညီမျှသွင်ခမျာ မေအာကာကိုမွေးပြီးသည်နှင့် ဆုံးသွားခဲ့တာဖြစ်သည်။

'မာနမာန်'မှာ လက်ရှိအကြီးအကဲအဖြစ် အုပ်ချုပ်နေသူက မိုးထက်နှင့်မင်းမရ။

နှစ်ယောက်စလုံး၏စိတ်ဓါတ်ကလည်း အတူတူပဲဖြစ်၏။ သို့သော် ခုချိန်မှာတော့ . . . 'မာနမာန်'တွင် သူတို့အားလုံး၏အမြင်မှာ မင်းမရမှလွဲလျှင် ဘယ်သူ့ကိုမှ အထူးတလည် စီမံအုပ်ချုပ်နေဖို့ မလို။

အပြစ်ပေး ချုပ်ခြယ်နေရမည့်အရွယ်တွေလည်း မဟုတ်ကြတော့ပါ။

အားလုံး ရာထူးရာခံတွေ အသီးသီးရှိပြီးဖြစ်ကာ မင်းမရနှင့် မိုးထက်က ဆရာဝန်ဘွဲ့တွေရထားကြပြီးသား။

"မရ ဘာတွေငိုင်နေတာလဲ၊ မမမိုးကို စောဒကတက်ဖို့ ဆင်ခြေတွေစုဆောင်းနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



လူမရှိတော့သလို တိတ်ကျသွားသည့်အခန်းထဲမှာ ရုတ်တရက် အမြင့် စကားထပြောလိုက်သဖြင့် အသံက စပီကာနှင့်ချဲ့လိုက်သလို ကျယ်ကျယ်လောင်လောင်ကြီး ဖြစ်သွား၏။

အတွေးလွန်သွားသည့် မရ လန့်လည်းလန့်၊ ဒေါသစိတ် လေးပါ ဖြစ်သွားမိ၏။

"နင်ကကော ငါ့ကို အဲဒီလိုပဲထင်နေတယ်ပေါ့"

"မြင်နေရတာပဲ မရရယ်၊ ငါတို့တွေကို မမမိုးကိုယ်တိုင်က ဘာမှ သံသယမရှိတော့တာ၊ အခု ဒီစာကိုးစောင်မြောက်မှာ စာရဲ့ ပိုင်ရှင်ကို မသိသေးပေမယ့် ဘယ်သူ့ဆီလာတယ်ဆိုတာကို မမမိုးက သိသွားပြီ၊ ငါ့ကိုပြောပြစမ်းပါ၊ အဲဒါ ဘယ်သူ့စာလဲ၊ နင် မွေးစားဖူး တယ်ဆိုတဲ့ ကောင်လေးဆီကလား"

အမြင့်အမေးကြောင့် မရမျက်နှာ မသိမသာတင်းသွား၏။

"အဲဒီကောင်လေးဆိုရင် နင့်ကို မမမိုး ဘယ်လိုမှခွင့်လွှတ် မှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ ဒီပြင်တစ်ယောက်ယောက်ဆိုရင် မမမိုး သေခန်းဖြတ် မောင်းချရုံလောက်ပဲရှိမှာ၊ ဒီကောင်လေးဆိုရင် နင် သက်သာမှာမဟုတ်ဘူး၊ မမမိုး နင့်ကို အလွတ်ပေးမှာမဟုတ်ဘူး မရ"

"မတတ်နိုင်ဘူး၊ ငါကတော့ ဘယ်သူပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး လို့ သတ်မှတ်ပြီးသား"

စကားတွေက ဘယ်ကိုပဲရောက်ရောက် နောက်ဆုံး ဒီနေရာပဲ





ပြန်ဝေ့လာသည်သာ။

ခွဲခြား . . .

သူ့ကိုယ်သူ ကျွန်တော်။

တစ်ခါတစ်ရံ 'ခွဲ' ဟုသုံးတတ်သော အလွန်ချောသည့် ကောင် လေးတစ်ယောက်။

သူ့ကို လမ်းပေါ်မှာ နှစ်ခါဆုံဖူးခဲ့သည်။

ထိုစဉ်က မရ ဆယ်တန်းကျောင်းသူပဲ ရှိပါသေးသည်။

'မာနမာန်' မှာ ကားငါးစီးရှိသည်။

ဘယ်သွားသွား ကိုယ့်ကားနဲ့ကိုယ်သွားကြသည်။

ခွဲနဲ့သူမ ဆုံခဲ့ပုံက ရိုးရိုးလေးပါပဲ။

ဒါပေမဲ့ ခွဲမျက်နှာလေးကို မြင်လိုက်ကတည်းက သူမရင်ထဲ မှာ တစ်သက်လုံး ကိန်းဝပ်နေခဲ့သော ယောကျ်ားဆိုမုန်းတီးစိတ် ဖြစ် တတ်ခဲ့သော ခံစားချက်တို့သည် ခွဲဆိုသောကောင်လေးနှင့် ဘာမှ မသက်ဆိုင်သလို တစ်ကမ္ဘာစီ ကြည့်လို့ရလာခဲ့၏။ 'ယောကျ်ားဆို မသနားရဘူး' ဟူသော ဝါဒီတစ်ခုကိုမေ့ပစ်၍ ခွဲကို သနားစိတ်သေး သေးလေး ဝင်ခဲ့သည်။

ခွဲသည် လှိုင်းတွန့်ရှိသောဆံပင်ညိုတိုတိုနှင့် အသားရောင် လေးက ဖြူစွပ်စွပ် နှာတံက သေးတစောင်းကြည့်လျှင် မျဉ်းဖြောင့် တစ်ကြောင်း၏ ထောင့်ကျဉ်းလေးတစ်ခုနှယ် တန်းစင်းနေပုံက ဘိုဆန်ဆန်လေးချောသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အသားရောင်သည် နဖက်ဝင်းစိုနေရမည့်အစား ဖြူစုတ်စုတ် မှိန်ဖျော့ဖျော့ဖြစ်နေပုံက သူ့ဘဝ၏ ပင်ပန်းလက်ခတ်ဆန်မှုကို ဖော်ပြနေသည်။

အသားရောင်လေးအတိုင်းဆို နှုတ်ခမ်းပါးလေးများမှာ နီရဲစိုနေရမှာဖြစ်သော်လည်း ပန်းရောင်ဖြူဖျော့နေရှာသည်။

အလွန်ရှည်သော မျက်တောင်များက မျက်တောင်တစ်ချက်ခတ်လိုက်တိုင်း မျက်ဝန်းတို့ ဖွင့်ခြင်းပိတ်ခြင်းတို့ကို သိသာနေစေ၏။

အသက်က ဆယ့်တစ်နှစ်မပြည့်။

သို့သော် ပိန်ပိန်နွဲ့နွဲ့ ကိုယ်လုံးပါးပါးလေးက အသက်ထက်စာလျှင် အံ့ဩဖို့ကောင်းလောက်အောင် ရှည်နေ၏။

ထို့နေ့က မရ ဆယ်တန်းစာမေးပွဲ နောက်ဆုံးဘာသာရပ်ကို ဖြေဆိုပြီး ပြန်လာခဲ့သည်။

ကားဘီးပေါက်သွားတာကိုသိပေမယ့် မောင်းလို့ရသမျှ မောင်းလာခဲ့သော်လည်း ကံဆိုးစွာပင် ကားက လက်ဖက်ရည်ဆိုင်တွေ မကျဲပါးသော လမ်းအလယ်ခေါင်မှာ ထိုးရပ်သွားတော့သည်။

ကားကို လမ်းဘေးမှာဦးချကာ ခပ်စောင်းစောင်းရပ်ပစ်လိုက်ပြီး မရ ချွေးပြန်သွား၏။

ကိုယ့်ကားကို အံ့ဩ၍ သေချာစစ်လိုက်လျှင် ကျွတ်ပေါက်ခြင်းမဟုတ်ဘဲ တာယာကို ထိခိုက်မိထားသဖြင့် ကွဲထွက်နေတာကို တွေ့လိုက်ရ၏။





သွားလေရာ ဒုက္ခမရောက်ရအောင် ကားဘီးအပိုအမြဲဆောင်နေကျဖြစ်သော်လည်း မနေ့က ဆရာကားဘီးလဲဖို့ ကိုယ့်ဘီးကိုယူသုံးပါဟု ပေးလိုက်မိသည်။

ဒီနေ့ ပြန်ထည့်ထားဖို့ မေ့နေခဲ့၏။

ဖြစ်ချင်တော့ ချက်ချင်းကြီးပါလား။

လောလောဆယ် ဘီးဖြုတ်၍ တာယာဆိုင်သွားဖို့ပင် ဘီးဖြုတ်စရာချိုင့်မရှိ။

အကောင်းဆုံးကားကို စီးနေရသဖြင့် ဒါတွေကိုရင်ဆိုင်ရမည်ဟုမထင်ခဲ့သော ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိသည်။

လက်ဖက်ရည်ဆိုင်တွေရှေ့နားမှာ အငှားကားတွေ ရပ်ထားတာရှိနေပေမယ့် ဆိုက္ကားကားတွေ ကားတွေစုံနေသလောက် ပတ်ဝန်းကျင်မှာ ယောကျ်ားတွေချည်း ရှုပ်ယှက်ခတ်ကာ ဖြတ်သွားရဲစရာပင်မရှိ။

ခုတောင်မှ ကားဘီးဆင်းကြည့်ရင်း အကြံအိုက်နေသည့်သူမဆီသို့ ကြည့်ရှုအာကာခတ်နေကြပြီ ဖြစ်သည်။

ထိုစဉ် သည်းကြီးအရောင်မပါတော့သည့် ဖော့ဖိနပ်လေးကို စီးထားသော ခြေသည်းတွေလည်းရှည်လျက် ချေးညှော်များနှင့် ကြည့်ရှုကောင်းသည့် ခြေထောက်လေးအစုံ သူမဘေးမှာလာရပ်၏။

ခြေများမှထောက်လျှောက် မော့ကြည့်တော့ အုတ်ထိန်းဆင်ကျမှ အနားတွေစုတ်ဖွာနေသည့် ကျောင်းစိမ်းဘောင်းဘီတိုဝတ်ရသော



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီတိုတိုနှင့် ညစ်ထေးသည့် ရှပ်လက်တိုအင်္ကျီစိပ်လေးဝတ်ထားသည့် ကောင်လေးတစ်ယောက်ကို မြင်လိုက်ရသည့် မရ အလှတပ်ထားသည့်မျက်မှန်နက်လေးကို မကြည်သလိုဆွဲချွတ်ပစ်ကာ မျက်မှောင်ကုတ်၍ ခပ်စူးစူးကြည့်လိုက်သည်။

မျက်မှန်ကာရံမှ လွတ်လပ်သွားသော ပုံရိပ်က ကြည်ကြည်စင်စင်ပေါ်လာ၏။

အာဟာရမဲ့နေသော ဖြူဖတ်ဖတ် ပိန်ညှောင်ညှောင်မျက်နှာနှင့် အုန်ထိန်းသူမဲ့ ကြီးပြင်းနေရပုံရသည့် တစ်ကိုယ်လုံးမှာ မရမျက်နှာကို ပို၍သာ ရှုံ့မဲ့သွားစေခဲ့၏။

"ဘာလဲ"

မလိုအပ်ဘဲ မေးဆတ်၍ ရန်လိုဟန်ကို တမင်ပြလိုက်၏။

ထွက်သွားစမ်းဟု မပြောသေးသော်လည်း အမူအရာများနှင့် ရိုက်ခတ်စေလိုက်သည်။

ကောင်လေးက ခွဲခြားပဲဖြစ်သည်။

သူမရှေ့မှာ ခြေစုံရပ်၍ ခွဲက မျက်မှန်ချွတ်လိုက်သည့် မရ မျက်နှာကို မမြင်ဘူးသူတစ်ယောက်လို နှုတ်ခမ်းလေး မဟာတဟာ ပွင့်နေတဲ့အထိကြည့်၏။

"ဟော့. ... မေးနေတာ ဖြေလေ"

"ခွဲ"

"ဘာ"





ခွဲဆိုသောစကားသံလေး ပထမဆုံးထွက်လာခဲ့၏။

မရ ဘာမှန်းမသိ။

"ခွဲ. . . မမ ဘာဖြစ်နေတာလဲလို့ လာကြည့်တာပါ"

အသံလေးက တိုးရှုရှုခပ်နွဲ့နွဲ့မို့ မိန်းကလေးသံနှင့်တူ ပေမယ့် တိုမျှထိတော့ ရှိမနေပါ။

ခွဲစကားကြောင့် မရ တွေခနဲဖြစ်သွားမိ၏။

နေရာတကာ မိန်းကလေးနှင့်မသင့်တော်တာတွေ ရှိနေသည်။ ကိုယ့်မှာ အကူအညီလိုနေတာတော့ အမှန်ပဲဖြစ်၏။

"မမ ကားဘီးပေါက်နေတာလား"

"ဟုတ်တယ်၊ တာယာကွဲသွားတာ၊ ဒီနားမှာ တာယာဆိုင်ရှိလား"

"ဒီနားမှာမရှိဘူး။ ကားနဲ့သွားမှရမှာ၊ ကားမှတ်တိုင် သုံးမှတ်တိုင်လောက်ဝေးတယ်၊ ဒါပေမဲ့ ခွဲ ခြေထောက်နဲ့သွားပေးမယ်လေ၊ မမ ဘီးဖြုတ်ပေး"

တာယာကွဲတာ ဘီးဖြုတ်ဖို့ ဆိုင်သွားဖို့ထိ ဒီကောင်လေး သိနေပါလား။ မဆိုးဘူးဟုတွက်မိကာ အားတက်သွား၏။

"မမ ကားဘီးဖြုတ်ဖို့ချိုင့်ပါလား"

"ဟင်"

အံ့သြရပြန်ပြီ။

သေချာတာတစ်ခုက ဒီကောင်လေး ကားတွေနဲ့မစိမ်းသည့်



www.burmeseclassic.com

www.burmeseclassic.com



သူပဲ ဖြစ်လိမ့်မည်။

"မပါဘူး၊ အဲဒါကြောင့်ခက်နေတာ"

"ဒါဆို ခွဲ သွားငှားပေးမယ်၊ မမ ကြည့်နေနော်"

မမကြည့်နေနော်ဟု မှာသွားတာ တခြားကြောင့်မဟုတ်ပါ။

ကောင်လေးသွားငှားသည့် ကကသမားတစ်ယောက်က ဒီဘက်ကိုလှည့်ကြည့်ပြီး မရ ရပ်ကြည့်နေတာမြင်မှ ချိုင့်ကိုထုတ်ငှားလိုက်၏။

ထိုမှစ၍ ကားဘီးဖြုတ်သည်ထိ ကူညီပေးခဲ့သော ကောင်လေးနာမည်ကို မှန့်ဖိုးပေးတော့မှ မေးကြည့်မိသည်။

"ခွဲခြားပါ မမ"

"ခွဲခြား"

"ဟုတ်ကဲ့"

"ရော့... ဒီမှာ မင်းကို တို့နိုင်းတဲ့အတွက်"

တစ်ထောင်တန်တစ်ရွက် လှမ်းပေးတော့ ခွဲကမယုံသလို မျက်ခုံးလေးတွန့်သွား၏။

"ဟော့... ယူလေ၊ ဘာလဲ နည်းလို့လား"

ခွဲက ခေါင်းခါ၏။

"မဟုတ်ရင်ယူလေ၊ တို့က ဘယ်သူ့ဆီက ဘာမှ အလကား မလိုချင်ဘူး ရော့..."

ခွဲ၏ ရှုပ်အကျီအိတ်ကလေးထဲသို့ ဖွေးတောင့်နေသည့်





ထောင်တန်ကို အလိပ်ကလေးလုပ်၍ ဆတ်ခနဲ ထည့်ပေးလိုက်သည်။

ပြီးတော့ နေရာမှမောင်းထွက်လာခဲ့၏။

ခွဲ နေရာမှာ ခြေစုံလေးရပ်၍ ငေးမောကျန်ခဲ့တာကို ဘီးလိမ့်ရုံလေးမောင်း၍ နောက်ကြည့်မှန်ထဲမှ မကွယ်မချင်း ခဏခဏ ကြည့်နေမိ၏။

ခွဲ တုတ်တုတ်မျှမလှုပ်သေးပါ။

ပုံစံသည် စုတ်ပြတ်နံချာလှသော်လည်း သန့်ပြန့်ချောမွေ့နေသည့် ဘိုဆန်သောမျက်နှာလေးကို စိတ်ထဲမှာ ထူးဆန်းစွာ သတိရနေခဲ့၏။

နောက်နေ့များတွင် ထိုနေရာကိုရောက်တိုင်း တစ်ချက်တော့ သတိရမိခဲ့၏။

ခွဲသည် သူမအတွေးထဲသို့ တစ်စုံတစ်ရာ ထည့်ပေးလိုက်သလိုပင်။

ဒုတိယအကြိမ်ဆုံဖြစ်သည်က ဝပ်ရှော့တစ်ခုမှာ ...

"အား"

စူးရှူးဝါးဝါးအော်သံကြောင့် အလိုလိုလှည့်ကြည့်လိုက်ပြီးသား ဖြစ်သွား၏။

မေ ကားတိုက်မှုဖြစ်လာသဖြင့် ထိုကားကို ကိုယ်က တာဝန်ယူ၍ ပြုပြင်ပေးနေရသဖြင့် တစ်ဘက်က ကားပိုင်ရှင်နှင့်အတူ မရ ဝပ်ရှော့ထဲမှာရှိနေသည်။ လူသိပ်မများသော်လည်း ရုံးထဲမှာ ရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံး အသံကြားတဲ့ဆီ နားစွင့်နေကြတာသိသာပါ၏။

ထို့နောက် အလွန်ဒေါသဖြစ်နေသော မိန်းမသံတစ်သံနှင့် အတူ ပုံရိပ်တွေကိုပါ မြင်လာရ၏။

အသက်သုံးဆယ်ကျော်အရွယ် မိန်းမတစ်ယောက်လက်ထဲ မှာ ချုပ်နှောင်ခံထားရလျက်ပါလာသူက ခွဲခြား။

သူတို့နှစ်ယောက်နောက်မှာ အမျိုးသားတစ်ယောက်က မျက်စိမျက်နှာမကောင်း။

"မင်းကလည်း သူ့ပိုက်ဆံပါလို့ပြောနေတာကိုကွာ"

"ရှင်လည်း အဲဒီလိုကျုပ်ကျုပ်အ၊ ဒီလိုကလေကဝလေးတွေ အိမ်တကာဝင်ထွက်ခွင့်ရအောင်လုပ်ပြီး ဒါမျိုးလုပ်စားနေတာများ ရှိး နေပြီ၊ သူများသနားပြီး ကျွေးချင်မွေးချင်အောင်လုပ်၊ အရိပ်ခိုရပြီ ဆိုတာနဲ့ အကိုင်းချိုးပြီ၊ ဒါကြောင့် သင်းတို့ ဒီဘဝကမတက်တာ၊ ငတ်ပြီးရင်းငတ်မှာပဲ၊ ဟဲ့ကောင်. . . သွား၊ သူခိုး. . ."

မိန်းမက ခွဲကို ပခုံးမှကိုင်၍ ဆွဲယမ်းတွန်းပစ်လိုက်၏။

ခွဲယိုင်သွားသော်လည်း ထွက်မသွားဘဲ နောက်ပြန်လှည့်၏။

"ခွဲခိုးတာမဟုတ်ဘူး၊ အဲဒါ ခွဲပိုက်ဆံ၊ ပြန်ပေးပါဗျ"

"အံမာ ဒီမှာ တစ်ထောင်တန်အသစ်စက်စက်ကြီး၊ ခုပဲ မီတာဆောင်ဖို့ထုတ်ပြီး ချထားတာ၊ ပြောရဲသေးတယ်၊ ပါးစပ်က ငါတယ်. . . ပါးရိုက်လိုက်လို့ သွားကျိုးဦးမယ်"

မိန်းမက ရွှေလက်ကောက်တွေတချွမ်ချွမ်နှင့် တစ်ကိုယ်လုံး





ပြုံးပြက်လက်နေသော်လည်း တစ်ထောင်တန်တစ်ရွက်ကြောင့် လူလား မမြောက်သေးသော လူငယ်လေးတစ်ဦးနှင့် အော်ကြီးဟစ်ကျယ် ဖြစ် နေပုံကို မရ မနှစ်မြို့သလို ခံစားလိုက်မိ၏။

ထိုစဉ် ခွဲသည် ဘယ်သူမှမထင်မှတ်လိုက်ဘဲ ဝပ်ခ်ရှော့ ထဲကသံတုတ်ရှည်ကြီးကို ပြေးဆွဲ၍ ကြောက်မက်ဖွယ် လွှဲမြှောက် ထားလျက်. . .

"ခင်ဗျားကြီး ခွဲပိုက်ဆံကိုပြန်ပေး. . . ပေးနော်"

"ဟင်. . . အမလေးကြည့်စမ်း၊ ငါ့အိမ်ငါ့ခြံထဲမှာ လာကြပါ ဦးရှင်၊ ဒီမှာ ရမ်းကားနေတာ၊ လာဖမ်းကြပါ၊ သူခိုး. . . သူခိုး"

"ဟာ. . . ဟေ့. . . မဝိအော်နဲ့၊ ခွဲခြား. . . မင်း. . . ဒီလို မလုပ်နဲ့လေ၊ ချ. . . ချစမ်း. . . တုတ်ကိုချ. . ."

အမျိုးသားဖြစ်သူက ဟိုဆွဲရမလို ဒီဆွဲရမလို ပျာယာခတ် သွား၏။

လူတွေ ဝိုင်းဝန်းပြေးလွှားလာကြသော်လည်း ထုတ်ကို မြှောက် ယမ်းနေသည့် ခွဲနားကို ချက်ချင်းမကပ်ရဲကြ။

အများထဲမှာ ယောက်ျားသံတစ်သံထွက်လာသောအခါ. . .

"ဟော. . . ဟို. . . ကလေးလေးလက်ထဲမှာ ပိုက်ဆံတွေ မဟုတ်လား၊ ကလေးမုန့်ဝယ်စားလာတာထင်တယ်၊ တစ်ထောင်တန် အကြွေဖျက်လာတာ ဟုတ်မဟုတ် စစ်ကြည့်ကြပါဦးဗျာ"

ပတ်ဝန်းကျင်မှ ရောက်လာကြသူများပါ ပြောလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အသံရှင်ကို စိတ်မဝင်စားကြဘဲ လမ်းမပေါ်မှာ ပြေးလွှားဆင်းလာကာ ရုံထဲဝင်လာသော သုံးနှစ်အရွယ်ကောင်လေးတစ်ယောက်ထံ ဝိုင်းကြည့်မိကြ၏။

"ဟာ. . . သားငယ်. . . ပြစ်မ်း. . . ပြစ်မ်း"

"ဟီး. . . ဟီး"

ကလေးက ရေခဲမုန့်စားရင်း ပတ်ပြေးသဖြင့် ဝိုက်ဆံကို မနည်းလိုက်လုရသည်။

ရေတွက်ကြည့်တော့ ကိုးရာတိတိ။

ရေခဲမုန့်သည်က ရုံရှေ့လမ်းမဘေးမှာပဲ ရှိနေသေးသဖြင့် တစ်ထောင်တန်နှင့် ကလေးလာဝယ်သလားမေးတော့ ခေါင်းညိတ်ပြကာ တစ်ထောင့်တန်အသစ်ကိုပါ ထုတ်ပြသေးသည်။

မိန်းမ မျက်နှာကြီးနီကာ အရှိန်နှင့်ဆက်၍ ကြိမ်းမောင်းပြောဆိုပြီး ခွဲရှေ့ကို တစ်ထောင်တန်အကြွေလေး ပစ်ပေါက်ပေးသည်။

ဘေးကပြောလာကြသူများနှင့် ရုံထဲမှ အလုပ်သမားများ ကားပြင်သူများမှာ ခေါင်းတယမ်းယမ်း ဖြစ်ကုန်ကြ၏။

မရ ဘာကိုမှန်းမသိဘဲ ဒေါသတွေဖြစ်ကာ ကားပြီးသည်အထိ စောင့်နေပေးရန်ပင် ဆန္ဒမရှိတော့ဘဲ ပိုင်ရှင်ကျေနပ်အောင် ပြောဆိုပြီး ပြန်လာခဲ့မိ၏။

ခွဲခြား. . . ဒီကောင်လေးက ဘာလဲ။

မိဘတွေမရှိဘူးလား။





ဝပ်ခ်ရှော့ရုံပိုင်နဲ့ ဘယ်လိုပတ်သက်နေတာလဲ။

ကားမောင်းရင်း အတွေးနယ်ချဲ့နေမိစဉ် လက်က အလိုလို ဘရိတ်ဆွဲပြီးသားဖြစ်သွားမိ၏။

လမ်းဘေးက မုန့်ဟင်းခါးဆိုင်လေးဘေးမှာ ခွဲခြားရပ်နေသည်။

ခပ်လှမ်းလှမ်းမှာမို့ မုန့်ဆိုင်ကို သူရပ်ငေးနေတာကို တော်ရုံလူ သတိထားမိကြမှာမဟုတ်ပေ။

မရ ကားရပ်၍ကြည့်နေဆဲမှာပင် ခွဲက ရုပ်အင်္ကျီအိတ်လေးထဲက တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။

ပြီးတော့ သေချာဆွဲဖြန့်ပြီး ရင်ဘတ်လေးနှင့် ပွတ်တိုက်နေသည်။

တစ်ထောင်တန်လေးပါ။

ခွဲပုံစံက တစ်ထောင်တန်ကို မုန့်ဝယ်စားဖို့ ထုတ်ယူတာမျိုးနှင့်မဟုတ်ဘဲ စုဘူးကိုပိုက်၍ တဖွေ့ဖွေ့နှင့် ပီတိဖြစ်နေသူလို ပွတ်သပ်မဆုံးနိုင်။

သူမကြည့်နေဆဲတွင် ခွဲက မုန့်ဟင်းခါးဆိုင်ကိုကျော်ဖြတ်ကာ လမ်းကူးသွား၏။

စိတ်တို့သည် ရည်ရွယ်ချက်မရှိဘဲနှင့် ခွဲနောက်သို့ထပ်ကြပ်ခွာ လိုက်လာခဲ့မိသည်။

ကားကိုရပ်လိုက်ပြီး ဟွန်းကိုခပ်ဆောင့်ဆောင့်တီး၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့"

ခွဲ လမ်းတစ်ဘက်ပလက်ဖောင်းပေါ်ရောက်မှ ချာခနဲပြန်ကြည့်၏။

သူမကိုမြင်တော့ နှုတ်ခမ်းလေးပွင့်သွားကာ ချက်ချင်း ပြေးဆင်းလာသည်။

"မမ"

အနားရောက်တော့ ခြေစုံရပ်၏။

"နောက်ကတက်"

သူမပြောလိုက်သည်နှင့် ခွဲ နောက်မှာပါလာခဲ့သည်။

အကောင်းဆုံးစားသောက်ဆိုင်ကြီးတစ်ခုမှာ ခွဲကို သူမ ကျွေးခဲ့သည်။

ခွဲသည် သူမထင်သလို ဆိုင်ထဲမှာ တမေ့တမောငေး၍ စားစရာများကို ပက်မက်မောမော ဆာဆာလောင်လောင် သနားစဖွယ် စားသည်မဟုတ်ခဲ့ပါ။

တူ၊ ဓါး၊ ခရင်း စသည့်ကိရိယာများကို ကျွမ်းကျင်သိမ်မွေ့စွာသုံး၍ အနည်းငယ်သာ စားသောက်၏။

စားသောက်ကောင်းပုံလည်းရသည်။ ဗိုက်ဝသွားတာလည်း ပေါ်လွင်သည်။ သို့သော် စားသောက်သွားပုံက အားပါးတရရှိပေမယ့် သေသပ်သည်။

စားလိုသလောက် မြိန်မြိန်မှန်မှန် စားနိုင်၏။





သူ့ပုံစံသည် ဒီလိုနေရာ ဒီအစားမျိုးတွေက မထူးဆန်းသလို ရှိနေပြန်၍ မရ စူးစိုက်ကြည့်နေမိသည်။

"ခွဲခြား"

"ဗျာ"

"မင်း. . . ဘယ်မှာနေလဲ"

"ရွှေဥမင်ကျောင်းမှာ"

"မိဘတွေကော"

"မရှိတော့ဘူး"

"ဘယ်လိုမရှိတာလဲ"

မရထပ်မေးတော့ ခွဲ မျက်နှာလေး အရောင်တစ်မျိုးပြောင်းသွား၏။

ဆီတွေစွန်းနေသည့် နှုတ်ခမ်းကလေးတွေကို တစ်ရှူးနှင့် ပွတ်သုတ်ပစ်လိုက်ရင်း မျက်လွှာပြန်ချသည်။

သူသည် သူ့ဘဝ သူ့မိဘအကြောင်း စသဖြင့်ကို ပြောလိုပုံမရပါ။

"ခွဲ ဘာပြောရမှာလဲမမ"

ဟု ထပ်မေးသည်။

"မေးနေတာကိုပြောပေါ့။ တို့က မင်းကို ပုံပြောခိုင်းနေတယ်မှတ်လို့လား"

ဒေါသစိတ်နှင့် ခပ်မာမာပြောတော့မှ ခွဲ မဝံ့မရဲမော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွဲမှာ..."

ဟု အစချီကာ တုံ့ဆိုင်းဆိုင်းဖြစ်နေသေးသည်။ ပြီးမှ ...

"မာမီဆုံးသွားပါပြီ၊ ဒယ်ဒီရှိသေးတယ်"

"မင်းက ဘာဖြစ်လို့ ဒီလိုဖြစ်နေတာလဲ"

ခွဲ ချက်ချင်းမဖြေပါ။

အကြာကြီးခေါင်းငုံ့နေပြီးမှ ပြန်မော့လာသောမျက်နှာတွင် မျက်ရည်ရောင်လဲ့လဲ့နှင့် နှုတ်ခမ်းပါးလေးတွေ စေ့ထားရင်း ...

"ခွဲတောင်းပန်ပါတယ်မမရယ်၊ မပြောပါရစေနဲ့၊ ခွဲ တစ်ခုပဲ မှတ်ထားတယ်၊ ခွဲမှာ ဒီပြင် သွားစရာနေစရာမရှိဘူး၊ အိမ်လည်းမရှိတော့ဘူး၊ ဒယ်ဒီကလည်း မလိုလားပါဘူး၊ ဘာဆိုဘာမှ မရှိတဲ့သူပါ"

"မဟုတ်ဘူး၊ မင်းကို တို့က နှိုင်းနေတာမဟုတ်ဘူး၊ အကျိုး အကြောင်း..."

"ခွဲ... သွားတော့မယ်"

ဟုပြောရင်း ဖျတ်ခနဲထရပ်လိုက်လျှင် မရက ခွဲလက်မောင်း လေးကို ဖမ်းဆုပ်ပစ်လိုက်၏။

"မင်း... ပြန်ထိုင်စမ်း"

အမိန့်ဆန်သောတင်းမာမှုအောက်မှာ ခွဲ ချက်ချင်းပြန်ထိုင် ၍ ခေါင်းငုံ့နေသည်။

"မင်း... မင်းရဲ့မိဘဆီ ဘယ်တော့မှပြန်မသွားဘဲ ဒီတိုင်း နေလို့ရတယ်ပေါ့"





"ရပါတယ်"

"လမ်းပေါ်မှာပဲ ဘဝဇာတ်သိမ်းမယ်ပေါ့"

"မသိမ်းပါဘူး၊ ခွဲ ကြိုးစားမှာပါ"

ခေါင်းမမော့ဘဲဖြေတော့ သူမ မဲ့ပစ်လိုက်မိသည်။

"ရပ်ရှင်ကြည့်မှုတယ်ထင်တယ်၊ မင်း စိတ်ကူးယဉ်တတ်နေ ပြီ...ဟွန်း"

မရ ဆံပင်ရှည်တွေကို တစ်ချက်သပ်ကာ မျက်ခုံးထူထူများ အောက်မှာ စင်းချထားသည့် မျက်တောင်တွေကို စိုက်ကြည့်၏။

"မင်းက လူလေးကမြင့် မကိုးလောက်မကွယ်လောက်နဲ့ မာနတွေထားပြီး စိတ်ကူးယဉ်နေတာပဲ၊ အထောက်အပံ့တစ်ခုခုမရှိဘဲ လူတစ်ယောက်ရဲ့ဘဝ အမြင့်ရောက်ဖို့ဆိုတာ လွယ်မယ်ထင်လို့လား၊ အခု မင်း လမ်းဘေးရောက်နေပြီ၊ လမ်းဘေးကဘဝတွေထဲမှာ မင်း ဘဝကို စမြည်းမဟုတ်လား၊ အဲဒါ မင်းရဲ့လမ်းပဲ"

"ခွဲ ကြိုးစားမှာ"

ဒါကိုပဲထပ်ပြောကာ ဖျတ်ခနဲမော့ကြည့်လာသော မျက်ဝန်း လေးတွေမှာ မာနကြောင့် ဝင်းဝင်းလက်လက်လေးဖြစ်နေ၏။

မရ အထင်မကြီးပေမယ့် စိတ်ဝင်စားသွားသည်။

ခွဲကိုစောင့်ရှောက်ဖို့ ဆုံးဖြတ်လိုက်ကတည်းက 'မာနမြင့်' နှင့် အတိုက်အခံဖြစ်ပြီကို သိခဲ့သည်။

သို့သော် ခွဲကို မရ သီးသန့်စောင့်ရှောက်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကတော့ အလွန်နာခံတတ်သော ပညာလည်းကြိုးစား သည့် ချွဲခြားဆိုသောကောင်ငယ်လေးတစ်ယောက်ဟာ ခုတော့ . . .

❀ ❀ ❀



## အခန်း (၁၀)

ဒို့ . . .

ချွဲခြား

စာအိတ်လေးက မှောက်လျက်သားအဖြစ်နှင့်ရှိနေသော်လည်း ရှေ့က စာကြောင်းလေးကို သုံးယောက်လုံး၏မျက်စိထဲမှာ မြင်ယောင်နေခဲ့သည်။

မိုးထက်က အမြင့်နှင့်မရ ရှိုက်နေသည့်နားကို တစ်လှမ်းချင်း လျှောက်လာသော်လည်း မျက်ဝန်းတို့က စားပွဲပေါ်မှာမှောက်နေသည့် စာအိတ်ကိုသာ စူးစိုက်ကြည့်လာ၏။

"မရ. . . မင်းက ဒီစာကို လက်ဖျားလေးနဲ့တောင်းထိခဲ့ဘူး ဆိုတာ တမင်ပြထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



မရ ငြိမ်နေသည်။

"စာကို မင်း အခုဖွင့်ဖတ်လိုက်ပါ။

"မရမဖတ်ချင်ဘူး မမမိုး၊ ဒီနေ့ မရ ဒီနားမှာရပ်နေတာ မမမိုးပေးတဲ့အပြစ်ကို ခံယူဖို့ပါ"

"မင်းက အပြစ်တစ်ခုကို ပုံစံအမျိုးမျိုးနဲ့ ကျူးလွန်ရဲနေပြီး အပြစ်ပေးတာကိုခံလိုက်ရင် ပြီးတယ်လို့တွက်ထားပုံရတယ်"

မရရှေ့မှာ မိုးထက်က ဘောင်းတစောင်းရပ်လိုက်ပြီး ငဲ့ကြည့်၏။

"မင်းဆီကို ဒီနေ့ မေမေမာကိုယ်တိုင် ဆင်းလာလိမ့်မယ်"

"ဟင်"

မရ ကိုယ်လေးတုန်သွားသည်။

မေမေမာဆင်းလာမည်။

ရင်တွေ တဒိတ်ဒိတ်ခုန်လာခဲ့စဉ် နောက်ကျောဘက်က လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"မင်း. . . ဒီဘက်ကိုလှည့်လိုက်စမ်း မရ"

မေမေမာ။

မရ ချာခနဲလှည့်ကာ ဒူးထောက်ထိုင်လိုက်သည်။

အမြင့်နဲ့မိုးထက်တို့က ရှိုးကော့စ်နားထိ ဆုတ်ရပ်လိုက်ကြ၏။

ဒီဒါတမာခါး၏မျက်နှာထက်တွင် မုန်းတီးနာကျည်းမှုများက





စိတ်အရောင်ရင့်ရင့်ကို ဖြစ်ပေါ်နေစေ၏။

ဆံပင်တွေရှိသမျှကို ခပ်တင်းတင်းသိမ်းဖွဲ့၍ နောက်မှာ စုထုံးထားသည်။ ထိပ်မှာ ရွှေဘီးနှင့် စိန်ဆံတိုးတစ်ချောင်းကို ထိုးစိုက်ထားကာ တစ်ကိုယ်လုံးမှာ စိန်တွေချည်းဆင်ထား၏။

ဝတ်ထားသည်က ကျောက်စိမ်းရောင်အကောင်းစားပါတိတ်နှင့် ရင်စေ့လက်ရှည်။ သူမသည် အရွယ်တင်နုပျိုဆဲပါ။

ဆိုးဝါးသည်မှာ ပိုးလ်ချဲပေါ်မှဆင်းမလာနိုင်ခဲ့သော သူမဘဝ ဖြစ်၏။

"ဒီမှာ မရ ငါ ဒုက္ခိတာပေမယ့် မင်းကို ကောင်းကောင်းကြီး ပညာပေးနိုင်သေးတယ်၊ ကဲ. . . မင်းစပြောစမ်း၊ ရင်ထဲမှာ ဘာတွေ စီစဉ်ထားသလဲ"

မေးခွန်းနှင့်အတူ ဘီးကို ကိုယ်တိုင်လှည့်၍ ရှေ့တိုးလာ၏။

မရ နှုတ်ခမ်းလေးနားမှာ ဒူးနှင့်တိုက်မိတော့မတတ်ရှိမှ ရပ်တန့်ပစ်၏။

"မရရင်ထဲမှာ ဘာမှမရှိပါဘူး မေမေမာ၊ မေမေမာကိုယ်တိုင် ဆင်းလာရတဲ့အထိ မိုက်မဲခဲ့တယ်ဆိုရင် မရကို ကြိုက်တဲ့အပြစ်ပေးပါ"

"မင်းစကားတွေမှားနေပြီ မရ၊ ငါဆင်းလာရတဲ့အထိ မိုက်မဲတာမဟုတ်ဘူး၊ လွတ်ချင်တိုင်းလွတ်နေတဲ့ မင်းရဲ့စိတ်တွေကို အနာတရတစ်ခုခု ထည့်မပေးလိုက်ရမှာစိုးလို့ ငါဆင်းလာတာ၊ မင်းမိုက်ခဲ့တာ အခုမှမဟုတ်ဘူး၊ မင်း ငါ့ကို အတိုက်အခံလုပ်ခဲ့တာလည်း အခုမှမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ လွှန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်ကာလကတည်းက အဲဒီတုန်းက မင်းဟာ ဆယ့်ခြောက်နှစ်ပဲရှိပါသေးတယ်. . . အဟွန်း''

ဒေါ်တမာခါး၏မျက်ဝန်းများသည် ကုန်ဆုံးခဲ့သောနှစ်များဆီသို့ မျှော်တွေး၍ မျက်ရည်ဝေ့နေသယောင်ရှိသော်လည်း လွမ်းဆွတ်တမ်းတခြင်းများနှင့်မဟုတ်ဘဲ နာကျည်းမုန်းတီးခြင်းသာဖြစ်၏။

ထို့နောက် မော့နေသည့်မျက်နှာက ဖျတ်ခနဲငုံ့ကြည့်လိုက်စဉ် မျက်ရည်နှစ်စက် လက်ခနဲ့ကြွေဆင်းသွား၏။

''ဟိုတုန်းက နုနုငယ်ငယ်ကလေးသာသာတုန်းကတည်းက ငါ့စည်းကမ်း ငါ့ဝါဒကို မင်းချိုးဖောက်ပြီးကျူးလွန်ရဲခဲ့တာ၊ အခု မင်း အသက်သုံးဆယ့်ကျော်ရှိနေပြီ၊ မင်း၊ ငါ့ကို အများကြီးဆန့်ကျင်တော့မယ်၊ ဒါ ငါနားလည်တယ်၊ ဒါပေမဲ့ ဒီတိုင်းမရဘူး မရ''

''မေမေမာ''

''နေဦး. . . မင်းရင်ထဲက စီစဉ်ထားတာကို ငါမမေးတော့ဘူး၊ မင်း အခု ဒီစာကို ဖွင့်မှာလားမဖွင့်ဘူးလား''

''စာကိုဖွင့်ဖို့မလိုပါဘူး မေမေမာ၊ စာထဲမှာ ဘယ်သူ့ကိုပဲ ရေးရေး တစ်လောကလုံးက တစ်စုံတစ်ယောက်ကို သူရေးနိုင်တယ်၊ အဲဒီတစ်စုံတစ်ယောက်က မရဖြစ်ဖို့မလိုပါဘူး၊ ဒီစာတစ်စောင်နဲ့ မရအပေါ် မေမေမာ ဒီလောက် မနာကျည်းပါနဲ့''

''နာတယ်၊ မုန်းတယ်၊ ဘယ်တော့မှငါ့ခွင့်မလွှတ်ဘူး မရ၊





ငါဟာ ငါ့သမီးတွေနဲ့ မကျေနပ်ခဲ့သမျှအားလုံးကို အလှည့်ပြန်စောင့်ဖို့ အားခဲထားခဲ့တာ၊ အားလုံး ငါ့စိတ်တိုင်းကျပဲဖြစ်ခဲ့တယ်၊ မဖြစ်ခဲ့တာ မင်းတစ်ယောက်ပဲ၊ မင်းဟာ အချောဆုံး အလှဆုံးဖြစ်သလောက် ငါ့ရဲ့[illegible]မှုတွေကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးမယ့်သမီးလို့ ထင်ရသလောက် လက်တွေ့မှာ ငါ့ကို ရင်ကွဲနာကျအောင်လုပ်တဲ့ သမီး၊ မင်းကြောင့် ငါ့ဘဝနဲ့ရင်းပြီး အားခဲစောင့်စားခဲ့ရတဲ့ မျှော်လင့်ချက်တွေ နာကျည်းချက်တွေ အခု ဘာမှမရှိတော့ဘူး''

''မဟုတ်ဘူး၊ မရ အဲဒီလိုမဖြစ်ဘူး။ မေမေမာ့ကို မရ. . .''

''တိတ်စမ်း''

ဒေါ်တမာခါး၏ အတွဲဆိပ်တက်နေသော မျက်ဝန်းများက အစိမ်းရောင်များ မြာထွက်နေသလိုရှိ၏။

သူမသည် ဘယ်အချိန်ဘယ်ဖြစ်ရပ်မှ စတင်ကာ ယောကျ်ားများအပေါ် မုန်းတီးမှုများကို စုဆောင်းသိမ်းဆည်းခဲ့သည် မသိနိုင်ပါ။

ခုချိန်တွင် အမုန်းတရားအားလုံးသည် မရမျက်နှာထက်မှာ ရောင်ခြည်တန်းများသဖွယ် စူးရှကျရောက်နေကြ၏။

''မင်းမဟုတ်ဘူးဆိုရင် ဒီစာရောက်ကတည်းက မင်းကို မိုးထက်မေးနေတာ ဘာဖြစ်လို့မဖြေခဲ့တာလဲ၊ ဒီတစ်ခါ မင်းအပြစ်မခံဘူးဆိုတာ ဘာလဲ''

ပြောနေရင်း ဒေါ်တမာခါးက မဲ့သည်။

''ဟိုတုန်းက ခွဲခြားဆိုတဲ့ကောင်လေးက လမ်းပေါ်က ကလေ



www.burmeseclassic.com

www.burmeseclassic.com



အချော့ဆို ခုတော့ တစ်မျိုးတဖုံဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဂျပန်မှာဆိုတော့ ပြောစမ်းပါဦး။ မင်း သူ့ကို ဘယ်လောက်ထိ အားကိုးထားသလဲ"

မရ မျက်ရည်တွေဝေ့လာသည်။

နှုတ်များမှ ပြင်းဆိုသောထွက်ဆိုချက်တို့ ထွက်မလာခဲ့တော့ပါ။

ဘာမှမသိခဲ့သောလူတစ်ယောက်၏ အနာဂတ်ကို သူမမှာ ဖြေစရာမရှိ။ မဖြေဘဲနေတော့ အပြစ်ကပိုကြီးသွားသည်။

အခန်းထဲမှာ တိတ်ဆိတ်ခြင်းက မှန်တိုင်းတစ်ခု၏လက်တံများနှယ် . . . ။

"မင်းမရ"

"ရှင်"

"မင်း သူ့မှန်းသိနေသားနဲ့ . . ."

"မသိပါဘူးမေမေမာ၊ အဲဒါကို မရ တွေးတောမတွေးခဲ့ပါဘူး။ တစ်ခုတော့ မရ ဝန်ခံပါတယ်၊ ဘယ်သူဖြစ်နိုင်မလဲဆိုတာ တွေးမိတယ်၊ ဒါပေမဲ့ မရစိတ်ထဲမှာ ဘာမှမရှိတဲ့အတွက် ဒီအတွက် အပြစ်လို့မခံစားခဲ့ဘူး။ မမမိုးအပေါ် ဒေါသစိတ်နဲ့ မရ ပြောမှားဆိုမှားဖြစ်ခဲ့ပါတယ်၊ အဲဒါ မေမေမာထင်သလိုမဟုတ်ဘူး။ သူ ဝဲဘကောင်ပဲဖြစ်ဖြစ် 'မာနမာန်' ကို ထိပါးဖို့မလွယ်ဘူးဆိုတာလည်း သူသိပါတယ်"





"မလိုချင်ဘူး၊ သူသိနေတာတွေ မင်းသိထားတာတွေ ငါ ဘာမှမလိုချင်ဘူး။ ဒီနေ့ကစပြီး 'မာနမာန်' ကနေ မင်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်သွားရမယ်"

မရ လက်သီးလေးဆုပ်ပစ်လိုက်မိသည်။

ဒေါ်တမာခါးက ဘီးကိုအသာလှည့်၍ နောက်ဆုတ်သွားပြီး မျက်ဝန်းများကတော့ သူမကိုသာ စူးစိုက်ကြည့်နေလျက် . . .

"မိုးထက်"

"ရှင့် . . မေမေမာ"

"သူထွက်သွားတာနဲ့ အခန်းနံပါတ်နှစ်ကို နွားနို့နဲ့ဆေးချ၊ နှင်းသာရေနဲ့လောင်း၊ ထာဝရ သော့ခတ်ပိတ်ပစ်"

"ခမ်းနဲ့မေတို့ဆီကိုလည်း အကြောင်းကြားထား။ သူနဲ့ ပတ်သက်ပြီး သတင်းတောင်နားမထောင်ရဘူးလို့"

"မေမေမာ"

မရနှုတ်ခမ်းလေးတွေ လှုပ်ခတ်သွားပေမယ့် အသံတော့ မထွက်ခဲ့ပါ။

သို့သော် ဝိုး(လ်)ချဲ၏ဝင်ရိုးတစ်ခုကို ဖျတ်ခနဲဆုပ်ကိုင်ထားမိကာ . . .

"အပြစ်ဒဏ်ဆိုတာ ကာလနဲ့ပေးသင့်ပါတယ် မေမေမာ၊ လက်ဝဲသုန္ဒရာအမတ်တောင်မှ နောက်တော့ ပြည်တော်ပြန်ခွင့်ရခဲ့ပါတယ်၊ မရဟာ မေမေမာ့သမီးပါ၊ မေမေလို့လည်း ပေါ်ယံကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ခေါ်ခွင့်မရှိခဲ့ဘူး။ အမေငါးယောက်လုံးကို အမေလို ဖက်တွယ်ပြီး ကြီးပြင်းခဲ့ရတဲ့ဘဝမှာ မုန်းခိုင်းလို့မုန်းရတာမဟုတ်ဘဲ ကိုယ့်ရင်ထဲမှာ မေမေ့အသည်းနှလုံးထည့်ပြီး အားလုံးကိုမုန်းပစ်ခဲ့တယ်၊ အဲဒါ မေမေ့ကို ချစ်လို့ပါမေမေ"

"မင်း. . . မင်း. . . ငါ့ကို မေမေလို့မခေါ်ရဘူး"

"မေမေ့ရဲ့ စွန့်ပစ်ခံထားရတဲ့ကာလလေးမှာ မရ ဒီတစ်ခုကို အခုခဏလေးတော့ ဆန့်ကျင်ပါရစေမေမေ၊ တစ်သက်လုံး ငတ်မွတ်တောင့်တခဲ့ရတဲ့ ဒီတစ်ခွန်းကို မရ မသွားရခင် ခေါ်ခွင့်ပြုပါ"

"မပြုဘူး၊ မင်း. . . မင်းကို ငါ တစ်ဘက်လှည့်မျက်ရည်ကျပြီး ရင်ထုမနာနှလုံးသားလို ကြိတ်မှိတ်ခံစားရင်း နှင်ထုတ်နေတာ မဟုတ်ဘူး၊ တကယ်မုန်းတာ၊ တကယ်နာတာ၊ မင်းကတောင် ငါ့ကို စိတ်ချမ်းသာမှုမပေးခဲ့တာ၊ ငါကတော့ ဘာဂရုစိုက်ရမှာလဲ"

"မေမေကစပြီး ဂရုမစိုက်ခဲ့တာပါ မေမေ၊ အမေတစ်ယောက်လုံးကို မရ အမေလို့ခေါ်ခွင့်မရတာ တစ်သက်လုံး စိတ်ဆင်းရဲစေခဲ့တဲ့ မေမေ့ရဲ့ရက်စက်မှုပါ၊ တကယ်ဆိုရင် သူတို့အမေတွေကို ဖေဖေက ရက်စက်ခဲ့ပေမယ့် မေမေနဲ့မရအပေါ်မှာ ဖေဖေ. . ."

"မင်းမရ"

အော်သံက စူးစူးဝါဝါး။

ဝိုးလ်ချဲက ဝေါခနဲရွှေ့ရောက်လာကာ . . .

"ဖြန်း. . . ဖြန်း"





မရ ဒူးတုပ်နေရာမှ လဲကျသွား၏။

သွားကြားထဲမှာ ငံကျိကျိ ချက်ချင်းဖြစ်လာသည်။

နှုတ်ခမ်းထောင့်မှ သွေးသောစီးကြောင်းတစ်ခုကို လက်ခုံနှင့် သုတ်ပစ်လိုက်သောအခါ နီရဲသောသွေးများ။

မရ မျက်နှာတစ်ချက်မျှ ညှိုးဟျမသွားပါ။

အရိုက်ခံရသည့် မျက်နှာတစ်ခြမ်းမှာ မျက်ရည်တွေဝဲလျက် ရှည်လျားသောဆံပင်တို့ ဖရိုဖရဲဖြစ်သွားခဲ့သည်။

စိတ်ကဖြင့် အနည်းငယ်မျှ ယိုင်နဲ့မသွားခဲ့။

"မင်း. . . မင်း. . . ထပ်ပြောကြည့်စမ်း၊ ငါသိပ်မုန်းတဲ့ ယောကျ်ားဆိုတဲ့အသံကို ငါ့ရှေ့မှာ မင်းထပ်ပြောလိုက်စမ်းပါ"

"ယောကျ်ားတွေကို မရမပြောဘူး။ မရပြောနေတာက မရရဲ့ ဖေဖေ၊ အစားမရနိုင်တဲ့ မိဘနှစ်ပါးထဲက မရရဲ့ဖေဖေ၊ တစ်လောကလုံးမှာ တစ်ယောက်တည်းသောယောကျ်ား"

"မင်းမရ. . . တိတ်စမ်း"

ရိုက်ချက်တွေက ဆက်တိုက်။

မေမေကဒုက္ခိတပါ။

သူမလဲကျသွားလျှင် မေမေ ဒေါသတွေလက်စပြတ်၍ ဆင့်ကဲခံစားနေရမှာတွေကို မကြည့်ရက်။

နာကျင်ပေမယ့် နောက်ထပ်လဲကျမသွားအောင် သူမ မတ်ပေးရင်း မရ နှုတ်ခမ်းမှသွေးတို့က မြင်မကောင်းတော့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မရ နာကျင်၍တော့ နောက်ဆုတ်မည်မဟုတ်ပါ။

"တစ်လောကလုံးက ယောကျ်ားတွေကို မရ မုန်းမေ့ပစ်နိုင်တယ်၊ ဖေဖေ့ကိုတော့ မမုန်းချင်ဘူး၊ မေမေကိုယ်တိုင် ကိုယ့်အဖေကလွဲရင် ကျန်တဲ့ယောကျ်ားမှန်သမျှဆိုတဲ့စကား သုံးခဲ့တာ၊ မရ စဉ်းစားလို့မရဘူးမေမေ၊ ဖေဖေ့ကို မေမေ ဘာဖြစ်လို့ ဒီလောက်မုန်းခဲ့တာလဲ၊ မေမေ တစ်ကိုယ်ကောင်းမဆန်တတ်လို့ မေမေရီတို့ မေမေသီတို့အားလုံးကို ကူညီခဲ့တာက သဘာဝကျတယ်၊ သူတို့နာသလိုမျိုး မေမေ နာပေးဦး၊ ဖြစ်နိုင်သေးတယ်၊ အခု မေမေက အားလုံးထက်ပိုနေတာ၊ အများတစ်ခုကိုကျူးလွန်ပြီး ငါမှန်တယ်လို့ ယူဆတဲ့အတွက် တစ်ဘက်ကိုမုန်းတယ်ဆိုတာ သဘာဝကျသလို ရှိပေမယ့် သူကျူးလွန်ခဲ့တာလည်း ကိုယ်က နောက်မဆုတ်ခဲ့လို့ဘဲ ဆိုတာ တွက်မိရင် သူတို့ဖြေကြပါစေ"

"ဘာ"

"အခု. . . တစ်သက်လုံး ဖြတ်သန်းခဲ့ကြရတဲ့ အမုန်းရွှေ့တွန်းချာကြီးထဲမှာ ခေါင်းဆောင်ခဲ့တာက မေမေ၊ သူတို့အားလုံးက မေမေ့ဦးဆောင်မှုအောက်ကလူတွေချည်းပဲ၊ မရဘက်က မေမေ့ တွေးကြည့်ပေးပါဦး မေမေရယ်၊ မရရဲ့မေမေဟာ ဘဝတစ်လျှောက်လုံး ခါးသီးခဲ့လို့ သိပ်ကိုဆိုးဝါးတဲ့ လူယုတ်မာတစ်ယောက်ရဲ့ ဖျက်ဆီးမှုကြောင့် ရက်ရက်စက်စက် ကျဆုံးခဲ့တာမျိုး၊ မေ့မေ့မှာ သောကတွေ ဆင်းရဲမှုတွေ တစ်ပွေ့တစ်ပိုက်နဲ့ဆိုရင် မရ ယောကျ်ားတွေအားလုံးတင်





မဟုတ်ဘူး၊ ကံကြီးပိုက်ပါစေ၊ အဖေကိုပဲဖြစ်ဖြစ် မေ့မေ့အတွက် တုံ့ပြန်ပေးရပါတယ်၊ အခု မရ ဘယ်လိုခံစားချက်တွေ ဘယ်လိုနာကျည်းမှုတွေနဲ့ ဖေဖေကစပြီး မုန်းရမှာလဲ၊ ဖေဖေ မေမေ့ကို ဘယ်လိုနှိပ်စက်ခဲ့သလဲ၊ မေမေ့အပေါ် ဘာတွေကျူးလွန်စော်ကားခဲ့သလဲ၊ ခြေတော်တင်နင်းချေပြီး စွန့်ပစ်ခဲ့သလား၊ ရိုက်ပုတ်မောင်းမဲပြီး ညှင်းပန်းနှိပ်စက် ပေါင်းသင်းခဲ့သလား၊ သွားဟဲ့ဆိုပြီး ခုလိုဖြစ်အောင် ကန်ချပစ်ခဲ့သလား"

မရ ဒဏ်ရာကနာတာကော နှစ်ပေါင်းများစွာ စုပြုံကျပ်သိပ်နေခဲ့တာတွေကော အားလုံးကို မျက်ဝန်းတစ္ဆေမကြောက်သလိုမျိုး ရင်ဖွင့်ပြောမိတော့သည်။

ဒေါ်တမာခါး အသားတွေတုန်ကာ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ စကားလုံးရှာ၍တော့ မဟုတ်ပါ။ သားသမီးက ပြန်လှန်ပြောခြင်းကို ပထမဆုံးကြားလိုက်ရခြင်းအတွက် လက်မခံနိုင်သော ဒေါသများနှင့်။

တစ်သက်လုံး ကိုယ်ယုံကြည်ပေးခဲ့သော အမှန်တရားတစ်ခုကို ဖောက်ညို့ထိုးခံလိုက်ရသဖြင့် မာနက ခေါင်းခါငြင်းဆန်ရင်း ဒေါသမာနတွေ လုံးထွေးနေတာဖြစ်သည်။

"မင်း. . . မင်းက ငါကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကို ဆပ်မလို့ပေါ့. . . ဟုတ်လား. . . ဟင်. . . မင်းမရ. . . မင်းကို ငါမုန်းတယ်၊ ငါမုန်းတဲ့သူတွေနဲ့ တန်းတူမုန်းတယ်၊ မင်းကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မပေးတော့ဘူး။ သွား. . . ခုထွက်သွားစမ်း''

ဒီလောက်ထိ ရိုက်နှက်ပြီးတာတောင် အပြစ်ထပ်ပေးဦးမှာလား မေမေဟု မပြောဖြစ်ပေမယ့် မရ ငိုမဲ့မဲ့လေးပြုံးမိသည်။

''မရကိုခွင့်မလွှတ်ဘူးဆိုရင် မရ မတောင်းပန်တော့ပါဘူး မေမေ၊ ဒါပေမဲ့ မုန်းခိုင်းတိုင်းမုန်းလို့မရတာက ဖေဖေတစ်ယောက်တည်းကိုပါ၊ မရရဲ့သဘောကို မေမေ အထင်မလွဲအောင် ထပ်ပြောတာပါ၊ မရ ဘယ်မှာပဲနေနေ မေမေဖြစ်စေချင်သလို ဖြစ်စေရပါ့မယ်၊ မရ မပျော့ညံ့ဘူးလို့ ကတိပေးပါတယ်''

ဘဝဟာ လေလွင့်ရဦးမည်သာ. . .။

ဘွဲ့တစ်ခုရထားပေမယ့် ဘွဲ့နဲ့အလုပ်ကြားမှာ ဖြစ်တည်သွားခဲ့သော ပြတ်တောက်မှုအတွက် အံ့ဝင်ဂွင်ကျဖြစ်ဖို့ မရ အတော်ကြိုးပမ်းရတော့မည်။

''ဟွန်း. . . ဆရာဝန်ဖြစ်နေပြီပဲ၊ ထမင်းမငတ်တော့ဘူးဆိုတဲ့ မာနတော့ မင်းမှာရှိမှာပေါ့၊ ဒါပေမဲ့ လောကကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ မင်း ရင်ဆိုင်ကြည့်ပါဦး''

ထွက်လာခါနီးတော့ မိုးထက်က လက်ဆောင်စကားလေး ပါးသေးသည်။

သူ့ လျှော့တွက်ခဲ့တာပါ။

မရဟာ အများသူငါလို ပျော့ညံ့စိတ်ပျက်တတ်တဲ့ မိန်းမ တစ်ယောက်လား။

❀ ❀ ❀



## အခန်း (၁၁)

တကယ်တော့ ကိုယ့်အဖြစ်ဟာ အဖေဘယ်သူမှန်းသိပေမယ့် ...လား၊ မည်းသလား၊ ခပ်ပိန်ပိန်လား၊ ခဂ်ဝဝလား၊ ဘာဆိုဘာမှ ...သိပါ။

လောကအလယ်ကို ခုမှရောက်ရှိခွင့်ရသည့် မွေးကင်းစ ...လေးငယ်တစ်ယောက်ထက်တော့ မရ တစ်ခုသာသည်။

မွေးကင်းစကလေးလို မရ ဝတ်လစ်စလစ်မဟုတ်။

''အားမငယ်ပါနဲ့မရရယ်၊ နင်နဲ့ငါ သိပ်မတွေ့ဖြစ်ပေမယ့် ...ကျောင်းမှာကတည်းက နင့်ကိုငါကခင်ပါတယ်၊ ဒီမှာလည်း ငါတို့ ...အောင်နေမယ်ရှိတာ၊ ကိုကိုက စနေ တနင်္ဂနွေကျမှ နေ့ဘက်ခဏ ...ထွက်လာတာ၊ ဘာမှအားနာဖို့မလိုဘူး၊ မြို့ကြီးဝန်းကြီးနဲ့မယ...တော့

www.burmeseclassic.com



သေးမှာ အခန်းချင်းကပ်လျက် အဖော်တွေနဲ့၊ ပြီးတော့ ဒါက မြေညီ ထပ်လေ၊ တံခါးသော့ခတ်ထားရင်ရပြီ၊ အပေါ်ထပ်တွေလို ဘာမှ ကြောက်ဖို့မလိုဘူး၊ ရိုးရိုးသားသားနေကြတာကို ပတ်ဝန်းကျင်ကလည်း စောင့်ရှောက်ပါတယ်''

''ဟုတ်ပါတယ်၊ ငါကလည်း အလကားနေရင်း ကြောက် နေတတ်တဲ့သူမဟုတ်ပါဘူး''

ကျောင်းတုန်းက မကြာခဏအတူသွားလာ စားသောက်ဖူး ခဲ့တာသာရှိတာ၊ မမေ့နိုင်မချာရက်လောက်အောင် ရင်းနှီးတာမျိုးလည်း မရှိခဲ့သော ဖြူးဝေလှိုက်ပဲ မရ သတိဟာရရှာဖွေလာခဲ့ရတာ အကြောင်း မဲ့တော့မဟုတ်။

ဖြူးဝေလှိုက လုပ်ငန်းခွင်ဝင်နေသည့် ဆရာဝန်တစ်ယောက်။

အစနအဆိုင် ဟော့(စ်)ဖြစ်တာပဲရှိသည်။ ပြောဆိုစရာမည့် မိသားစုမွေးချင်းလည်း မရှိ၊ ပြီးတော့ ကိုယ်နဲ့သိပ်မဝေးသည့် တစ်မြို့ တည်းမှာရှိနေသူ။

လောလောဆယ် ဆူပါမားကတ်တစ်ခုမှာ အလုပ်ရအောင် လည်း ဖြူးကပဲကူညီခဲ့၏။

''အောက်ကျတယ်၊ သိမ်ငယ်တယ်တော့ မတွက်နဲ့ပေါ့ဟာ၊ ငါက နင်ပြောလွန်းလို့ရှာပေးတာ၊ လောလောဆယ် ရရာအလုပ်ဆိုလို့ ဒါမျိုးတွေပဲရှိတာဟ၊ နင်က ဆရာဝန်လုပ်မယ့်သူမဟုတ်ဘူးဆိုရင် တော့ စပီကင် ကွန်ပျူတာတွေ ကျွမ်းကျင်နေတာပဲ၊ နေရာကောင်း



ကောင်းရမှာပါ''

''အေးပါ၊ ခုလက်ရှိ တစ်ဝမ်းတစ်ခါးစာဖြစ်ရင် ပြီးတာပဲ၊ ငါ နင့်ကို အံရမ်းအားနာတာ၊ နိုကပ်စားနေရတာမျိုးလည်း မဖြစ် ချင်ဘူး၊ လုံလုံခြုံခြုံ နားခိုစရာတစ်ခုရတာပဲ ကျေးဇူးတင်လှပြီ''

''ဒါတော့ တင်လိုက်ပါတော့မမရယ်၊ ဘာလဲ. . . နေစရိတ် တွေဘာတွေများ ပေးဦးမလို့လား၊ ဒါမျိုးပြောလာလို့ကတော့ လုံးဝ ခွင့်မလွှတ်နိုင်ဘူးနော်၊ ကြိုပြောထားတာ''

မထင်မှတ်ဘဲ ရင်းနှီးမှုက လုံလောက်သွားခဲ့သည်။

မနက်ပိုင်းဆို ဖြူးက ဆေးရုံသွား၊ မရက အလုပ်ဆင်း၊ ညနေပိုင်းကျတော့မှ ပြန်ဆုံကြသည်။

တစ်မိမ်းတစ်ယောက်နှင့် ဤမျှ လက်ပွန်းတတီးမနေခဲ့ဘူး သော မရအတွက် ကျင့်သားရအောင် အတော်ကြိုးစားရမှာဖြစ်သော် လည်း ဖြူးကတော့ ပျော်နေခဲ့၏။

''ငါကတော့ ခုမှဟန်ကျတာမရရယ်၊ မဟုတ်ရင် အဖော်မဲ့ အဝေနဲ့ဗေဒ. . . အဟွန်း၊ တို့ကိုကိုက နင်တို့ 'မာနမာန်' လို့ ယောက်ျားမုန်းဝါဒတွေ ပို့ချမထားပေမယ့် ရည်းစားမထားရဘူး၊ ပရိုပိုစ်လုပ်လာရင် ဖွင့်ပြောတဲ့၊ ကိုယ့်မှာလည်း အဲဒီလိုရှုပ်ရှုပ်တွေ ဖြစ်လာမှာစိုးလို့ တည်တည်နေရ၊ တင်းတင်းနေရနဲ့ အနေလွန်ပြီး ဘယ်သူမှလည်း မကပ်ရဲကြတော့ဘူး''

ပြောပြီး ရယ်တတ်သေး၏။

www.burmeseclassic.com



ကျောင်းမှာ 'မာနမာန်' နှင့် မရကို လူတွေ အံ့တော်စိတ်ဝင်စားခဲ့ကြသည်။

'မင်းမရ'တဲ့ကွာ ကြိုးစားမနေပါနဲ့၊ မျက်နှာကိုကြည့်ဦး ဘယ်သူ့မှကို ရမှာမဟုတ်ဘူး' ဆိုတဲ့စကားတွေက ပလူပျံနေသည်။

စာလိုက်ပေးဖူးသည်။

ရည်းစားစကားပြောခံရဖူးသည်။

မောကြတော့လည်း နားသွားကြသည်။

သူ့အကြောင်းကို ဖြိုးကလည်းသိထားသဖြင့် 'မာနမာန်' အကြောင်းပါ ထည့်ပြောလာခြင်းဖြစ်သည်။

"ကိုကိုက ခရီးထွက်နေတယ်၊ ပြန်လာမှပဲ နင်နဲ့ မိတ်ဆက်ပေးမယ်နော်၊ ငါ့အစ်ကိုကချောပါတယ်၊ သဘောလည်းကောင်းတယ်၊ နင်. . . ဟိုဟို သိပ်တင်းတင်းမာမာတော့ မဆက်ဆံလိုက်နဲ့နော်၊ ဘာကြောင့်မှမဟုတ်ပါဘူး။ နင်တို့မိသားစုနဲ့ ခံယူချက်တွေအကြောင်း ကိုကိုက မသိသေးတော့ အတူနေကြတဲ့သူတွေ အဆင်မပြေဖြစ်မှာစိုးလို့"

ဖြိုး စကားစလာတော့ ဆေးရုံမှာတာဝန်ကျသည်နှင့် ဒီကပြောင်းဖို့ပါ မရ ဆုံးဖြတ်ထားလိုက်မိသည်။

ငယ်ငယ်ကတည်းက အသားသေလာခဲ့ပြီဖြစ်သည့် စိတ်က ယောက်ျားနှင့် မျက်နှာချင်းခဏလေးဆိုင်ဖို့ကိုတောင်မှ မနှစ်မြို့နိုင်ဘဲဖြစ်နေ၏။





မှန်ရှေ့မှာထိုင်၍ ခေါင်းဖြီးရင်း ဖြိုးပြင်ဆင်သွားသည့် အလှပြင်ပစ္စည်းတွေကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိ၏။

ဘီးကိုကိုင်ထားဆဲမှ ဆက်၍လည်းမဖြီးဖြစ်ဘဲ စိတ်က ဟိုဒီပြေးလွှားနေမိ၏။

ဖေဖေ. . .

တစ်သက်လုံး မေ့ထားနိုင်ခဲ့ပါလျက်နှင့် ခုကျမှ ဖေဖေဟာ ဘယ်လိုလူစားလဲဆိုတာကို သိချင်လာခဲ့သည်။

ဘယ်လိုပုံစံလဲဆိုတာကို ပုံဖော်ကြည့်လာမိ၏။

ဒါဟာ မေမေ့ကို အရွဲ့တိုက်လိုတာလား။

မဟုတ်ဘူးဆိုတာ ကိုယ့်ဟာကိုယ်သိနေသည်။

ဒါဆိုရင် အမေက နှင်ထုတ်လိုက်လို့ အဖေဆိုတာကို ရှာဖွေမိတာလား။

မဟုတ်ဘူးလို့ပဲ အဖြေထွက်ခဲ့သည်။

မရ ဖေဖေ့ကို တွေ့ချင်မိသည်က မေမေသည် ဖေဖေနှင့်ပတ်သက်သမျှကို အမှန်အတိုင်းပြောခဲ့ပြီးမှ မရထင်ခဲ့သော အဓိပ္ပါယ်မဲ့ မုန်းတီးခြင်းကို လက်ကိုင်ထားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သူမ မေမေ့ကို ဝေဖန်နိုင်ခဲ့တာပါ၊ ထောက်ပြရခဲ့တာကြောင့်လည်း မေမေ့အတွက် သူမဟာ အမုန်းဆုံးလူသားဖြစ်ခဲ့ရ၏။

ဤသည်များနှင့်ပတ်သက်၍ နောက်ပိုင်းမှာ အဖေဆိုသော



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးဟာ မေမေ့အပေါ် မည်သို့သဘောထားနှင့် ဘယ်လိုပုံစံမျိုး ရှိနေခဲ့သလဲ။

နောက်ထပ်အိမ်ထောင်သစ်နှင့် သားတွေသမီးတွေဆင့်ပွား၍ သာယာပျော်ရွှင်နေခဲ့သူလား။

ဒါမှမဟုတ် . . .

နောက်ထပ်အတွေးကို မရ ခေါင်းခါ၍ ထုတ်ပစ်လိုက်ခဲ့သည်။

မဖြစ်နိုင်ဘူးဆိုသောဘက်မှာ ရာနှုန်းပြည့် သတ်မှတ်လိုက်ရင်း မျှော်လင့်နေသလိုမျိုး ငါ ဘာဖြစ်လို့တွေးရမှာလဲဟုလည်း ကိုယ့်ကိုယ်ကို သတိပေးမိသည်။

မိဘလက်အောက်မှာ နုပျိုငယ်ရွယ်စဉ်ဘဝမှာတောင် ကိုယ့်ဘဝဂုဏ်သိက္ခာကို မငဲ့ညှာဘဲ ပွေရှုပ်ရဲခဲ့သူသည် အိမ်ထောင်ဦးစီး သူဌေးကြီးဆိုသောဘဝမှာ သူ့ကိုလည်း ရက်ကွဲပက်လက် အဖြစ်ရှာသွားခဲ့သော မိန်းမတစ်ယောက်အတွက် ကာလကြာရှည်စွာ သိုသိပ်ခံစားနေမှာတဲ့လား။

မေမေ့မျက်နှာကို သတိတရမြင်ယောင်၍ တောင်းပန်လိုက်မိသည်။

မေမေသာကြားလျှင် 'ယောက်ျားတွေကို ညည်း ဒီလောက်ပဲ အထင်ကြီးနေပြီလား' ဟု မေးပြီး ဘယ်နှစ်ချက်လောက် ရိုက်ပစ်မလေမလဲ။

"တင်. . . တင်. . . တောက်"





အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့် ကပျာကယာ ထထွက်လာခဲ့မိ၏။ အတွင်းကကျွန်းတံခါးကိုဖွင့်လိုက်တော့ ဘာဂျာတံခါးရှေ့မှာရပ်နေသူက စာပို့သမား။

မရ မျက်နှာကိုပြုံး၍ ကိုင်လာခဲ့သည့်သော့နှင့် တံခါးကိုဖွင့်လိုက်သည်။

ဒီအိမ်ကိုရောက်တာ နှစ်ပတ်ပြည့်တော့မည်။ ကိုယ်က ဧည့်သည်မို့ ဖြိုးတို့ဧည့်သည်တွေ ဖုန်းတွေ စာတွေဘာတွေရောက်လာလျှင် လက်ခံပေးထားဖို့ မေးမြန်းထားခဲ့ဖူးသော်လည်း ဒီနေ့ထိ ဧည့်သည်လည်းမလာဘူး။ စာလည်းမလာဘူးခဲ့ပါ။

ဧည့်သည်ကို တော်ရုံဆို မရ တံခါးဖွင့်မပေးခဲ့ဘဲ ဖြိုးလာမှ တောင်းပန်ခဲ့သည်။

ဖြိုးက နားလည်ပေးရှာပါ၏။

စာလာတော့ကျတော့ ငြိမ်နေလိုက်လို့မရတော့။

ဘာဂျာတံခါးကို တွန်းဖွင့်ပစ်လိုက်တော့ စာပို့သမားက သူမကိုကြည့်၍ . . .

"ချစ်သူ ဆိုတာ ဒီမှာရှိလား"

"ရှင်"

မရ တအံ့တသြဖြစ်သွား၏။

စာပို့သမားက သူမကို ဂရုစိုက်မိပုံမပေါ်ဘဲ စာအိတ်ရှည်ကြီးပေါ်မှစာတွေကိုသာ ငုံ့ဖတ်နေရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူဆိုတာ ယောကျ်ားလား၊ မိန်းမလားမသိဘူး၊ ဒီအိမ် လိပ်စာမှာ ဒီနာမည်နဲ့ မလာဖူးဘူး"

ဟု ထပ်မေး၏။

မရ ချက်ခင်းခေါင်းခါလိုက်ပြီး . . .

"လိပ်စာမှားနေတာဖြစ်မယ်၊ ဒီမှာ ချစ်သူဆိုတာမရှိပါဘူး"

ဟု ပြော၍ ကိုယ်စောင်း၍အထဲပြန်ဝင်ကာ တံခါးကို ဆွဲ ပိတ်ပစ်လိုက်သည်။

"ဟာ. . . ညီမ. . . နေပါဦး၊ ဒီမှာ လိပ်စာမမှားပါဘူး၊ မြေ ညီထပ်၊ တိုက်ခန်းနံပါတ်၊ မြို့နယ်၊ ရပ်ကွက် အားလုံး အပြည့်အစုံ ပါနေတာ၊ နာမည်က ဒီမှာရှိတဲ့တစ်ယောက်ယောက်ဖြစ်မှာပါ၊ ရော့. . . လက်မှတ်ထိုးပြီးရွေးယူလိုက်ပါ"

"အို. . . ကျွန်မကပြောသည်၊ လက်မှတ်မထိုးနိုင်ပါဘူး"

"ဟောဗျာ"

မရ အတင်းလှည့်ဝင်၍ တံခါးဆွဲပိတ်ပစ်လိုက်၏။

အတွင်းတံခါးပါပိတ်သွားတော့ စာပို့သမား ဒီတိုင်းသာရပ် ကျန်ခဲ့တော့သည်။

မရ အခန်းထဲထိ တောက်လျှောက်ဝင်လာခဲ့ပြီးမှ ဝင်လာ သည့်အတိုင်း အဝထိ ပြန်လျှောက်ခဲ့မိပြန်သည်။

စိတ်တို့က ဒေါသကြောင့် ကယောင်ချောက်ချားဖြစ်နေဆဲ။

"တောက်"



စာပို့သမားလက်ထဲက စာကို သူမ ဖျတ်ခနဲအကြည့်မှာ မြင်လိုက်သည်။

သို့ . . .

ချစ်သူ

ဆိုသော စာလုံးတွေကို မြင်လိုက်ရ၏။

"တောက်"

လက်သီးဆုပ်၍ ခြေဆယ်လုမ်းခန့်ကို ခေါက်တုံ့ခေါက်ပြန် လျှောက်မိပြန်သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ကြီးမို့ လှုပ်ရှားနေသည့်စိတ်ကို ထိန်းချုပ်ဖို့သတိမရ။

ဖျတ်ခနဲ ဆတ်ခနဲလျှောက်သွားလိုက်၊ ပြန်လှည့်လာလိုက် နှင့် လှုပ်ရှားသွားနေသော ကိုယ်ပေါ်မှာ ဆံပင်ရှည်တို့၏ အဖျားနား လေးတွေက လွင့်ဝိုက်ဝေ့ခါနေသည်။

ခွဲ . . .

ဒီလောက်ထိ ဘာဖြစ်လို့ နှောင့်ယှက်နေတာလဲ။

စာကိုးစောင်တိတိမှာ သူမ ဒီဘဝမျိုးရောက်သွားမည်။

ဒီနေရာမှာရှိနေမည်။

အဖြေတွေကို ဘယ်ကွန်ပျူတာနဲ့ တွက်ယူနေခဲ့သလဲ။

"မင်းကို ငါကျွေးမွေးစောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဇူးတွေနဲ့ ဒီနေ့ ငါ ဒီလိုဒုက္ခရောက်အောင် လုပ်နေတာလား"

"မမကို ကျွန်တော်ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ချစ်ဦး"

အတိတ်ဟာ ကျန်ခဲ့ပြီဆိုပေမယ့် မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။ လက်ဖဝါးတစ်ဖက်က ကျင်ခနဲစပ်သွားသလိုလို။

"ခွဲခြား. . . မင်းဟာ ယောကျ်ားဆိုတဲ့အဖြစ်ကို ငါကမေ့ထားပြီး သတ္တဝါတစ်ကောင်လို သန့်သန့်ရှင်းရှင်းကယ်တင်ထားခဲ့တာ၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ငါကယ်ခဲ့တာ ဘဝတစ်ခု၊ ဒါပဲ၊ အဲဒီဘဝဟာ ကျားဆိုတဲ့သတ္တဝါ မဖြစ်ရဘူး။ အခု မင်းက ဟိန်းသံပေးလာပြီ၊ သွားတော့ခွဲ၊ ဒီနေ့ကစပြီး မင်းရဲ့လမ်းကိုမင်းလျှောက်. . ."

မရ မပြတ်သားခဲ့တာ ဘာမှမရှိ။

သူကလည်း ထိုနေ့မှစ၍ မရမျက်စိအောက်က ပျောက်ကွယ်ခဲ့တာပဲ ဖြစ်သည်။

"လူသေသွားရင်တောင် အချစ်မသေခဲ့တဲ့ သမိုင်းတွင်ရစ်တဲ့ အချစ်စစ်သမားတွေ ရှိကြတယ်၊ ကျွန်တော်က မသေသေးတဲ့လူ၊ ချစ်ခိုင်းမုန်းခိုင်းဖို့ဆိုတာ ဆပ်ကပ်ထဲက သတ္တဝါလေးတွေကိုမှ မမ ရမှာပေါ့၊ နေတစ်လှည့်လတစ်လှည့် တာဝန်ကျေနေသရွေ့ မမကို ကျွန်တော် ဘယ်တော့မှမမေ့ဘူး"

ဒါတွေကို လူငယ်ပီပီ စိတ်ကူးယဉ်ပြောသွားတာဟု တွက်ခဲ့မိသည်။ လူကတော့ ပျောက်သွားခဲ့ပြီ၊ ပြန်ပေါ်လာတော့ စာတွေပဲ ဖြစ်၏။

စာပေါ်ကလက်ရေးကို မြင်လိုက်ကတည်းက ခွဲဆိုတာကို





ချက်ချင်းသိသည်။ စိတ်သည် ကိုယ်တိုင်သင်ပြပို့ချပေးခဲ့သော ကျောင်းသားလေးဘဝကလက်ရေးကို မှတ်မိနေ၍လား။

ဒါမှမဟုတ် တစ်စုံတစ်ရာသော ဆက်သွယ်ချက်တစ်ခုခုကြောင့်လား။

တကိုမြင်တာနှင့် သိလိုက်သည့်ကိုယ့်အဖြစ်ကိုလည်း မကျေနပ်။

ထို့ကြောင့် မမမိုးဘယ်လိုပဲမေးမေး သူမ မသိဘူးဟုပဲ ငြင်းခဲ့သည်။

ဒီလိုနေလိုက်ရုံနှင့် ပြီးသွားမှာပဲဟုလည်း တွက်သည်။

ခုတော့ ဒီလိုမဟုတ်ဘူးလား။

တွေးမရနိုင်သောဒေါသများနှင့် ဒီကောင်လေးကို ကောက်ယူစောင့်ရှောက်ခဲ့မိတာ မှားလေခြင်းဟူသော နောင်တတွေ အထပ်ထပ်ရမိသည်။

ထို့အပြင် သူမထင်သလိုမဟုတ်ခဲ့ဘဲ ကိုယ့်လက်ထဲရောက်လာမှ အလွန်မာနကြီး၍ ဂျစ်ကန်ကန် ပေကပ်ကပ်နိုင်လွန်းသော ခွဲခြားခံပုံရိပ်တို့က မရအာရုံထဲမှာ တရေးရေး ပေါ်လာခဲ့လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သူမ ဆက်ခနဲထိုင်လိုက်သည်နှင့် တဘက်ကိုကိုင်လျက် နောက်ဆုတ်ရပ်လိုက်သည်။

ခွဲမျက်နှာက လန့်သွားသလိုမျိုး ခဏမျှသာဖြစ်ပေါ်သွား ပြီး မရယ်မပြုံး ပြန်ဖြစ်သွားခဲ့၏။

မရ ဖြန့်ချထားခဲ့သည့် ဆံပင်အဖျားတွေကို သိမ်းကိုင်လိုက်သည်။ ဆံပင်တွေ ခြောက်လုနေပြီ။

"မင်း. . . မင်း. . . ငါ့ဆံပင်တွေကို သုတ်ပေးနေတယ်ပေါ့"

"ဟုတ်ကဲ့မမ၊ မိုးရေတွေ တတောက်တောက်ကျနေလို့ မမ နေမကောင်းဖြစ်မှာစိုးလို့ပါ"

"ဘာကွ"





မရ နေရာမှ ဝုန်းခနဲရပ်လိုက်သည်။

ဒေါသက မျက်လုံးတွေပြာကုန်သည်အထိ မှုးမိုက်သွား၏။

"ခွဲခြား"

ဒေါသဖြစ်ပြီဆို ခွဲခြားနှစ်လုံးကို မရ ပျစ်ပျစ်နှစ်နှစ် ခေါ်တတ်မြဲ။

"မင်းကို ဘယ်လောက်ထိ ငါ အခွင့်အရေးပေးခဲ့လို့ မင်းက ငါ့ဆံပင်တွေကို ရေသုတ်ပေးရတာလဲ၊ မင်းက ဘာလဲ"

"မမရဲ့တပည့်ပါ"

"မဟုတ်ဘူး၊ ဘာမှမပတ်သက်ဘူး။ မင်းနဲ့ငါ မဆိုင်ဘူး"

မရ တင်းမာစွာပြောသည်။

ခွဲက မမိုတ်မသုန်စိုက်ကြည့်၍ နားထောင်နေ၏။

"မှတ်ထားစမ်းခွဲခြား၊ မင်းဟာ သတ္တဝါတစ်ကောင်၊ အဲဒီ သတ္တဝါက လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ငါကယ်ခဲ့တာ ဘဝတစ်ခု ပါပဲ၊ မင်းကို ငါ ပတ်သက်ဖို့မကြိုးစားသလို မင်းလည်း ငါ့ကို တော်စပ်ဖို့ ကြိုးစားစရာမလိုဘူး၊ ဒီတိုက်ခန်းကိုပါဝယ်လိုက်တာ မင်းကို စာချုပ်စာတမ်းနဲ့ အမွေပေးပြီးမွေးဖို့မဟုတ်ဘူး။ ဘယ်တော့မှ မငြိတွယ်ထားတဲ့ငါ့ရင်ထဲမှာ မင်း အဲသလောက်နေရာမရှိဘူး၊ ငါ သတ်မှတ်တဲ့ တစ်နေ့နေ့တစ်ချိန်ချိန် မင်းဘက်က အဆင်သင့်ရှိနေရင် မနေနေ ငါသွားတော့ဆိုရင် မင်းသွားရမယ်၊ နောက်ပြန်မကြည့်ကြေး။ ပြောတာနားလည်သလား"



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ်"

သူမ ပြတ်ပြတ်မေးလျှင် ပြတ်ပြတ်ပြန်ဖြေတတ်ပုံကို ဘဝင်မကျသလို ဖြစ်ခဲ့ရပေါင်းများခဲ့တာလည်း ဟိုတုန်းကတည်းက။

"မင်းမှာ အခု အပြစ်ရှိသလား၊ မရှိဘူးလား"

"မရှိပါဘူး"

"ဘာ. . . ဘာပြောတယ်၊ မင်း ငါ့ခေါင်းကို ခွင့်မတောင်းဘဲ ကိုင်ခဲ့တာ အပြစ်မရှိဘူး. . . ဟုတ်လား"

"မမခေါင်းကို ခွဲက မရိုမသေ စော်ကားလိုစိတ်နဲ့ ကိုင်တာ မဟုတ်ပါဘူး၊ စေတနာနဲ့ပါ"

"မလိုဘူး။ ငါမလိုတာကို ဘာမှမပေးနဲ့၊ မင်း အခု ဒူးထောက်စမ်း"

" . . . "

နှုတ်ခမ်းတင်းတင်းစေ့လျက် ခွဲ တောင့်မတ်စွာရပ်နေသော အခါ မရ ဒေါသတွေ တလိပ်လိပ်တက်လာသည်။

"မင်းက ဒီလိုလား။ အေးပေါ့လေ၊ လေးတန်းကျောင်းသားကနေ ဆယ်တန်းတက်ရတော့မယ့်အရွယ်ဆိုတော့ ပညာတွေ တတ်နေပြီကိုး၊ မင်းမှာ ဒီလိုသတ္တိတွေရှိနေပြီဆိုရင် ပြည့်စုံပြီ. . . မင်းနဲ့ငါ"

"မမ. . . ခွဲ မှားပါတယ်"

မရ စကားရှေ့မဆက်နိုင်မီ ခွဲ ချက်ချင်းဒူးထောက်လေ





သည်။

သူမ ကျေနပ်ခြင်းမဖြစ်ခဲ့ပါ။

အပြစ်ရှိလျှင် 'ရှိပါတယ်' ဟု ခေါင်းငုံ့ဝန်ခံကာ မရှိဘူးထင်လျှင် တောင့်မတ်စွာ မာကျောကျောရပ်နေတတ်သည့် ခွဲသည် သတ်လိုကသေပါမည်ဆိုသော ခေါင်းမာခြင်းများနှင့် ဖြစ်သည်။

သို့သော် ထိုအမှုအရာများနှင့် အေးစက်ခြင်းအားလုံးသည် မရ ထွက်ခွာဖို့ခြေလှမ်းပြင်တိုင်း ချက်ချင်း အရောင်ပြောင်းသွားခဲ့၏။

မရ မနှစ်မြို့ခဲ့ပါ။

ခွဲကို သူမ တိုက်ခန်းလေးသပ်သပ်ဝယ်ကာ ဘယ်သူမှမသိအောင် တိတ်တိတ်လေး စောင့်ရှောက်ထားခဲ့သည်။

ပညာသင်လက်စအရွယ်လေးမို့ ကျောင်းတက်ဖို့ အားလုံးပြည့်စုံအောင် စီစဉ်ပေး၏။

ခွဲက တော်သည်။

သူတက်ခဲ့သည့်ကျောင်းမှာလည်း နှစ်စဉ် ပထမဟုပြောခဲ့တုန်းက မယုံ။

တက္ကသိုလ်၊ ရှစ်တန်းမှာ ဂုဏ်ထူးငါးဘာသာနှင့်အောင်မှ ယုံကြည်လာခဲ့မိသည်။

မရ ပထမဆုံး စိတ်လှုပ်ရှားခြင်းများနှင့် ပျော်ရွှင်ခဲ့ရသော နေ့ဖြစ်၏။

တစ်သက်လုံး ကန့်သတ်ဘောင်တစ်ခုထဲမှာ ကြီးပြင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



သန်ခဲ့ရသမျှ ကိုယ်တိုင် အောင်မြင်စွာကျော်ဖြတ်ခဲ့ဖူးသော ပန်းတိုင်များမှာပင် ဤမျှ မပျော်ရွှင်ခဲ့ဘူးပါ။

ခွဲ ရှစ်တန်းအောင်စဉ်က မရ ပျော်ရွှင်ခဲ့မိသည်။

သို့သော် သံသယနှင့် စိုးရိမ်စိတ်များ တထင့်ထင့် လုံးထွေးလာခဲ့ရတာလည်း ထိုနောက်ပိုင်းမှာပဲဖြစ်ပါ၏။

ခွဲသည် မြန်မာအမျိုးသားများထဲမှာ အလွန်ရှားပါးလောက်သည့် အရပ်မျိုးကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ကိုးတန်းကျောင်းသားဘဝမှာပင် မရထက် ပိုမိုကျော်နေခဲ့သည့်အရပ်ကို ပိုင်ဆိုင်ခဲ့၏။

အသားလေးတွေ နီမြန်းဖြူနကာ နှုတ်ခမ်းအစုံက အဝေါ်စနီလို နီရဲနေ၏။ နှာတံချွန်ချွန် မျက်တောင်ကော့ကော့နှင့် အတော်ချောမောသည့် ကောင်လေးတစ်ယောက်ဖြစ်နေပြီ။

မိန်းကလေးသူငယ်ချင်းတချို့ အိမ်ရှေ့မှာ လာရပ်တာ၊ တွဲသွားတွဲပြန်တာ မြင်ဖူးသည်။

သူငယ်ချင်းတွေပေမယ့် လူငယ်လေးများ သဘာဝထက်ပိုမိုသော ရင်းနှီးလိုမှုတွေ ကောင်မလေးများဘက်မှာ သာသာထိုးထိုး ရှိနေကြတာကို တွေ့ရသည်။

ခွဲကလည်း သူမလှမ်းမြင်လိုက်တိုင်း ရယ်ရယ်မောမောပဲ ဖြစ်၏။

အိမ်ရှေ့ဝင်လာမှ ကိုယ်ကြိုက်သည့်ပုံစံအတိုင်း ပြုံးချိုရွှင်ပျ





မှုတွေ အရှိန်သတ်ကာ တည်တည်တံ့တံ့လေး ပြောင်းသွားခဲ့သည်။

မရ ဘာတစ်ခုမှမမေးခဲ့ပါ။

ညနေစောင်း ကျောင်းလွှတ်ချိန်ပြီးသည့်အခါတိုင်း တစ်နေ့တစ်ကြိမ် မရ မှန်မှန်သွားသည်။

စာတွေမေးကြည့် လိုတာကိုပြပေး စာအုပ်တွေစစ်။

နှစ်နာရီလောက်ထိ တိုက်ခန်းလေးထဲမှာ အချိန်ဖြုန်းပြီးမှ ပြန်တတ်သည်။

ထိုအခါ ခွဲ စာအုပ်ကြားထဲမှာ မိန်းကလေးလက်ရေးများနှင့် သူငယ်ချင်းလိုလို ဘာလိုလိုစာသားလေးများနှင့် စာရွက်ခေါက်လေးတွေ ပို့စကတ်တွေ မကြာခဏတွေ့သည်။

တစ်ခါတလေ စာအုပ်ကြားမှာဖြန့်လျက်သား မြင်လျှင်တော်လိုက်မိသည်။

အခေါက်လိုက်ဆို မမြင်သလိုနေပစ်လိုက်၏။

ဒါပေမဲ့ မရ ထိုစာများနှင့်ပတ်သက်၍ ဘာမှမမေးခဲ့။

ခွဲမျက်နှာမှာလည်း မလုံမလဲ ကြောက်ရွံ့သည့်ပုံစံ မရှိ။

သို့သော် ချစ်သူထံသို့ဟုရေးထားသော ခွဲ၏လက်ရေးနှင့် စာမပါသော ပို့စကတ်အပြာလေးတစ်ခုကို မြင်လိုက်ရသောနေ့မှာတော့ မရ သည်းမခံနိုင်တော့ဘဲ စားပွဲကို စာအုပ်ပိတ်၍ ဖြန်းခနဲ ရိုက်ပစ်လိုက်သည်။

"ခွဲခြား. . . မင်း ခုမှကိုးတန်းပဲရှိသေးတယ်၊ စာပေးစာယူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပလူပျံနေပါလားဟင်၊ မင်း တကယ်လုပ်ရဲလို့လုပ်ရင်လည်း သိသာသိစေ မမြင်စေနဲ့တဲ့၊ ငါ့ရှေ့မှာ ဒီလောက်ချစ်ပြနေတာ၊ ပမာမခန့်လုပ်နေတာလား။ မင်း ရည်စားထားနေတာကို ကြွားစရာမှတ်ပြီး ကြွားနေတာလား''

''မဟုတ်ပါဘူး''

ငြင်းပုံက လူသေကောင်လို အေးစက်စက်။

အထင်မြင်လွဲမှာစိုး၍ ရှင်းပြလိုဇောမျိုးမရှိဘဲ ပေးထားသည့် ပန္နာကို တွက်နေရာမှ စာအုပ်ကြားထဲက လွင့်ထွက်လာသည့် 'ချစ်သူထံသို့' ဟု ပါသော ပို့စကတ်ကိုလှမ်းကြည့်ကာ . . .

''စာပေးစာယူ ခွဲ ဘယ်သူနဲ့မှမလုပ်ဘူး၊ ရည်းစားလည်း မထားပါဘူး''

''မထားရသေးဘူးလို့ပြောစမ်းပါ၊ ဒါဘာလဲ၊ ဘယ်သူ့လက်ရေးလဲ''

''ခွဲရေးထားတာ''

ဟုပြော၍ ဖျတ်ခနဲ မော့ကြည့်သည်။

ဘာဆက်ပြောမလဲဟု စူးစိုက်ကြည့်နေသော မရမျက်ဝန်းတွေကို ပမာမခန့်ဟု မရထင်သည့် မျက်ဝန်းများနှင့် ပြန်စိုက်ကြည့်တာဖြစ်သည်။

ခွဲဆိုသည့်ကောင်လေး ဤသို့ ရဲတင်းတတ်ပါ၏။

သို့သော် ထိုနေ့က ရှေ့ဆက်၍ ခွဲ မဖြေရှင်းခဲ့ပါ။



မရလည်း ဆက်မမေးခဲ့။

မာကျောကျောနေတတ်သော ဒီကောင်လေးရင်ထဲမှာ အဖြေတစ်စုံတစ်ခုကို ဂရုမစိုက်စွာ ပြန်ဖြေဖို့ အမြဲ အဆင်သင့်ရှိနေမည်ကို တွက်မိသည်။

ခွဲ ပညာတတ်မှန်း မရသိနေသည်။

ပြောရဲမေးရဲသောသတ္တိရှိတာလည်း သိ၏။

ဆယ်တန်းရောက်သောနှစ်ထဲမှာ ကျူရှင်ကောင်းလေး ထားပေးရုံအပြင် မရ အားမရဘဲ ကိုယ်တိုင်လည်းသင်ပေးသည်။

ခါတိုင်း တစ်ခါတရံ မရောက်ဖြစ်တာမျိုးရှိတတ်သော်လည်း ဆယ်တန်းနှစ်မှာ မရ နေ့တိုင်းရောက်၏။

နေပူမိုးရွာ ဂရုမစိုက်တတ်သောအကျင့်က ထီးမဆောင်းတတ်သော မရကို မကြာခဏ ဒုက္ခပေးတတ်သည်။

နေပြင်းပြင်းပူတိုင်း နှာမွန်ကိုယ်ပူသည်။

မိုး ရွှဲအောင်စိုမိတိုင်း ဖျားတတ်၏။

တကယ်တမ်း မရ အကြမ်းပတမ်းနေလို့ မရပါ။

ခွဲဆီသွားစဉ် အခြေအနေအရ ကြုံသလိုထွက်ရ သွားရတာမို့ ကားမပါဘဲ ဖြစ်သလိုလာရတာမျိုး ရှိသည်။

မိုးတွေစိုလာပြီဆို ဆံပင်ကိုရေသုတ်၍ စာသင်ပေးရင်း ကိုယ်ပူတွေက တရှိန်းရှိန်းတက်လာတော့သည်။

ထိုအခါ တိုက်ခန်းလေးထဲမှာ ဆောင်ထားခဲ့သည့် သူမ

www.burmeseclassic.com



အတွက် အဝတ်ပိုကိုသာ လဲကာ ရှိသည့်ဆေးလောက်ပဲ သောက်လိုက်ရသောကြောင့် စားပွဲပေါ်မှာပဲ မှောက်ရင်း အဖျားကြီးခဲ့ရတာ တွေ့ရှိသည်။

ထိုအချိန်များမှာ မရ အိပ်မက်တွေမက်တော့သည်။

ခွဲသည် သူမကို စောင်တွေအထပ်ထပ်ခြုံပေး၍ ဖွဖွလေး ဖက်ထား၏။

ထို့နောက် တင်းကျပ်စွာဖက်တွယ်လာကာ ဆံနွယ်များထဲကို မျက်နှာတစ်ပြင်လုံး တိုးဝင်သည်။

ထို့နောက် လည်တိုင်သို့. . .။

တဆင့်တိုးတက်လာသည့် အနမ်းများသည် ပါးပြင်သို့ ဖွဲ့ထိတွေ့ကာ မျက်တောင်ကော့များထိ ကျူးကျော်လာခဲ့သည်။

"ခွဲ. . . မင်း. . . မင်း. . . လွှတ်စမ်း"

"မမကို ခွဲသနားတယ်၊ ပူနေလိုက်တာမမရယ်၊ မမ ကိုယ်ပူတာတွေ ခွဲကိုမျှပေးပါ၊ မမ မဖျားပါနဲ့"

"ဟင့်အင်း. . . သွား. . . မင်း. . . ဖယ်စမ်း"

စိတ်က ငြင်းနေသည်လား၊ လက်က ဖယ်ပစ်နေမိသည် လား။

သို့သော် ခွဲရင်ခွင်ထဲမှာ သူမ နစ်မြုပ်နေမိသည့်အဖြစ်က မလွှတ်မြောက်ပါ။

တစ်ကိုယ်လုံး ချမ်းစိမ့်ကျင်ခဲနေသော ဝေဒနာသည် ထိကပ်





နေသည့်ခွဲ၏ရင်ခွင် ပွတ်သပ်ထိတွေ့နေသည့် ခွဲ၏လက်ဖဝါးများမှာ မက်မောစွာ မွေးစက်နေခဲ့မိ၏။

"အား"

ခေါင်းထောင်ဖို့ကို ခဲယဉ်းစွာ ကြိုးစားနေရသည်။

တစ်ကိုယ်လုံး တုန်ယင်နေတာ တောင့်မတ်စွာထိုင်လို့မရ။

"မမ"

"ဟင်"

လေးလံနေသော မျက်လုံးတို့ကို ကြိုးစားဖွင့်လိုက်တော့ သူမ ရှေ့မှာ ထိုင်နေသည့်ခွဲ၏အရိပ်ကို မြင်လိုက်ရ၏။

သူမ ဘယ်မှာလဲ။

"အို. . . မဟုတ်ဘူး"

မရ အဆုံးစွန်ထိလန့်ဖျန့်သွားကာ အတင်း ထထိုင်လိုက် ၏။

ဟုတ်သည်။ သူမ ခွဲ၏အိပ်ရာပေါ်မှာ။

"မမ အရမ်းမထနဲ့လေ၊ ခေါင်းမူးမှာပေါ့"

"မင်း. . . ငါ့ကို ဒီပေါ် ဘာဖြစ်လို့တင်ထားတာလဲ"

"မမ တအားဖျားပြီး ကုလားထိုင်ပေါ်မှာ သတိလစ်သွားတာ၊ ကြမ်းပေါ်ပြုတ်ကျမလိုဖြစ်တော့မှ ဒီကို ပွေ့လာခဲ့တာပါ"

"ဘာ"

ရှက်ရွံ့ဒေါသများနှင့် အော်လိုက်မိသော်လည်း တုန်ယင်နေ



www.burmeseclassic.com

www.burmeseclassic.com



သောအသံက မပီမသထွက်လာသည်။

ကိုယ်ပေါ်မှာ နှစ်ထပ်ထပ်၍ ခြုံပေးထားသည့် ဂွမ်းကပ်စောင်များနှင့် အိပ်မက်၊ ငါ ငါ အိပ်မက်မက်နေတာ ဟုတ်ရဲ့လား။

မရ ခွဲမျက်နှာကို တရားခံတစ်ယောက်လို စူးစူးဝါးဝါးကြည့်မိ၏။ တစ်ခန်းလုံးမှာ ဒရင်းဘတ်မရှိ။ ခုတင်အပိုမရှိ။

ခွဲ ဒီလိုလုပ်တာကို သူမ အပြစ်မပြောနိုင်။

ဒါပေမဲ့ ရင်ထဲမှာ ဖွင့်ဟမမေးနိုင်သည့် ရှက်ရွံ့သံသယများနှင့် ။

"ဘယ်နှစ်နာရီရှိပြီလဲ"

"ဆယ့်နှစ်နာရီ"

"ဟင်"

ညဥ့်၏ကာလကြောင့် ပတ်ဝန်းကျင်က တိတ်ဆိတ်ခြင်းသာ လွှမ်းမိုးလျက်။

"အပြင်မှာ ငါ့ကို ကားထွက်ငှားပေး"

ဟုပြော၍ မရ အိပ်ရာထက်က ဖွတ်ဆင်းသည်။

ကြမ်းပေါ်ခြေချမိသော် ပုံခနဲလဲကျသွား၏။

"မမ"

"မကိုင်နဲ့"

အနားရောက်လာသည့်ခွဲကို ရိုက်ထုတ်မတတ် ဝေ့ယမ်းငြင်းဆန်ကာ လူးလဲထရပ်သည်။





မဖြစ်မနေပြန်မှ ဖြစ်မှာမျိုးမဟုတ်ပါ။

မိဘမဲ့အမျိုးသမီး ထိန်းသိမ်းစောင့်ရှောက်ရေးကျောင်းကလေး ဖွင့်ထားသဖြင့် မရ ဘယ်အချိန်အပြင်ထွက်ထွက်ရသည်။

မိုးထက်က 'မာနမာန်'မှာနေ၍ မရက ကျောင်းကိုဦးစီးရသူ။ တစ်ခါတလေ ညအိပ်နေလိုက်တာမျိုး မကြာခဏရှိတတ်၍ ခွဲဆီမှာ အချိန်ဘယ်လိုပဲယူယူ ဖြစ်သည်။

ဒါပေမဲ့ စိတ်ထဲမှာ ကြောက်ရွံ့နေသည်။

စောစောက သူမမက်ခဲ့သည့်အိပ်မက်က အိပ်မက်ဟုတ်ရဲ့လား၊ ကိုယ့်ထက်မိုးနေသော အရပ်ကြီးနှင့် ချောမွေ့သောမျက်နှာကို ထိတ်လန့်စွာကြည့်ကာ အပြင်ထွက်ရန် မရ ဖွတ်ထလျှောက်၏။

အား

မမ

လေးငါးလှမ်းခန့်မှာ ခွေခနဲပြန်ကျ၏။

ခွဲ ဖျတ်ခနဲဝင်ဖက်လိုက်၏။

မရ စကားမပြောနိုင်တော့ဘဲ သတိက ကိုယ်မှ ခွာချင်နေသည်။

ဒါပေမဲ့ အာရုံကတော့ လုံးဝ ပြတ်ထွက်သွားတာမဟုတ်သေး။

ခွဲ သူမကိုယ်ကို ညင်ညင်သာသာ ပွေ့ချီလိုက်တော့၏။

သူ...သူ ကလေးလေးမဟုတ်တော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဝပြီးခေါ်လာခဲ့တဲ့ ခွဲခြားမဟုတ်တော့ဘူး။

သူ့လက်နှစ်ဖက်ပေါ်မှာ ရင်ခွင်ထဲမှာ မျက်နှာလေးကပ်ကာ မရသည် ကလေးငယ်သာသာပါလား။

တောက်လျှောက် မေ့လျော့စွာနေလာခဲ့သမျှ မတူညီသော ဆန့်ကျင်ဘက်တို့ကို တရေးရေးတွေးမိလာရင်း မရ အသိတရားတို့ကို အတင်းဆုပ်ဆွဲထားမိ၏။

စောစောကအိပ်မက်မျိုး မမက်ပါရစေနဲ့ . . .

ဟင့်အင်း. . .

မရ ချမ်းလာလိုက် ပူလာလိုက် တဆတ်ဆတ်တုန်နေရင်း အိပ်ပက်ကို ကြောက်ရွံ့သော်လည်း . . .

❀ ❀ ❀



## အခန်း (၁၃)

မရ မျက်လွှာချ၍ ရပ်နေပေးလိုက်သည်။

မိုးထက်၊ အမြင့်စံ၊ နန်းပန့်ခမ်း နှင့် မေအာကာ။

လေးယောက်လုံး သူမရှေ့မှာ ရပ်နေကြ၏။

မိုးထက်က သူမရှေ့ကို တစ်လှမ်းချင်းလျှောက်လာသည်။

"မိုးထက်ပြောသမျှ ငါ့စကားပဲ၊ သူ့စကား သူ့အမိန့်ကို အားလုံး နာခံရမယ်"

ဟူသော မေမေမာ၏ မှာကြားချက်အရ ဘယ်သူ့ကိုမြင့်မြတ် မိုးထက် ဆုပ္ပမာန်မဲခွင့်ရှိသည်။

ရိုက်နှက် အပြစ်ပေးခွင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မိုးထက်သည် တင်းမာရက်စက်တတ်ခြင်း၊ မသနားတတ်ခြင်း၊ တယူသန်ခြင်းကအစ မေမေမာနှင့် ခြေရာတူလေသည်။

အားလုံးထဲမှာ အကြီးဆုံးလည်းဖြစ်သည့် မိုးထက်ရှေ့မှာ မရ လက်နှစ်ဖက်ဆန့်ချ၍ မျက်လွှာချရပ်နေပေးခဲ့သည်။

မိုးထက်က သူ့မရှေ့မှာရပ်၍ . . .

"သိနေတာကြာပြီ၊ မနိုင်လုံသေးလို့ မပြောတာမရ၊ ခွဲခြားဆိုတဲ့ကောင်လေးကို စိမ်ကိန်းကြီးကြီးချပြီး ဒီအရွယ်ထိ လူမသိသူမသိ ကြီးပြင်းအောင်စောင့်ရှောက်လာခဲ့တာ ဘယ်လိုရည်ရွယ်ချက်လဲ၊ ဘယ်လို သတ္တိတွေနဲ့ ငါတို့ကိုဆန့်ကျင်တာလဲ၊ မလုပ်ရဘူးဆိုတာကိုမှ အကြီးအကျယ် ဆန့်ကျင်ပြီးလုပ်ပြတာ၊ မေမေမာက ဒုက္ခိတပဲဆိုပြီး ဂုရုမစိုက်တာလား"

မေမေ့ကို ဘယ်လိုမှထိပါးမခံတတ်ခဲ့သော မရ၏အေးစက်စက်မျက်ဝန်းလေးတွေ ဝင်းခနဲပြေးတက်သွားသည်။

မိုးထက်နှင့် မျက်လုံးချင်း အတန်ကြာဆုံမိနေကြ၏။

"မင်း အဲဒီကောင်လေးကို မရိုးသားစိတ်တွေနဲ့. . ."

"မဟုတ်ဘူး"

"ဆက်ပြော"

"တော်တယ်၊ ပါရမီရှိတယ်၊ မိဘမျိုးရိုးသန့်တယ်၊ အရည်





အချင်းရှိတဲ့ကလေးတစ်ယောက် လေလွင့်လူငယ်လေး ဖြစ်သွားမှာစိုးလို့"

"သူက ယောကျ်ားလေး"

"မရ ခေါ်လာခဲ့တုန်းက ကလေးပါ"

"ခုကော"

"ကလေးလို့ပဲမြင်ပါတယ်"

"ဟုတ်မှမဟုတ်ဘဲ"

"မှန်ပါတယ်၊ ဆယ်တန်းဖြေပြီးတာနဲ့ လွှတ်ပေးလိုက်မှာပါ"

"ဖြန်း"

မရ ကိုယ်လေးလန်ကျသွားသည်။

တင်ပါးသည့် နောက်ကစန္ဒယားခုံနှင့်ခံဆောင့်မိ၍ လဲကျမသွားခဲ့။

"ညက မင်း ဘယ်မှာအိပ်ခဲ့သလဲ"

မရ မျက်နှာလေးနီရဲသွား၏။

ပါးမို့မို့လေးနှစ်ဖက်ကို ရှုံးစိုက်ကြည့်ကာ မိုးထက် ရှေ့ဆက်တိုးသည်။

"ငါမေးနေတယ် မရ"



www.burmeseclassic.com

www.burmeseclassic.com



"မရ ဖျားနေလို့ပါမမိုး။ ခုလည်း. . ."

"မင်း သေသင့်တာပဲ"

ရိုက်ချက်တွေ နှစ်ချက်ဆက်ရောက်လာပြီး မရ သတိလစ်သွားခဲ့၏။

အဖျားကြီးနေစဉ်ကာလနှင့် အချိန် ရက်နှစ်ဆယ်တိတိ ဆေးကုပြုစုပေးကာ . . .

"မင်းမှာ အပြစ်ရှိသလား မရှိဘူးလား"

"ရှိပါတယ် မမိုး"

"ကောင်းပြီ. . .လာခဲ့"

ခွဲ ဆယ်တန်းဖြေပြီးသည်အထိ တာဝန်ယူနိုင်အောင် သူမ အားရှိသမျှ လုံးပမ်းမည်။

မိန်းကလေးတွေ ဘဝကို ကယ်ယူစောင့်ရှောက်ခြင်းကမှ မြတ်သလား။ ယောက်ျားမိန်းမ ဘာဖြစ်ဖြစ် ဘဝတွေကို ကယ်ဆယ်တာ မတူဘူးလား။

မရ သတ္တိတွေမွေးခဲ့သည်။

ဘာအကြောင်းနဲ့ဖြစ်ဖြစ် ခွဲခြားကို ဆုံးခန်းတိုင်အောင် တာဝန်ယူဖို့ ဆုံးဖြတ်ခဲ့၏။

နောက်ပိုင်းဘဝကို ရှန်းကန်ဖို့တော့ သူကြိုးစားပေါ့။





သို့သော် တကယ်တမ်းတွင် အဖြစ်ပျက်တို့က ယုံနိုင်ဖွယ်မရှိ။

ကာလတစ်ခုနှင့်တစ်ခုကြားမှာ ကြန့်ကြာမှုမရှိဘဲ ဆက်တိုက်ဖြစ်ပွားခဲ့တာ ဖြစ်သည်။

ထိုပြဿနာများက တစ်ထောင်တန်လေးတစ်ရွက်မှစ၍. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မရ. . . ဟင်. . . နင်ရှိနေသားနဲ့"

အသံကြောင့် အတွေးစတို့ပြတ်တောက်ကုန်ကာ မရ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

"ဟင်"

တစ်ဆက်တည်း နေရာမှထရပ်လိုက်မိသည်။

သူမမျက်ဝန်းတို့သည် ဖြိုးလက်ထဲမှာကိုင်လာသည့် စာအိတ်ရှည်ကြီးကြောင့် ဝိုင်းစက်သွားခဲ့ရ၏။

"ဒါ. . ."

စကားကို ရှေ့မဆက်ဖြစ်။

ဖြိုးက ဆေးအိတ်နှင့်စာကို စားပွဲပေါ်မှာ အသာချ၍ ဂျူတီ





ကုတ်ကို မချဖြစ်သေးဘဲ. . .

"ခုပဲ အပြင်မှာ စာပို့သမားနဲ့တွေ့လို့ ယူလာတာ၊ ငါက နင်အထဲမှာ အိပ်ပျော်နေပြီး စာပို့သမားခေါ်မရလို့ ရပ်နေတယ်မှတ်တာ"

"ငါ"

မရ ဘာပြောရမှန်းမသိ။

စာပို့သမားက ဘာတွေတိုင်လိုက်ပြီလဲ။

အိမ်ကိုလာတဲ့စာပဲ။ ဘယ်သူ့စာဖြစ်ဖြစ် လက်ခံပေးလိုက်ရုံလေးကို သူမ ရိုင်းပျစွာငြင်းဆန်ခဲ့သည့်အဖြစ်အတွက် ဘယ်လိုရှင်းမလဲ။

သို့သော် စာပို့သမားက ပြော၍လား. . .

ဖြိုးကပဲ ထုတ်မံ နားလည်ခွင့်လွှတ်ခဲ့တာလားမသိ။

ဖြိုးက အပြုံးမပျက်ဘဲ စာကိုပြန်ကောက်၍ ပြုံးသည်။

"စာပို့သမားကလည်း တို့ဆီလာသမျှ ဒီပုံစံမလာဘူးတော့ အံ့သြနေသလားမသိပါဘူး။ အကြောင်းကြောင်းပဲဟ၊ ကြည့်ဦး၊ စာက နာမည်မပါဘာမပါနဲ့. . ."

ပြောရင်း စာကို သေချာထောင်၍လှည့်ပတ်ကြည့်၏။

"အင်း. . . ချစ်သူဆိုတာ နာမည်ပဲထင်တယ်၊ လိပ်စာနဲ့ ရောက်လာတာဆိုတော့ . . ."

စာကို မရလက်ထဲလာထည့်ပေးပြီး ဂျူတီကုတ်ကို ချိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာသွားချိတ်သည်။

မရ ကိုးစောင်တိတိမှာ လက်ဖျားနှင့်ပင် မထိခဲ့ဖူးသော စာအား ဆယ်စောင်မြောက်မှာ လက်ထဲရောက်ခဲ့ပြီ။

သို့ . . .

ချစ်သူ

ဆိုသောစာလုံးကို ဝေခနဲဖတ်ကာ စာကို စားပွဲပေါ်ဖျတ်ခနဲ လှမ်းချလိုက်၏။

ဖြိုးက ဒီဘက်ပြန်လျှောက်လာ၍ . . .

"ဘယ့်နှယ်လဲ၊ ငါတို့ဖောက်ဖတ်သင့်လားဟင်"

"အို . . . မဖတ်ပါနဲ့၊ ကိုယ့်နာမည်နဲ့မှ မဟုတ်တာ"

မရ ပျာပျာသလဲတား၍ နေရာမှထရပ်လိုက်သည်။

"ဘာဖြစ်လဲဟ၊ ဒီအိမ်မှာ ငါနဲ့ကိုကိုနှစ်ယောက်ပဲရှိတာ၊ ချစ်သူ့ဆိုတော့ ဒီမှာ ချစ်သူဆိုတဲ့နာမည်မရှိတဲ့အတွက် ချစ်တဲ့သူကို ရည်ရွယ်တာ၊ ငါ့မှာ ဒီလိုရေးမယ့်သူမရှိတာသေချာတော့ ကိုကို့စာပဲ ဖြစ်မှာ၊ ပြီးတော့ ဒီမှာ ခေတ္တဂျပန်တဲ့၊ ကိုကိုက ဂျပန်မှာ တစ်နှစ် ကျော်ကျော်နေဖူးတယ်၊ ဖောက်လမ်းပွေ့ဘာတွေ ရှိချင်ရှိလာမှာ"

"အဲဒါ နင့်ဆေးကျောင်း ဒုတိယနှစ်ကတည်းကဆို၊ စာက ခုမှလာပါ့မလား၊ ပြီးတော့ ယောကျ်ားလက်ရေးကြီး"

မရက စာမဖွင့်မိအောင်တားသလော်က် ဖြိုးက စာလုံးတွေကို စိတ်ဝင်စားနေသည်။





"ယောကျ်ားလက်ရေးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ အရမ်းလှတာပဲ၊ လက်ရေးဆိုတာ ပြုပြင်လို့ရတာပဲဟ၊ မိန်းမရေးတာမဟုတ်ဘူးလို့ ပြောလို့ရမလား၊ ငါတော့ ဒီလောက် ချစ်စရာလက်ရေး ဒီ တစ်ခါပဲမြင်ဖူးတယ်၊ ဖွင့်ဖတ်မယ်ဟာ၊ ကိုကို့စာဆိုတော့လည်း မသိလို့ဖတ်တာပေါ့၊ ကိုကိုနဲ့ငါက ပြဿနာမရှိပါဘူး"

"အို . . . မကောင်းပါဘူး"

စာအိတ်ကို ဖောက်ပစ်လိုက်သည့်အချိန်ထိ မရ တားနေမိသေး။

ဖြိုးကလည်း စာအိတ်အတိုင်း ပြာလဲ့သောအရောင်ရှိသည့် စာရွက်လေးကို ဆွဲထုတ်ပစ်လိုက်၏။

မရ စာရွက်ကို အခေါက်မဖြေမီ ကျောခိုင်းထွက်လာခဲ့မိ၏။

"ဟယ် . . . စာရွက်ပေါ်က ဆံပင်ရှည်တွေဖြန့်ထားတဲ့ မိန်းမပုံက မရ နင်နဲ့တအားတူတာပဲ . . . ကြည့်စမ်း၊ တိုက်တိုက်ဆိုင်ဆိုင်"

မရ ခြေလှမ်းတုံ့မသွားမိအောင် ထိန်း၍ လှည့်မကြည့်ဘဲ နေခဲ့၏။

သို့သော် ဖြိုးကဖွတ်။

"မရ . . . လာပါဟာ၊ နင်ကလည်း ငါတို့နှစ်ယောက်ပဲ ရှိတာ၊ ခွဲခြားခွဲခြားနဲ့ ငါက ပျော်ချင်လို့စာဖောက်လိုက်တာ၊ အတူတူ ဖတ်မယ်၊ လာပါ"

"ငါ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး. . .လာ"

ဖြူးက မရလက်ကိုထဆွဲကာ ဆိုဖာပေါ်မှာ အတူတွဲထိုင်၏။

ပြီးမှ စာကိုသေချာပြန်ဖြန့်၍ မရနှင့် ပခုံးချင်းထပ်အောင် ကိုယ်ကို ယိုင်ပြီး မျက်နှာနှစ်ခုရှေ့မှာ စာကိုထောင်လိုက်၏။

"မမ" တဲ့. . .

ဟု အသံထွက်ဖတ်သည်။

ကိုယ်ကိုပါ ကွဲထွက်သွားအောင် အံ့ဩဟန်ဖြစ်ပြီး . . .

"အဲတော့. . .မရ နင်ပြောသလိုပဲ၊ ကြည့်စမ်း။ တကယ် ယောကျ်ားရေးတာဟ၊ ဒါ. . .ဒါဆို ကိုကို့စာမဟုတ်ဘူး။ မြတ်စွာဘုရား။ ငါ့ဆီ အဲသလိုပို့မယ့်သူ ရှိတယ်၊ အံ့ဩလိုက်တာ"

ရယ်ရှိန်လေးသတ်၍ စာကို တိတ်ဆိတ်စွာ ဖတ်ပါတော့။

မမ. . .

သိပ်ချစ်တယ်. . .

ဘာကြောင့်ဆိုတာ မပြနိုင်ဘဲ အမြစ်တွယ်ခဲ့တာ. . .

ဘယ်လောက်ဆိုတာ ဖော်ကာပြလို့မရလောက်အောင် ရင်ထဲမှာ ကျွန်တော့် အသွေးအသားထဲမှာ မမနဲ့ပဲ ပြည့်နေတာ. . .

စာအရှည်ကြီးရေးလည်း မမ မဖတ်ဘူးဆိုတာသိတယ်. . .

မရေးတော့ဘူး. . . စာတိုပေမယ့် အချစ်တွေက အပြည့် အသိပ်ပါ . . . မမကို သိပ်ချစ်တယ်. . .





ပန်းပွင့်လေးတွေမြင်တိုင်း ချစ်တယ်. . .

ပွင့်အာတော့မယ့် နှင်းဆီငုံလေးတွေမြင်တိုင်း သတိရတယ်. . . သီချင်းတွေညည်းမိတိုင်း မမပဲ မမရယ်. . .

ကဗျာတွေထဲမှာ မမရောက်နေတယ်. . .

နေရယ်. . . လရယ်. . . ကျွန်တော်ရယ်လေ. . .

မမ မပြေးနိုင်အောင် အုပ်ဖမ်းဖို့လာခဲ့မယ်. . . သိလား. . .

သိပ်ချစ်တတ်သလောက် မုန်းတာကိုဂရုမစိုက်တဲ့. . .

ကျွန်တော်

"ဟယ်"

စာကိုအကြာကြီး စိုက်ဖတ်နေပြီးမှ အပျိုကြီးမမ ဟယ်ကနဲ တိုးတိုးကလေး အသံထွက်၏။

"စာရေးတာလေးက ချစ်ဖို့ကောင်းလိုက်တာ ဘယ်သူလဲမသိဘူး"

ဟု မေးသောအသံလေးနှင့် ဖြူး ပြောတော့မှ သက်ပြင်းကို ခိုးချမိသည်။

ဖြူး သူမကို နည်းနည်းလေးမှ သံသယမဝင်

"မရ"

"ဟင်"

"နင် ဖတ်ပြီးပြီလား"

"ဘယ်လိုထင်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေး အဲဒီကိစ္စတွေ ငါ စိတ်မဝင်စားဘူး"

"နင်ကလည်း"

ဟုသာဆိုပါသည်။

မရပြောတာကို ဖြူး စိတ်မဝင်စားပါ။

မရနဲ့ မရ၏ စိတ်ဓါတ်အကျင့်ကို သူမ နားလည်ပြီးသား

"ငါ ငါ့ကို ဆေးရုံတစ်ရုံတည်းမှာ အတူဆင်းတဲ့ ဒေါက်တာ မောင်ချိုက မရိုးမသားဆက်ဆံခဲ့တယ် ခုထိပရိုပိုစ်လုပ်တော့ မလုပ်သေးပါဘူး ငါလည်း သူ့ကိုရင်မခုန်ခဲ့ဘူး ဒါပေမယ့် ဒီစာထဲက စာလုံးလေးတွေကို ငါရင်တွေခုန်လိုက်တာ ကြည့်စမ်း လက်ရေးကလည်းလှတယ် စာသားလေးတွေကလည်း သူချစ်နေတာကို ရင်ခွဲပြနေသလိုပဲ သူ ဘယ်သူလဲမသိဘူး ငါ့ကိုမမလို့ ခေါ်ရလောက်တဲ့အရွယ် ငါ့ပတ်ဝန်းကျင်မှာ မရိုးမသားနဲ့ဖုံ တစ်ယောက်မှ မရှိတာသေချာတယ်"

သူ့ဟာသူ ပြောနေသလိုလို ကိုယ့်ကိုပြောနေသလိုနှင့် ဖြူး ခံစားနေတာကိုကြည့်၍ မရ စိတ်လည်းပျက် နားမထောင်ချင်အောင်လည်းဖြစ်မိသည်။

ဒါဟာ စာနာ သနားစရာဟု မရ မမြင်နိုင်. . .။

စာလေးတစ်စောင်ဖတ်၍ ပျော့ခွေလဲကျတော့မလို ဖြစ်သွားလောက်အောင် ခံစားရလား. . .။

ဖေါ်သလည်းဖြစ်မိသည်။

စာထဲမှာ ဘယ်နှစ်ကြောင်းမြောက် ဘာညာအကြောင်းများ





နှင့် နာမည်ထည့်မထား ကျေးဇူးတင်ထိုက်ပါ၏။

သို့သော် ထိုစာကြောင့် ဖြူးခံစားနေရပြီ။

ဒါဟာ ဘာအဓိပ္ပါယ်မှ မရှိသည့်လုပ်ရက်. . .

ညအိပ်ရာဝင်သည့်အထိ မျက်လုံးထဲမှာ မြင်နေသည်က. . .

မမကိုသိပ်ချစ်တယ်. . .။

ကျေနပ်လက်ခံလိုစိတ်နှင့် မဟုတ်ဘဲ ထိုစာလုံး သို့မဟုတ် ထိုစာလုံးရေးသော လက်တစ်ဖက်ကို ဖြတ်ယူလွှင့်ပစ်လိုက်ချင်သည့် မုန်းတီးမှုများနှင့်သာ ဖြစ်ပါ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ငါ အချိန်မရွေး ဆရာဝန်ထလုပ်လို့ရတယ်ဆိုသော မာန်က တဖြည်းဖြည်းပြိုလဲချင်လာသည်။

တကယ်တန်းအလုပ်လုပ်ဖို့ လျှောက်လွှာတင်လိုက်တော့မှ မလွယ်ကူမှန်းသိလာရ၏။

ဘွဲ့ရပြီးအလုပ်မလုပ်ဘဲ နေလာခဲ့သည့်နှစ်များက နကွာဝေး ခဲ့သလို အလုပ်တကယ်ကျလာတော့ ရန်ကုန်နှင့်ဝေးလံသီခေါင်သော နယ်စွန်နယ်ဖျားသို့ဖြစ်သည်။

"ဘယ်အရပ်ပဲဖြစ်ဖြစ် ငါသွားချင်ပါတယ် ဒါပေမယ့်ဟာ ငါ့ မှာတာဝန်တစ်ခုရှိနေသေးတယ် ဖြိုးရယ် ဒီတာဝန်မကျေရသေးဘဲ ငါ ဘယ်ကိုမှ မသွားချင်ဘူး"





သူမ ဖြိုးကိုတော့ ဖွင့်ပြောတိုင်ပင်မိ၏။

ဖေဖေ ရန်ကုန်မြို့ပေါ်မှာ ရှိနေသည်ဆိုသော သတင်းကို သူတို့ရထားခဲ့သည်။

အဲဒီကာလမှာ မမမိုးနဲ့ မေမေတို့ ဒေါသပုန်ထခဲ့ကြသည်။

"မေမေမှာ ဘာဖြစ်လို့ ဒီလောက်ဖြစ်သွားတာလဲ မမမိုး၊ ဘာမှမစားဘူးဆို မနက်ကလည်း ဘာမှမစားဘဲနဲ့"

"ဟုတ်တယ် နေမကောင်းတာမဟုတ်ဘူး ဒေါသကြီးနေတာ"

"ဘာဖြစ်လို့လဲ"

"ဦးမောင်မောင်လွန်၊ ရန်ကုန်ပြောင်းလာပြီကြားလို့"

မမမိုးက ပြောပြသည်။

မေမေမှာက ထမင်းမစားဘဲနေပြီး လူမမာလို ပျော့ခွေနေတာ မဟုတ်ဘဲ လက်သီးဆုပ်၍ တက်တခေါက်ခေါက် . . . ။

တော်ရုံဘာကိစ္စပဲဖြစ်ဖြစ် မေမေမှာဆီ သူမတို့သွားလာဝင် ထွက်ခွင့် မရှိခဲ့ပါ။ ဘယ်လိုအရေးအခင်းပဲရှိရှိ မေမေမှာကလည်း သမီးတွေနှင့် ကိုယ်တိုင်ဆင်းတွေ့ခြင်း သိပ်မရှိ။

လွန်ခဲ့သောနှစ်နှစ်ဆယ်ခန့်ကတည်းက လှေခါးထစ်တစ်ဝက် ကနေ ခြေချော်ကျ၍ ကိုယ်တစ်ပိုင်းအဖော်ရာရသွားခဲ့တာ ဖြစ်သည်။

မေမေရိုတို့ ရှိနေကြစဉ်က ဆေးကုခံယူခဲ့ဖူးသည်။

ပြန်ကောင်းသွားပြီးမှ ဒေါသကြီးမှုကြောင့်ပဲ ပြန်ဖြစ်နေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ပြန်ကုလျှင် အချိန်မရွေးကောင်းနိုင်ဖွယ်ရှိပေမယ့် မကု တော့ဘဲထားခဲ့၏။

"ဘာဖြစ်လဲ၊ ကျိုးကျိုးကန်းကန်း တမာခါးပဲ၊ ခြေထောက်ရှိရင် လျှောက်သွားနေမိတာရှိဦးမယ်၊ ကျိုးနေတော့အေးရော"

မေမေက ရွဲ့နေသည်။

ဘာကိုရွဲ့မှန်းတော့မသိ။

အကျိုးရလာဒ်ကတော့ သူမ ဒုက္ခိတဖြစ်နေခြင်းသာ။

မေမေ ထိုမျှထပေါက်ကွဲခဲ့သော သတင်းက မရအတွက်တော့ စိတ်ဝင်စားစရာဖြစ်လာခဲ့၏။

မေမေကတော့ နဂိုကတည်းက မသန်မစွမ်းပေမယ့် စိတ်ကတော့ မလျှော့။ ဖေဖေ ရန်ကုန်ရောက်လာတာကို သူ့ဟာသူ အကြောင်းရှိလို့ ပြောင်းလာတာပဲဟုမမြင်ဘဲ ဘယ်လိုအဓိပ္ပာယ်တွေးချော်နေသည်မသိ။

မရကတော့ ဒါကို မကြာခဏတွေးဖြစ်ရင်း သူမ ဖေဖေ့အပေါ် ဘယ်လိုစိတ်ထားနိုင်မလဲ။

ပြီးတော့ မေမေပြောသလို ဖေဖေ့အပေါ် သူမ ခါးသီးသော သဘောထားနှင့် ဆက်ဆံသင့်သလား။

ထိုသို့သောအတွေးများနှင့် မကြာခဏ လုံးထွေးနေခဲ့ရသည်။

ခုချိန်မှာတော့ ဖေဖေနဲ့ပတ်သက်၍ သူမ ဖော်ထုတ်ဖို့ဆုံးဖြတ်ခဲ့ပြီးပြီ။





ဒါပေမဲ့ ဘယ်သူ့ကိုမှတော့ မပြောဖြစ်ခဲ့ပါ။

"ငါ. . . ဒီလောက် ဓားလွယ်သီခေါင်တဲ့နေရာကိုသွားလို့ မဖြစ်သေးဘူး။ မြို့ပေါ်မှာ ပြန်ရအောင်လျှောက်မယ်၊ မကျရင်နေပါစေတော့"

ဆုံးဖြတ်၍ သူမ အလုပ်အကိုင်တစ်ခုခု အတည်တကျရဖို့သာ ကြိုးစားရတော့သည်။

ဖြိုးက သူမ ဘာလုပ်လုပ် သက်ပြင်းချနေသည်။

ထို့နောက်များမှာ သို့. . . ချစ်သူ ၏ စာပိုင်ရှင်ကို အကဲခတ်ရင်းရှာဖွေရနှင့် အဆိုးဆုံးက မရကို သူမအစ်ကိုနှင့် စကားစလာတာပင်။

"ကိုကို့စာထဲမှာပါတယ် သိလား၊ မရကို သိပ်လှတာပဲတဲ့၊ ဒီလောက်လှတဲ့မိန်းမမျိုး သူမမြင်ဖူးသေးဘူးတဲ့၊ ကိုကိုက သိပ်အေးဆေးတာဟ၊ ဒီအရွယ်ထိ ဘယ်မိန်းမနဲ့မှ တရင်းတနှီးမရှိခဲ့ဘူး၊ သူ ဒီလာတုန်း နင့်ကိုမြင်ဖူးတာ ခဏလေး၊ စာလာတိုင်း နင့်အကြောင်းပါတယ်၊ ငါက နင်စိတ်ဆိုးမှာစိုးလို့ မပြောရဲတာ"

"စိတ်ဆိုးမှာစိုးရင်လည်း မပြောဘဲနေလိုက်ပါလား ဖြိုးရယ်၊ နောက်ကို အဲဒီကိစ္စ ဘယ်တော့မှမစပါနဲ့၊ ငါ အိမ်ကထွက်လာခဲ့ရတာလည်း အဲ့ဒီသံသယတွေကြောင့်ပဲ၊ မကြားချင်ဘူးဟာ"

ဒီလူ အိမ်ရောက်လာကတည်းက မရ မျက်နှာချင်းမဆိုင်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကို ရောက်နေတယ်ဆိုကတည်းက နောက်လည်းဖင်ထွက်လာလျှင် မဖြစ်မနေ ဆုံကြဦးမှာမို့ ဖြိုးကအတင်းခေါ်၍ ထွက်တွေ့ခဲ့ရသည်။

စိတ်ထဲမှာ ဒေါသမကင်း။

ဒီလူ့မျက်နှာက ဣန္ဒြေရှိသလိုပေမယ့် မျက်ဝန်းများက အကြည့်ရိုင်းသည်။

ထို့ကြောင့် ခဏလေးပဲပြောဆိုနှုတ်ဆက်ပြီး ပြန်ဝင်လာခဲ့မိ၏။

နောက်ပိုင်းမှာ ခရီးခဏခဏထွက်နေတတ်သည့် ထိုသူလည်း မလာတော့၊ တွေ့လည်း မတွေ့ကြတော့ပါ။

ဖြိုးက စကားစလာပြန်ပြီ။

မရ စကားကို အကောင်းဆုံးပြောလိုက်ရပေမယ့် မျက်နှာကတော့ ဟန်ဆောင်လို့မရ။

သတင်းစာလှန်လှောနေရင်း ဖြိုးပြောတာကိုပဲသတိရကာ ဒေါသဖြစ်နေမိ၏။

သူ ငါ့စိတ်ကိုသိရက်သားနဲ့ ဟူသောအတွေးက ခွင့်မလွှတ်ချင်ဘဲ ဖြစ်နေခဲ့သည်။

စိတ်က သတင်းစာထဲမှာမရှိဘဲ လျှောက်လှန်နေရင်း မျက်လုံးက ကြော်ငြာတစ်ခုကိုဖြတ်သွားလိုက် ပြန်ရောက်လိုက်။

အကြိမ်များစွာ ခလုတ်တိုက်နေခဲ့ပြီးမှ သေချာကြည့်၏။





'ဆရာဝန်အလိုရှိသည်'

အထူးအဆန်းပါလား. . .။

သေချာဖတ်လိုက်တော့ ဟုတ်သည်။

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ။

အပျိုလူပျိုဖြစ်ရမည် . . . သို့မဟုတ်

အိမ်ထောင်သားသမီး မရှိစေရ. . .။

စရိတ်ငြိမ်းအားလုံးနှင့် အမြင့်ဆုံးလစာ ချီးမြှင့်မည်။

အောက်မှာ လိပ်စာအပြည့်အစုံရေးထားသည်။

ဒေါ်မမနန်းထိပ်ဆိုသည့် နာမည်ကို အထပ်ထပ်ဖတ်မိ၏။

ငါ ဒါကိုကြားဖူးတယ်၊ ဘယ်မှာကြားဖူးပါလိမ့်။

ဒီနာမည်မျိုး ရင်းနှီးနေသည်။ စဉ်းစားပေမယ့် မရ။

ကြော်ငြာက ရိုင်းသလိုလိုနှင့် စီးပိုးသလိုလို။

ဒါပေမဲ့ လိုရင်းတိုရှင်းမို့ ဖြစ်ပါလိမ့်မည်။

မရ စိတ်ဝင်စားသွား၏။

ကြော်ငြာနောက်ဆုံးရက်ကိုကြည့်တော့ မတွေ့။ ဒါကို မရ သေးလို့ ထည့်နေတာဖြစ်သည်။ စဉ်းစားမနေတော့ဘဲ နေရာမှထကာ လိပ်စာမည်ထင်တာအစုံထည့်၍ ထွက်လာခဲ့၏။

ထိုစဉ် သူမကအထွက် ဖြိုးကအဝင်။

စာပို့သမားလည်း ရောက်လာသည်။

ဖြိုးမျက်နှာလေး ပန်းနုရောင်သမ်းကာ ဝမ်းသာအားရ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်နေရပေမယ့် ဝမ်းသာလှိုက်လှဲစွာခံစားနေရသည့် လက်တို့က တုန်နေသည်။ လက်တစ်ဖက်သည် တံခါးကိုပိတ်နေရင်း လက်တစ်ဖက်က စာအိတ်ကို ထောင်ကြည့်နေမိ၏။

သို့ ...

ချစ်သူ

သူ... ဘယ်သူများလဲကွယ်...။

❀ ❀ ❀



## အခန်း (၁၆)

"မင်းကိုမြင်တာနဲ့ ဘာမဆိုယုံကြည်ပြီးသားဖြစ်သွားတာ ထူးတော့ထူးခြားနိုးတယ်၊ အင်တာဗျူးတောင် မလိုဘူး"

ပြောပြီး စာရွက်စာတမ်းအားလုံးကို မရလက်ထဲပြန်ပေးသည်။

ဒေါ်မမနန်းထိပ် ဘယ်သူ့ဂုဏ်းမသိသေးသော်လည်း သူမရှေ့မှာထိုင်နေသည့် အမျိုးသမီးကြီးနှစ်ယောက်လုံးဟာ ဒီအိမ်ကြီး၏ အရှင်သခင်တွေပဲဖြစ်မည်ကို တွက်လိုက်မိသည်။

အမျိုးသမီးကြီးများသည် တစ်ယောက်က ကကြီးပုံမဟာနှင့် ဆံပင်တွေကို အပြောင်သိမ်းကာ နောက်တွဲဆံထုံးထုံးထား၏။

ပန်းမပန် ဆံထိုးမပါဘဲ ဒီတိုင်းပဲဖြစ်ကာ လည်ပင်းမှာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြားတစ်ကုံးကို အတော်ရှည်လျားစွာဆွဲထား၏။

လက်ကောက်လက်စွပ်အားလုံး ရွှေတွေချည်းပဲဖြစ်၏။

တစ်ယောက်ကတော့ အငယ်ဖြစ်ပုံရကာ နဖူးပြင်မှာ ဆံစ တချို့ချထားသည်။ ဆံပင်တွေကို နောက်မှဆံညှပ်နှင့် သိမ်းညှပ် ထားသည်။

ဆံပင်က ကျောလယ်သာသာရှိပေမယ့် အားကောင်းနေဆဲ။

သူမကိုယ်မှာတော့ စိန်ထည်တွေချည်းဆင်ထားပြီး မျက်နှာ မှာလည်း မိတ်ကပ်နှုတ်ခမ်းနီနှင့်ပဲ ဖြစ်၏။

သို့သော် နှစ်ယောက်လုံးမှာ ရှုပ်ချင်းဆင်သဘောက် ချော ကြတာလည်း အတူတူပင်။ လှုမမမာက ဘယ်မှာပါလိမ့်။

တိုက်အိမ်ကြီးမှာ ပစောက်ကွေ့ပုံအထဲမှာရှိကာ အပေါ်ထပ် ထပ်လုံး၏ မျက်နှာစာမှာ ဝရန်တာထုတ်ထားသည်။

တံခါးများအားလုံး နီရဲသောကျွန်းတံခါးများနှင့် မှန်များဖြစ် ပြီး ဝရန်တာတန်းများကိုလည်း သံမဏိတန်းများ ပတ်ခွေထားတော ဖြစ်၏။

ခန်းဆီးလိုက်ကာတွေက အောက်ထပ်မှာ ကော်ဖောကအစ ကျောက်စိမ်းရောင်များဖြစ်၏။ အပေါ်ထပ်မှာကျတော့ ရွှေအိုရောင် ရင့်ရင့်မှာ အနီရိုပ်တွေသမ်းနေသည်။

ဆန့်ကျင်ဘက်အရောင်တွေနှင့် တိုက်ကြီးတစ်ခုလုံးက စိတ္တဆေနဲ့ပေမယ့် လှပခန့်ညားမှုများက လွှမ်းကဲနေသဖြင့် ကြည့်





ကောင်းနေသည်။

ခင်းကျင်းထားသမျှ ပစ္စည်းပရိဘောဂများအားလုံးက ခေတ်မှီ အဖိုးထိုက်သောအရာတွေချည်းမို့ မျက်လုံးဘယ်ကိုပဲရွှေ့ရွှေ့ ဝေးနေဖို့ သာ ကောင်းသည်။

"မိန်းကလေး"

"ရှင်"

ဒေါ်မမနန်းထိပ်က မရ ငေ့ငဲအကဲခတ်နေတာကို အချိန် ယူစောင့်နေပြီးမှ အသံပေးလိုက်တာဖြစ်သည်။

မရက လန့်သွားသလို ဖျတ်ခနဲလှည့်မကြည့်ဘဲ မျက်ဝန်း တွေကို ရှုယ်သိမ်းလိုက်ပြီး ဣန္ဒြေရရပဲ လှည့်ကြည့်၏။

"မင်းနာမည် မင်းမရနော်"

"ဟုတ်ကဲ့… မှတ်ပုံတင်ပြဖို့ လိုပါသေးသလားရှင်"

"မလိုပါဘူး။ ဒီမှာဖြည့်စုံပါတယ်၊ မင်းမှာ အဖေမရှိတော့ဘူး။ အမေရှိနေသေးတယ်ဆိုတော့ မင်း ဒီမှာနေထိုင်ဖို့ သူနဲ့ အဆင်ပြေ ပါမလား"

"ပြေပါတယ်"

မရဖြေနေတာကို ဒေါ်မမနန်းထိပ်က ဂရုမထားဘဲ မေးမြန်း တွေးမေးနေသမျှ အငယ်ဖြစ်သည့် အမျိုးသမီးကြီးကတော့ မရကို စူးစိုက်ကြည့်နေခဲ့တာ မျက်လုံးတစ်ချက်ကလေးမှ မလွှဲ။

"မင်းလို ဘွဲ့ရပြီး အလုပ်မဝင်ရသေးဘဲ ခုလိုသို့နော်၊ အစစ



www.burmeseclassic.com

www.burmeseclassic.com



အရာရာ အန်တီတို့လိုအပ်ချက်တွေနဲ့ ပြည့်စုံနေတာမျိုး နောက်ထပ်ရဖို့မလွယ်တော့ဘူး၊ ဒီတော့ အန်တီတို့က မင်းကို အလုပ်ခန့်ဖို့သဘောတူတယ်၊ မင်းဘက်ကပြောပါဦး''

''မရက အလုပ်လိုချင်လို့ လာစုံစမ်းတဲ့သူပါ၊ အလုပ်သဘောနဲ့ လစာကို လက်ခံနိုင်ရင် အဆင်ပြေမှာပါအန်တီ''

''ကောင်းပြီ''

အမျိုးသမီးကြီးက ဘေးကတစ်ယောက်ကို အတည်ပြုပေးဖို့ ကြည့်သလို တစ်ချက်မျှငဲ့ကြည့်လိုက်သည်။

ပြီးတော့ သူမကပဲပြုံး၍ ဆက်ပြောသည်။

''မင်းကုသပေးရမှာက စိတ်ဝေဒနာရှင်တစ်ယောက်ပဲ''

''ရှင်''

မရလန့်သွား၏။ ထို့နောက် ပျာပျာသလဲဖြစ်သွားပြီး . . .

''မရက စိတ္တဗေဒဆရာဝန်မှမဟုတ်တာ''

''မှန်ပါတယ်၊ သူက အဲဒီလိုဝေဒနာမျိုးမဟုတ်ပါဘူး''

အမျိုးသမီးမျက်နှာ ဖြူပျော့ကျသွားကာ ပင့်သက်မျှင်းမျှင်းချ၏။

''မင်းကုသရမယ့်လူနာအကြောင်း မင်းကိုပြောပြသင့်ပါတယ်၊ ဒီလိုပါ သူ့တာ ခု ကိုယ်တစ်ပိုင်းသေနေတယ်ကွယ်၊ အဲဒါ ရောဂါကြောင့် မဟုတ်ဘူး၊ သူ့စိတ်က သူ့ကိုပြန်သတ်တာ၊ အိမ်ထောင်သက်နုနုမှာပဲ ဇနီးနဲ့ကွဲသွားခဲ့ပြီး အဲဒီဇနီးကို သူစွဲလမ်းတမ်းတရင်း အခန်း





အောင်းအရက်သောက်တယ်၊ နေ့နေ့ညည မထတမ်းပေါ့ကွယ်၊ သူ့ကိုရှေ့ဖို့မပြောနဲ့၊ သွားထိတာတောင်မကြိုက်ဘူး၊ အရက်သောက်တယ်၊ အဲဒီမှာပဲအိပ်တယ်၊ နိုးတော့ ထပ်သောက်တယ်၊ အများမြင်မှာတော့ သူက လူမိုက်ပေါ့၊ ဒါပေမဲ့ သူဟာ သိပ်ကိုသနားစရာကောင်းပါတယ်ကွယ်''

အမျိုးသမီးကြီး မျက်ရည်ဝဲ့နေသည်လား။

မျက်ဝန်းတို့ကိုငေးကြည့်ရင်း မရစိတ်ထဲမှာ တစ်မျိုးကြီးခံစားလာရ၏။ သူမမျက်ဝန်းတွေ ကိုယ့်ထံပြန်ရောက်လာသည်အထိမရ မျက်လုံးမလွှဲဘဲ စိုက်ကြည့်နေမိ၏။ စိတ်ဝင်စားနေမိတာတော့ အမှန်ပဲဖြစ်၏။

''အစတုန်းက သူဟာအပျော်ကြိုက်တယ်၊ လွတ်လွတ်လပ်လပ်နေတယ်၊ အဲဒါကြောင့် နာမည်ပျက်တွေရှိခဲ့တယ်၊ သူအိမ်ထောင်ကျတော့ အဲဒီဇနီးဟာ သူ့အပေါ် ဒါတွေနဲ့ပတ်သက်ပြီး အခုအခံထားခဲ့တယ်''

မရ စဉ်းစားရပြီ၊ နာမည်ပျက်တွေရှိခဲ့တယ်ဆိုတာ ပတ်ဝန်းကျင်ပြောစရာ သူ နေထိုင်ပေါ့ပျက်ခဲ့လို့ပေါ့။

ကိုယ်ကမမှားဘဲ ပတ်ဝန်းကျင်ပါးစပ်ထဲမှာ ရာဇဝင်တွင်ဖို့ရှိပါ။

ငါ ဒီမှာလုပ်လို့ဖြစ်ပါ့မလား။

လူနာဟာ ယောကျ်ားတစ်ယောက်ဖြစ်မှန်းသိတာတည်းက



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ခေါင်းခါဖို့သာ တိုက်တွန်းနေခဲ့၏။

ဒေါ်မမနန်းထိပ်က မရမျက်နှာလေးကို စူးစူးခနဲတစ်ချက်ကြည့်၍ . .

"လူ့စိတ်ဆိုတာ သိပ်ကိုဆန်းကြယ်ပါတယ်ကွယ်၊ ဆိုးတဲ့လူ ကောင်းလာတော့ လူကောင်းလိုက်လို့မမီအောင် ကောင်းတတ်ပါတယ်၊ သူက သူ့ဇနီးကိုတွေ့ပြီးတဲ့နောက်မှာ လုံးဝပြောင်းလဲသွားခဲ့တယ်၊ အပြင်ဆို ခြံထဲတောင်ဆင်းမလျှောက်ဘဲနေခဲ့တယ်၊ မိန်းမဆို မိန်းမ ရုပ်တောင် သူ့ရှေ့ယူလာတာ မကြိုက်ခဲ့ဘူး"

"သူ့မိန်းမက ဘာလုပ်သွားလို့လဲဟင်"

အမျိုးသမီးကြီးက တစ်စုံတစ်ရာအတွက် ပြောရခက်သလို မျက်နှာပျက်သွားပြီးမှ အားယူ၍ . . .

"သူမချစ်တဲ့မိန်းမကို ပေါင်းသင်းခဲ့ရပြီး သူချစ်တဲ့မိန်းမ ကတော့ သူ့ရင်သွေးကိုလွယ်ပြီး ထွက်ပြေးသွားတယ်လေ"

"ရှင်"

မရ မျက်နှာ ကွက်ခနဲပျက်သွား၏။

ဤသည်ကို ဒေါ်မမနန်းထိပ်က မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"သူဟာ မှားခဲ့တာတွေရှိချင်ရှိလိမ့်မယ်၊ ဒါပေမဲ့ မှားတယ်ဆိုတာကို သိတဲ့အချိန်မှာ သူပြုပြင်ခဲ့တယ်၊ လက်ခံပေးမယ့်သူ မရှိတော့ဘူး၊ အဲဒီ ယူကျုံးမရခြင်းတွေကို သူ နှစ်ပေါင်းများစွာ ကြိတ်



ခံစားခဲ့ရှာတယ်"

"ဒါကတော့ ဘယ်လိုမှ လက်ခံပေးလို့မဖြစ်တော့အောင် မှားယွင်းခဲ့မယ်ဆိုရင် . . ."

"အဲဒီလောက်မဟုတ်ခဲ့ပါဘူး၊ အမှားဆိုတာရှိရင် အမှန်ပြင် လို့ရနေတာပဲ"

"ပြင်လို့ရတာရှိတယ်၊ မရတာရှိတယ်၊ စလာကတည်းက အဖြေမထွက်နိုင်တဲ့ အမှားဆို ဘယ်လိုမှ မမှန်နိုင်တော့ဘူး အန်တီ"

မရက ရဲရဲတင်းတင်း ဝေဖန်လိုက်သည်။

အမျိုးသမီးက စိတ်မဆိုးဘဲပြုံးလိုက်၏။

"အဲဒါက အခက်ဆုံးပေါ့ကွယ်၊ သူက သူ့ရဲ့မှားခြင်းမှန်ခြင်း ကို ဘယ်သူ လက်ခံခံမခံ ဂရုမစိုက်ဘူး၊ သူ လက်ခံစေချင်တာ တစ်ယောက်တည်းပဲ၊ အဲဒီတစ်ယောက်ဟာ . . ."

ပြောနေရင်း ရပ်တန့်သွား၏။

စကားပိုင်းသည် ခဏမျှ ငြိမ်သက်သွားပြီး . . .

"မင်း . . သူ့ကို ပြုစုဖို့မလိုဘူး၊ နေ့စဉ် ကျန်းမာရေးစစ် ဆေးပေး ကုသပေးရုံပဲ၊ ပြီးတော့ ကျဆင်းနေတဲ့ သူ့ရဲ့စိတ်ကို တည့် မတ်ပေးစေချင်တယ်၊ ဒီခြေထောက်တွေကို ဆေးကုသမှုခံယူဖို့ ခေါ်နိုင်မယ့်အထိ အောင်မြင်ရင် မင်းကို ကျေးဇူးဆပ်ဦးမှာပါ၊ အခု မင်းကို နေထိုင်စားစရိတ်အပြီး တစ်လ နှစ်သိန်းပေးမယ်၊ မင်းစိတ် တူလာတာနဲ့ မကိုက်သေးဘူးဆိုရင် ထပ်ပြောပါ၊ အန်တီကတော့

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေစေချင်တယ်''

မရ ဒီလူကြီးနာမည်ကို သိချင်လာချေသည်။

ဒါပေမဲ့ မမေးဖြစ်ခဲ့ပါ။

ရင်ထဲမှာ တစ်ခုသောဆူးဖြင့် နင့်သီးစွာ ထိုးစိုက်ခံလိုက်ရပြီက သေချာ၏။

သို့သော် ထိုဆူးဟာ ဘာဆူးမှန်းမသိ။

သူမ ပထမဆုံးပြင်းပြသော ဆန္ဒတစ်ခု ဖြစ်ပေါ်လာခဲ့၏။

ထိုဆန္ဒသည် မေမေ့ကို သွားမေးချင်နေ၏။

ဖေဖေ့နာမည် ဘယ်သူလဲမေမေ။

ရင်ထဲမှာ အထပ်ထပ်မေးနေမိသည်။ ဦးမြဆိုတာ ဘယ်လိုနည်းနှင့်မျှ မဟုတ်နိုင်။

ထိုအချက်ကိုသိသော်လည်း အစကတော့ တင်းကျပ်သော ဝါဒတစ်ခု၏ စည်းမျဉ်းတစ်ဘက်မှာ ဘာမှမသိသလိုနေနိုင်ခဲ့သည်။

ခုတော့ ဤနာမည်တစ်ခုဟာ အသိချင်ဆုံး အရေးတကြီး နေရာမှာ ရှိနေခဲ့ပြီ။

''မင်းမရ''

''ဟင်. . . ရှင်''

မရ ကြက်သေ့ပျက်သွားခဲ့သည်။

''အန်တီတို့ပြောတာ မင်း ဘယ်လိုဆုံးဖြတ်မလဲ''

''လောလော ပြောဖို့မရှိပါဘူး''





''ဟုတ်ပြီ၊ ရှိတာကိုပြောပါ''

''လူနာကို မရ အရင်စမ်းသပ်ကြည့်ချင်တယ်၊ သူ ဘာရောဂါဖြစ်တာလဲလို့ပေါ့''

''ချောင်းဆိုးတာပဲ၊ အရက်ဒဏ်တွေပဲဖြစ်မှာပါ၊ အခု သူ တီဘီဖြစ်ချင်သလိုလို လက္ခဏာပြလာတယ်၊ ဒါ ဂရုစိုက်လိုက်ရင် ပျောက်တယ်လို့ ဆရာဝန်ကြီးတွေက ပြောတယ်လေ၊ အဲဒါကို အန်တီတို့က မောင်လေးအတွက် ခုလို အိမ်းကပ်ဆရာဝန်နဲ့ ထားချင်တာ၊ သူနာပြုလောက်ကို မလိုချင်လို့''

ထိုအခါ တစ်ချိန်လုံးငြိမ်သက်စွာ ကြည့်နေခဲ့သည့်တစ်ယောက်က ဝင်ပြောလာ၏။

''လူနာမှာဖြစ်နေတဲ့ ရုပ်ကောစိတ်ကော သူခံစားနေရသမျှ ဆရာဝန်လက်ကိုအပ်တဲ့ သဘောပဲ၊ ကဲ. . . မမ သူ့ကို မောင်လေး နဲ့သာတွေ့ပေးလိုက်ပါ''

''လာ. . . တူမ၊ အန်တီ့နောက်လိုက်ခဲ့ပါ''

အိမ်ကြီးထဲဝင်ခဲ့ပြီးကတည်းက မရ စိတ်ဝင်စားနေခဲ့သော လှေခါးကျယ်ကြီးကို တက်ခဲ့ကြရ၏။

မြက်ခင်းစိမ်းရောင် ကတ္တီပါကော်ဇောကြီးက နင်းလိုက်တိုင်း ခြေဖဝါးနစ်ဝင်သွားသလား ထင်ရလောက်အောင် နူးညံ့နေ၏။

တစ်ဘက်စောင်းကွေ့တက်သွားသည့် ကြောင်လိမ်လှေခါး ကြီးက မြင့်သလောက် အပေါ်တစ်ထပ်လုံးက ခြိမ့်ဟီးနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပုံစံကိုက စိတ္တဇဆန်နေသည်။

သူတို့ လှေခါးထိပ်ရောက်လျှင် အခန်းတစ်ခုထဲမှထွက်လာပုံရသော မိန်းမကြီးတစ်ယောက်၏လက်ထဲမှာ နွားနို့ဖန်ခွက်တစ်လုံးနှင့် ရွှေဝါရောင်ဗန်းတစ်ချပ်။

"ဒေါ်မြ. . . မောင်လေးအိပ်နေလား"

"မအိပ်ပါဘူး။ ခုပဲ နို့နဲ့မုန့်ကျွေးလာတာ"

ဟု ဖြေ၍ ကိုယ်ကိုယို့ကာ လမ်းဖယ်ပေးသလိုရပ်နေ၏။

စင်္ကြံလမ်းက ခုနစ်ပေခန့်ထိကျယ်ပါသည်။ မျက်နှာစာမှာဆို ထုပ်ဆီးထိုးကာစားလို့ရသေးသည်။

ပရိဘောဂပစ္စည်းတွေ အခန်းတွေလွတ်သည့်နေရာဖော အနည်းဆုံး ခုနစ်ပေသာသာခန့်ရှောက် ဖြစ်သည်။

ဒါကို ကိုယ်ကို ဘေးမှာ တီမ်းပေးရှပ်စောင့်နေဖို့ မလိုပါ။

လွန်ကဲသောရိုကျိုးမှုနှင့် ဒေါ်မြဆိုသောမိန်းမကြီးကို မျက်နှာချင်းဆိုင်မိသည်အထိ မရ ငေးကြည့်နေမိသည်။

ခြသေ့်ခေါင်းကြီးကို လှပစွာ ကနုတ်ပွင့်တွေဖေါ်၍ ထွင်းထုထားသည့် ကျွန်းတံခါးရွက်ကြီးတွင် လက်ကိုင်ကွင်းကြီးက ခြသေ့်ရုပ်၏ နှုတ်သီးဖျားမှ ကိုက်ခဲထားသလို အသက်ဝင်လှသည်။

မရ ခြသေ့်ရုပ်ကိုကော ရွှေကွင်းကြီးကိုပါ စိတ်ဝင်တစားကြည့်၏။

ဒါ ရွှေအစစ်တွေများလား။



ဟိုမိန်းမကြီး နို့ဖန်ခွက်တင်ထားတဲ့ဗန်းက ရွှေဗန်းလား။

ကွင်းကိုကိုင်၍ အနည်းငယ်တွန်းလိုက်သည်နှင့် တံခါးမကြီးက ပွင့်သွား၏။

"ဟော. . . မောင်လေးက ကုလားထိုင်ပေါ်ရောက်နေပြီကိုး။ ဒီနေ့ နေသာထိုင်သာရှိရဲ့လား"

ကုလားထိုင်နှင့် ကျောပေးထိုင်နေသူ တစ်ယောက်။

ရုတ်တရက်ကြည့်တော့ ဝိုးလ်ချဲဟုမထင်ရဘဲ သူလှမ်းကြည့်နေ. . . ယက်လှုပ်လိုက်မှ လှုပ်ရှားသွားသည့်ကုလားထိုင်ကို သတိထားမိသ[illegible]

ဝိုးလ်ချဲနှင့်ထိုလူကြီးဟာ မရ၏လူနာ ဖြစ်ပါလိမ့်မည်။

လူကြီးက အမှတ်တမဲ့ပုံစံ လှည့်လာပြီးမှ မရကိုမြင်သွားတော့ စိုက်ခနဲကြည့်၏။

မရမျက်နှာလေးမှ တစ်ကိုယ်လုံးကို ဝေ့ခနဲ။

ပြီးလျှင် မျက်နှာလေးသို့ ထပ်မံကြည့်ရှုလာပြီး ထူ၍ညိုမှောင်နေသော မျက်ခုံးထောန်းနှစ်ခုက တစ်စစ ဦးစိုက်တွန့်ကုတ်လာ[illegible]

"တ. . . မာ. . . ခါး"

မရ ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။

မကြားပေမယ့် ထိုလူကြီး ဘာရွတ်လိုက်တယ်ဆိုတာကို သဘောသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တမာခါး. . .

မေမေ့ကို ဒီလူကြီးသိနေသည်။

သက်သေခံမည့်သူ မလို။

ပစ္စည်းသက်သေ တစ်စုံတစ်ရာမလိုဘဲ တစ်စုံတစ်ခုက ရင်ထဲမှာ နိုင်မာသွား၏။

"မင်း. . ."

လူကြီး၏လက်တစ်ဖက်သည် လက်ညှိုးညွှန်လျက် တစ်စစ မြင့်တက်လာသော်လည်း မရနောက်မှာရပ်နေသည့် အမျိုးသမီးကြီး တို့ဆီ တစ်ချက်ဝေ့သွားပြီး လက်က တဖြည်းဖြည်း ပြုန်ကျသွား သည်။

မျက်ဝန်းတို့မှာ ထိန်းချုပ်လိုက်ပုံနှင့် အတန်ငယ်တည်ငြိမ် မှုရှိသွား၏။

"လာ. . . တူမငယ်. . . ဒီမှာထိုင်"

မှန်အပြည့်ခင်းထားသည့် ကျွန်းစားပွဲကြီးက ပွတ်လုံးတိုင်ကြီး မှ ကြွရွလျက်လှပနေသည်။

အိမ်ရာကြီးနှင့် ခြေရင်းမကျတကျမှာရှိကာ အိပ်ရာဘေးမှာ တော့ မီးအုပ်ဆောင်းတစ်ခုနှင့် စားပွဲငယ်တစ်လုံး ရှိပါသေးသည်။

ထိုပေါ်မှာ ကွန်ပျူတာတစ်လုံး ရှိနေသည်။

ဘေးမှာ သေသပ်စွာစီစဉ်ထားသည့် စာအုပ်ထပ်များနှင့် ဘေးမှာ အသေးစားရေခဲသေတ္တာလေး တစ်လုံး။





နံရံမှာ ခြသေ့်ပုံပန်းချီကားကြီးတစ်ချပ်က အသက်ဝင်လှ ၏။

မရ မျက်ဝန်းတွေကို ဘေးဘီဝေ့ဝဲရင်း စိတ်ကို တည်ငြိမ် အောင် ကြိုးစားနေမိသည်။

ဒါပေမဲ့ တုန်ယင်လှုပ်ရှားလျက် သူမကို စားပွဲကြီးဘေးမှာ ထိုင်စေသည်အထိ စူးစိုက်ကြည့်နေသော လူကြီးဆီ နောက်ထပ် မကြည့်ဝံ့အောင် ကြိုးစားပေမယ့် မအောင်မြင်။

မရမျက်နှာ ဒီဘက်ပြန်လှည့်လိုက်တော့ လူကြီး၏မျက်ဝန်း တို့က ဖြူတင်းတံခါးမှ အဝေးဆီသို့ ငေးမျှော်ရင်း ဆွေးမြေ့နေ၏။

"မင်းနာမည် ဘယ်သူတဲ့လဲ"

"မင်းမရပါ"

သူသည် တစ်စုံတစ်ရာကို ထပ်မံမေးလိုနေပုံမျိုးနှင့် နှုတ် ခမ်းတို့က လှုပ်ခတ်နေဆဲရှိ၏။ သို့သော် ဘာမှထပ်မံမမေးတော့ပါ။

"မောင်လေး. . . သူက ဆရာဝန်တစ်ယောက်လေ၊ လက်ရှိ အလုပ်မဝင်သေးတဲ့သူပေါ့၊ မင်းကို ဆေးကုပေးဖို့ သူ ဒီမှာနေလိမ့် မယ်"

"သမီးက မှတ်ထား၊ သမီးဆေးကုရမှာက သူပဲ၊ နာမည်က ဦးမောင်မောင်လွှန်း၊ အန်တီ့နာမည်က ဒေါ်ဒေဝီနန်းထိပ်၊ သူက ဒေါ် မမနန်းထိပ်တဲ့၊ စောစောက သမီးတွေ့လိုက်တာက ဒေါ် ဒီအိမ်မှာ အချက်အပြုတ်ပေါ့၊ ဒို့ပြင် သန့်ရှင်းရေးနဲ့ လျှော်ဖွတ်တဲ့အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိသေးတယ်၊ သမီး ဒီကိုပြောင်းလာတာနဲ့ မိတ်ဆက်ပေးမယ်''

မရ ဘာမှမပြောရသေး။

အလုပ်ကိုလက်ခံပါမည်ဟုလည်း သဘောမတူရသေးဘဲ သေချာနေကြသည့် အမျိုးသမီးနှစ်ယောက်ကို မရ ငေးကြည့်မိ၏။

သူမ အလုပ်ကို မလုပ်လိုပါဟု မငြင်းဆန်ဘဲနေခဲ့မိတာကလည်း ထူးဆန်းပါဘိ။ မရသည် ဘယ်သောအခါကမှ သူများဆုံးဖြတ်ပေးတာကို လွယ်ကူစွာ မနာခံတတ်ခဲ့သော်လည်း ယခုတော့ . . .

❀ ❀ ❀



## အခန်း (၁၄)

လှူနေအိမ်ခြံထဲမှာ ညှော်မှုကြီးကျယ်လှပသော ခြံကြီးမျိုးကို မရ မမြင်ဘူးခဲ့ပါ။

ပန်းမျိုးစုတွေကလည်း စုံနေသည်။ အရောင်အနုအရင့် ပန်းအမျိုးအစားကအစ စိုက်ပျိုးထားပုံစနစ်ကျ၏။

ခြံထဲမျက်နှာစာလေးဘက်စလုံးမှာ ပန်းခင်းနှင့် ခုံတန်းငယ်လေးများကို ပန်းကမ္ဘာလေးသဖွယ် အစုံမိုးကာရံပေးတာတွေ တစ်ခုစီရှိ၏။

ပြီးတော့ ရေကူးကန်နှစ်ခုရှိနေသည်။

မနက်စာစားပြီးကတည်းက လျှောက်ကြည့်နေခဲ့တာ နေအတော်မြင့်သည်အထိ မန္တစပ်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ"

ဖုန်းမြည်လာသဖြင့် နားထောင်လိုက်တော့ ဒေါ်မမအသံကို ကြားလိုက်ရသည်။

ရောက်စတုန်းကလို မင်းနဲ့တို့နဲ့ မရပြောတော့ဘဲ သမီးလို့ပဲ ခေါ်တော့သည်။

"ဖုန်းယူထားသမီး၊ ဖုန်းရှိတာက ငွေကုန်တာကိုတွက်လို့ မရဘူး၊ အချိန်ကုန်သက်သာတယ်၊ ဆက်သွယ်ပြောဆိုတဲ့နေရာမှာ အရမ်းအဆင်ပြေတယ်"

ဟန်းဖုန်းတစ်လုံးကိုလည်း ဒေါ်မမကပဲ ဝယ်ပေးထားခဲ့၏။

လိုအပ်မည်ထင်သော သူမပြောသမျှ ဆေးနှင့်ဆေးပစ္စည်းတို့ကို အားလုံးဝယ်ပေး၏။

ဦးမောင်မောင်လွန်းကတော့ သူမနှင့်ဆုံမိတိုင်း မျက်မှောင်ကုတ်နေတတ်ကာ စူးစိုက်ကြည့်နေတာမျိုးလည်း ရှိသည်။

မျက်နှာလွှဲနေတာလည်း ရှိ၏။

သူမ ကုသလုပ်ကိုင်ပေးသမျှ ငြိမ်သက်နေပေးခဲ့သော်လည်း စကားတော့မပြော။ ထမင်းစားဖို့ လာခဲ့တော့ဆိုမှ ဖုန်းကိုပိတ်၍ မရ နေရာမှထခဲ့သည်။

သူမ တစ်မနက်လုံး ပန်းခြံထဲဆင်းနေခဲ့သမျှ ခြံ၏အလှအပများ ဝင်လာလိုက် ဦးမောင်မောင်လွန်း၏ မျက်နှာချောချောကြီးက ဝင်လာခဲ့လိုက်။





"လာ...သမီး၊ ထမင်းတစ်ခါတည်းစား၊ ခါတိုင်းလည်း အိမ်မှာ လူစုံမှထမင်းစားကြတာ သမီးရဲ့ မောင်လေး ဒီလိုဖြစ်သွားတော့လည်း ပုံစံမပျက်ဘူး၊ အခု သမီးရောက်လာတော့ ပိုပြီး စိုပြည်သွားတာပေါ့"

ထမင်းစားတာက အပေါ်ထပ် ဦးမောင်မောင်လွန်း အခန်းထဲမှာပဲဖြစ်၏။

ဒါကြောင့် ထမင်းစားပွဲကြီး ဒီထဲမှာပြင်ထားတာကို ခုမှပဲ သဘောပေါက်တော့သည်။

ရောဂါသည်ဆိုပြီး အထီးကျန်အားငယ်မသွားရအောင် စီစဉ်ထားတာဖြစ်မည်။ ဆိုးတော့မဆိုးပါ။

"ရော့...သမီးစား၊ ဒါ ပုစွန်ထုပ်၊ ပန်းတနော်ချောင်းလေးဆီကက မိတ်ဆွေတွေ လာပို့တာသမီးရဲ့၊ တစ်ကောင်တည်းကို သုံးဆယ့်ငါးကျပ်သားရှိတာ အသားဆိုတာ ပျော့အိနေတာပဲ စား"

ဒေါ်မမက ပုစွန်ထုပ်ကို ကိုယ်တိုင်ထည့်ပေးသည်။

ဒေါ်ဒေဝီကလည်း ကြက်သားကြော် လှမ်းထည့်ပေး၍...

"ဒီမှာကြက်သားကြော် သမီး၊ ထောပတ်ဆီနဲ့ကြော်ပြီး အချဉ်လေးဆမ်းထားတာ၊ အိမ်မှာက ဆီပြန်ဆို သိပ်မစားကြဘူး သမီးရဲ့၊ ကြော်ချင်ကြော် မဟုတ်ရင် ဆီအနည်းအကျဉ်းပဲသုံးတာ၊ အသက်တွေ ထည့်ကြီးပြီဆိုတော့ အသားငါးဆို ရသလောက်တော့ ကြော်စားလိုက်တာပဲ၊ သမီးမစားတတ်ရင် ကြိုက်တာလုပ်ခိုင်းနော်၊ အားနာဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး"

"ဟုတ်ကဲ့"

"ဒီအိမ်ကို ကိုယ့်အိမ်လိုပဲသဘောထား၊ အန်တီတို့မှာ အပျိုကြီးတွေလည်းဖြစ်၊ မောင်လေးကလည်း နောက်ထပ် မိန်းမယူဖို့ ဘယ်လိုမှ တိုက်တွန်းမရတာနဲ့ ချစ်ရမယ့်တူ တူမလည်းမရှိဘူး၊ ဆွေမျိုးနီးစပ်တွေဆိုတာလည်း ဟုတ်လှတာမှမဟုတ်တာ၊ အခုလော လောဆယ် ငယ်သူဆိုလို့ သမီးပဲရှိတယ်ကွယ်၊ အန်တီတို့ကတော့ ကိုယ့်တူမလေး သမီးလေးလို့ပဲ သဘောထားတာပါ၊ သမီးကတော့ အန်တီတို့ကို ရင်းနှီးချင်ရဲ့လား"

အပြောသက်သက်မဟုတ်ပါ။

တကယ်ချစ်ချင် ရင်းနှီးချင်ပုံရှိနေသော လှိုက်လှဲသည့် မျက်ဝန်းတွေကို မရ ငေးကြည့်ရင်း ခေါင်းကို အရင်ညိတ်ပြမိ၏။

"ဟုတ်ကဲ့"

ဆိုပြီးတော့လည်း ဘာဆက်ပြောရမှန်းမသိ။

"ရော့...မောင်လေးတာလေ၊ နည်းလှချေတား စားမကောင်းလို့လား"

"ကောင်းတယ် မမကြီး၊ ဝသွားလို့ပါ"

ဦးမောင်မောင်လွန်းက ပါးစပ်သုတ်ပြီး ရေချိုင့်ကိုလှမ်းကိုင်တော့ အနားမှာမို့ မရကပဲ ခပ်ပေးလိုက်သည်။

"ရော့...ဦး"





မရကို ဦးမောင်မောင်လွန်းက မျက်လုံးတစ်ချက်စွေကြည့်ပြီး ရေခွက်ကိုယူ၏။ နှစ်ယောက်လုံး မျက်လုံးချင်းဆုံစဥ်မှာ သာမန်ထက် ပိုကဲသော ဆွဲငင်မှုများနှင့် ငေးခနဲဖြစ်သွားကြသည်။

ဒီလူကြီး မျက်လုံးတွေမှာ လျှို့ဝှက်မှုတွေ ရှိနေသလိုပါပဲ။

မျက်ဝန်းထဲက သိပ်သည်းမှုလိုခံစားမိရင်း ရင်ထဲမှာ လေးနက်မှုများနှင့် နွေးထွေးနေခဲ့ပြန်သည်။

"သမီး"

စားသောက်ပြီး အချိုပွဲတွေချထားသည့် ဒေါ်မမကပဲ စကားစ၏။

"သမီး...ဒီကိုမရောက်ခင်က မားကတ်မှာလုပ်တာဆို စပ်စုတယ်မထင်နဲ့နော် သမီး၊ ရင်းနှီးချင်လို့သိချင်တာမျိုးပါ"

"ဩော်...ဟုတ်ပါတယ်အန်တီ၊ မေမေ အဲ့...ဟို အစကတည်းက အလုပ်ဝင်ထားတာမဟုတ်တော့ ပြန်လျှောက်ရတာခက်ခဲသွားတာလေ၊ အဲဒါကိုစောင့်ရင်း အလုပ်ရှင်လုပ်တာပါ"

"ဒါဆို အလုပ်ကျရင်..."

"အလုပ်ကကျပါပြီ၊ မလုပ်ဖြစ်တော့တာ"

"ဘာဖြစ်လို့လဲ သမီး"

"တာဝန်ကျတဲ့ဆီ မသွားနိုင်လို့ပါ"

"ဩော်"

စကားတွေ မှားကုန်မည်စိုးကာ မရ ထမင်းစားပွဲမှ ထ၍



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

တော်ပါသေးသည်။ မေမေ့အကြောင်းပါလာလျှင် ဒုက္ခ။

မရ တစ်စုံတစ်ခုကို ကြိတ်တွေးနေမိသည်။

သူမ တစ်ခုခုတော့ လှုပ်ရှားရပါမည်။

မေမေ့ဆီ ဖုန်းဆက်ရမည်။

ဘာဖြစ်လို့လဲဟုဆိုပါလျှင် . . .

မရ မငြိမ်သက်သောအတွေးများနှင့် လှေခါးကြီးပေါ်မှ ဆင်း၍ အောက်ထပ်ဧည့်ခန်းသို့ လှည့်လိုက်လျှင် . . .

"ဟာ"

"အင့်"

ပစ်တိုက်မိသည့်အရှိန်သည် အမာခံနှစ်ခုသာဆို ကွဲရသွားနိုင်၏။

မရ အင့်ခနဲဖြစ်သွားသလို ခေါင်းထဲမှာပြာသွား၏။

ထို့နောက် လက်ခုံမှာ မာကြောသောအရာတစ်ခုနှင့် တိုက်မိကာ ကိုယ့်လက်ကြောင့် ထိုအရာ ပြုတ်ကျသွားခြင်း ပျက်စီးခြင်း အားလုံးကိုပါ ခံစားမိလိုက်၏။

လူသည် နံရံပေါ်အရှိန်နှင့်လန်ကျသွားပြီး နာကျင်မှုကြောင့် ရုတ်တရက် မျက်လုံးကောင်းကောင်းမဖွင့်နိုင်။

ဖွင့်ကြည့်နိုင်သောအချိန်တွင် သူမရှေ့မှာ ဒူးတစ်ဖက်ချ ထောက်၍ မဆိုးဒူးထောက်ထိုင်ကာ မှန်ကွဲသွားသည့် မျက်မှန်တစ်





လက်ကို တယုတယကောက်ယူနေသော ယောက်ျားတစ်ယောက်။

နီကျင်ကျင်လှိုင်းတွန့်ရှိသော ဆံပင်သည် ရွှေရောင်ဆမ်း ထားသလို အလွန်လှပကာ ဂုတ်ပိုးထက်မှာ ခွေဝိုက်ကျဆင်းနေ၏။

ပြာလဲ့သော ရှပ်လက်ရှည်ကို တံတောင်ဆစ်နားထိ ခေါက်တင်ထားပြီး နက်ပြာရောင်ဘောင်းဘီရှည်ကို ဝတ်ထားသည်။

မှန်ကွဲစတို့ကို အမှုန်ကလေးကအစ ဂရုတစိုက်ကောက်ယူနေသော လက်ချောင်းဖွေးဖွေးတို့နှင့် လက်ခုံတွင် ညိုမှောင်သော မွေးညှင်းတို့ဖြင့် ဖုံးလွှမ်းနေ၏။

ထိုသူသည် မျက်နှာကိုမြင်ဖို့မလိုတဲ့ အလွန်သန့်စင်ချောမော သော ရုပ်သွင်ရှိလိမ့်မည်ဟု အလွယ်တကူ ကောက်ချက်ချနိုင်ပါ၏။

ငေးကြည့်နေပြီးမှ မရ သတိဝင်လာကာ ထွက်သွားဖို့ကို ဓာတ်ကြိုးကာရိုက်ဆုံးဖြတ်ရင်း ခြေလှမ်းပြင်လိုက်စဉ် သူက ဖျတ်ခနဲ ထရပ်၍. . .

"ကျွန်တော် ပြေးဝင်သလိုဖြစ်သွားတယ်၊ ခင်ဗျားနာသွား တယ်ထင်တယ်. . . ဆောရီး"

"ရတယ်"

မရ သူ့ကို တစ်ချက်မှပြန်မကြည့်ဘဲ ခြေဦးတည့်ရာသို့ သည့် အိမ်ရှေ့ကိုပဲ ခပ်သုတ်သုတ်ထွက်လာခဲ့မိ၏။

စိတ်ထဲမှာ ထိုသူ ကိုယ့်ကိုရပ်ကြည့်နေဆဲဟု ထင်လိုက်သဖြင့် ဧည့်ခန်းမှာလည်း မရပ်မိဘဲ ခြံထဲ အရောက်ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမရှေ့သို့ လူရိပ်တစ်ရိပ် ဖျတ်ခနဲပိတ်ကာရပ်၍ . . .

"မမ"

"ဟင်"

ရင်ဘတ်ချင်းတိုက်မိတော့မတတ်ဖြစ်သွားသည့် အရှိန်ကို ပြန်ရုတ်၍ မရ မော့ကြည့်လိုက်မိသည်။

အံ့ဩလွန်းသဖြင့် ရုတ်တရက် စကားမဆိုနိုင်။

ခွဲခြား . . . သူသည် မရရှေ့မှာ အလွန်ရှင်းသန့်ချောမွေ့နေသော အထက်တန်းဆန်သည့် သေသပ်သောဝတ်စားဆင်ယင်မှုများနှင့် ရပ်နေ၏။

ထူထဲစိမ်းညို့သော မျက်ခုံးတန်းများ ချွန်၍တန်းစင်းနေသည့် နှာတံ၊ အမြဲတစေ နီရဲနေတတ်သည့်နှုတ်ခမ်းပါးများ။

အားလုံးသည် ရင့်ကျက်မှုတွေကြောင့် ပြောင်းလဲသွားသော်လည်း ရင့်ရော်ကြမ်းတမ်းသွားမျိုးမဟုတ်ဘဲ ပို၍ကြည့်ကောင်းနေ၏။

ဝင်းလက်စူးရဲနေသည့် မျက်ဝန်းများသည် မရကို စူးစိုက်စွာကြည့်၍ ဝမ်းသာလှိုက်လှဲသောအပြုံးကို ဆင်၏။

"မမ . . . မမရယ် ဆန်းလိုက်တာ၊ ကျွန်တော် မြန်မာပြည်ကိုပြန်ရောက်တဲ့ ပထမဆုံးနေ့မှာ ကျွန်တော်သိပ်တွေ့ချင်တဲ့ မမမျက်နှာကို မြင်ခွင့်ရတယ်၊ ကျွန်တော်လေ မမကို မြင်ခွင့်ရဖို့ ဘယ်လို





ကြိုးစားရမလဲလို့ တစ်ချိန်လုံးစဉ်းစားခဲ့ရတာ"

"မင်း"

"မမ . . . ကျွန်တော့်ကြောင့် 'မာနမာန်' က ထွက်ခဲ့ရတယ်ဆို"

"အဲဒီလိုမဖြစ်မချင်း မင်းလုပ်တာမဟုတ်လား"

မရ မျက်နှာထက်က အမုန်းများကို စူးစိုက်လှန်လှောနေသော်လည်း ခွဲမျက်နှာက တုန်လှုပ်ဟန်မရှိ။

"မမ"

"တော်ပြီ ခွဲခြား၊ မင်း အခု ငါ့ရှေ့ကထွက်သွား၊ မင်းဘာအဆင့်တွေပဲရောက်နေနေ မင်းကို အထင်တကြီးကြိုဆိုမယ့်ထဲမှာ ငါမပါဘူး၊ အဲဒါမှတ်ထား"

မရ ဖျတ်ခနဲနောက်ပြန်လှည့်သည်။

ခွဲက ချက်ချင်းပိတ်ရပ်လိုက်၏။

"မမ မကြိုဆိုဘူးဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ ကျွန်တော့်ဘဝကို မမ ပြုစုပျိုးထောင်ပေးခဲ့တုန်းက လမ်းဘေးမှာ ကလေကချေဖြစ်သွားမှာစိုးလို့ မဟုတ်ဘူးလား၊ ကျွန်တော် ပညာတစ်ပိုင်းတစ်စနဲ့ မမ ပစ်ပစ်ခါခါလုပ်ထားခဲ့တုန်းက မမကို ကျွန်တော်နားလည်ခဲ့တယ်၊ အားလုံး ကိုယ့်အပြစ်လို့ပဲပုံချဖြစ်အောင် ကျွန်တော်အင်အားရှိသမျှ ကြိုးစားခဲ့တယ်၊ အဲဒါ 'မင်းကောင်းဖို့ မင်းကြိုးစားတာ' လို့ မမ ပြောဦးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မရ နှုတ်ခမ်းမဲ့၍မျက်နှာလွှဲပစ်၏။

ခွဲက မြင့်မားသောအရပ်ကြီးဖြင့် မရ ခြေလှမ်းပြင်တိုင်း လိုက်လံပိတ်ဆို့ပစ်ရင်း ငုံ့မိုးကြည့်နေ၏။

"ကျွန်တော့်ဘ၀မှာ မမတစ်မျက်နှာကလွဲပြီး ဘာမှမရှိဘူး။ ကိုယ့်ဘ၀ ကောင်းစားဖို့ဆိုတဲ့ ရည်ရွယ်ချက်က 'မမဖြစ်စေချင်တာ ဖြစ်ရမယ်' ဆိုတဲ့ အတ္တရဲ့အောက်မှာ တကယ့်သေးသေးပါ။ ကျွန်တော် ဟာ ပညာရေး ဉစ္စာရေး မိန်းမတစ်ယောက်ရဲ့နောက်မှာ အူးထောက် လျက် မကျန်ခဲ့ဖို့ အစွမ်းကုန်ကြိုးစားခဲ့တာ အဲဒါတွေအားလုံးဟာ မမ အထင်ကြီးဖို့ပဲ၊ ဘယ်သူ ဘယ်လိုမြင်မြင် ထင်ထင် ကျွန်တော် ဂရုမစိုက်ဘူး။ မင်းကို ဘယ်တော့မှမထင်မကြီးဘူးဆိုတဲ့ စကား မမ ထပ်မပြောပါနဲ့"

"ပြောတယ် . . . မင်းကို"

"မမ"

သူသည် မရတစ်ကိုယ်လုံးကို ဆုပ်ကိုင်မွှေ့ယမ်းပစ်တော့ မလို လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးမှ ကိုယ်ရှိန်ပြန်သတ်၏။

"မမကို ကျွန်တော် ချစ်တယ်"

ခွဲခြားက ဘာကိုမှဂရုမစိုက်တတ်သောလေသံနှင့် ရဲ့ရဲ့စွာ ပြောလိုက်သည်။

မရ မျက်ခနဲမော့ကြည့်ကာ စေ့စေ့ကြည့်၍ အံကြိတ်လိုက်၏။

"မင်းကို ငါသိပ်မုန်းတယ်"





ဟု ပြောပစ်လိုက်ပြီး ကွေ့ရှောင်ထွက်လာခဲ့သည်။

ဒီတစ်ခါ တားဆီးခဲ့လျှင် ရိုက်ချပစ်လိုက်ဖို့ အားယူပြီးဖြ သော လက်သီးဆုပ်ထဲမှာ ချွေးစေးတို့ဖြင့် စေးထန်းနေ၏။

လှုပ်ရှားနေသော ရင်ဘတ်တစ်ခုလုံးက ဘာကြောင့်ဆိုတ အမည်မဖော်နိုင်ဘဲ ကွယ်ရာရောက်မှ ပို၍ကြမ်းတမ်းလာ၏။

ဒေါသများဟု ခေါင်းစဉ်တပ်၍ မရ ခွဲကိုပိုမုန်းခဲ့သည်။

အစစအရာရာ ဖြစ်ပေးလာခဲ့သော အဆင်မပြေမှုအားလုံ ဟာ သူ့ကြောင့် . . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ခွဲမရှိသေးသည့်အချိန်မို့ တခင်အနားယူချိန်၌ စော့စော
ဟာခဲ့သော မရခြေလှမ်းတွေက တိုက်ခန်းတံခါးပွင့်နေတော့ လန့်သွား
ဏီ။

အခန်းရှေ့မှာ ဖိနပ်တွေသုံးရံတောင်။

အထဲမှာ လူပိုနှစ်ယောက်ရှိနေတာ သေချာပြီ။

မိန်းခလေးသည်က တစ်ယောက်က မိန်းကလေးဖြစ်ရမည်။

ဖိနပ်တစ်ရံက မိန်းမစီးဒေါက်မြင့် အညိုလေး။

မရ တံခါးနားမှာရပ်၍ ဝင်သင့်မဝင်သင့် ချိန်ရင်း ဆွည့်
ထွက်ပေါ်လာသော စကားသံတို့က နားထဲကို အလုံးလိုက်ဝင်လာ
သည်။





"မင်းကလည်းကွာ၊ အသားလည်းနာသေးတယ်၊ မနက်ဖြန်
ဆရာကြီးဆီလည်း ရောက်ရဦးမယ်၊ တစ်ထောင်တန်လေး တစ်ရွက်
နဲ့များ"

"လာပြန်ပြီ မပြောနဲ့ကွာ၊ မင်း ငါ့ကို အဲဒီတစ်ထောင်တန်
လေးတစ်ရွက်နဲ့ဆိုတဲ့စကား၊ ဘယ်တော့မှ ထပ်မပြောနဲ့"

ခွဲအသံက တုန်လှိုက်နေသည်။

တစ်ဘက်လူကို ရင်ဘတ်ဆုပ်ကိုင်၍ လက်သီးရွယ်လိုက်လေ
သေးဟု ထင်ရလောက်အောင် တင်းမာပြင်းထန်နေ၏။

"သူက မင်းကိုနောက်တာကွ၊ အဲဒါကို မင်းက လူကြား
ထဲမှာ တစ်ထောင်တန်အဝစ်းပေးတော့ သူက ပြန်နောက်ရင်း မဖြစ်
သင့်ဘဲဖြစ်ကုန်တာ၊ ဒီတစ်ထောင်မှာ မင်း ဒီလောက် ခရေစီဖြစ်နေ
မှန်း ဘယ်သူကသိမှာလဲ"

"အေး. . . အဲဒါကြောင့် သိသွားအောင် ပညာပေးလိုက်တာ
ပဲ၊ မနောက်နဲ့ လူတစ်ယောက် ဘယ်လိုနေရာမှာ ခရေစီဖြစ်နေတယ်
ဆိုတာ ပခုံးဖက်သွားလာရင်းနှီးဖူးတာလောက်နဲ့ စပ်စုသင့်တာမျိုး
မဟုတ်ဘူး၊ မသိဘဲ ဝေဖန်တာလည်း ငါမကြိုက်ဘူး၊ ငါ့ပါကီ ပင်
ခြောက်လေးတစ်ခက်ကို ခရေစီ ကိုယ့်အလုပ်ကိုယ်လုပ်ကြေး"

"ဟုတ်ပါတယ်၊ ငါက မင်းကိုနားလည်တယ်၊ သူတို့က
မင်းကို. . ."

"ငါက နီလာကိုကိုက အတင်းကပ်ငြားနေလို့၊ နင်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးလောက်ဘူးထင်ပြီး နင်မသိအောင် ယူငှားလိုက်တာပါ၊ အဲဒါ တွေက ငါ့အပြစ်ပါ ခွဲခြားရယ်၊ ငါပဲတောင်းပန်ပါတယ်''

ခွဲခြား အသံထွက်မလာခဲ့ပါ။

မိန်းကလေး၏အသံကာ တောင်းတောင်းပန်ပန်။

''ခွဲခြား. . . ခွဲခြား. . . အို နင်ဘယ်သွားမလို့လဲ''

''အေးကွာ. . . မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့၊ ပော့ကောင် ခွဲခြားကွာ. . . မင်း''

အခန်းထဲက ဝရုန်းသုန်းကားအသံတွေ ထွက်လာ၏။

''ဖယ်စမ်းပါ. . . မမမလာခင် ငါပြန်လာရမှာ၊ ဒီကောင့်ကို ငါ ခုသွားရှာမှဖြစ်မယ်၊ မဟုတ်ရင် ဟိုကောင်တွေက ငါ့ကို မကြည့် တော့ဘူး၊ ဒီကောင့်ကိုချုန်ပေးလိုက်ရင် ငါ့ပစ္စည်းကို ပြန်ရဖို့မလွယ် ဘူး''

''မင်း ခုသွားလည်း သူတို့ဖုန်းလှမ်းဆက်ရင် ဒီကိစ္စက ဆက်သွယ်ပြီးလောက်နေပြီပါ၊ ခဏလေးထိုင်နေကွာ၊ ငါဖုန်းဆက် ပေးပါ့မယ်၊ မင်း တစ်ထောင်တန်ပြန်ရရစေ့မယ်ကွာ''

ဒီ့ထက် ပို၍ ရပ်နားထောင်နေဖို့ မသင့်တော့ဟု ယူဆကာ မရ ဘဲလ်နှိပ်လိုက်၏။ အထဲမှာ တိခနဲတိတ်ကျသွား၏။

ပြီးတော့ ခြေသံဖွဖွလေး တိုးလျှောက်လာသည်။

တံခါးကို အထဲကဆွဲဖွင့်လိုက်လျှင် အနီရဲရဲဝတ်စုံလေးနှင့် ဖြူနွဲ့နွဲ့ ကိုယ်ဟန်သွယ်သွယ်လေးရှိသော ဆံပင်ကျောလယ်လောက်





နှင့် မိန်းကလေးတစ်ယောက်။

မရနှင့်မဆုံဘူးသော်လည်း ချက်ချင်းပဲခန့်မှန်းမိသွားသလို မျက်ဝန်းလေးတွေ အနည်းငယ်ပြူးသွား၏။

ခပ်မာမာပွင့်သွားသည့် နှုတ်ခမ်းလေးကို ချက်ချင်းပြန်စေ့ ကာ တံခါးဝမှ ကိုယ်ကို ခပ်ရှိရှိလေးဖယ်ပေးလိုက်သည်။

မရ အထဲဝင်သွားသောအခါ ခွဲကို လက်မောင်းနှင့် လက် ကောက်ဝတ်မှ ဖမ်းဆွဲကိုင်ထားသော လူငယ်၏လက်တို့သည် ပြေ ကျသွားသည်။

မျက်နှာငံ့ကာ ခွဲ၏ဘေးမှ ခပ်လှမ်းလှမ်းသို့ ဆုတ်ရပ်လိုက် ၏။

မရသည် ခွဲမျက်နှာပေါ်က နီရဲညိုကွက်နေသော ဒဏ်ရာနှ ချက်ကို စူးစိုက်ကြည့်၍ အေးဆေးစွာ လျှောက်သွားခဲ့၏။

ထိုအချိန်တွင် ကောင်လေးနှင့်မိန်းကလေးတို့ မသိမသာ ဆုတ်ခွာပျောက်ကွယ်ကြပြီ ဖြစ်၏။

''မင်း ရန်ဖြစ်ခဲ့တာပေါ့ ခွဲ. . . ဟုတ်လား''

ခွဲသည် စောစောက ဒေါသကြီးကြီးမ်ဝါးနေခဲ့သော ထင်မှတ်ဖွယ်မရှိဘဲ လက်နှစ်ဖက်ဆန့်ချရင်း ခေါင်းငုံ့ရပ်နေ၏။

''မင်းမျက်နှာမော့လိုက်စမ်း ခွဲ''

မျက်နှာကို ချက်ချင်းမော့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်တန်ဆိုသည့်ကိစ္စကို မရသိပါသည်။

သူ့ကို ပထမဆုံး တာယာဆိုင်သွားခိုင်းခဲ့ပြီး မရပေးခဲ့သည့် တစ်ထောင်တန်။

ထိုတစ်ချက်ကြောင့် ဝပ်ရှော့ရုံပိုင်တို့၏ သေလုမျောပါး ရိုက်နှက်စွပ်စွဲခြင်းကိုလည်း ခံခဲ့ရပြီးပြီ။

ဒါဟာ ရှုံးသွပ်စာပဲ။ မရ သူ့ကို အထင်မြင်သေးစွာ စိုက်ကြည့်၏။

''ဘာအတွက်နဲ့ဖြစ်တာလဲ''

မရသိလျက်နှင့် ထပ်မေးသည်။

ခွဲက မရမျက်ဝန်းတွေကို တည့်တည့်ပြန်ကြည့်၍ မရ ဘယ်လိုစကားတွေပြောတော့မလို့ လမ်းခင်းတာလဲဆိုသည်ကို တွေ့အောင်ရှာဖွေသည်။

ခွဲမျက်ဝန်းများမှာ အားငယ်စိုးထိတ်ဟန်နှင့်တူတာဆို၍ စိုးစိမျှမရှိပါ။ ခွဲဆိုသော လူငယ်လေးသည် သူ့မရှေ့မှာ ခြေစုံရပ် လက်ချ၍ ခေါင်းငုံ့ရပ်နေတတ်သော်လည်း ကြောက်၍တော့တတ်သည်မဟုတ်။

ကြောက်တတ်၍ မျက်လွှာချသည်မဟုတ်ဘဲ ရဲရင့်ခြင်းများနှင့် နာခံခဲ့ခြင်းသာ။

''ပြောလေ''

ဟု ထပ်မေးတော့မှ . . .

''ကျွန်တော် သိပ်တန်ဖိုးထားမြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို





ပြက်ရယ်ပြုလို့ မခံနိုင်တာနဲ့ ဖြစ်ကြတာပါ''

''မိန်းကလေးတစ်ယောက်နဲ့ ဖက်ဖြစ်ခဲ့တာပေါ့''

ခွဲ ချက်ချင်းခေါင်းခါသည်။

သူတို့ပြောနေသံ တစ်ချို့တစ်ဝက်တော့ မကြားသွားပြီး တွက်လိုက်ပုံလည်းရကာ . . .

''ငှားသွားတဲ့စာအုပ်ထဲမှာ ပါသွားတာပါ၊ ကျွန်တော် မိုးပြန်တောင်းတာကို လှောင်ရယ်ကြလို့ သူ့အစ်ကိုတစ်ဝမ်းကွဲဆိုတာ ခင်ပါတယ်၊ နောက်ဆက်တွဲ အုပ်စုလိုက်ဝင်ပါလာကြတာ''

''ဘာတွေဖြစ်ကုန်လဲ''

''တစ်ယောက်ခေါင်းကွဲသွားတယ်၊ တစ်ယောက်က သတိမေ့သွားတယ်''

''ကြည့်စမ်း . . . မင်း . . . မင်းဘက်က ဘယ်နှစ်ယောက်လဲ''

''ကျွန်တော်တစ်ယောက်တည်းလိုက်သွားတာ''

တစ်ခွန်းမေးတိုင်း မရ တစ်ခါမျက်လုံးပြူး၏။

အုပ်စုနဲ့တစ်ယောက်ဖြစ်တာ ဟိုနှစ်ယောက်က တွဲပြက်သတဲ့။

ခွဲသည် ဆယ်တန်းရောက်ကာမှ သူ့ကိုယ်သူ ခွဲဟုသုံးသော သည်ကနေ ကျွန်တော်ပြောင်းသွားသလို နာခံတတ်သည့်အရာမပျောက်သော်လည်း ပေကပ်ကပ် ဂျစ်ကန်ကန်ပုံစံကနေ တာကျောကလေးဖြစ်လာတာလည်း မရ သတိထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဆယ်တန်းကျောင်းသားလေးဖြစ်လာတာကို ကိုယ်တိုင်တိုင်းတရားသူကြီးလို အဆင့်ရောက်သွားပြီမှတ်နေသလားဟင်၊ အခုဘာကြောင့်ဖြစ်တာလဲ၊ မင်း ခေါင်းစဉ်တပ်ရဲရဲ့လား၊ အဲဒီပစ္စည်းကဒီလောက်ထိ ပြန့်ကားကြီးကျယ်သွားအောင်ဖြစ်တော့ မင်းမှာ ဘာဂုဏ်တွေမြောက်သွားသလဲ"

"ဒါက ကိုယ့်ခံယူချက်နဲ့ကိုယ်၊ စွဲလမ်းမှုတစ်ခုစီ လူတိုင်းမှာရှိကြတာပါပဲ၊ သူတို့က ကျွန်တော့်ကို လူလယ်ခေါင်မှာ ထပ်အရှက်ခွဲတာ"

"ပြော. . . မင်းသိက္ခာမဲ့လောက်အောင် သူတို့ သဘာဝကျမကျ ငါ နားထောင်ပေးမယ်၊ သူတို့က ဘာလုပ်သလဲ"

"တစ်ထောင်တန်ပေါ်မှာ ရေးထားတဲ့စာကို ဝိုင်းအော်ဖတ်ပြီးရယ်တာ"

"ဟင်"

မရ မျက်နှာကွက်ခနဲပျက်သွား၏။

မရိုးသားခြင်းကိုသိပါသော်လည်း ဒီကောင်လေး ဘယ်လောက်ထိ ခြေလှမ်းခဲ့သလဲဆိုတာကိုလည်း မိန်းမသားပီပီ သိချင်စိတ်ကလွန်ဆွဲလျက် . . .။

"မင်း. . . မင်း. . . ဘာရေးထားသလဲ"

ခွဲ မဖြေပါ။

"ဖြေလေ"





ခွဲ မျက်လွှာချပစ်၍ နှုတ်ခမ်းတင်းတင်းစေ့ထား၏။

"ခွဲခြား. . ."

မျက်လွှာပင့်ကြည့်လာ၏။

သို့သော် ခွဲ တုပ်တုပ်မျှမလှုပ်ဘဲ မရမျက်ဝန်းတွေကို ရိုဝေခယသော မျက်ဝန်းများနှင့် စိုက်ကြည့်နေသည်။

မရ ခြေလှမ်းတုံ့သွားမိသည်။

"မမကို သိပ်ချစ်တယ်"

"ဟင်"

တစ်ကိုယ်လုံး ကျင်ခဲသွား၏။

ကိုယ်ကို ဖျတ်ခနဲလှည့်လိုက်ခြင်း တအားလွှဲရိုက်ပစ်လိုက်ခြင်းသည် တဒင်္ဂယံ့ခဏလေးအတွင်း မြန်ဆန်စွာဖြစ်ပွားခဲ့၏။

ခွဲခြားသည် ဆန့်ချထားသည့်လက်နှစ်ဖက်ကို အနည်းငယ်မျှ မလှုပ်။

ကိုယ်သည်လည်း ရွေ့လျားခြင်းမဖြစ်ဘဲ ဒဏ်ရာပေါ်မှ ထပ်၍ နာကျင်သွားခဲ့သော မျက်ဝန်းတစ်ဖက်မှ မျက်ရည်ကြောင်းတစ်ခု ဖြတ်ဆင်းသွားပြီး. . .

"ကျွန်တော်ရေးခဲ့တဲ့စာကို မမမေးလို့ ရွတ်ပြတာပါ"

ဟု တိုးသဲ့စွာပြောပြီး. . .

"အဲဒီစာကြောင်းကို တစ်ထောင်တန်ပေါ်မှာ ကျွန်တော်ရှစ်တန်းနှစ်စာမေးပွဲကြီးဖြေတဲ့ ဒုတိယညမှာ ရေးခဲ့တာပါ၊ မမရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းနုငယ်တဲ့ လူမဖြစ်မီဆိုတဲ့ အရွယ်ကလေးထဲက ချစ်ခဲ့တာ၊ ဟိုတုန်းကတည်းက ကျွန်တော်မှားခဲ့တာဆိုရင် မမ ထပ်ရိုက်ပါဦး"

"မင်း. . . မင်း. . . ပါးစပ်ကိုပိတ်စမ်း၊ တစ်သက်လုံးအတွက် ပိတ်သွား။ မင်းလို အခွင့်အရေးပေးတိုင်းယူတတ်တဲ့ ယောက်ျားကိုပါ တစ်သက်မှာ တစ်ခါပဲဆုံမယ်၊ အဲဒါလည်း ခလုတ်တိုက်သွားတဲ့ မှားယွင်းစွာဆုံဆည်းမှုပဲ ခွဲခြား။ မင်းဟာ ယောက်ျားတစ်ယောက်ဆိုတဲ့ အဖြစ်ကို ငါမေ့ထားခဲ့တာ မှားသွားတယ်၊ ဒီနေ့ကစပြီး မင်းနဲ့ငါ ဘာမှမသက်ဆိုင် မပတ်သက်တော့ဘူး၊ မင်းထင်သလို ငါဟာ အရွယ် တကျ အမြစ်တွယ်သာယာတတ်တဲ့ မိန်းမမဟုတ်ဘူးဆိုတာ တစ်သက် တာမှတ်သွား"

မရက ခွဲမျက်နှာကို ခပ်မဲ့မဲ့စိုက်ကြည့်၍ . . .

"မင်း. . . စာမေးပွဲဖြေရတော့မယ်၊ မဟုတ်လား၊ ရက်ပိုင်း ပဲလိုတော့တာ ဒါပေမဲ့ ဆောရီးပဲ၊ မင်း ခုချက်ချင်း ငါ့အရိပ်အောက် က ထွက်သွား။ မင်းအတွက်နဲ့ ပတ်သက်သမျှအားလုံး နိုင်သလောက် သယ်ပိုးထမ်းချသွား၊ စာမေးပွဲကိုဖြေချင်ဖြေ မဖြေချင်တော့ဘူးဆိုရင် နေလိုက်၊ မမ မချစ်ရင် သေနိုင်တယ်ဆိုတာမျိုးချဲ့ပြလို့ ပျော်ဝင် သွားမယ်ထင်ရင် အင်းယားကန်ထဲသွားခုန်ချလိုက်၊ ပြီးရင် ငါ့ကို အိပ်မက်လာပေးပေါ့၊ သင်္ဂြိုဟ်ပေးမယ်"

မရက ပြတ်သည်။

ပြောပြီး တံခါးသော့ကိုကိုင်၍ ခုံတစ်လုံးဆွဲကာ တံခါးဝမှပဲ





ထိုင်နေလိုက်၏။

ထိုအချိန်တွင် ခွဲမျက်လုံးမှာ တစ်စစနီရဲလာကာ အံကြိတ် ထားသည့် မေးရိုးများကလည်း သိသာစွာ ထောင်ကားနေကြ၏။

ပြီးတော့ ရပ်နေရာမှ မရရှေ့သို့ ခြေလှမ်းကျဲများနှင့်လျှောက် သွားကာ . . .

"ကျွန်တော်သွားပါ့မယ်၊ မမပစ္စည်းတွေကို ဘာမှမယူပါဘူး။ ကျွန်တော်ယောက်ျား၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ဘူးဆိုတာ ဘယ်တော့မှမဖြစ်စေရဘူး၊ တစ်ခုတော့ပြောခဲ့ပါရစေ၊ ကျွန်တော် ဟာလည်း မမလို ထူးဆန်းတဲ့ခံယူချက်မရှိတဲ့သူပါ၊ မိန်းမတစ်ယောက် ရဲ့အချစ်ဟာ ဘဝနဲ့စာရင် ဘာမှမဟုတ်တဲ့ အစက်ပျောက်လေးပါပဲ၊ သပ်သပ်စီ ကန့်သတ်ထားနိုင်ဖို့ပဲလိုတာပါ၊ ဒါပေမဲ့ ကျွန်တော်နမ်းခဲ့ ရတဲ့ ပါးတစ်ဖက်ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ အဲဒါ တစ်သက် လုံးအသချာသွားပြီ"

"မင်း. . . မင်း. . . ခွဲ. . . ခြား"

မရ ကြောင်တက်ငေးမောသွားရာမှ ဖုန်းကနဲထရပ်လိုက်သိ ချိန်တွင် ခွဲခြားမရှိတော့ပါ။

ယိုင်လဲလုလုဖြစ်ကျန်ခဲ့သည့် မရတစ်ကိုယ်လုံးသည် ရှက်စိတ် တို့ ပွက်ပွက်ဆူကာ ဆောက်တည်ရာမဲ့သွား၏။

ဒါတွေဟာ သူမအိပ်မက်ခဲ့တာ မဟုတ်ခဲ့ဘူးပေါ့။

"ခွဲခြား. . . ခွဲ. . . မင်းမသွားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



မရ သွေးရူးသွေးတန်းပြေးလိုက်ခဲ့သည်။

နောက်ဆုံးလှောရောက်တော့ ခြေလှမ်းရပ်ရင်း လှိုက်ခုန်မော ဟိုက်နေသည့် ရင်အစုံကို တည်ငြိမ်အောင်ထိန်းချုပ်မရနိုင်။

ဘယ်ကိုကြည့်ကြည့် ခွဲခြား၏ အရိပ်အယောင်မျှပင် မရှိ တော့ပါ။

မရဘူး. . . ယူမသွားနဲ့. . . မင်း ငါ့ဆီက ဘာမှယူသွားခွင့် မရှိဘူး။

ပြန်တောင်းယူလို့မရနိုင်သည့်အရာကို မရ ဒေါသတကြီး အော်ဟစ်တောင်းဆိုနေခဲ့မိသည်။

အံကြိတ်ထားလျက် ဆူညံအော်ဟစ်နေခဲ့သော ရင်ဘတ်ထဲ မှာ မွှင့်ထွက်မတတ်ရှိ. . .။



## အခန်း (၁၉)

"ခွဲခြား"

မရ အော်ဟစ်၍ ဗရမ်းဗတာလိုက်ဆွဲလိုက်မိသည်။

သို့သော် မျက်လုံးတွေကိုဖွင့်လိုက်တော့ သူမဆုပ်ကိုင်ထား မိသည်က ခွဲခြားမဟုတ်ဘဲ ရောင်စုံအပွင့်အခက်တွေနှင့် နအိနေသော စွေ့ရာခင်းသာဖြစ်နေ၏။

မရ လည်တိုင်နားမှာ ချွေးစတွေစိုနေသည်။

"မမကို ကျွန်တော်ချစ်တယ်"

"ကျွန်တော်နမ်းခဲ့ဖူးတဲ့ ပါးတစ်ဖက်ကို ဘယ်တော့မှမမေ့ မှာတော်ဘူး"

"ကျွန်တော်ချစ်ခဲ့တာ မှားခဲ့တယ်ဆိုရင် ထပ်မှိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ရိုက်ပြီး ပြန်တောင်းလို့ရမလား။

မရ အိပ်ရာထက်မှ စိတ်ဆင်းရဲကြီးစွာ ထထိုင်လိုက်မိသည်။

ဒီအိမ်မှာ သူကဘာလဲ။

ဘာဖြစ်လို့ ဝင်ထွက်နေခဲ့တာလဲ။

ကိုယ့်ဘက်က မေးလို့ရသည့်အနေအထားမျိုး မဟုတ်။

သိတော့ကော နင် ဒီ့ထက်ကောင်းတဲ့နေရာ ဘယ်မှာ သွားရှာဦးမလဲ မရ။ မြို့ဆီမှာ နင့်ဘဝ လုံခြုံမှာလား။

သူ့အစ်ကို အဝင်အထွက် ခြေလှမ်းကျဲလာပြီ။

စလာရင် နင်ဘယ်လိုရှောင်မလဲ။

အထပ်ထပ်အခါခါ ပြောင်းရွှေ့ပြေးလွှားပြီး နင့်သိက္ခာ နင် ဘယ်လိုဆည်မလဲ။ မရ မှုန်းကြပ်သွားမိ၏။

မဟုတ်ဘူး။ ဒါ ငါဖြစ်ချင်လို့ ဖြစ်ခဲ့တာမှမဟုတ်တဲ့။ ဘဝကို ဖြစ်သလို ရင်ဆိုင်ဖို့ ငါ သတ္တိမွေးခဲ့ပြီးသား။

ဒေါ်သကြီး၏ အရှက်သည်းနေခဲ့သောစိတ်က မဟာစံအိမ်ကြီးမှ ထွက်သွားဖို့သာ အမိန့်ပေးနေခဲ၏။

ဒါပေမဲ့ စာချုပ်ထားခဲ့ကြသည့် ခြောက်လပြည့်အောင်တော့ သူမ နေရတော့မှာပဲဖြစ်သည်။

ချွေးစိုနေသည့် အင်္ကျီတို့ကို လဲဝတ်။ မရ နာရီကိုကြည့်လိုက်သည်။ မနက်ငါးနာရီ တိတိ။

သုံးနာရီခွဲဆို နိုးထနေကြပြီဖြစ်သော 'မာနမာန်' မှာ ခု



လောက်ဆို မေမေ ဘုရားဝတ်ပြု တရားထိုင်ပြီးနေပြီ။

မရ ဖုန်းကောက်ဆက်လိုက်၏။

ရင်တွေ တဒိန်းဒိန်းခုန်နေမိသည်။

ဖုန်းက မေမေ့ဖုန်းမို့ မေမေတန်းကိုင်မှာပဲဖြစ်သည်။

သူမမေးလိုက်လျှင် မေမေ ဘယ်လိုဖြေမလဲ။

"ဟလို့..."

မရ ချက်ချင်းကြီး ခြောက်သွေ့သည့်လည်ချောင်းကို နာကျင်စွာတံတွေးမျိုချ၍ အားတင်းလိုက်သည်။

"မေမေ ဖုန်းမချလိုက်ပါနဲ့နော်၊ မေမေမပြောခဲ့ပေမယ့် အခု ရေရဲ့မေမေလို့ထင်နေရတဲ့ ပုဂ္ဂိုလ်က မေမေ့ကိုပြောတယ်၊ အဖေလို့ ခေါ်မခံရဲဘူး၊ အဖေ ဘယ်သူဆိုတာ မဖေါ်ပြရဲဘူး။ သူကမှ ငါ့ထက် ဆိုးခဲ့လှတဲ့ ကလေးငါးယောက်ကို ရှုံးစေပြီး ဘဝပျက်အောင် အကြီးကြီးတာတဲ့၊ လောကမှာ"

"ဟော့...တော်တော်ပါ။ မင်းရဲ့အဖေက ဦးမောင်မောင်လွှန်း ဆိုတာပဲလေ၊ သင်းက အဲလိုပဲပြောသလား။ ဝါက သူ့လိုလူမျိုးနဲ့ ယှဉ်ပြီး သူ့ထက်ဆိုးတယ်လို့ အပြောခံရတာ ခွေးကိုက်တာထက် နာတယ်၊ မင်းက အခု ဒီလူနဲ့ဆုံနေကြပြီပေါ့၊ ကောင်းတယ်၊ ငါ အမုန်းဆုံးလူ ဦးရေပိုများသွားတာပေါ့၊ ပြောလိုက်စမ်းမိမရ၊ ငါ နိုးမခံရဲတာမဟုတ်ဘူး၊ ရွံလွန်းလို့လို့..."

"မေမေ...မရ မေမေ့ကို စော်ကားမော်ကား ပြောဆိုမိ



www.burmeseclassic.com

www.burmeseclassic.com



တာ တောင်းပန်ပါတယ်၊ ဖေဖေက မေမေ့ကို ဘာမှမပြောခဲ့ပါဘူး၊ သူလည်း မေမေ့လိုပဲ ဝိုးလ်ချဲနဲ့နေရတဲ့သူပါ၊ သူပြောတာက မေမေ့ကို သိပ်ချစ်. . ."

"ဟော့. . . တော်. . ."

ဖုန်း ဂွပ်ခနဲချပစ်လိုက်သည်။

မရ ဖုန်းကိုင်လျက် ငေးငိုင်နေမိဆဲ။

မေမေ ဒေါသတွေ ဘယ်လောက်ကြောင်းဆန်နေပြီလဲ. . .။

❀ ❀ ❀



## အခန်း (၂၀)

သက်သေတွေအများကြီးမလိုပါဘဲ ကိုယ့်အဖေဆိုတာက သေချာသွားခဲ့ပြီဖြစ်၏။

မရ ဘာလုပ်ရမှာလဲ။

ရင်ထဲမှာ မေမေမုန်းခိုင်းသော အမုန်းတို့ရှိမနေတာ အံ့ဩဖွယ်ပါ။

"သမီးလေး. . . သမီး ဦးအတွက်လေ"

"ဒါလေး သမီးဦးကို သွားပို့ပေးပါကွယ်"

စသော အကြောင်းအမျိုးမျိုးနှင့် ကိုယ်တိုင်ပြုစုပေးခဲ့ရသော ဝတ္ထုရားများက ဝတ္ထုရားအရမဟုတ်ဘဲ စိတ်ပါလက်ပါဖြစ်ခဲ့တာ ကိုယ် သာအသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒေါ်မမတို့၏ ဆွေးဆွေးသောအကြင်နာများ။

"သမီး မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲဟင်၊ အိမ်မှာ စိတ်တိုင်းမကျတာရှိရင် ပြောနော်၊ စိတ်ထဲမှာ ဘာမှမျိုသိပ်မနေနဲ့၊ အန်တီတို့က သမီးလေးကိုပဲ အရိပ်တကြည့်ကြည့်နေတာ သမီး မျက်နှာလေး ပျက်သွားတာနဲ့သိတယ်"

"ဒေါ်မြရေ. . . လူမမာနဲ့သမီးကိုပဲ မေး၊ သူတို့စားချင်တာလေး အမိကလုပ်ပေးနော်"

"သမီးလေးရေ. . . ဟောဒီမှာ သမီးအန်တီမမက သမီးအတွက် အထည်တွေဝယ်လာတယ်၊ စားစရာတွေရောပဲ ထွက်ခဲ့ပါဦးသမီးရဲ့"

အမျိုးမျိုးသော ဂရုစိုက်ကြင်နာမှုများကို မရ သာယာနေခဲ့ပါပြီ။

တကယ်တော့ မရတို့ညီအစ်မငါးယောက်မှာ မွေးကတည်းက လေ့ကျင့်ပေးခဲ့ကြသည်က မကြင်နာတတ်ဖို့။

"ကြင်နာပြီးမနေနဲ့၊ နတာနွဲ့တာ ငါမကြိုက်ဘူး"

ငယ်ငယ်တုန်းက မေမေမာနှင့် လက်ပွန်းတတီးနေခဲ့ရသည်။

သိရှိခေါ် မေမေရီနှင့် မေမေမာက တစ်လေသံတည်း။

ဒီ့ပြင် အမေတွေက ယုယမှုမြူလျှင် အမြဲဆူသည်။

ကလေးချင်း ရိုင်းပင်းကူညီတာတွေ့တိုင်း ပြော၏။

"ဟော့. . . ဘာဖြစ်လို့ပြေးထူတာလဲ၊ ထားလိုက်စမ်း၊ သူ့





ဘာသူ ပြန်ထလိမ့်မယ်၊ ခြေတွေလက်တွေ ကျိုးနေလို့လား။ နွဲ့လို့ ရှုမှန်းသိ နွဲ့ဦးမယ်"

လဲနေလို့ ထူပေးတာကိုမကြိုက်။

"ဟဲ့. . . သမီး မီးလောင်မယ်လေ"

မေမေနော်တို့ကဆွဲလျှင် မေမေမာ အော်ပါ၏။

"လုပ်ပါစေ. . . မီးဆိုတာ ပူမှန်းသိအောင်ကြည့်နေလိုက်၊ ပူမှန်းသိ နောက်မလုပ်တော့ဘူး။ ကလေးဆိုတာ တားမှန်းသိရင် ပိုလုပ်ချင်တာ"

မရတို့က အနည်းငယ်အသက်ကြီးတော့ ငယ်သူတွေကို ပြောသမျှဆိုသမျှ မှတ်မှတ်ရရ ဖြစ်ခဲ့တာတွေပါ။

"မေမေလို့ ဘယ်သူ့ကိုမှမခေါ်ရဘူး။ အားလုံး အမေချည်းပဲ၊ ဒါပေမဲ့ အမေလို့မခေါ်စေချင်လို့ မင်းတို့ဘဝကို ထိန်းကျောင်းတည့်မတ်ပေးတဲ့သူတွေ ငါတို့က အမေဖြစ်ချင်ရင် အမေဖြစ်ဖို့က လိုဦးမယ်၊ အဲဒီတော့ ဘာမှမထွေးနဲ့၊ ဘယ်သူ့ကိုမှ မေမေမခေါ်ရဘူး"

ခပ်ပြတ်ပြတ်ပဲပြောခဲ့သည်။

ဤသို့သော ခပ်ကြမ်းကြမ်းမွေးမြူမှုအောက်မှာ လူမှန်းသိတတ်ကတည်းက ကြုံတွေ့ခဲ့ရတာမို့ ခုလို ကြင်နာခြင်းများကို ဆုံးရှုံးမခံချင်တော့ပါ။ ကိုယ်ဟာ သာယာလွယ်တတ်သူမဟုတ်ခဲ့ဘဲ ခုတော့ 'မဟာစံအိမ်ကြီး' က မိသားစုတွေကို ခပ်တွယ်တွယ်နေမိလေပြီ။

ဒါဟာ ကိုယ့်သွေးသားတွေပါလားဆိုသည့် အသိကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လား. . .။

ဒါဆို သူတို့ကကော . . .။

သွေးမတော် သားမစပ်ပါဘဲ မရအပေါ် အဘယ့်ကြောင့် ဤမျှ နွေးထွေးနေခဲ့တာလဲ။ သူတို့အသိမှာ ဘာမှမတော်စပ်ပေမယ့် သွေးက စကားပြောနေသည်လား၊ ဒါမှမဟုတ် သူမနှင့်တော်စပ်နေသည့်အဖြစ်ကို သိနေကြသည်လား။

စတွေ့သည့်နေ့က ဦးမောင်မောင်လွှမ်းနှုတ်မှ 'တမာခါး' ဟူသော ရေရွတ်လိုက်မှုကို သတိရလိုက်ရင်း မရ ဆတ်ခနဲ မတ်သွားမိ၏။

ဒါကို ဘာဖြစ်လို့ မေ့နေခဲ့မိတာလဲ။

ဟုတ်သည်။ ဦးမောင်မောင်လွှမ်း တစ်ခုခုကို သိနေမှာလား၊ ထိုသို့တွေးမိတုန်းကလည်း မရ မှန်ရှေ့ပြေးထိုင်မိခဲ့သေးသည်။

ကိုယ့်ကိုယ်ကို သေချာကြည့်မိလျှင်း မေမေ့လိုမျက်ဝန်းညိုများနှင့် ရှည်သောမျက်တောင်များ။ မျက်ခုံးတို့၌ မေရိုကားချင်ချင်။

မေးဖျားကလေးနှစ်ခွ ရှိနေတာကအစ ချွတ်စွတ်ပါပဲ။

မရကိုမြင်မြင်ချင်း မေမေနဲ့တူလို့ ရေရွတ်လိုက်တာဖြစ်မည်။

ဒါဆို အန်တီမမတို့ကကော ဒီလိုပဲထင်၍ အရေးပေးဂရုစိုက်နေကြတာလား။ ဘာကြောင့်ပဲဖြစ်ဖြစ် မရ ပျော်ဝင်နေခဲ့မိပြီ။

ထမင်းစားနေသည့် ဦးမောင်မောင်လွှမ်းကိုငေးကြည့်၍ မရ နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းလာခဲ့သည်။





ဖေဖေဟု စိတ်တွင်းမှခေါ်ကြည့်ရင်း ရင်ထဲမှာ နွေးထွေးသော ရင်းနှီးမှုတွေ ဖြစ်ထွန်းလာခဲ့၏။

ဖေဖေ့မျက်နှာဟာ ချောမွေ့နေပေမယ့် မေမေ သေလောက်အောင်မုန်းဖို့ထိ စက်ဆုပ်စရာကောင်းတာတွေ မြုမှုန်မျှမရှိနေခဲ့ပါ။

မေမေ ဖေဖေ့ကို ဘာဖြစ်လို့မုန်းခဲ့တာလဲ။

ငါကကော မေမေ ဒီလောက်နာကျည်းနေတာကို ပစ်ပယ်ပြီး သူတို့ပါးစပ်က ဒီလိုခံစားခဲ့ရပါတယ် ဒီလိုနစ်နာပါတယ်လို့ ပြောတာလေးလောက်နဲ့ မေမေ့စကားတွေကို အလကားထားပြီး ယုံလိုက်ရမလား။

"အဟွတ်. . .အဟွတ်"

"ဖေဖေ"

အို. . .မရ ပါးစပ်ကို ကမန်းကတန်းပြန်ပိတ်လိုက်ပေမယ့် မမီလိုက်တော့။ ဦးမောင်မောင်လွှမ်း ထမင်းစားရင်း ချောင်းဆိုးလိုက်သဖြင့် စိုးရိမ်စိတ်နှင့် လန့်သွားတာရော၍ လွှတ်ခနဲ ခေါ်လိုက်မိပြီ။

မရ ကိုယ့်နှုတ်ခမ်းလေးကို လက်နဲ့ပြန်ပိတ်လိုက်မိစဉ် ဦးမောင်မောင်လွှမ်းမျက်ဝန်းတွေ ဒိုင်းခနဲရောက်လာ၏။

"သမီး"

တိုးတိုးဖွဖွလေးခေါ်လိုက်သံက နှုတ်ခမ်းလှုပ်ရုံသာသာပေမယ့် မရရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွားသည်။

မနက်စာ ထမင်းကြော်စားချင်ပါသည်ဆို၍ သူမကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မြဲကိုဝင်ကူကြော်ပြီး ဦးမောင်မောင်လွန်းအတွက် ယူလာပေးခဲ့တာဖြစ်သည်။

အနားမှာ ဘယ်သူမှရှိမနေပါ။

ဦးမောင်မောင်လွန်းသည် စားလက်စပန်းကန်တွေကို ဘေးရွှေ့ပစ်ကာ နှုတ်ခမ်းကို ပဝါနှင့်သုတ်လိုက်၏။

ပြီးလျှင် ခလုတ်နှိပ်ရုံနှင့် လိုရာသို့သွားနိုင်သော ဝှီးလ်ချဲကို လက်တင်မှာရှိသည့်ခလုတ်ကို နှိပ်၍ မရနှင့်နီးအောင် ရွှေ့လိုက်၏။

"သမီး. . . သမီး ဖေဖေ့ကို ဖေဖေလို့ခေါ်တယ်၊ ခေါ်လိုက်တယ်မဟုတ်လားဟင်၊ ဖေဖေ နားကြားမှားတာမဟုတ်ဘူးမို့လား"

လိုက်ခါနေသော စမ်းသာကြည်နူးနေသည့် မျက်ရည်စေ့စေ့နှင့် မျက်ဝန်းတွေကို မရ ခေါင်းမခါရက်ဘဲ မြူးကြောင်ကြောင်လေး ငေးကြည့်နေမိ၏။

"သမီးလေး. . . ဖေဖေ့သမီးလေး ဖေဖေလေ သမီးလေးကို မြင်ကတည်းက သမီးလေးမှန်းသိတယ်၊ ဖေဖေ့သမီးဆိုတာသိတယ်၊ ဒါပေမဲ့ သမီးဟာ မာ့ရဲ့ဗိုလ်ချုပ်တွေဖိစီးပြီး ဖေဖေ့ကိုမုန်းနေမှာပဲလို့ ထင်ခဲ့တာ၊ ဒီကိုရောက်လာတာလဲ နာကျည်းချက်တစ်စုံတစ်ရာနဲ့ တုံ့ပြန်ဖို့ပဲလို့ထင်ခဲ့တာ သမီးရယ်"

ဦးမောင်မောင်လွန်းသည် မရလက်ခုံနုနုလေးကို မြတ်နိုးခြင်းများစွာနှင့် ဆုပ်ကိုင်ထားလိုက်ပြီး . . .

"အဲဒီလိုဖြစ်လာလည်း ဖေဖေကျေနပ်တယ်၊ သူ. . . သူ





ဖေဖေနဲ့ပတ်သက်တဲ့ မိန်းမတွေကို စုဆောင်းသွားတယ်လို့ကြားကတည်းက မေမေ သူ့ကို ရှာဖွေခြင်းကို ရပ်ပစ်ခဲ့တယ်၊ သူ့ရင်ထဲက နာကျည်းမှုကိုလည်း ဘယ်တော့မှချေဖျက်ဖို့ ကြိုးစားနိုင်တော့မှာမဟုတ်ဘူးဆိုတာ နားလည်သွားတယ်၊ ဒါပေမဲ့သမီးရယ် ဖေဖေ ဖေဖေ သူ့ကို သိပ်ချစ်ခဲ့တာ၊ ပွဲခဲ့ရှုပ်ခဲ့မှုသမျှ အဲဒီဒဏ်ရာတစ်ချက်တည်းနဲ့ ဖေဖေ အားလုံးကိုပေးဆပ်ခဲ့တယ်၊ ပေးဆပ်ဖို့လည်း သတ္တိမွေးထားသေးတယ်၊ အမျိုးသမီးတွေကို စုဆောင်းသွားခဲ့တဲ့ မာ့အစီအစဉ်တွေဟာ နှစ်ရှည်စီမံကိန်းတွေဖြစ်မှာပဲလို့လည်း တွေးမိတယ်၊ ဒါကြောင့် ဖေဖေ ဒီအချိန်ကို စောင့်နေခဲ့တယ်၊ ခု သမီးရောက်လာတာပဲ"

"သမီးက. . ."

သူမ စကားစလိုက်လျှင် ဦးမောင်မောင်လွန်းက လက်ကို တစ်ချက်ဖျစ်၍ ခေါင်းခါပြလိုက်၏။

"ဖေဖေပြောပါရစေ၊ ဖေဖေ့ဘက်က အားလုံးအခွင့်သင့်ပါပဲ သမီးရယ်၊ သမီးဟာ ဖေဖေထင်သလို နွေးထွေးမှုနဲ့ ဖေဖေလို့သတ်မှတ်တာ မဟုတ်ပါသေးဘူးဆိုရင်တောင် ဖေဖေကျေနပ်တယ်၊ သမီး ကြိုက်သလိုတုံ့ပြန်သွားပါ၊ သမီးရဲ့မေမေ စီရင်ခိုင်းသလို ဖေဖေ့ကို စီရင်ခဲ့ပါ၊ ဒါပေမဲ့ တစ်ခုတော့ မစိမ်းကားကြီးကို ပြောပေးပါသမီးရယ်၊ ဖေဖေ သူ့ကို အနိုင်ကျင့်ခဲ့တာမဟုတ်ဘူး၊ ချစ်ခဲ့တာလို့၊ ချစ်တတ်တဲ့နေ့မှာပဲ ကျဆုံးသွားခဲ့ရပါပြီလို့"

ဦးမောင်မောင်လွန်း မျက်ရက်စက်တွေ ပေါက်ခနဲ ပေါက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကြွေကျလာကြ၏။

ယောကျ်ားကြီးတန်မယ့် ရှိုက်သံသဲ့သဲ့နှင့်ပြောသော စကားသံများကို မရ မကြားရက်ပါ။

"ဖေဖေ သူတို့ကိုမှာထားတယ် သမီး၊ သမီးဘက်က တစ်စုံတစ်ရာ မတုံ့ပြန်သေးသရွေ့ မသိသလိုပဲနေပေးကြဖို့၊ နောင်တစ်ချိန် သမီး ဘယ်လိုပဲတုံ့ပြန်လာလာ ကျေကျေနပ်နပ်လက်ခံပေးဖို့၊ တစ်ခုတော့ ဖေဖေပြောချင်သေးတယ်၊ ဖေဖေဟာ ပက်ကြားအက်နေတဲ့ နွေလယ်ကွင်းကြီးတစ်ခုဖြစ်ခဲ့ရင်တောင် တူးဆွပါ၊ ဖွဲ့ယူပါ၊ လုပ်ချင်ရာလုပ်ပြီးရင် သမီးလေး လယ်ကွင်းထဲမှာပဲ ထိုင်ဆောင့်ပါသမီးရယ်၊ ဖေဖေ့ကို ပစ်မသွားပါနဲ့"

မရ မျက်ဝန်းမှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့၏။

လှုပ်ခတ်လာသော နှုတ်ခမ်းတစ်စုံမှ အသံစကားမှမဆိုနိုင်။

ထိုစဉ် အဝင်ဝတံခါးချပ်သည် လှုပ်ခတ်သွားခဲ့ပြီး ဒေါ်မမတို့ ညီအစ်မ ဝင်လာခဲ့ကြသည်။

"ခေါ်လိုက်ပါသမီးရယ်၊ သမီးရဲ့မျက်လုံးလေးတွေထဲမှာ သမီး ဖေဖေ့အတွက် အကြင်နာတွေရှိနေတယ်ဆိုတာ အန်တီတို့နားလည်တယ်၊ လောကမှာ ရှေးစားမရနိုင်တာဟာ မိဘမေတ္တာပဲ၊ သားသမီးဟာလည်း မိဘနှစ်ပါးရဲ့ ပေါင်းကူးတံတားလေးပါကွယ်၊ သမီးရဲ့ မေမေ ဘယ်လောက်ပဲတင်းမာပါစေ၊ တစ်ယောက်မေတ္တာကို တစ်ယောက် ခံစားမိသွားတဲ့တစ်နေ့ ပေါင်းစည်းသွားကြမှာပါ"





"ဟုတ်ပါတယ်သမီးရယ်၊ သမီးဖေဖေရဲ့ ဒီဒုက္ခကြီးဟာ သမီးလေးမှမကယ်ရင် ဒီ့ထက်ပိုဆိုးသွားဖို့သာ ရှိတော့တယ်၊ သမီးလေး နားလည်ပေးလိုက်နော်၊ သမီးရင်ထဲမှာ ပြောချင်တာတွေကို ပြောလိုက်ပါ"

မရ မပြောမဆိုနိုင်အောင် ငေးကာ မျက်ရည်တွေကျနေသမျှ အတန်ကြာသောအခါ ဦးမောင်မောင်လွန်း မျက်နှာလွှဲသွားရှာ၏။

ဆုပ်ကိုင်ထားသည့် မရလက်ကလေးကိုလွှတ်ကာ လက်တန်းက ခလုတ်ကိုနှိပ်လိုက်လျှင် ဗိုးလ်ချဲက အနည်းငယ် ဆုတ်ရွေ့သွား၏။

မရကို နားလည်မှုလွဲသွားပါပြီ။

"ဖေဖေ"

မရ ထိုနေရာမှလျှော့ဆင်းကာ ဦးမောင်မောင်လွန်း၏ ခြေရင်းမှာ ပုဆစ်တုပ်လေးထိုင်လိုက်၏။

"သ. . . သမီး"

"ဖေဖေရယ်"

မရ ဘယ်တုန်းကမှမခံစားခဲ့ဖူးသော ကြင်နာချစ်ခြင်းများ စီးမျောလာခဲ့လျက် ဖေဖေ့လက်အစုံကို ဖျစ်ဆုပ်အုပ်ကိုင်ကာ မြတ်နိုးစွာ နမ်းရှိုက်မိ၏။

ထို့နောက် တရှိုက်ရှိုက်ငိုရင်း တအိအိလျှောသင့်ကာ ဖေဖေ့ ခြေအစုံကို တင်းကျပ်စွာ ပွေ့ဖက်၍ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး. . . သမီး ဖေဖေ့ရင်ခွင်ထဲလာပါကွယ်၊ ဖေဖေ့ရင်ခွင်ထဲမှာ လာငိုစမ်းပါ၊ ဖေဖေ ချော့ပါရစေ"

ဒေါ်မမတို့ ဘေးကနေရပ်ရင်း ပြုံးနေသောနှုတ်ခမ်းများနှင့် မျက်ရည်တွေကျကြ၏။

ဤသို့ ချစ်ခြင်းများကို ပြန်လည်ရရှိလိမ့်မည်ဟု အိပ်မက်ပင် မမက်ရဲခဲ့ပါ။ ခုတော့ အားလုံးပြေလည်ခဲ့ကြပြီ။

မရသည် ဖေဖေ့ကိုယ်ကိုပွေ့ဖက်ရင်း ငိုနေရင်းမှ ရယ်မိ၏။

တစ်သက်လုံး ယောက်ျားတွေဆိုမုန်းခဲ့ရသော . . .

မေမေ့ကိုချစ်သလောက် မချစ်သယောင်လည်း နေပေးခဲ့ရသမျှ . . .

ချစ်သည့်သူကို ချစ်ချင်သော်လည်း ချစ်ခွင့်မရခဲ့သမျှ. . .

မေမေရယ် မရ ဖေဖေ့ကို သိပ်ချစ်တယ်. . .

ဖေဖေ ဘာကြီးပဲဖြစ်ဖြစ်နေနေ. . .

နောက်ဆုံး ဖေဖေဟာ အခုပြောသလိုတွေမှားတဲ့ မရကို ပါ ဆက်လက်လိမ်ညာနေဆဲဖြစ်ပါစေ. . .

ဖေဖေ့ကို မရချစ်တယ်။

မရကို ခွင့်လွှတ်ပါ မေမေရယ်။

❀ ❀ ❀



## အခန်း(၂၁)

အချစ်ရှိတော့ ပျော်သည်တဲ့. . .။

မရအတွက် အချစ်ဆိုသော တစ်ထောင့်ငါးရာ မီးတော့မဟုတ်ပါ၊ အဖေဆိုသော ကြင်နာနွေးထွေးသည့် အရိပ်တစ်ခုဖြစ်၏။

မိုးလင်းသည်နှင့် ဖေဖေ့အနားကိုသွား၊ ဖေဖေ့ပျော်ဝေစွအားလုံး ချပ်ပေးပြီး အပေါ်တစ်ထပ်လုံး ဖေဖေ့ကို မရကိုယ်တိုင်တွန်းပို့ မျက်နှာစာသုံးဘက်လုံး ထုတ်ထားသည့် ဝရန်တာမှာရပ်ကာ ခြံထဲကိုငေးရင်း သားအဖ စကားတွေပြော။

ဖေဖေ့ဘေးမှာထိုင်၍ ဖေဖေ့လက်မောင်းပေါ်မှာ လက်တင်တော်တင်၍ မျက်နှာချောချောကြီးကို ငေးကြည့်နေရသည့် အချိန်များတို့ ဘာနှင့်မှမလဲနိုင်။

www.burmeseclassic.com



ဖေဖေ့ကို မရ ရင်နှင့်အမျှချစ်သည်။

မိုးလင်းသည်နှင့် ဖေဖေ့ဆီသွားဖို့ ဖေဖေ့မျက်နှာ မြင်ရဖို့ ဘာပဲဖြစ်ဖြစ် ဖေဖေသာ အဓိက။

ဒေါ်မြကိုယ်တိုင်ကလည်း မရကို အရင်လိုမဟုတ်တော့ဘဲ ချစ်ခင်လေးစားမှု ပိုလာခဲ့၏။

ဟိုတုန်းကလို ဝတ္တရားဆန်ဆန် မဟုတ်တော့ဘဲ အရေးတယူ ဂရုတစိုက်ဖြစ်သည်။

''သမီး သမီးလေး ထတော့ကွယ် ဒေါ်မြ ဆွမ်းတော်ပွဲတွေ ပြင်ပြီးပြီ''

မရက နိုးလျှင်နိုးသလို ဝိုင်းကူချက်ပြုတ်၍ ဘုရားဆွမ်းကပ် မနက်စာပြင်ဆင်ပြီးသည်နှင့် ဖေဖေ့ကို သွားနိုးနေကျ။

တစ်ခါတရံ အိပ်ပျော်သွားလည်း ဒေါ်မြကအားလုံးပြီးစီးမှ ဆွမ်းတော်ကိုတော့ မရ ကပ်ဖို့ချန်ထားပြီး လာနှိုးတတ်သည်။

မရ ဆွမ်းကပ်ပြီးတော့ မနက်ငါးနာရီပင် မထိုးသေး. . .

''သမီးရေ ဒေါ်မြ ဒီနေ့ သိပ်နေကောင်းလို့ ခဏပြန်မှိန်းနေချင်တယ်ကွယ် မိုးမလင်းခင် ပြန်နှိုးနော် သမီး''

''ရတယ် ဒေါ်မြသွားနားပါ အားလုံးပြီးနေပြီဥစ္စာ နေဦး ခေါင်းကြည်ဆေးလေးသောက်ပြီး အိပ်လိုက်''

လူကြီးမို့ အိပ်ရာဝင်သော်လည်း ရုတ်တရက်ပျော်ချင်မှပျော်သည်။



အိပ်မပျော်လျှင် ခေါင်းအုံမနေရအောင်ဖြစ်သည်။

ဒေါ်မြ အိပ်ရာဝင်သွားတော့မှ ဝရန်တာမီးဖွင့်၍ ခြံထဲက ကောက်ထားသည့် ခရေပန်းလေးတွေကို သီနေလိုက်သည်။

ထိုစဉ် ခြံဝဆီမှ ကားမီးနှစ်လုံးရပ်နေသည်ကို လှမ်းမြင်လိုက်၏။

သေချာကြည့်ကာ သေချာပြီမို့ ပန်းသီခြင်းကို လက်စသတ်ထားပစ်ခဲ့ပြီး အောက်ထပ်ဆင်းလာခဲ့မိသည်။

တစ်အိမ်လုံး အိပ်မောကျနေဆဲဖြစ်၏။

မရ တံခါးဝရောက်တော့ ကားက အထဲကိုမောင်းဝင်လာ၏။

ခြံတံခါးဝမှာ ခြံစောင့်ဦးဗလ ရှိသည်။

'မဟာစံအိမ်'၏ သစ္စာရှိ လူယုံကြီးဖြစ်ပဲသည်။

သူ လွှတ်ပေးလိုက်သည်မှာ ဝင်လာသည့်ကားဟာ 'မဟာစံအိမ်'နှင့်ပတ်သက် အရေးပါသူတစ်ယောက် ဖြစ်နေ၍သာ ဖြစ်ရမည်။

ကားရပ်သွားပုံက ညင်သာမှုမရှိ စည်းမကျဘဲ အရှိန်မသတ်မီ ရပ်တန့်သွားတာမျိုး ဖြစ်သောကြောင့် အသည်းယားစရာ။

အနက်ရောင်ဟု အမြင်အားဖြင့်သတ်မှတ်နိုင်သော ပရာဒို ဖြစ်သည်။

မရ တံခါးအတွင်းမှ ငေးကြည့်နေမိစဉ် ကားတံခါးဖွင့်၍ ဆင်းလာသူ တစ်ယောက်ကြောင့် မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်လက်ရှည် အဖြူ ဂျင်းဘောင်းဘီအပြာနှင့် ခွဲခြား။

"ဩော်. . . ခွဲခြားကိုပြောတာလား၊ သူက ဒီအိမ်နဲ့သွေးသား တော့ မတော်ဘူး၊ ဒါပေမယ့် အဓိကပတ်သက်နေတဲ့ လူငယ်လေးတစ် ယောက်ပဲ သမီးရဲ့ သမီးရဲ့ ဖေဖေက သူ့ကိုသိပ်ချစ်တာ အန်တီတို့အား လုံးလည်း သူ့ကိုချစ်တယ် အိမ်မှာဆွေမျိုးသားချင်းဆိုတာ မရှိခဲ့တော့ သူ့ကိုပဲ ဝိုင်းချစ်နေကြတာ ဒီကလေးကသိပ်တော်တာ စက်မှုအင်ဂျင်နီ ယာဘွဲ့ ရပြီးသားလေ၊ ဂျပန်မှာ ပညာတော်သင်သွားရတဲ့အထိ ကိုယ့်ဘူး ကိုယ်ချွန် ကြိုးစားခဲ့တာကွယ့်၊ ခုဆို ဘွဲ့နှစ်ခုရပြီးပြီ၊ ဂျပန်စက်မှု နည်းပညာဌာနမှာ တာဝန်ထမ်းရင်း ဖက်စပ်လုပ်ငန်းကြီးတစ်ခုမှာ အဓိ ကဒါရိုက်တာ ဖြစ်လာခဲ့တယ်၊ အဲဒီမှာ သမီးဖေဖေနဲ့ ဆက်သွယ်မိသွား တာ ဟိုနဲ့ဒီ ဆက်သွယ်မှုတွေလုပ်ပြီး အခုမြန်မာပြည်မှာ ဂျပန်နည်း ပညာနဲ့ စက်မှုဇုံထဲမှာ ဖက်စပ်ထူထောင်ဖို့ သူရောက်လာတာ"

မရ သူ့အကြောင်းကို မေးတော့ ဒေါ်ဒေဝီက သေချာပြော ပြခဲ့သည်။

"ခွဲခြားက အရမ်းချမ်းသာတာ သမီးရဲ့ နေ့စဉ်နာရီနဲ့အမျှ ကြီးစားတယ် ငွေရှာတယ် ရုပ်ကလေးချောသလောက် ပွေတာရှုပ်တာ မရှိဘူး၊ စီးပွားရေးလောကထဲမှာ တကယ့်လုပ်ငန်းရှင်ကြီးတွေနဲ့ ပခုံးချင်း ယှဉ်ပြီး ရင်းနှီးမြှုပ်နှံနိုင်တဲ့သူ သမီးဖေဖေဆို သူ့တို့ ရှယ်ယာစီးပွား ဘက်တွေထက် ပိုလေးစားတယ်"

ကြားရသည်က မကောင်းစကား တစ်ခုမှမပါ။



ခွဲခြားနှင့် 'မဟာစံအိမ်'ကြားထဲမှာ တော်ရုံနှင့်တိုးမပေါက်နိုင် တာ သိသာနေသည်။

"မမ ကျွန်တော့်ကို တံခါးဖွင့်မပေးတော့ဘူးလား"

"ဟင်"

ဘယ်တက်မှာထင်မှတ၍ မျဉ်းကြောင်းကြီးများသဖွယ် ကောက် ကွေ့နေရဲ့စွာ စီးကျနေသောသွေးတို့က အဖြူရောင်ရှပ်အင်္ကျီမှာပါ စွန်း ထင်းကာ မြင်မကောင်း။

မရ သွေးကိုမြင်ကာ မှင်တက်မိနေခဲ ခွဲခြားအသံကြားမှ သတိဝင်ပေါ်။

"ခင်း. . . မင်း ဘာဖြစ်လာတာလဲ"

"အလုပ်အရေးအကြီးလို့ ရန်ကုန်ထဲကို မိုးမလင်းခင် အရောက်ဝင်ချလာတာ၊ လမ်းမှာ မီးပြလို့လို ခါးပိုက်နှိုက်လိုလိုကောင် တွေနဲ့. . . အား"

သူခေါင်းကိုနှိပ်တော့ လက်က စိန်လက်စွပ်မှ ရောင်စဉ်တွေ မြှာသွားသေး။

မရ တံခါးဖွင့်လိုက်ရင်း ကားထဲကို လှမ်းကြည့်လိုက်မိသေး သည်။

သူတစ်ယောက်တည်း ဘယ်ကနေမောင်းချလာတာလဲ။

"ဟဲ့. . . ဝင်လေ"

"မမ. . . တံခါးဖွင့်ပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ထားတယ်"

"အား. . . ကျွတ်. . . ကျွတ်"

ခွဲ ခေါင်းကိုနှိပ်၍ ဒယိမ်းဒယိုင်ဝင်လာသည်။

သွေးတွေ အဆက်မပြတ်စိမ့်ထွက်နေသဖြင့် သွေးထွက်လွန်ပြီးမူးနေတာမှန်း မရသိသည်။

သို့သော် တစ်အိမ်လုံး အိပ်မောကျနေသည်။

သူက ကိုယ့်ကို ချစ်ရေးဆိုထားသည့်ယောကျ်ား။

သူမ ပြုစုမပေးနိုင်ပါ။

ဆရာဝန်စိတ်ခါတ်က သပ်သပ် မလိုလားစိတ်က သပ်သပ်ပဲဖြစ်ကာ မရ သူ ဆိုဖာမှာ လဲပြိုကျသွားသလို ထိုင်ချလိုက်သည့်အထိ ရပ်ကြည့်နေခဲ့၏။

"အား"

ခွဲက ဆိုဖာမှာမှီရင်း ညည်းညူနေသည်။

ဒဏ်ရာကိုမြင်လျက်နှင့် မထားခဲ့ရက်သော ဆရာဝန်တို့၏ စိတ်က ဥပေက္ခာများနှင့် လွန်ဆွဲနေသည်။

"မမ. . . ကျွန်တော့်ဒဏ်ရာပြင်းတယ်ထင်တယ်၊ တအားနာနေတယ်မမရယ်၊ ကျွန်တော့်ကိုလာကြည့်မပေးတော့ဘူးလား"

ဒီပြင် ဆရာဝန်ခေါ်ပေးဖို့ကလည်း မဖြစ်။

ဖေဖေတို့သိလျှင် သူမကောင်းပါ့မလား။

ဘာဖြစ်လို့လဲဆို၍ ကိုယ့်ပြဿနာတွေဖွင့်ချပြရလျှင် ပိုဆိုးဦး





မည်။

ခုနေ အိပ်နေသည့်လူတွေကို လိုက်နှိုးရအောင်လည်း လူကြီးတွေပဲဖြစ်နေ၏။

မရ ပင့်သက်ရှိုက်ကာ သူ့ဒဏ်ရာကုဖို့ လုပ်ရတော့သည်။

ရေနွေးပြေးထည့်၍ ဒဏ်ရာကို သေချာစစ်လိုက်တော့ ချုပ်ရမှာဖြစ်နေ၏။

ထိခိုက်မိတာက အချိန်လွန်နေပြီမို့ ဆက်မိအောင် ကမန်းကတန်းချုပ်ရသည်။ သုံးချက်ချုပ်လိုက်ရသည်ကို ခွဲခြားမျက်နှာမဲ့ခနဲ တွန့်ခနဲဖြစ်သွားပေမယ့် ညည်းသံမထွက်ခဲ့ပေ။

ဒဏ်ရာကို ပတ်တီးစည်းပေးတော့ သူ့နားမှာကပ်မထိုင်လို့ မရ။

ခွဲသည် မေးစင်းသောမျက်လုံးများနှင့် မရမျက်နှာက သနပ်ခါးညက်ညက်ကလေးကို ငေးကြည့်နေသည်။

"မမ"

သူခေါ်တော့ မရက မျက်လွှာလေးပင့်၍ပင် မကြည့်ဘဲ လုပ်စရာရှိတာကိုသာ အမြန်ပြီးဖို့ကြိုးစားနေ၏။

အရုဏ်တက်နေပေမယ့် မှောင်မိုက်နေသဲမှာ မီးရောင်ဖျော့ဖျော့က ကိန်းခမ်းကြီးနေသဲ။ မရ မျက်တောင်ကော့ကော့တွေကို သူ ငေးစိုက်ကြည့်ရင်း ကတ်ကြေးကိုင်၍ မော့လိုက်သော မရလက်ရှေ့မှာ သူက လက်ဖျံနှင့်ဖိချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အ"

"အို . . . ဘာလုပ်တာလဲ"

ကတ်ကြေးဦးနှင့် ထိုးမိသွားသဖြင့် ညာဘက်လက်ဖျံမှာ သွေးတွေ ရဲခနဲဖြာကျလာ၏။

"ခွဲခြား . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

တိတ်ဆိတ်နေသည့် အရုဏ်နံနက်ခင်းမှာမို့ လေသံကို ခပ်ကြိတ်ကြိတ်ပြော၍ မရ ထိတ်ထိတ်ပျာပျာ ကတ်ကြေးကိုချသည်။

ခွဲကပြုံး၍ ကတ်ကြေးစိုက်မိသွားသည့်လက်ဖျံကို ဖိကြည့်လိုက်၏။

"ဒဏ်ရာယူတာလေ၊ မမက ကျွန်တော့်နားက မြန်မြန်ထွက်သွားဖို့ကြိုးစားနေတာမဟုတ်လား၊ နောက်ထပ် ဒဏ်ရာတစ်ခုထပ်ရတော့ မမမျက်နှာကို ကြာကြာထပ်မြင်ခွင့်ရတော့ပေါ့"

"မင်း ရူးနေသလားခွဲ၊ မင်းစိတ် အဲဒီလောက် မသေးသိမ်ရသလား၊ အေး ငါက မတော်တဆဒဏ်ရာကိုပဲ ကုပေးမှာ၊ တမင်တကာလုပ်တာမျိုးဆို ဆောရီးပဲ"

"မမ"

"အမေ့"

ဒီလောက်ထိကျူးလွန်လာရဲမည်မထင်ခဲ့သဖြင့် မရ စိတ်ဆိုးဆိုးနှင့် ထရပ်လိုက်မိလျှင် ခွဲက မရလက်ကို အားနှင့်ဆွဲပစ်လိုက်၏။



မရ စိုက်ခနဲယိုင်ကျသွားသည်နှင့် မရကိုယ်လေးကို ခွဲက ဖွင်းကျပ်စွာဖက်ထားလိုက်ပြီး . . .

"မသွားပါနဲ့မမရယ်၊ မမကို ကျွန်တော် ခဏလေးဖြစ်ဖြစ် ကြာအောင်မြင်ပါရစေ"

"ခွဲခြား . . . မင်း"

"မမကို . . . ကျွန်တော် ချစ်တယ်"

"အို"

ခွဲက မရမျက်နှာလေးကို အနမ်းခါးပြတိုက်ဖို့ ကြိုးစား၏။ မရ အတင်းငြင်းဖယ်ရှောင်ရှားသည်။

လက်ရှိအခြေအနေမှာ ဒေါသဖြစ်ဖို့က ဒုတိယဖြစ်ကာ ရှက်ရွံ့သောရင်ခုန်လှုပ်ရှားခြင်းများနှင့် သူ့မျက်နှာမှ ရှောင်ခွာဖို့ကိုသာ မရ ကြိုးစားနေမိသည်။

ထိုစဉ် ခလုတ်ခါးပေါ်မှဆင်းလာသည့် အရိပ်တစ်ခုသည် ဆက်ခနဲလာတော့အဲ ရောက်ထည့်နေရာမှာပင် တောင့်မတ်စွာ ရပ်တန့်သွား၏။

ဒေါ်မမ နေရာမှာ တုံ့ခနဲဖြစ်လျက် ပြန်ဆုတ်ရအခက် ဆက်ဆင်းရအခက်ဖြစ်နေစဉ် မရ၏လက်တစ်ဖက်က အားပြင်းစွာ မြှောက်တက်သွား၏။

ခွဲခြားက မျက်လုံးစုံမှိတ်၍ ငြိမ်နေသည်။

"မလုပ်နဲ့သမီး၊ ဒဏ်ရာရထားတဲ့ခေါင်းကို အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် ထပ်မလုပ်ပါနဲ့သမီးရယ်''

မျက်နှာပူပေမယ့် မတတ်နိုင်တော့ဘဲ အော်ဟစ်တားလိုက်ရင်း ခပ်သုတ်သုတ်ဆင်းခဲ့မိသည်။

''အန်တီ''

မရသည် ကြိုးမိန့်ကျခံလိုက်ရသည့်သူလို နေရာမှ ခြောက်ခြားတုန်ယင်စွာ ထရပ်လိုက်ပြီး ဒေါ်မမကိုလှည့်ကြည့်၏။

ခွဲ နေရာမှထရပ်ကာ ဒေါ်မမကို မျက်နှာမူ၍ရပ်လိုက်၏။

အပြစ်ပေးလျှင် ခံယူပါမည်ဆိုသောသဘော။

ဒေါ်မမ ဆင်းလာသော်လည်း ကိုယ်တိုင်ပင် ဘာပြောမည်ဟု မရည်ရွယ်နိုင်သေးပါ။

သူမစိတ်ထဲမှာ တစ်ခုသိနေသည်က မရကို ခွဲ အတင်းချစ်ရေးဆိုနေသည်ဟု . . .။

❀ ❀ ❀



## အခန်း (၂၂)

မရအကြံပေးသဖြင့် ဦးမောင်မောင်လွန်းကို အောက်ထပ်မှာ ပြောင်းထားလိုက်ပြီး မနက်ညနေ ခြံထဲမှာ ပုံမှန်သွားလာလှည့်ပတ်စေခဲ့ကြ၏။

''အမလေး. . .အဲဒါ သမီးလေးပြောလို့ပါကွယ်၊ အောက်မှာနေရို့ နေနေသာသာ ဝရန်တာတောင် ထွက်ရပ်တာမဟုတ်ဘူး၊ သမီးပြောတော့ကြည့်စမ်း၊ ခေါင်းတညိတ်ညိတ်နဲ့ အဆင်ကိုပြေလို့''

မရနဲ့ခွဲကိစ္စကို ဘယ်သူမှ ဘာမှထပ်မလာတဲ ဖေဖေ့ဝေယျာဝစ္စနှင့် မရ လုံးထွေးပစ်ခဲ့သည်။

အားလုံးသည် မသိလိုက်မသိဘာသာပဲ နေပေးခဲ့ကြသည်ဟု ထင်ခဲ့သော်လည်း နေ့စဉ်ရောက်လာတတ်သူက ခွဲ။

www.burmeseclassic.com



သူလာပြီဆို ဖေဖေနဲ့မရ ခြံထဲမှာပဲရှိတတ်ကာ မရဲ့ ရှောင်ထွက်လာခဲ့မြဲ။ ဒီအိမ်မှာ ဖေဖေ့ကြောင့်သာမဟုတ်လျှင် ခွဲကို မရှုရင်ဆိုင်နေလိမ့်မည်မဟုတ်ပါ။

ခုတော့ ဟိုတုန်းကနှင့် လုံးဝဆန့်ကျင်နေပြီဖြစ်သော စိတ်ကမထင်မှတ်စွာ နူးညံ့နေခဲ့ရပြီး ငဲ့ကွက်စရာမျက်လုံးများနှင့် ကိုယ့်မှာမရုန်းနိုင်မလွတ်နိုင်ခဲ့။

သားအဖနှစ်ယောက် မနက်စောစော ခြံထဲရောက်လာကြ၏။

"ဖေဖေ"

"ဘာလဲသမီးရဲ့"

"ဖေဖေ ခရေပန်းမကြိုက်ဘူးလားဟင်"

" ကြိုက်တယ် မကြိုက်ဘူးတော့မဟုတ်ဘူး၊ ဒါပေမဲ့ ပန်းကြိုက်တာက ယောကျ်ားအလုပ်မှမဟုတ်တဲ့ သမီးရယ်၊ သမီးက ဘာဖြစ်လို့မေးတာလဲ"

မရက တန်းကိုကိုင်၍ မတ်တပ်ရပ်ကျင့်နေသည့် ဦးမောင်မောင်လွန်းဘေးမှာ ကပ်လျက် လက်မောင်းတစ်ဖက်မှ ဖေးကူတွဲထားရင်း ခရေပင်ကြီးကို မော့ကြည့်လိုက်၏။

"မရလေ. . . ခရေပန်းကိုတော့မကြိုက်ဘူး၊ ဒါပေမဲ့ သူမွှေးတဲ့ရနံ့သင်းသင်းလေးကို ချစ်တယ်၊ ဒါပေမဲ့ မေမေကော မချစ်ရဘူးတဲ့၊ ခရေကော စံပယ်ကော အို အနံ့မရှိ အရောင်မဲ့ပြီး ဆူးမပါတဲ့ ပန်း





အသယ်ပန်းကိုမှ မကြိုက်ရဘူးတဲ့"

မေမေ့အကြောင်းပြောတိုင်း ခွေးရိုပ်သမ်းသွားတတ်သည့်ဖေဖေ့မျက်နှာက ကြေကွဲပြုံးတစ်ခု ထပ်မံဖြစ်ထွန်း၏။

မရကတော့ မေမေ့ကိုလွမ်းတိုင်း ဖေဖေ့နားရောက်လျှင်မေမေ့အကြောင်းကိုပဲ ပြောဖြစ်သည်သာ။

ထိုအခါ ဖေဖေ့မျက်နှာပေါ်က တရုပ်ရုပ်ပြောင်းလဲသွားတတ်သည့် လွမ်းမောခြင်း ခွေးမြေ့ခြင်းများကို ငေးကြည့်မိသည်။

မေမေ့ကိုသာ တမ်းတချစ်နေဆဲပါလားဆိုသော ယုံကြည်စိတ်တို့ ခိုင်မာစွာဖြစ်ထွန်းခဲ့ရင်း ဖေဖေ့ကို ပို၍ သနားကြင်နာခဲ့ရ၏။

"ယမီးရယ်. . . အဲဒါ သူ့ အတွက်ကြီးတာတော့မဟုတ်ပါဘူး၊ လူတိုင်းဟာ ကိုယ့်အတွက်နဲ့ကိုယ်တော့ မှန်နေတတ်ကြတာပဲ၊ ဖေဖေ့ကိုကြည့်လေ၊ ကိုယ့်စိတ်နဲ့ကိုယ် မှန်တယ်ထင်ရာတွေ လျှောက်လုပ်ခဲ့တာ၊ နောက်ဆုံးတော့ ကိုယ့်ကြောင့် ဘေးလူတွေ စိတ်ဆင်းရဲတယ် ထိခိုက်ကြတယ်၊ ဖေဖေ နောက်ကျမှဖြစ်သွားတယ်၊ ဒါပေမဲ့ ဒီနေ့ထိ ဖေဖေ နောင်တမရခဲ့ဘူး၊ ခုဆို ပိုပျော်သေးတယ်၊ ဖေဖေ ဒီလိုနောက်ဆုံးသာမရခဲ့ဘူးဆိုရင် သမီးလေး ဖေဖေ့ဆီ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာမှာမဟုတ်ဘူး"

ဦးမောင်မောင်လွန်းက ပြောနေရင်း တန်းကိုအားပြုကာ ခြေစွဲကိုကြိုးစားနေ၏။

မရက ဖွဖွလေးဖေးကိုင်ပေး၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အတင်းကြီးမကြိုးစားနဲ့ ဖေဖေ၊ ရနိုင်သမျှပဲလုပ်ကြည့်၊ မရရင် ပြန်လျှော့ထား၊ ဟုတ်ပြီ . . . အဲ . . . အဲ . . ."

"အ"

"ရပြီ . . . ရပြီ . . . ပြန်ချဖေဖေ"

ဦးမောင်မောင်လွှန်း ခြေကိုကြွနိုင်ပြီး လှမ်းဖို့ ဖွတ်ကြိုးစားတော့ မျက်နှာမဲ့သွား၏။

မရက ပြန်ချပါဆိုမှ ချတော့ ချွေးပြန်နေပြီ။

ဦးမောင်မောင်လွှန်းနဖူးနှင့် လည်တိုင်ကြားကချွေးတွေကို မရက လက်ကိုင်ပဝါလေးထုတ်ကာ တယုတယ သုတ်ပေး၏။

"ဖေဖေ"

"ဟင် . . . သမီး"

"ဖေဖေ အခု အရမ်းကြိုးစားနေတာ ခြေထောက်တွေ ပြန်ကောင်းချင်လွန်းလို့လားဟင်"

"ဒါပေါ့သမီးရယ်"

"အဲဒါ ဘာဖြစ်လို့လဲဟင်၊ ဟို . . . မေမေ . . . မေမေ့ကို . . ."

မရ ဆက်မပြောဘဲရပ်နေတော့ ဦးမောင်မောင်လွှန်းက ပြုံး၍ မရခေါင်းလေးကို ချစ်စနိုးပွတ်သပ်လိုက်၏။

"သမီးက သမီးရဲ့မေမေကို ဖေဖေက မျှော်လင့်နေတယ် ထင်လို့လား"





"ဖေဖေက မဟုတ်ဘူးလား"

"သမီးရယ်"

ဦးမောင်မောင်လွှန်းမျက်နှာ ရီဝေမှိုင်းကျသွားကာ မလှမ်းမကမ်းက ကျောက်ခုံလေးဆီသွားဖို့ပြင်တော့ မရက တွဲပို့ပေး၏။

သားအဖနှစ်ယောက် အတူတူထိုင်မိကြလျှင် . . .

"ပြောလေဖေဖေ၊ ဖေဖေ့ကို မရသနားတယ်၊ မေမေ့ကိုလည်း ချစ်တယ်၊ ဖေဖေနဲ့မေမေ့ကို ပြေလည်စေချင်တယ်၊ မေမေ့ကို စိတ်ချရပြီဆိုပေမယ့် ဖေဖေ့ကို စိတ်မချဘူး၊ ဖေဖေ ခြေထောက်ပြန်ကောင်းပြီး သွားနိုင်လာနိုင်ခဲ့ရင် စည်းစိမ်ဥစ္စာတွေ တစ်ပုံတစ်ပင်နဲ့ ဖေဖေက ရုပ်လည်းချောတယ်၊ အရွယ်လည်းရှိသေးတယ်၊ နောက်ထပ်မိန်းမ . . ."

"ဟော့ . . . သမီး"

ဦးမောင်မောင်လွှန်းက မရပခုံးလေးကိုဖက်၍ မရယ်ချင်ဘဲ ရယ်နေရှာသည်။

"သမီးကို ဖေဖေက သမီးမေမေ လှေကျင့်ပေးထားတဲ့ မာကျောမှုတွေနဲ့ အရမ်းကို မာကျောခက်ထန်မယ်လို့ထင်ထားတာ ပြီးတော့ နူးညံ့လည်းနူးညံ့မိခဲ့တယ်၊ ဘဝရဲ့ သာယာနူးပျိုတဲ့ အချိန်တွေမှာ နူးညံ့မှုဆိတ်သုန်းပြီး မာကျောမှုတွေနဲ့ ပြီးသွားမှာစိုးတယ်၊ ခုလိုကျတော့ သမီးလေးက မိန်းမပီသနေပြန်ရော၊ နူးညံ့တဲ့စိတ်ကလေးတွေလည်း ပြည့်သိပ်လို့ ဖေဖေ ဝမ်းသာလို့ပါတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ်. . . မရလေ မေမေ့ကိုချစ်တယ်၊ ဒါပေမဲ့ မေမေ့လိုမဟုတ်ဘူး၊ မေမေ့လောက် ပြင်းထန်တဲ့စိတ်မျိုးထားနိုင်ဖို့ ကိုယ့်ရှေ့မှာ မှန်ထောင်ပြီး မာနကြီးကြီးရုပ်နဲ့ အတ္တစိတ်တွေလည်း စုဆောင်းခဲ့ဖူးတယ်၊ ဟုတ်ပြီလို့တော့ ထင်ခဲ့တာပဲ၊ ဒါပေမဲ့မဟုတ်ဘူး။ အဲဒီ စိတ်တင်းမာမှုတွေထဲမှာ မေမေ့ကို ကြောက်တာတွေ ချစ်တာတွေ မေမေ့လိုဖြစ်မှ မေမေ့လိုနေနိုင်မှာဆိုတဲ့ အတ္တဟာ အမိုက်ဖြစ်ပြီး မူလစိတ်က မပါခဲ့ဘူး၊ မရ မေမေ့လောက် အသည်းမမာနိုင်ပါဘူး ဖေဖေ"

"အင်း. . . ကောင်းတယ်၊ အဲဒီတော့ သမီးရဲ့အိမ်ထောင်ရေးအတွက် ဖေဖေ အများကြီးစဉ်းစားထားခဲ့တာ အဆင်ပြေနိုင်ပြီပေါ့ သမီးရယ်"

"ဟင်. . . ဘယ်လို ဖေဖေ"

အရုဏ်တက်လာသည့် နံနက်ခင်းနေရောင်ခြည်က တစ်စစ ရင့်သန်လာ၏။

ယိမ်းနွဲ့လှုပ်ပျနေသည့် ရောင်စုံပန်းပွင့်တို့ကြားမှာ ပြုံးရီနေသော ဖေဖေ့မျက်နှာက ကြည်စင်နေခဲ့၏။

"ဟုတ်တယ်၊ သမီးကို ဖေဖေက အိမ်ထောင်. . ."

"ဖေဖေ"

မရ အလန့်တကြားခေါ်၍ ဦးမောင်မောင်လွန်းလက်မောင်းကိုပါ ဖျစ်ဆုပ်လိုက်မိ၏။





"ဖေဖေ. . . ဖေဖေ နောင်မှာ အိမ်ထောင်ပြုချင်ပြုမှာမို့လို့ မရကို အရင်စီစဉ်ချင်တာလားဟင်၊ ဒါမှမဟုတ်. . ."

"ဘာမှကိုမဟုတ်ဘူး၊ ဖေဖေက ဒီအသက်အရွယ်ရောက်မှ နောက်ထပ်တစ်ကြိမ်ဆိုတာ ရှိလာဦးမှာလားသမီးရယ်၊ ဖေဖေပြုချင်မှဖြင့် သမီးမေမေ ထွက်သွားကတည်းက ဒီလောက် ရှုးသွပ်နေဖို့ လိုပါ့မလား။ ဖေဖေ့မှာငွေရှိတယ်၊ အရွယ်ရှိတယ်၊ ဖေဖေ နောက်ထပ် တစ်ယောက်မက အများကြီးချိတ်လို့ရတယ်၊ ဖေဖေ့ဘဝမှာ တစ်ယောက်ကိုပဲ အထင်ကြီးခဲ့ဖူးတယ်၊ ဖေဖေ သူ့ကိုပဲချစ်ခဲ့တာ၊ သူနဲ့ ခွဲခဲ့ရတယ်၊ ပိုချစ်တယ်၊ မရနိုင်မှန်းသိတော့ ပိုပြီးလိုချင်တယ်၊ လိုချင်တာမရတဲ့နောက်မှာ ရှုသမျှတိုင်းက တန်ဖိုးမဲ့နေတာပဲ၊ ဒါတွေ သမီး နားလည်ချင်မှနားလည်နိုင်မှာ၊ ဒါပေမဲ့ သမီး ဖေဖေ့ကိုယုံပါ။ သမီးရဲ့မေမေကို ချစ်နေတဲ့စိတ်နဲ့ ရင်ထဲမှာရှိနေသမျှ သူ့ကို ပိုင်ဆိုင်ချင်ရသည်ဖြစ်စေ မရသည်ဖြစ်စေ ဖေဖေ စကျနပ်နေမှာပဲ၊ ဒီအရွယ်ရောက်မှ အချစ်ကို တစာစာတောင်းပြီး အကြွင်းမဲ့ ဆန္ဒပြနေဖို့လည်း မလိုတော့ဘူးလေ၊ ဖေဖေပြောနေတာ သမီးအတွက်"

လေအနေအထားမှာ ပါးပြင်တစ်ဖက်နားမှ ကန့်လန့်ဖြတ်၍ မျက်နှာပြင်ပေါ်မှာ ဖုံးကွယ်အုပ်ယှက်သွားသည့် ဆံနွယ်တို့ကို မရ အသာသိမ်းဖယ်၍ ဦးမောင်မောင်လွန်းကို ကြည့်သည်။

လေက မြူးနေသဖြင့် ဆံစတို့သည် မျက်နှာကိုသာ ပုတ်ခတ်ဆော့ကစားနေသဖြင့် လက်ကလေးတစ်ဖက်နှင့် ဖိအုပ်ကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရင်နှင့် ဘာမှလည်းမဆိုဖြစ်ဘဲ ပါးစပ်တပြင်ပြင်နှင့် ငေးနေမိ၏။

သားအဖ ဆုံးဆည်းခွင့်ရခဲ့တာ မထင်မှတ်သော ကံကောင်းခြင်းလက်ဆောင်ပါ။

ပြီးတော့ ဖေဖေဟာ လူကောင်းတစ်ယောက်မဟုတ်။

မရ ပြုစုစောင့်ရှောက်နေတာကိုသာ လိုလားနေရမည် လိုလည်းလိုအပ်နေသည်။

ဒီအချိန်မှာ သမီးနဲ့အဖေ ပြန်တွေ့စပိပိ ရင်းနှီးချစ်ခင်ဖို့ နွေးထွေးယုယဖို့၊ ဒါကလွဲပြီး ဘာပိုအရေးကြီးသလဲ။

မရအတွက် အိမ်ထောင်ရေးကို အရေးတကြီး စဉ်းစားနေဖို့ အချိန်လား။ ရင်ထဲမှာ ဖေဖေသည် သူမကို သူ့အပါးမှခွဲထုတ်လိုသည်လားဟု တွေးဖြစ်ရင်း ငေးနေပေမဲ့ စကားသံမထွက်ခဲ့။

မရ မျက်ဝန်းတွေကို ငုံ့မိုးကြည့်၍ ဦးမောင်မောင်လွှန်းနားလည်ကာ စိတ်မကောင်းဖြစ်သွားမိသည်။

"သမီး"

မရ နဖူးပြင်ထက်မှာ ရှုပ်ယှက်ခတ်ဝေ့ကျနေသည့် ဆံယဉ်စတို့ကို တယုတယသပ်တင်ပေး၍ ဖျောင်းဖျသောအပြုံးကို ဆောင်၏။

"ဖေဖေ့ကို အထင်မလွဲပါနဲ့သမီးရယ်၊ ဖေဖေလေ ငယ်စဉ်တုန်းက အချစ်ဆိုတာကို ဘာမှန်းမသိဘူး၊ သိလည်းမသိချင်ဘူး၊ အချစ်အကြောင်း တဖွဲ့တနွဲ့ပြောတဲ့သူတွေကို ပြက်ရယ်ပြုခဲ့မိသေးတာ၊ ဖေဖေ လိုချင်တာရနေခဲ့တာကိုး၊ ချစ်တတ်လာတဲ့အခါကျတော့ အဲဒီ





လိုအပ်သူများတွေအတွက် ပေးဆပ်လိုက်ရတာ တစ်ဘဝလုံးပဲ"

ဦးမောင်မောင်လွှန်းက လက်ကိုရုတ်၍ အဝေးကိုငေးကြည့်နေသည်။

"ဆယ့်တစ်နှစ်သားအရွယ်ကတည်းက ရှုးရှုးမူးမူး အရိုးစွဲအောင် ချစ်တတ်ခဲ့တဲ့လူတစ်ယောက်ကို ဖေဖေ ထူးဆန်းအံ့ဩစွာ ဆုံခဲ့ရတယ်၊ သူဟာ မိန်းကလေးတစ်ယောက်ကို ငယ်စဉ်ကတည်းက မြင်တဲ့သံယောဇဉ်နဲ့ အစချီပြီး ခိုင်မြဲစွာ စွဲလမ်းခဲ့ရှာတာ၊ သူ့တစ်ဘဝလုံးမှာ အဲဒီတစ်ယောက်တည်းပဲ သူချစ်ခဲ့တာ"

ဦးမောင်မောင်လွှန်းက မရဘက်ကိုပြန်လှည့်၍ စူးစိုက်ကြည့်သည်။

"သူ့ရဲ့ဘဝဟာ ဒီနေ့ထိ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းခဲ့ပေမယ့် မပြောင်းလဲခဲ့တာ အဲဒီမိန်းကလေးကိုပဲ၊ စွဲလမ်းနေခဲ့တဲ့ သူ့ရဲ့စိတ်ပဲ၊ လူတွေဟာ ကိုယ်မသိတာ ကိုယ်မလုပ်နိုင်တာကို အခြားတစ်ယောက်က စွမ်းဆောင်သိမြင်နေတယ်ဆိုရင် အဲဒီလူကို အထင်ကြီးကြတာ မဟုတ်လား၊ ဖေဖေ သူ့ကိုအထင်ကြီးတယ်၊ လေးစားတယ်၊ သူဟာ အများကြီး တိုးတက်ပြောင်းလဲနေတဲ့ဘဝကနေ သူချစ်တဲ့မိန်းကလေးကို ပိုင်ဆိုင်ဖို့ နေ့ရှိသရွေ့ ဆုံးဖြတ်ကြိုးစားခဲ့တယ်၊ သူပြောတယ်၊ သူ့ရည်ရွယ်ချက်ပြည့်တဲ့အချိန်မှာ အဲဒီမိန်းကလေး မြေပြင်ပေါ်မှာ သူများနင်းလို့ ကြေမွနေတဲ့ ပန်းကလေးပဲဖြစ်ဖြစ် အလိုမပိုကြွေကျမလား၊ ဒါမှမဟုတ် ရှုးခြွေစွန့်ပစ်ခံရလို့ စမ်းရေထဲမှာမျောနေခဲ့တဲ့

www.burmeseclassic.com



ပန်းတစ်ပွင့်ပဲဖြစ်ဖြစ် သူကောက်ယူမှာ၊ အမြင့်ကိုရောက်နေလည်း ဘယ်လောက်မြင့်မြင့် မှီအောင် သူကြိုးစားသွားမယ်၊ အချစ်က သူ့အတွက် အချစ်ဟာ သူ့ရဲ့ရှင်သန်ခြင်း''

ပြောနေသည့် ဦးမောင်မောင်လွန်းအသံက တက်ကြွနေသည့်လား၊ ဂုဏ်ယူနေသည်လားမသိ၊ မာကြောသလိုရှိ၍ အဖျားခတ် လိုက်ခါနေရှာသည်။

''ဟိုတုန်းကသာ ဒီလိုလူမျိုး ဖေဖေတွေ့ရင် အရူးလို့ လက်ညှိုးထိုးပြောမိမှာပဲ၊ ခုချိန်မှာတော့ ဖေဖေလေးစားခဲ့တယ် သမီးရဲ့၊ လူတစ်ယောက်ဟာ အတ္တလွန်ကဲရင် အရူးလို့ခေါ်နိုင်တယ်၊ ဒါပေမဲ့ သူမရူးဘူး၊ ပညာတော်တယ်၊ စီးပွားရေးလောကမှာ ထူးချွန်တယ်၊ သူဟာ ကမ္ဘာကျော်သူဌေးကြီးဖြစ်လာတဲ့အထိ လုပ်နိုင်ခဲ့ရင်တောင် အားလုံးရဲ့ ရှေ့မှာ ရပ်တည်နိုင်တဲ့သူ၊ ဖေဖေ့ [illegible] သူ့ရင်ထဲက အချစ်၊ အဲဒီမိန်းကလေးတစ်ယောက်ကို ချစ်တဲ့စိတ်ဟာ သူ့ရင်ထဲမှာ သူ့ဘဝအနိမ့်အမြင့်နဲ့ လုံးဝမသက်ဆိုင်ဘဲ သပ်သပ်ငြိမ်ငြိမ်လေးရှိနေ ခဲ့တယ်၊ သမီးစဉ်းစားကြည့်စမ်း၊ သူဟာ ဖေဖေ့သားလောက်ပဲရှိ သေးတာ၊ ဒါပေမဲ့ ဖေဖေ့ထက် အများကြီးတော်တယ်၊ စိတ်ဓာတ် ခိုင်မာတယ်''

''ဖေဖေ့ရဲ့စိတ်တွေ ကောင်းတစ်လှည့်ဆိုးတစ်လှည့်နဲ့ အချစ်နဲ့စီးပွားရေးကြားမှာ အသက်ရှုယ်ကိုင်ပြီး ဆုံးဖြတ်ချက်တွေ ကွေ့ကောက်နေတုန်း ဂျပန်မှာ သူနဲ့ဆုံခဲ့တယ်၊ ဖေဖေ သူ့ကိုခင်





အခွင့် စီးပွားဘက်ပေမယ့် အသက်ငယ်လို့ အထင်သေးခဲ့မိတဲ့ စိတ် တွေအားလုံး ပျောက်ခဲ့တဲ့အထိ သူကတော်တာ၊ ဖေဖေ သူနဲ့တွေ့ပြီး အားသစ်တွေတက်လာတဲ့အချိန်မှာ ဒီခြေထောက် ခုလိုဖြစ်သွားခဲ့တား ဒါပေမဲ့ သူ အားပေးခဲ့ပါတယ်၊ ဖေဖေလုပ်ချင်တဲ့လုပ်ငန်းကို ဆက်လုပ် ဖြစ်အောင် သူကူညီတယ်''

မရ တစ်စုံတစ်ရာကို ခပ်ရေးရေးမြင်လာ၏။

ဦးမောင်မောင်လွန်းပြောနေသမျှ အာရုံထဲမှာ နှင်းကွဲကြားက ရှုခင်းသည်တစ်စလို အလင်းရောင်လေးကို မြင်လာသလိုရှိ၏။

''ဖေဖေထည့်ဝင်သမျှ ရင်းနှီးမြှုပ်နှံမှုကို သူထိန်းပေးတဲ့ အပြင် မြန်မာပြည်မှာ အခြေတည်ဖို့လာတဲ့အထိ ဖေဖေ့ကို လက်တွဲ ခေါ်ဖို့ သူရည်ရွယ်ခဲ့တာ၊ အဲဒီအချိန်ထိ သူ့ဘက်က လုံးဝသန့်ရှင်း ပါတယ်၊ စဉ်းစားကြည့်စမ်းသမီး၊ စတွေ့တဲ့အချိန်မှာ အဲဒီမိန်းကလေးကို သူ ဘယ်လောက်သံယောဇဉ်နဲ့ [illegible] မိန်းကလေးပေးတဲ့ တစ်ထောင်တန်နွေးလေးကို ခုချိန်ထိ သူ့ကိုယ်နဲ့မကွာ ဆောင်ထားခဲ့ သတဲ့၊ သူ ဒီတစ်ထောင်တန်ကြောင့် ခေါ်လာဆယ်သိန်းနဲ့ [illegible] ခဲ့ရတယ်၊ ရန်ပွဲတွေလည်းဖြစ်ခဲ့ရတယ်၊ တစ်ထောင်တန်ပါသွားတဲ့နောက် ကောက်ကောက်လိုက်ခဲ့တဲ့အထိပဲ၊ သူပြောတယ်၊ အဲဒီမိန်းကလေးဆီ က သူရနိုင်ခဲ့တာ ဒါပဲရှိတယ်တဲ့''

မရ မျက်နှာလွှဲ၍ ထရပ်မိတော့မလိုဖြစ်သွားလျှင် ဦးမောင် မောင်လွန်းက မရလက်ကလေးကို ဆွဲလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးသမီးရဲ့ ဖေဖေလေ ဒီအကြောင်းတွေကို ခုကျမှ သိရတာဆိုရင် မြင်မှ ရှူးသွပ်ပြတာပဲလို့တွက်မိမှာ၊ ဒါပေမဲ့မဟုတ်ဘူး၊ သူနဲ့ဖေဖေ ဟိုတုန်းတစ်ချိန်က ဂျပန်မှာရင်းနှီးခဲ့ကြတော့ သူ့ရင်ထဲက ထာဝရသိမ်းဆည်းထားတဲ့ ကောက်နုတ်ချက်များအဖြစ် ပြောပြခဲ့ဖူးတာ၊ ဖေဖေမေးဖူးသေးတယ်၊ မင်းရဲ့ချစ်သူ အိမ်ထောင်တွေဘာတွေ ကျနေရင် မင်းကြိုးစားတာတွေ အလကားဖြစ်မကုန်ဘူးလားလို့ပေါ့၊ သူပြောတယ်၊ ဘယ်တော့မှ သူယူမှာမဟုတ်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတာ သူပဲသိတယ်တဲ့၊ ဒါပေမဲ့ သူ့ကိုချစ်လို့ စောင့်ဆိုင်းနေတာမဟုတ်ဘူးဆိုတာလည်း ထည့်ပြောတယ်"

"ဖေဖေ. . . မရ. . . မရနဲ့မဆိုင်ဘူး၊ မရ. . . သူ့ကို. . ."

ဦးမောင်မှောင်လွန်းက မျက်ဝန်းတွေမှိတ်ပစ်ကာ ခေါင်းခါလိုက်၏။

"ဖေဖေပြောပါရစေ၊ သမီးနားထောင်ပေးပါ၊ သမီး သူ့ကို မချစ်ဘူးဆိုတာ ဖေဖေသိတယ်၊ သမီးအန်တီတို့လည်း သိနေတာပဲ၊ သူ့ရင်ထဲကမိန်းကလေးဟာ သမီးပဲဆိုတာ သိလိုက်ရတဲ့အချိန်မှာ ဖေဖေသိနေတာကလည်း သူ သမီးကို တကယ့်မေတ္တာစစ်နဲ့ ချစ်နေတယ်ဆိုတာပဲ"

"ဟင့်အင်း. . . မရ. . ."

"နေဦးသမီး၊ ဖေဖေ့ရဲ့ရူးသွပ်မှုတွေကို ဖေဖေပြောပြမယ်၊ ပထမဆုံး သူ့ရင်ထဲက စွဲလမ်းမှုကို ဖေဖေ အထင်ကြီးခဲ့တာ၊ နောက်





ထပ်ပြီး သူဟာ ဖေဖေ့ အယုံကြည်ရဆုံးလူငယ် ဖြစ်နေတယ်၊ နောက်တစ်ချက်က သမီးမေမေရဲ့ အတွေ့ပြင်းတဲ့အဆိပ်တောက်တွေကို ဖေဖေ ဖယ်ရှားပစ်လိုက်နိုင်တာ၊ သူသိအောင် ဖေဖေ လက်တွေ့ပြချင်တယ်၊ အဲဒီအခါ သမီးမေမေရဲ့ စိတ်ထိခိုက်မှုတချို့ဟာ နောင်တတွေ ရောထွေးပါလာနိုင်တယ်ပေါ့၊ ဒါ ဖေဖေတွေးထားခဲ့တာ၊ နောက်ထပ်ရှိတာက သူ့လိုလူကို ဖေဖေ ဆုံးရှုံးမခံနိုင်ဘူး၊ သမီးလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ် ကျော်နေပြီဆိုတော့. . ."

"အဲဒါမျိုး မေမေ လုံးဝခွင့်ပြုမှာမဟုတ်ဘူး ဖေဖေ၊ ပြီးတော့ မရ. . . မရ သူ့ကို မချစ်နိုင်ဘူး"

"မိန်းကလေးဘဝမှာ အချစ်ကို နှစ်ပေါင်းများစွာ ဝေဖန်ပိုင်းခြားနေဖို့ အချိန်မရှိဘူးသမီး၊ မိန်းမတန်ဖိုးဆိုတာ တစ်နေ့ရွှေ တစ်နေ့ငွေ၊ နောက်ဆုံးကျတော့ ကြေးတဲ့၊ သမီးကညာအခါမလင့်ဆိုတဲ့စကားဟာ အလကားရှိခဲ့တာမဟုတ်ဘူး၊ စိန့်ရွှေရတနာ ထိုက်တန်နေတုန်း မင်္ဂလာဆိုတာ ပြုသင့်တဲ့အချိန်ပြုရမယ်၊ ပြီးတော့ သမီး မေမေကို တစ်ခါတော့ ဆန့်ကျင်လိုက်ပါ"

"ရှင်. . . ဖေဖေ. . . ဖေဖေ"

"မိဘကိုပြစ်မှားဖို့ ဖေဖေ သင်ပေးနေတာမဟုတ်ပါဘူး၊ အမြဲတမ်း သူဖြစ်ချင်တာကို ဖြစ်ခွင့်ရနေခဲ့တဲ့သူဟာ မရတော့တဲ့အခါ ဘယ်သူနဲ့မှမတူအောင် ခံစားရတတ်တယ်၊ အရာရာကို အရှုံးပေးကျောခိုင်းသွားတတ်တယ်၊ အဲဒါ ဖေဖေ့ရဲ့နောက်ဆုံးမျှော်လင့်ချက်

www.burmeseclassic.com



လည်းဖြစ်နေလို့ပါ၊ သမီးကိုလည်း ခွဲခြားနဲ့ ဖေဖေ အဆင်ပြေစေချင်သလို သမီးမေမေ့ကို ဖေဖေ မျှော်လင့်ခွင့်ပေးပါ၊ ရရှိခြင်း မရှိခြင်းက ကံတရားပေါ့လေ၊ တစ်ခုတော့ရှိပါတယ်၊ သမီးဖေဖေ့အတွက်နဲ့ အိမ်ထောင်ရေးကိုတော့ သပ်သပ်စီ စဉ်းစားပါ၊ ဒါလုပ်ရင် နှစ်ခုစလုံး အဆင်ပြေနိုင်လားဆိုတဲ့ အတွေးမျိုးပဲထားပါ၊ ဖေဖေက ဒါကြောင့် ဒီလိုစီစဉ်တာလို့မထင်ရင် ကျေနပ်ပြီ"

"ဖေဖေရယ်"

ငြင်းဆန်ဖို့အင်အားတို့သည် မေမေ့ကို မျှော်လင့်ပါရစေဆိုသော ဖေဖေ့ထံမှ ကြေကွဲသံတစ်ရပ်ကြောင့် အစိပ်စိပ်အမွှာမွှာ ကြေခဲ့ရ၏။

"သမီးကို လက်ထပ်ပါရစေလို့ ဖေဖေ့ဆီမှာ သူခွင့်တောင်းထားတယ်၊ သမီး ခေါင်းညိတ်တာနဲ့ ဖေဖေစီစဉ်မှာ၊ ဟောဒီခြေထောက်တွေ ချိနေတဲ့အတွက် ဖေဖေ နေခင်ထအကြီးအကျယ်ရမိတာ၊ သူ့ လက်ထပ်ခွင့်တောင်းတဲ့နေ့ပေါ့ကွယ်၊ ဖေဖေ . . . သမီးအတွက်"

"ဖေဖေရယ် . . . တော်ပါတော့"

မရ ဖေဖေ့ကိုဖက်၍ မျက်ဝန်းတွေမှိတ်ထားလိုက်မိသည်။

ဦးမောင်မောင်လွန်းသည် သူ့အတွက် သမီးလေး ဘယ်လိုဆုံးဖြတ်တော့မည်ကို နားလည်လိုက်သောကြောင့် 'မရ' ကိုသာဖက်၍ နဖူးလေးမှာ သူ့ပါးပြင်ကပ်ထားမိ၏။

"ဖေဖေ့သမီးလေး လိမ္မာလိုက်တာကွယ်"

ဟု ဝမ်းသာလှိုက်လှဲစွာ ပြောလိုက်လေသည်။

❀ ❀ ❀



အခန်း (၂၃)

လှူကြီးချင်းစေ့စပ်ခွေးနွေးကြတော့ ခွဲဘက်က မိဘနှစ်ပါး မရှိလာ၏။

ဦးငြိမ်းဖော် ဒေါ်မျက်ချယ်သို့။

ဦးငြိမ်းဖော်သည် ခွဲလိုပင် အရပ်မြင့် အသားဖြူလွန်းသော်လည်း ဆံပင်အရောင်ကျတော့ အနက်ရောင်ဖြစ်၏။

ခွဲနှင့် ရုပ်ချင်းလည်းဆင်ပါသည်။

သို့သော် ခွဲရှစ်က ကပြားပုံလေးဖြစ်ကာ ဆံပင်နီရွှေရောင်နှင့်မို့ ဘိုဆန်နေသည်။

ဒေါ်အေဗီကတော့ တစ်သက်လုံး ပျောက်ကွယ်နေခဲ့ပြီးမှ အခု ခွဲ၏အမေပါဟု မားမားမတ်မတ်ပြောလာတော့ အံ့သြတာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး တဖွဖွပြောနေတုန်းက မေးတော့ ကိုလေးက 'သူက တစ်ကောင်ကြွက်လို့ပြောတာပဲ' ဟု ဖြေဖူးသည်။ ခုမနက်ကျမှ မင်္ဂလာကိစ္စဆွေးနွေးဖို့ ဧည့်သည်တွေလာတယ်ဆိုလို့ ထွက်ကြိုလိုက်တော့ ခွဲခြားရဲ့မိဘတွေတဲ့။

ရုတ်တရက် မိဘမရှိကြသူတွေ လုပ်တတ်ကြသလို မိဘမဟုတ်ဘဲ အုပ်ထိန်းသူတစ်ဦးဦးလား၊ ဒါမှမဟုတ် အငှားမိဘလားလို့တောင် ထင်ခဲ့မိသည်။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ မိခင်ဆိုသူသည် အလွန်နုငယ်၍ ကလက်တက်တက် ပြင်ဆင်ထားမှုများက အမေရင်းမဟုတ်နိုင်တာပဲဖြစ်၏။

ဒါ မိထွေးပဲဖြစ်မှာပါဟု ကိုယ်စီတွေးလိုက်မိကြဆဲ ဦးငြိမ်းဇော်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားဝ၏။

''သားဟာ ဆယ့်တစ်နှစ်သားကတည်းက ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားခဲ့တဲ့အလေးပါဗျာ၊ ကလေးကချေလေးလို ဖြစ်ခဲ့ပါတယ်၊ ဒါ သားအပြစ်မဟုတ်ပါဘူး၊ ကလေးရဲ့နုငယ်တဲ့စိတ်သဘောထဲကို ပျော်ဝင်နိုင်စေတဲ့ နူးညံ့နွေးထွေးမှုတွေ ကျွန်တော် မပေးနိုင်ခဲ့လို့ပါ''

ခွဲခြားမျက်နှာ မသိမသာပျက်လျက် ဦးငြိမ်းဇော်ကို လှမ်းကြည့်သည်။

''ဖေဖေ ကျွန်တော့်ကို ကူညီပါရစေဆိုတဲ့ကိစ္စကိုပဲ ပြောဖို့ ကျွန်တော်တောင်းပန်ပါတယ်၊ မလိုတာတွေ ထားခဲ့လိုက်ပါဖေဖေ''





ဟု အားလုံးရှေ့မှာ ကန့်ကွက်လိုက်၏။

ဦးငြိမ်းဇော်က စိတ်ဆိုးဟန်မပြပါ။

''ခဏလေးသည်းခံပါသားရယ်၊ သားနဲ့ဖေဖေ့ကြားမှာ အများကြီးရှိခဲ့တဲ့ ကွာဟမှုတွေကို လိုအပ်သလောက်တော့ တင်ပြဖို့လိုတယ်၊ ဒါတွေပြောလို့ သားရဲ့ဂုဏ်သရေ ညှိုးသွားဖို့လည်း မရှိဘူး ဖေဖေပြောပါရစေ''

ခွဲခြား မရကိုလှမ်းကြည့်၏။

မရ မျက်နှာတည်တည်လေးနှင့် မသိသလိုလုပ်ပစ်သည်။

ပြောလာမည့်အကြောင်းအရာတို့သည် သူမနှင့်ခွဲခြား ဆုံဆည်းခဲ့မှုများနှင့် တိုက်ရိုက်ပတ်သက်သောအကြောင်းများ ဖြစ်ပါလိမ့်မည်။

ခွဲခြား နေထိုင်စားသောက်ပုံများကို မြင်ကတည်းက ခွဲခြားတာ သူမထင်သလို နုံချာစုတ်ပြတ်သော ဘဝဆိုးထဲမှ အဆင့်အတန်းမရှိစွာ ကြီးပြင်းလာခဲ့သူမဟုတ်မှန်း သူမ ခန့်မှန်းမိခဲ့သည်။

မစားသောက်ရသေး၍ ဆာလောင်နေမှန်းသိသာနေသော်လည်း အငတ်နှင့်မတူ ညစ်ပေစုတ်ပြဲသော အဝတ်အစားများနှင့်ရှိသောအသားရောင်က ရွှေရည်ပန်းစက်လို ဝင်းထိန်နေခဲ့သည်။

သူမပြောသမျှကို နာခံတတ်ပေမယ့် ကျိုးနွံခဲ့တာမျိုးမဟုတ်။

တကယ်တော့ ခွဲခြားသည် ရတနာကုန်သည် ဦးငြိမ်းဇော်ဒေါ်မြှိုးမျိုးမင်း (ခ) ဂျမ်မာရီ တို့၏ တစ်ဦးတည်းသော သား။



www.burmeseclassic.com

ဂျမ်မာရီသည် မြန်မာပြည်ကိုချစ်သော အမေရိကန်သူတစ်ယောက်ဖြစ်ကာ ဦးငြိမ်းဇော်နှင့် မေတ္တာမျှပြီး ဌာနေကိုမပြန်ဖြစ်တဲ့ လက်ထပ်ဖြစ်ခဲ့သည်အထိ ရောက်ခဲ့သည်။

ခွဲခြားကိုမွေးပြီးမှ မဖြစ်မနေ ပြန်ဖို့ဖြစ်လာသဖြင့် ခွင့်မပြုနိုင်သော ဦးငြိမ်းဇော်နှင့် ပြဿနာဖြစ်ကြသည်။

အစကတည်းက ခွဲခြားကို မိဘနှစ်ပါးစလုံး လိုချင်နေကြသည့် ပြဿနာပဲဖြစ်၏။

ဦးငြိမ်းဇော်၏မာနက ကိုယ့်ကိုမချစ်လို့ ခွဲထွက်သွားဖို့ ကြိုးစားနေတဲ့သူကို ကိုယ့်ရင်သွေးပေးဖို့လိုသလား။ မပေးနိုင်ပါ။

ဂျမ်မာရီကလည်း သူမ မဖြစ်မနေပြန်ရမည့်ဖြစ်သော်ငြား ဦးငြိမ်းဇော်နှင့်ရသည့်ရင်သွေးကို ထာဝရ ပိုင်ဆိုင်စောင့်ရှောက်လိုသည်။

ထိုပြဿနာမှာ ခွဲခြားကို ဂျမ်မာရီက ပိုင်ဆိုင်ဖို့ဖြစ်လာခဲ့ပြီး မပြန်ဖြစ်မီ ခွဲခြားသည် ဦးငြိမ်းဇော်ထံ ပြန်ရောက်လာ၏။

ဦးငြိမ်းဇော်မှာ သားကိုချစ်သည်က သိပ်သိပ်။

အလွန်ချစ်သောဇနီးသည်ကို ခွဲရမှာမို့ စိတ်ထိခိုက်နေရသည့်အထဲ သေကွဲကွဲ၍ ထာဝရဆုံးရှုံးလိုက်ရပြီမှန်း သိရသောအခါ ဘယ်လိုမှ မခံစားနိုင်တော့ဘဲ တေလေကြီးတစ်ယောက်လို သောက်စား လေလွင့်ခဲ့ရင်း ခွဲခြားနာမည်ကို အတည်ပြုမှည့်တွင်ဖို့ ဖြစ်လာခဲ့သည်။





ထိုစဉ်က ခွဲခြားမှာ နှစ်နှစ်ပင်မပြည့်သေးပါ။

"ကျွန်တော် လေလွင့်သွားခဲ့တဲ့ထဲမှာ သားရဲ့စိတ်ဓါတ်လေးတွေ ရင်ခွင်မဲ့ရှာတာ"

ဦးငြိမ်းဇော်၏ရင်တွင်းမှ ပဲ့တင်သံများမှာ နောင်တများစွာနှင့်ပါ။

ထိုအကြောင်းများကြောင့် ခွဲခြား မိထွေးနှင့်ကြီးပြင်းခဲ့ရခြင်း မိခင်နှင့်ကွဲခဲ့သော ရင်ခွင်မှာ ခွဲခြား၏ အေးစက်မာကျောမှုတွေဟာ ကြီးပြင်းခဲ့သည့်နှင့်အမျှ အမှားအမှန်မခွဲခြား မဆုံးဖြတ်နိုင်သေး သောအရွယ်မှာပဲ လမ်းပေါ်ရောက်ခဲ့ရသည်။

ဦးငြိမ်းဇော်ပြောနေသမျှ မပြုံးမရယ် တည်ငြိမ်စွာ ထိုင်နေပေးခဲ့သော ဒေါ်မျက်နှယ်ရီ၏ သည်းခံနိုင်မှုကလည်း မသေးပါ။

သူမနှင့်ဆက်နွယ်နေမှုများမှာ မဆိုးဝါးလှသော်လည်း သိပ်ကောင်းတာမရှိ။ ဒါပေမဲ့ သူမ ဘာမှထင်မပြောခဲ့ပါ။

ဒီနေ့ ဒီလို ရင်ဖွင့်ကျည်ဖို့ ဦးငြိမ်းဇော်ရောက်လာခဲ့တာလည်း အစကတည်းက သူမ သိပြီးဖြစ်လိမ့်မည်။

သို့သော် ဒီထိလိုက်ပါပေးခဲ့သည်။

ခွဲခြားကတော့ ဒူးပေါ်တံတောင်နှစ်ဖက်ထောက် လက်ဖဝါးချင်း ပြန်၍ယှက်ဆုပ်ထားကာ နှုတ်ခမ်းစုံက တင်းစေ့နေသည်။

တွန့်ကုတ်နေသော မျက်ခုံးနှစ်ဖက်မှာ အလိုမကျခြင်းတွေကို ပြသနေ၏။

www.burmeseclassic.com



ဦးငြိမ်းဇော်က သူတာဝန်မယူနိုင်ခဲ့သမျှကို ရင်ဖွင့်တောင်းပန်ခဲ့ရင်း စကားကို အဆုံးသတ်ဖို့ကြိုးစားသည်။

သူ့စကားများထဲမှာ ခွဲခြား ဒီလောက်ထိ စိတ်နာပြတ်တောက်ကာ ငယ်စဉ်မှ ဒီအရွယ်ထိ တစ်ကိုယ်တည်း ရှက်လွင့်သွားခဲ့ရသည့် အဖြစ်တို့က တိကျစွာမပါခဲ့သော်လည်း အားလုံးကတော့ ခန့်မှန်းမိပြီးဖြစ်သည်။

ထို့ကြောင့် ခုချိန်မှာ ဦးငြိမ်းဇော် အရှိန်အဝါဘယ်လောက်ပဲကြီးကြီး ခွဲခြား၏ထူးချွန်မှုတွေအောက်မှာ သေးသေးလေးပဲရှိနေသည်။

"သားရဲ့မိဘအနေနဲ့ သားအတွက် မင်္ဂလာပွဲအတွက် တစ်သက်မှာ တစ်မင်္ဂလာဆိုသလို အတင့်တယ်အခမ်းနားဆုံးဖြစ်အောင် ကျွန်တော်တို့ဘက်က တာဝန်ယူပါရစေ။ လက်ဖွဲ့အနေနဲ့ အခု မြန်မာပြည်စက်မှုဇုံတစ်ခုမှာ သားတို့တည်ဆောက်နေတဲ့ စက်ရုံသစ်ကြီးနဲ့ပတ်သက်ပြီး ကုန်ကျသမျှစရိတ်အားလုံး သားကိုယ်စား ကျွန်တော် တာဝန်ယူပြီး တည်ဆောက်ပေးမယ်၊ နေဖို့အတွက် ခြံနဲ့တိုက်ရယ်၊ ကားအပြင် အဖြူအနီအစိမ်း ရတနာတစ်ဆင်စာစီ သမီးအတွက် ပါဦးမှာပါ"

ဦးမောင်မောင်လွန်းနှင့် ဒေါ်မမ ဒေါ်ဒေဝီတို့အားလုံး ပြုံးနေကြသည်။

မရ မျက်နှာမကြည်ပါ။





ခွဲခြား ပီတိဖြစ်တန်မရှိသော်လည်း ဒါဟာ မင်္ဂလာကိစ္စအတွက် ဖြစ်သင့်သည်များပဲဟု ငြိမ်သက်နေခဲ့၏။

ပြီးတော့ ဤသည်မှ မရအတွက် အလွန်တင့်တယ်စေသည့် တန်ဖိုးများဖြစ်သည်ဟု ရှိစေတော့။

သူ့ဘဝမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည်ဖြစ်စေဦး ဒီနေရာမှာ မိဘအရိပ်ရှိမှ ခန့်ညားစေမှာဟု မမသိပါစေ။

သူတို့ပြန်ကြဖို့ပြင်တော့ လူကြီးတွေအချင်းချင်း ပြေလည်ကျေနပ်ပြီး ထွက်ခွာသွားကြသော်လည်း မရ ဆိုဖာတွေနားမှာပဲ မျက်နှာလေးတင်းလျက် ရပ်ကျန်ခဲ့၏။

ခွဲခြား နောက်ချန်နေရစ်ကာ မရဘေးမှာရပ်လိုက်သည်။

"မမ"

မရ သူ့ကိုငဲ့ကြည့်သော်လည်း အကြည့်သည် မျက်နှာဆီမရောက်ဘဲ ထွက်သွားဖို့ပြင်၏။

"မမ"

သူ ရှေ့ကလိုက်ကာတား၍ . . .

"မမကို ကျွန်တော့်ဘဝနဲ့ ထပ်တူမြတ်နိုးတန်ဖိုးထားတဲ့ အထဲမှာ ဘာပကာသနမှ မပါပါဘူး။ အားလုံးဟာ မမကို တန်ဖိုးထားမှုတွေကြောင့် စီစဉ်ထားတာချည်းပဲ၊ ကျွန်တော့်ကိုယုံပါ၊ ကျွန်တော့်ကို အထင်မလွဲပါနဲ့နော်"

ကုတ်အင်္ကျီနက်ဝတ်ထားသော်လည်း လည်စည်းမပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သီးစုံတပ်ထားသည့် ပန်းနုရောင်ရှပ်အင်္ကျီနှင့် ဝင်းနေသည့် သူ့မျက်နှာကို မရ မော့ကြည့်ရပြန်သည်။

မျှော်လင့်ခြင်းများကြောင့် ရီဝေရွှးလက်ခြင်းများ လွှန်ဆွဲနေသည့်မျက်ဝန်းတို့နှင့် ဆုံဆည်းမိသည်။

"မင်းကို ငါ လက်ထပ်ဖို့သဘောတူခဲ့ပြီပဲ ခွဲခြား၊ မင်း ဘာလိုသေးသလဲ"

"ဘာမှမလိုတော့ပါဘူး၊ ဒါပေမဲ့ မမကို ကျွန်တော် စိတ်ချမ်းသာစေချင်တာ"

"မလိုပါဘူး။ မင်း လုပ်ပိုင်ခွင့်ရှိသမျှ လုပ်၊ ငါခံစားချက်နဲ့ ငါ၊ မင်းလိုက်ခံစားပေးဖို့မလိုဘူး"

"မဟုတ်ဘူး မမ၊ မမကို ကျွန်တော် မကျေနပ်မှုတွေ မျိုသိပ်တင်းကျပ်မှုတွေနဲ့ သိမ်းပိုက်ချင်တာမဟုတ်ဘူး"

"ဒါဆို နောက်ဆုတ်လိုက်ခွဲ၊ မင်းကို ငါ့ဘက်က ဘယ်တော့မှ လိုလိုချင်ချင် ကျေကျေနပ်နပ် ဖြစ်လာမှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်"

မရ လှည့်ရှောင်သည်။

ခွဲခြားက ထပ်ပိတ်ထားလိုက်၏။

"ဆုံးရှုံးမခံနိုင်ခြင်းက အချစ်ပဲမမ၊ ဘဝရှင်သန်ဖို့ဟာ လူတိုင်းအတွက် အဓိကဖြစ်သလို ကျွန်တော့်ရဲ့ရှင်သန်မှုတိုင်းမှာ အဓိကဖြစ်နေတဲ့ မမကိုလည်း ကျွန်တော် မရရအောင် ကြိုးစားရမှာ





ပဲ၊ ရှိပါစေတော့၊ ကျွန်တော့်အချစ်နဲ့ ဖန်ဆင်းယူနိုင်အောင် ကြိုးစားပါ့မယ်"

မရနှုတ်ခမ်းမှာ မဲ့ပြုံးလေးတစ်ခု ဖြစ်ထွန်း၏။

စိမ်းမြရွှန်းစိုနေသော မရ၏ နားသယ်ဆံစပ်လေးများကို ငုံမိုးစိုက်ကြည့်ရင်း မရလက်ဖဝါးကို တင်းခနဲဆုပ်ထားမိ၏။

"သိပ်ချစ်တာပဲ မမရယ်. . ."

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာတဲ့လဲ သမီး"

စိတ်လှုပ်ရှားသောမျက်ဝန်းများနှင့် ငေးလင့်နေသည့် ဖေဖေ့မျက်ဝန်းတို့ကို မရ အမှုပြောရက်စွာကြည့်ရင်း ဖုန်းကို အသာလေး ပြန်ချသည်။

"မေမေ ဘာမှမပြောဘဲ ဖုန်းချသွားတယ်ဖေဖေ"

ဦးမောင်မောင်လွန်း ငိုင်ကျသွားရှာသည်။

"ဪ. . . မောင်လေးရယ်၊ သူ့ဘက်က ဒီလောက်တင်းမာထားခဲ့တာကို ယောက်ျားယူဖို့ထိဖြစ်လာတော့ ယောက်ျားကိုမုန်းစေချင်တဲ့ အမေတစ်ယောက်က ချက်ချင်း ဘယ်လက်ခံနိုင်မလဲ"

ဒေါ်မမက နှစ်သိမ့်စကားပြောသည်။





"ဟုတ်သားပဲကိုလေးရယ်၊ ဒေဝီတို့ဘက်က သူ့ကို ဖုန်းခဏခဏဆက်ပေမယ့် သူက ကိုင်ပြီးပြန်ချသွားတယ်၊ သူ့ကိုပြောဖို့ ကြိုးစားရင်း ဒီဘက်က မင်္ဂလာကိစ္စကို စီစဉ်နေခဲ့တယ်၊ အခု မင်္ဂလာရက် သတ်မှတ်ပြီးပြီ၊ ဒါတွေကို သူခံစားနေရမှာပေါ့၊ ဖုန်းကိုင်ပြီး ချက်ချင်း ဝွပ်ဆို ချမပစ်တာကိုက သမီးအပေါ် သူ မပြတ်သားနိုင်တဲ့ သံယောဇဉ်ပဲ၊ ဒါ ဝမ်းသာစရာ"

မရ ဖုန်းပြောတိုင်း အနားမှာစောင့်ကြည့်နေတတ်ကြတာမို့ ဒေါ်ဒေဝီက အကဲခတ်လို့ရသမျှကို အားရပါးရ ဝင်ပြောသည်။

"သူ့မှာလည်း ဒီသမီးလေးတစ်ယောက်ပဲရှိတာ ကိုလေးရယ်၊ ဟိုးစပ်က တင်းမာနေတာက သူဖြစ်ချင်သလိုဖြစ်အောင် ဟန်ဆောင်နေတာပါ၊ ရင်ထဲမှာတော့ မချစ်ဘဲနေပါ့မလား၊ သူ သမီးလေးထွက်လာကတည်းက ခံစားနေရရှာမှာ၊ အခု သတင်းတွေဆက်တိုက်ထွက်လာတော့ ဘယ်ခံစားနိုင်မလဲ၊ သမီး သူ့ဆီသွားကြည့်ပါလား"

"မသွားနဲ့"

ဦးမောင်မောင်လွန်း တားဆီးရင်းခေါင်းခါ၏။

"သူ အတွေ့ခံမှာမဟုတ်ပါဘူး၊ ပြီးတော့ ခုချိန်ကျမှသွားရင် လုပ်ချင်ရာလုပ်ပြီးမှ အသိပေးရုံသက်သက် လာရွဲ့တယ်ဆိုပြီး သူ ပိုခံစားရမှာ၊ ဆိုးဝါးသွားမယ်ဆိုလဲ သူ့အတိုင်းပဲရှိပါစေတော့၊ သားအမိကြားမှာ ဒီ့ထက် ပဋိပက္ခတွေ မဖြစ်စေချင်တော့ဘူး"

"မရ တစ်ခုတော့စဉ်းစားထားတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲသမီး"

မရက ဖုန်းနားမှနေ၍ ဦးမောင်မောင်လွန်းနားသျှောက်လာကာ ခြေရင်းမှာ ဒူးတုပ်ထိုင်လိုက်၏။

"မေမေ့ဆီကို ပန်းခြင်းကလေးနဲ့ အကြောင်းစုံရေးပြီး တောင်းပန်တဲ့စာလေးတစ်စောင် ပို့လိုက်မယ်၊ စာကိုတော့ မေမေ ဖတ်မှာပါ"

ဦးမောင်မောင်လွန်းက မထင်ဘူးဆိုသော မချိပြုံးနှင့် အဖေး ကိုငေးသွား၏။

မရ ဖခင်ဖြစ်သူ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း မော့ ကြည့်မိသည်။

မင်္ဂလာကိစ္စကို စက်ကြွစွာစီစဉ်ပေးရင်း သိသာစွာ ကျွန်း မာတိုးတက်လာသော ဖေဖေ၏စိတ်ဓါတ်တွေ ဘယ်လိုမျှော်လင့်ချင် သန်ခဲ့သလဲဆိုတာ သူမသိသည်။

ဖေဖေဟာ အချစ်ကြောင့် ယန်းဆန်းတက်ကြွခဲ့ပါသည်။

မေမေ့အပေါ် မမျှော်လင့်ရဲသော်လည်း ချစ်သည့်စိတ်နှင့် တမ်းတနေခဲ့ရှာသည်။

သူမကိုယ်တိုင်လည်း ဖေဖေ့ကို ပျော်ရွှင်စေချင်ပါသည်။

ခုချိန်မှာ မာန်မာနများနှင့် ပြည့်နှက်နေသော မေမေက ကျွန်းမာနေသည့်သူ။

ဖေဖေဟာ အချိန်မရွေးလဲကျသွားနိုင်သည့် လူမမာသည်





နတ္တိတာတစ်ဦး။

ဖေဖေ့အတွက် မရ အစစအရာရာ အလေးပေးခဲ့တာ မေမေ သိလည်းရှိပါစေ။

"ဘာပဲဖြစ်ဖြစ် မေမေနဲ့ပြေလည်အောင် မရ စွမ်းဆောင်နိုင် မှာပါ၊ ဖေဖေ မျှော်လင့်သလိုပဲ ဖြစ်လာမှာပါဖေဖေ၊ စိတ်ကို လျှော့ မချပါနဲ့နော်"

"သမီးရယ် ဖေဖေက ကလေးမှမဟုတ်တော့တာ၊ စိတ်ချမ်း သာမှုကို တောင့်တပေမယ့် ဖြစ်လာဖို့ မလာဖို့ကို ရူးသွပ်ရမယ့် အရွယ်မဟုတ်တော့ဘူး၊ ဖေဖေ နားလည်ပါတယ်"

မရက ပြုံး၍ ထရပ်လိုက်ကာ . . .

"ရူးသွပ်ခွင့်ရှိပါတယ် ဖေဖေ၊ လူပျိုဖြန်းကလေးမဟုတ်တော့ ပေမယ့် ဖေဖေနဲ့မေမေဟာ မရှုအမြင်မှာ အလွမ်းတင့်တယ်လှပနေတဲ့ အရွယ်တွေပဲရှိသေးတယ်၊ ပေါင်းဆုံနိုင်တဲ့ အခွင့်အရေးတွေလည်း ရှိနေတယ်၊ မရကြိုးစားမယ်၊ ဖေဖေ စိတ်ညစ်ပါနဲ့"

ဦးမောင်မောင်လွန်း ပြုံးလိုက်မိရင်း သမီးမျက်နှာလေးကို ကြည့်မိသည်။ ဒီသမီးလေး မာနကြီးလွန်းပါသည်။

သူ့အတွက်ကြောင့် လိုက်လျောချင်လွန်း၍သာ ခွဲခြားနှင့် လက်ထပ်ဖို့သဘောတူခဲ့မှန်း သူသိသည်။

ထို့အပြင် လူငယ်ပီပီ ဒီကိစ္စများမှာ သူ့မိခင်နှင့် ပေါင်းဆုံ နိုင်ရေးဟုသာ တွက်ထားခဲ့ပုံလည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခွဲခြားက ဘယ်လိုမှမငြင်းအပ်တော့တဲ့ အိမ်ထောင်ဘက်ဖြစ်သင့်နေသောကြောင့် သူ အမေ့ဆန်ဆန် စီစဉ်ခဲ့ခြင်းကို ကုန်စင်အောင် တွေးမိပုံမပေါ်။ ရှိပါစေ သမီးလေး သူ့နားမှာ ရှိနေတာကိုပဲ သူပျော်သည်။

'မဟာစံအိမ်' ၏ မျိုးဆက်သွေးလေး ပြန်လည်ရရှိလာသည့်အတွက် ဒေါ်ဒေဝီတို့လည်း ပျော်နေကြသည်။

သမီးလေးဟာ 'မဟာစံအိမ်' ၏ ရတနာရွှေကြုတ်လေးသာ။

"ဖေဖေ"

"ဟင်. . .သမီး"

"ဆိုဖာပေါ်မှာ သက်သက်သာသာ ပြောင်းထိုင်လိုက်နော်၊ ဖေဖေ့ကို မရ စပျစ်သီးလေးတွေကို သေသေချာချာခွာကျွေးချင်လို့"

"ကောင်းပါပြီဗျာ"

ဦးမောင်မောင်လွန်း ပြုံး၍ခေါင်းညိတ်တော့ ဒေါ်မမ ကျေနပ်ဝမ်းသာသောမျက်ဝန်းများနှင့် ညီမဖြစ်သူကို မျက်စပစ်၏။

ဒေါ်ဒေဝီက ပြုံးပြရင်းခေါင်းညိတ်သည်။

ညီအစ်မနှစ်ယောက် လက်ချင်းချိတ်၍ အသာအယာ ထွက်ခွာသွားကြသည်။

"ဟယ်. . .ဖေဖေ. . .ဖေဖေ့ခြေထောက် တော်တော်ရွှေ့နိုင်ပြီပဲ"





ဦးမောင်မောင်လွန်းကို တွဲထူပေးရင်း မရ ဝမ်းသာအားရပြောတော့ သူ ပြုံးလိုက်၏။

ဒါလည်း မေမေ့အတွက် ကြိုးစားနေတာလို့ သမီးမြင်ဦးမှာကို သိသည်။

သမီးလေး မင်္ဂလာပွဲကို သူ ဂုဏ်မငယ်စေချင်သည့် မချင့်မရဲဆန္ဒများနှင့် ကြိတ်မှိတ်ကြိုးစားနေခဲ့သည်။

တစ်သက်လုံး ဒီဝိုင်းရှိနေစေချင်၍ ဘယ်သူနားချချ ခေါင်းခါယမ်းခဲ့မိသော ခြေထောက်တွေ ပြန်ကောင်းရေးကို သူ တစ်ကနေ ပြန်စ၍ မနားမနေ ကြိုးစားခဲ့တာလည်း၊ သမီးလေးသိချင်မှသိမည်။

ရှိစေတော့ သမီးမျက်နှာလေး ပြုံးနေတာကိုကြည့်၍ နဖူးဆံစလေးကို သပ်လိုက်မိသည်။

"ဒီပုံဆို ဖေဖေ အကိုင်းနဲ့ခြေလှမ်းရင် မကြာခင် လျှောက်လို့ရမှာ"

"သမီးပျော်လား"

"ဖေဖေရယ်"

မရ မျက်ရည်တွေဝေ့နေရှာ၏။

"သမီးရဲ့မင်္ဂလာပွဲကိုတော့ ဖေဖေ တက်နိုင်တော့မယ်မထင်ဘူးနော်၊ သမီး အားငယ်လားဟင်"

"ဖေဖေ"

မရ ဖေဖေ့လက်မောင်းကို ဆုပ်ဖက်၍ မှုန်းစူးစမ်းစမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ တဖြည်းဖြည်း တရစ်ရစ်တက်လာသော အုံ့ဆြဲဝမ်းသာမှုများနှင့် မျက်ရည်စက်တို့ တပေါက်ပေါက်ကျ၏။

ဖေဖေသည် သူမအတွက် များစွာကြိုးစားခဲ့သည်ပဲ။

"ဖေဖေရယ်"

မိဘမေတ္တာပါလားဆိုသော နွေးထွေးမှုကို မရ မျိုသိပ်မခံစားနိုင်တော့ဘဲ ဖေဖေ့ကိုဖက်၍ အားရပါးရ ငိုချလိုက်မိသည်။

ဦးမောင်မောင်လွန်း သမီးကျောပြင်လေးကိုဖက်၍ ပြုံးနေရင်း မျက်ရည်လည်သည်။ ငါ အမြန်ဆုံးကောင်းရမည်ဆိုသော ဆုံးဖြတ်ချက်လည်း ရင်ထဲမှာ ခိုင်မာစွာဖြင့် . . .

❀ ❀ ❀

## အခန်း (၂၅)

မင်္ဂလာပွဲက မနက်ပိုင်း ညပိုင်း နှစ်ချိန်စလုံးမှာ မြိမ့်မြိမ့် သဲစည်ကားခဲ့၏။ နှစ်ဘက်စလုံးမှာ ကိုယ့်ကိုယ်တက်ချမ်းသာကြသည့်အပြင် ခြံမြေနှင့်ပတ်သက်၍လုပ်ကိုင်လိုကြသော လုပ်ငန်းရှင်များ၏ အင်အားကလည်း များသည်။

ဖိတ်စာပေါ်မှာတင်နိုင်ခဲ့သော မင်းမရနှင့် ခွဲခြားတို့၏ ဝုဏ်ထူးများက တခမ်းတနားရှိခဲ့၏။

လက်ဖွဲ့ခြင်းသည်ခံပါဟု တားမြစ်ထားသော်လည်း ရောက်လာသည့်လက်ဖွဲ့တို့က ရတနာဘူးတွေချည်းဖြစ်သည်။

ကျယ်ပြောသော ရောင်စုံမီးဆိုင်းများနှင့် ညည်ခံပွဲကြီးထဲမှာ တိုဘက်လှည့်ရယ်ရ ဒီဘက်လှည့်၍ လက်ဆွဲရနှင့် မရ မတ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ကပင် လဲချင်လာသည်။

နေ့ရောညပါ ဝတ်စားထားခဲ့ရတာတွေကို ကျဉ်းကျပ်လာ၏။

ဟိုကဆုပ်လိုက် ဒီကဆွဲလိုက်နှင့် လက်ဖဝါးတွေလည်း နာနေခဲ့ပြီ။

''သမီးလေး ပင်ပန်းနေပြီလား၊ ဘေးမှာ ခဏသွားနားလိုက်ပါလား''

''ဟုတ်သားပဲသမီး၊ သွားနားလေ၊ ခွဲခြားကလည်း ဟိုမှာ သူ့ဧည့်သည်တွေကြားက ဘယ်တော့မှ ရုန်းလို့ရမယ်မသိဘူး''

ဒေါ်မမ အနားကပ်လာတော့ ခွဲခြား၏မိတ္ထွေး ဒေါ်မျက်ချယ်ရီကပါ ပခုံးလေးကိုလာဖက်၍ သဘောကောင်းနေပြန်သည်။

''သမီးက သိပ်ကိုလှတာပဲကွယ်၊ စွတ်စွတ်ဖြူနေတာလေးကို ဝတ်ထားပေမယ့် အသားရည်က ခြောက်မသွားဘူး၊ အဖြူရောင်နဲ့ မျက်နှာလေးကို အိနေတာပဲ''

မှေးဖျားလေးကိုဆွဲမော့၍ ချစ်စနိုးပြောသေးသည်။

''မကြည်မသာဖြစ်နေတဲ့ပုံလေးကတောင် အလှပျက်မသွားဘူး၊ ခွဲခြား ဒီလောက်မြတ်နိုးနေတာ သမီးကိုမြင်တော့ မာမီယုံသွားတယ်သိလား၊ မာမီ့ကို ခွဲခြားလို ခပ်စိမ်းစိမ်းမနေနဲ့နော်၊ မာမီလေ ခွဲခြားအပေါ် မေတ္တာစိတ်နည်းခဲ့ဖူးတယ်၊ ဒါက ငယ်စိတ်နဲ့ပါ၊ ကိုယ့်မှာလည်း သားသမီးရရော ကိုကြီးကိုကော ခွဲခြားကိုပါ နားလည်လာခဲ့တယ်၊ ကိုကြီးကို တောင်းပန်နိုင်ပေမယ့် သားကိုတော့ မတွေ့





တော့ဘူးလေ၊ သမီး မာမီပြောတာ ယုံနိုင်ရဲ့လားဟင်''

ဘူမရင်ဖွင့်နေတော့ ဒေါ်မမက အသာရှောင်ထွက်သွား၏။

ဧည့်ခံပွဲ၏ ထိပ်ဆုံးထောင့်ကျကျမှာမို့ သူမတို့ လွတ်လပ်နေသည်။ ဒါတောင် ကင်မရာတွေတဝဲဝဲနှင့် ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်နေခဲ့၏။

မရ ဒါတွေကိုစိတ်မဝင်စားသော်လည်း ဒေါ်မျက်ချယ်ရီပြောတာကိုတော့ ခေါင်းထဲထည့်ကြည့်မိသည်။

တကယ့်နောင်တတွေလား။ ခွဲခြား၏အရှိန်အဝါကို မြင်မှပြောင်းလဲယူဖို့ ကြိုးစားနေတာလား၊ တိကျစွာ အကဲခတ်နိုင်ဖို့တော့ ခက်ပါလိမ့်မည်။

ထိုစဉ် ဒေါ်ဒေဝီက ဧည့်သည်များကြားမှ ခေါ်လိုက်သဖြင့် စကားပြတ်သွားခဲ့ကြ၏။

မင်္ဂလာဧည့်ခံပွဲဆိုပေမယ့် အစဆေးမှုအသာ အတူတွဲထွက်နိုင်ခဲ့ကာ ခွဲခြားနားမှာ ဧည့်သည်တွေ ဝိုင်းဝိုင်းလည်နေသည့်အချိန်မှစ၍ သူတခြား ကိုယ်တခြား။

ခွဲခြား မကြာခဏ ခေါင်းထောင်ကြည့်တတ်တာကို မြင်တဲ့အခါ မြင်လိုက်ပေမယ့် မရ မသိသလိုပင်လုပ်ပစ်ခဲ့သည်။

တစ်ခါ သူမရှိသည့်ဘက်ကို ခွဲခြား လစ်ထွက်လာသည်။

ကြားကနေ ဧည့်သည်နှစ်ယောက်က လက်ထဆွဲသည်။

ထို့နောက် ခွဲခြားပါသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မရ ကျေနပ်စွာပြုံးလိုက်၏။

တစ်ညလုံး မအားရပဲရှိပါစေ။

"ဘယ်လိုလဲ သတိုးသမီးရယ်၊ ပြောတော့ဖြင့် ဆင်ဖမ်းမယ်ကျားဖမ်းမယ်နဲ့ ခုတော့ဘယ့်နှယ့်လဲ၊ အချစ်နဲ့မကင်းတဲ့လောကကြီးကို နားလည်သွားပြီလား"

မျက်နှာရှေ့ရောက်လာသည့် ဖြိုးကိုပြုံးပြရင်း မရ မလုံမလဲဖြစ်သွားမိသည်။

သူမနောက်မှာမှ ဖြိုး၏ အစ်ကိုပါရောက်လာခဲ့သည်။

"ကွန်ဂရက်ကျူလေးရှင်းဗျာ"

"ဟုတ်ကဲ့"

လက်တန်းမလာမိ မရ မျက်ဝန်းတွေကို တခြားပို့ပစ်လိုက်၏။

ဖြိုးကတော့ မရ ပခုံးလေးကို ဖွဖွဖက်၍ အားကျသလို ကြည့်၍...

"သိပ်လှတာပဲကွာ မရ ပိုင်ဆိုင်ခွင့်ရသွားတဲ့ ခွဲခြားဆိုတဲ့ တစ်ယောက်ကလည်း တကယ်မိတယ်၊ ဂုဏ်ရှိတယ်၊ နင် အရမ်းကံကောင်းတာပဲ၊ ငါတော့ စာနှစ်စောင်တည်းနဲ့ ကြွေနေရတာ၊ ခုထိ ထပ်ရောက်မလာတော့ဘူး။ မမြင်မစမ်း လွမ်းခွင့်လေးတောင် မရတော့ဘူးသိလား။ သူတို့များကတော့"

ပြော၍ ခြောက်ကပ်ကပ်လေးရယ်သည်။





မင်္ဂလာပွဲက ညလာ၍ မရ စိတ်ညစ်လာရ၏။

ည (၈)နာရီထိုးမှ မင်္ဂလာပွဲပြီးရတာ အံ့သြလောက်၏။



www.burmeseclassic.com

## အခန်း(၂၆)

လောလောဆယ်တော့ မပြောဖြစ်ခဲ့သောကြောင့် သူတို့စီစဉ်ခဲ့သလို 'ပဏ္ဏာ' စံအိမ်လေးမှာပဲ နေဖို့ဖြစ်ခဲ့ရသည်။

စံအိမ်လေးဆိုပေမယ့် နှစ်ယောက်တည်းနေရတော့ ခမ်းနားကြီးကျယ်လွန်းနေ၏။

“သမီးစိတ်ကြိုက် မဖြစ်သေးရင် အပြင်အဆင်ကိုပဲ ဖြစ်ဖြစ် တိုက်ကိုပဲဖြစ်ဖြစ် ကြိုက်သလိုပြုပြင်လို့ရအောင်နော်၊ ဒက်ဒီမှာ ကွန်စထရပ်ရှင်းလုပ်ငန်းပါရှိတယ်၊ ဘာမှမခက်ဘူး ဒါ သမီးမာမီက သူ့စိတ်ကူးနဲ့ သားနဲ့သမီးအတွက် ကိုယ်တိုင်အပ်ထားတဲ့တိုက် စိတ်ကြိုက်ပြော သား၊ ကြိုက်ရဲ့လား”

“ရပါတယ်”





တစ်နာရီတိတိမှာ 'ပဏ္ဏာ' စံအိမ်ကိုရောက်လာကြတော့ ဦးငြိမ်းဇော်တို့ လင်မယားပါ လိုက်လာကြသည်။

ခွဲခြားမျက်နှာက အလိုမကျခြင်းများနှင့် မှုံကုတ်နေ၏။

ပြောဆိုမှာကြားပြီး ပြန်သွားကြတော့ ထားပေးခဲ့သည့် အရွေနှင့်နီလာဆိုသော အိမ်ဖော်မိန်းကလေးနှစ်ယောက်နှင့် သူတို့ ကျန်ခဲ့ကြ၏။

“မမ ရေချိုးလေ၊ ညည့်နက်နေပေမယ့် ရေနွေးစပ်ချိုးပေါ့၊ ရေချိုးမှ ကိုယ်လက်အညောင်းအညာပြေတာ၊ မောင် ရေခပ်ခဲ့မယ်နော်”

မောင်ဆိုသော အသုံးအနှုန်းကြောင့် မရမျက်နှာ နွေးကနဲဖြစ်သွား၏။

မခေါ်နိုင်ပါဘူး။

မျက်နှာတင်းသွားမိတာ ဆုံးဖြတ်ချက်ကတစ်ခါတည်း ဖြစ်၏။

“ခွဲခြား. . .”

တမင် မာဆတ်ဆတ်ခေါ်လိုက်၏။

နက်(ခ်)တိုင်ဖြုတ်နေရင်း ခွဲခြား ဖျတ်ကနဲ လှည့်ကြည့်သည်။

အခန်းထဲက ထွက်မလို့လုပ်ပြီးမှ ပြန်လှည့်လာ၏။

“မမပြောလေ”

www.burmeseclassic.com



"ငါ ဒီမှာမနေနိုင်ဘူး၊ လူကြီးတွေ ရှေ့ပက်မဝင်အောင် စီစဉ်ကြကုန်လို့ မပြောဘဲနေခဲ့တာ"

ခွဲခြားက မရထိုင်နေသည့် ကျွန်းကုလားထိုင်ကြီး၏ ပန်းခက်အညွန့်အကွေးနှင့် လှပနေသောကျောမှီမှာ တံတောင်ထောက်၍ မျက်နှာငုံ့လိုက်၏။

မရ ပါးပြင်လေးနားမှာ သူ့နှာခေါင်းချွန်ချွန်က ဝေ့ဝဲလျက်။

"ပြောလေ. . . မမ ဘယ်မှာနေချင်လဲ"

မရ မျက်နှာတစ်ဘက်လှည့်စဉ်၍ . . .

"ငါ 'မဟာစံအိမ်'မှာပဲ နေမယ်၊ ဖေဖေ့ကိုပြုစုဖို့ ငါရှိမှ ဖြစ်မှာ"

ခွဲခြားက မရလှည့်ပစ်သည့်ဘက်ကို မျက်နှာလိုက်ကပ်သည်။

"အားလုံး မမ သဘောကျဖြစ်မှာပါ၊ မမကို ရအောင်ယက်ထပ်တော့မယ်လို့ စိတ်ကူးလိုက်ကတည်းက မောင်ကလည်း ချစ်စိတ်ကူးတွေနဲ့ မြို့နဲ့တိုက်ကို ဆောက်ထားခဲ့တာပဲ၊ ခုပြီးနေပြီ၊ မနက်ကျရင် မမနဲ့မောင် အဲဒီတိုက်ကိုသွားကြမယ်၊ မမကိုပြမလို့ပေါ့၊ ဒီည ဒီမှာနေဖြစ်တာက မိဘစီစဉ်ပေးတဲ့နေရာအဖြစ် မမကို နွေးထွေးစေချင်တာ၊ အားလုံးရဲ့တန်ဖိုးထားမှုကို မမရော တခြားသူတွေပါ သိစေချင်တာ၊ ဒါပါပဲ၊ နောက်ကျမှ မောင့်စိတ်ကူးနဲ့ တိုက်ကလေးကို ပြောင်းမယ်လေ"





မရ မျက်နှာကို ဆတ်ခနဲလွှဲပစ်လိုက်ပြန်ကာ . . .

"အို. . . ငါဘယ်မှာမှမနေနိုင်ဘူး၊ မနက်ကျရင် ဖေဖေ့ဆီသွားမယ်၊ ဒီမှာ နှစ်ညသုံးညပြန်အိပ်ပြီးတာနဲ့ ဟိုမှာပဲပြောင်းနေတော့မယ်၊ မင်းမကျေနပ်ရင် ကြိုက်တဲ့နေရာမှာနေ"

ခွဲခြားက မရ မျက်နှာလေး လှည့်သွားသည့်ဘက်ကို မလျှော့သောအမူအရာနှင့် လိုက်ပြော၏။

"ခု ဟိုမှာသွားအိပ်ချင်လား၊ မောင်လိုက်ပို့မယ်"

သူ့ကိုအတိုက်အခံ ရန်လုပ်ဖို့ကြိုးစားနေသည့် မရမျက်နှာက မှတ်ခမ်းရိရိလေးတွေကို စိုက်ကြည့်ရင်း ခွဲခြားက ကပ်ရိသည်။

မရ မထင်မှတ်ဘဲ ဓီလျှောက်တောင် သဘောထားကြီးပြနေသော ဖှုတ်ရဲ့လားဟု တွေးဖြစ်ရင်း နောက်လှည့်လိုက်လျှင် ခွဲခြား နှာတံချွန်ချွန်လေးနှင့် ပါးပြင်လေး ခလုတ်တိုက်သွား၏။

"အို. . ."

ရှက်ရှက်ဖြင့် ဖျတ်ခနဲထရပ်မိလိုက်သည်။ ... ရှုက ခွဲခြား သူ့မသေးကို ချက်ချင်းရောက်လာ၏။

"မင်း. . . မင်း ရှေသွားချိုးလေ"

ရှက်ရှက်နှင့် ဘာတွေပြောမိမှန်းမသိ။

"မမကော မချိုးဘူးလား"

"ဟင့်အင်း"

မရ ထွက်ပေါက်ရှာရင်း တစ်ဘက်ကနေရှောင်ဖို့ပြင်တော့



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားက သူ့မလက်ဖျားလေးကို ဖမ်းဆုပ်ထားလိုက်၏။

''အကျီတွေကော မလဲတော့ဘူးလား၊ ညည့်ခံပွဲမှာတုန်းက တော့ ပြင်ဆင်ထားရတာ စိတ်အိုက်လို့ဆို၊ ဒေါ်မျက်ချယ်ရီ လာပြော တယ်၊ မမ ပင်ပန်းနေပြီဆိုလို့ မောင် ဘာလုပ်ပေးရမှန်းမသိတာနဲ့ စိတ်တွေညစ်လိုက်ရတာ''

သူ စကားကောင်းကောင်းပြောနေတာ ယင်သည်။

ဒါပေမဲ့ မရ ရှက်စရာမဟုတ်အဲ ရှက်နေမိသည်။

ဘာမှန်းမသိဘဲနှင့် လက်ဖျားလေးတွေအေးစက်ကာ သူ့ ရှေ့က ထွက်ပြေးဖို့ပဲကြိုးစားမိ၏။

''ငါ. . . ငါ ဆံထုံးဖြေပြီးပြီ၊ ဒီတိုင်းပဲနေတော့မယ်''

မင်္ဂလာဆောင်ကိုနှင့်ပဲ ဆံပင်တွေ ဖားလျားဖြန့်ကျနေသည့် မရ

သည
ကိုယ်သုံးကိုရှူးရဲသောမျက်ဝန်းများနှင့် စိုက်ကြည့်၍ ခွဲခြား မြူး

ထပ်တော့မယ်
ကူးတွေနဲ့ တွေလည်း အဆမတန်ခုန်နေသည်။
သောကြည်နူးခြင်းများက အတိုင်းအဆမဲ့စွာ။
ကျရင် မမနဲ့
ဒီမှာနေဖြစ်ဝ ကို ဤမျှချောမောလွယ်ဂူစွာ ပိုင်ဆိုင်ခွင့်ရမည်ဟု
ပင်မမက်ခဲ့ဘူး။
ချင်တာ
သူ အစွမ်းရှိသရွေ့ ကြိုးစားသွားဖို့ကိုသာ ဆုံးဖြတ်ထားခဲ့
ချင်ဝ
နေ ည်။

အားမွေးထားခဲ့သည်။





မှရ ဘယ်သူ့ကြောင့် ဘာကိုငဲ့၍ ဆုံးဖြတ်ခဲ့မှန်းသူသိနေ၏။ ဦးမောင်မောင်လွန်းကို သူ ကျေးဇူးတင်နေသည်။

ဘာမကြည်ဖြူစရာရှိသလဲ။ သူအလိုချင်ဆုံးအရာကို ပိုင်ဆိုင် ခွင့်ရခဲ့ပြီးပြီ။

မမ ဘယ်မှာပဲနေနေ သူ့ဇနီးအဖြစ် ရှိနေဖို့သာ အဓိက။

ခွဲခြား မရကိုငေးကြည့်ရင်း လည်တိုင်နုနုလေးကြားထဲကို ထက်သွင်းလိုက်၏။

''အို. . . ဘာလုပ်တာလဲ''

မရ အလန့်တကြားနောက်ဆုတ်တော့ ကုလားထိုင်နှင့် ကပ် မိသွား၏။

ခွဲခြား ရှေ့တိုးလိုက်ရာ ရင်ဘတ်ချင်းက ထိုလုမတတ်။

မရ မျက်နှာပြင်လေး သွေးဆုတ်ဖြူရော်သွားတော့. . .

''ဘာလုပ်တာလဲ၊ ဖယ်. . . ဖယ်ပေး. . .''

''ဆွဲကြိုးတွေ လည်ဆွဲတွေတော့ ဖြုတ်မှာမဟုတ်လား၊ ရှူးက ရှနဲ့၊ မောင်ဖြုတ်ပေးမယ်''

''မဖြုတ်နဲ့၊ နေပစေ''

မရ သူ့လက်တွေကို လန့်လန့်ဖျန့်ဖျန့်ပုတ်ချ၍. . .

''နီလာရေ၊ အရွှေ. . .''

''ရှင်. . . မမလေး''

အိပ်ဖို့ပြင်ဆင်နေကြပုံရသော ကောင်မလေးနှစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ထွေးသံသဲ့သဲ့ကို အောက်ထပ်ကကြားရပြီး ပြေးတက်လာသံများပါ ကြားရ၏။

ခွဲခြား မျက်နှာမဲ့ခနဲဖြစ်ကာ လက်ကို ပြန်ရုတ်ရသည်။

ရယ်ချင်ပက်ကျိဖြစ်လျက် နှုတ်ခမ်းမှာ မချိုမချဉ်ဖြစ်သွား သည်။

မရ သူ့ကို ဆတ်ခနဲတွန်းပစ်၍. . .

"နီလာ. . . ခေါ်နေတာမကြားဘူးလား"

"ကြားပါတယ်ရှင်၊ လာပါပြီ"

မရ ခပ်သုတ်သုတ်သွား၍ တံခါးဖွင့်လိုက်လျှင် အထုပ်ကြီး ပိုက်၍ အခန်းဝမှာရပ်နေကြသည့် နီလာနှင့်အရွှေ့ကို တွေ့ရ၏။

ဒီတစ်ခါ အံ့ဩသွားရသူက ခွဲခြား။

အထုပ်ကြီးကိုကြည့်၍ အနုအရိုး ခြေလှမ်းကျဲများနှင့် လျှောက် လာကာ. . .

"ဒါတွေလဲ မမ"

ဟု မေးသည်။

မရက ရှုံ့နိမ့်လုလုကျမှ လွတ်လမ်းမြင်လိုက်ရသူလို ခပ်ယဲ့ယဲ့ ကလေးပြုံးကာ. . .

"ခရေပန်းတွေလေ၊ မနက်ဖြန် ဖေဖေ့အတွက် ယတြာလုပ် ပေးဖို့ မိုးမလင်းခင် ထသွားရမှာ၊ အဲဒါကြောင့် အပွင့်ရေနဲ့ကောက် ခိုင်းထားတာ၊ ဒီည အပြီးသီဖို့"





"မိုးမလင်းခင်"

"ဟုတ်တယ်"

"မမရာ၊ မိုးမလင်းခင်ဆိုတာကြီးက မဟုတ်သေးပါဘူး၊ ယတြာ ဆိုတာ ဒီနေ့မှပဲ လုပ်ဖို့ဖြစ်ရသလား။ မနက်စောစော ထသီလို့ မရဘူးလား"

"ခုဗျ ဘယ်အချိန်ရှိပြီလဲ၊ ပန်းသီဖို့မနိုးရင် ဘယ့်နှယ့်လုပ် မလဲ လေး. . . နီလာ၊ ထားခဲ့တော့"

"နေပါဦး၊ ဒီပန်းတွေက ဘယ်တုန်းကတည်းက ကောက် ထားတာလဲ"

'မဟာစံအိမ်'မှာ ခရေပင်ကြီးတွေရှိသည်။

ခွဲခြား စိတ်ညစ်သွားတာကိုမြင်ရတော့ မရ စိတ်လွတ် ကိုယ်လွတ် ပြုံးလိုက်မိ၏။

"ဘယ်တုန်းကပဲကောက်ကောက် ခင်းအလှမ်းမဟုတ်ပါဘူး၊ ဘာလဲ မကျေနပ်တာလား၊ ဆောရီးပဲ ခွဲခြား၊ ဒါ ငါ့မိဘအတွက်"

မရ နှုတ်ခမ်းဖျားလေးမှ ချက်ချင်းကြီးပြောင်းလဲသွားသည့် အပြုံးကို ခွဲခြား သံသယဖြစ်သွား၏။

ထိတ်ထိတ်လန့်လန့် မလုံမလဲဖြစ်နေကြသော နီလာ ကြောက်ရွံ့နေပုံကို လှမ်းကြည့်၍ ပြုံးလိုက်မိသည်။

သူ့ဘက်က မကျေနပ်ဆတ်ခွာဖို့ကို မရ လိုလားနေတာ သဘောပေါက်သွား၏။ ဒီလောက် ပုံအောများလှသည့် ပန်းပွင့်သေး



www.burmeseclassic.com

www.burmeseclassic.com



သေးလေးတွေကို တစ်ညလုံး ငုတ်တုတ်ထိုင်သိနေဖို့ မရ ကြိုးစားပြီ။

"ဒါဆိုလည်းရတာပဲ၊ နီလာနဲ့အရွေ"

"ရှင် . . . အစ်ကိုလေး"

"ပန်းတွေပြန်ယူသွား"

"အို"

မရ ပြောင်းယူထားပြီးသည့်ပန်းထုပ်ကို ဆတ်ခနဲယူ၍ နီလာ့လက်ထဲ ထည့်လိုက်သည်။

မျက်နှာကို အစွမ်းကုန်တင်းပစ်ကာ နီလာတို့ တစ်ချက်မှမော်မကြည့်ရဲအောင် အမိန့်ပေးလိုက်၏။

"မင်းတို့နှစ်ယောက် မအိပ်နဲ့၊ ပန်းတွေကို အမြန်ဆုံးပြီးအောင်သီ၊ ပြီးမှအိပ်ရမယ်၊ မနက်စောစောထပြီး ချက်ပြုတ်ဖို့မလိုဘူး၊ ဒီညပင်ပန်းတဲ့အတွက် မနက်ပိုင်းနားကြ"

"ဟုတ်ကဲ့"

"သွားကြတော့"

ဓာ်ခါးကိုပိတ်ပစ်ပြီး သော့ခတ်ပစ်လိုက်၏။

မရ ဒေါသချောင်းချောင်းထွက်ပါတော့သည်။

"မင်း . . . မင်း . . . ငါ့အလုပ်ကို . . ."

မရ စကားမဆုံးမီ ခွဲခြားက ဇွေ့ခနဲပွေ့ယူလိုက်၏။

"ပန်းတွေ မနက်မိုးမလင်းခင်သီပြီးရင် ပြီးတာပဲမဟုတ်လား၊ မင်္ဂလာဦးညဆိုတာ မပျက်စီးကောင်းဘူး"





"အို . . . မသိဘူး . . . သွား . . . လွှတ်နော်၊ ခုချပေး၊ ခွဲခြားခင်းကို ငါမုန်းတယ်သိလား"

မရ အော်ဟစ်သံလေးသည် ခွဲခြား၏ခြေလှမ်းတို့နောက်မှာ တိုးတိတ်ပျောက်ကွယ်သွားခဲ့သည်။

တိတ်ဆိတ်ခြင်းတို့ လွှမ်းခြုံသွားသော မင်္ဂလာအခန်းလေးထဲမှာ . . .

"သိပ်ချစ်တာပဲ မမရယ်"

ခွဲခြား၏ တိုးသဲ့သော ရင်ခုန်သံတစ်ခုတည်းသာ . . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟော. . . သမီးလေးလာပြီ၊ အန်တီတို့က မနက်ကတည်းက မျှော်နေတာ"

မင်္ဂလာဆွဲ နေ့ကတည်းက ပြီးသောကြောင့် ပင်ပန်းလွန်းကာ မနက်စောစော မထနိုင်ခဲ့ပါ။

အိပ်ရာထ နိုးတော့သာ ဖုန်နှစ်နာရီခွဲ နေ့ပြီဖြစ်၏။

နံနက်ခင်း၏နေရောင်ခြည် တိုးမဝင်နိုင်အောင် မျက်နှာစာယူထားသောအိပ်ခန်းက တံခါးတွေပိတ်ထားသမျှ မှောင်နေသည်မို့ နွတ်ဆက်တတ်သည့်နေရောင်ကို မမြင်ရတော့ မနိုးဘဲဖြစ်ခဲ့ရသည်။

တိုက်ဆောက်တဲ့အထိ ဉာဏ်များနိုင်လွန်းပါဘိဟု အပြစ်တင်ရအောင်က ဆောက်သည့်သူက ဦးငြိမ်းဖော်ဖြစ်နေသည်။





အိပ်ရာကထ ကိုယ်တိုင်ပဲ ချက်ပြုတ်စီမံပြီးမှ ထွက်လာရသော 'မဟာစံအိမ်' ရောက်တာနှင့် ဆယ့်တစ်နာရီကျော်နေပြီ။

ဒါတောင် အူလိုက်ပိုဖို့ လုပ်သေးသည်။

ထွက်ကြတော့မည်ဆိုမှ အရေးတကြီးဖုန်းဝင်လာ၍ နာရီဝက်ကြည့်ကြည့်နှင့် နေခဲ့ရသည်။

"မေမေရော အန်တီ"

"ဧကြည့်ခန်းထဲ ခုပဲဝင်သွားတာ၊ သမီး. . . သမီးလေးက မေမေဆီမှာ လာလာနေနော်၊ ခွဲခြားလာရင် အန်တီလည်းမပြောပါဘူး။ သမီးဖေဖေနားမှာ သမီးလေးရှိစေချင်လို့ပါ"

ဒေါ်မမက တောင်းပန်သလိုပြော၍ မရကို သူမနားမှာ ထိုင်စေသည်။

"လာ. . . လာနေမှာမဟုတ်ဘူး၊ မရ ဒီမှာပြောင်းနေမှာပါ"

"ဟင်. . . တကယ်လား၊ ခွဲခြားကူ ခွင့်ပြုပါ့မလားသမီးရယ်၊ အဲဒီလို ထိခိုက်လောက်အောင်တော့ မလုပ်ပါနဲ့၊ သမီးဖေဖေကလည်း လက်ခံမှာမဟုတ်ဘူး"

"မထိခိုက်ပါဘူး၊ သူခွင့်ပြုပါတယ်၊ ခွင့်မပြုလည်း မရ ဂရုစိုက်ပါဘူး၊ မရလုပ်ခဲ့သမျှ ဖေဖေ့အတွက်ချည်းပဲ၊ ဘာဖြစ်ဖြစ် အရေးကြီးဘူး"

"ဒီလိုလည်းမဟုတ်ဘူးလေ သမီးရဲ့"

"ဟုတ်ကဲ့ပါ၊ မရနားလည်ပါတယ်၊ အန်တီမ ဉာယ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ သွားလေ၊ မရ ဖေဖေ့ဆီသွားလိုက်ဦးမယ်"

အဝတ်စားလဲပြီး လက်ပွေ့အိတ်နှင့်မြင်လိုက်သဖြင့် ဒေါ်မမ အပြင်သွားမလို့မှန်း မရသိသည်။

သတိပေးလိုက်မှ ဒေါ်မမက ခေါင်းညိတ်၍. . .

"ပစ္စည်းလေးအပ်ထားတာ သွားရွေးမလို့သမီးရဲ့၊ သမီး့ အန်တီဒေဝီလည်း မနက်ကတည်းက ဝယ်စရာရှိလို့ဆိုပြီး ထွက်သွားတာ ပြန်မလာဘူး၊ အန်တီက သမီးကိုမျှော်ရင်း ကျန်ခဲ့တာ"

ဖေဖေတစ်ယောက်တည်းမို့ အနားမှာ မရရှိနေစေချင်တာ မှန်း သိလာသည်။

ပြီးတော့ မင်္ဂလာပွဲအမီ မပေးလိုက်နိုင်သော မရအတွက် ရတနာထည်တွေကြောင့် အလုပ်ရှုပ်နေကြမှန်းလည်း သိသည်။

ဒေါ်မမ စိတ်ချ၍ထွက်သွားမှ မရ နေရာမှထကာ အပေါ် ထပ်မှာ ဘုရားမှန်းလဲထားရဲ့လား၊ တက်ကြည့်လိုက်၏။

"လဲပြီးပြီသမီးလေး၊ သမီး ဘာနိုင်းစရာရှိသေးလဲ၊ မီးဖိုထဲ ဝင်ကြည့်ပါဦး၊ သမီးဖေဖေအတွက် အဆင်ပြေပါ့မလား"

မရရောက်ကတည်းက ဖေဖေ့အတွက် စားသောက်ဖို့ကို မရ တပဲ စီစဉ်ဝယ်ခြမ်းနိုင်းတာမို့ ဒေါ်မြက မေးခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ဒေါ်မြ၊ မရကြည့်လိုက်မယ်၊ ဖေဖေ ညက အိပ်ရဲ့လား၊ မနက် ဘယ်အချိန်ထလဲဟင်"

"အိပ်တယ်ထင်တယ်သမီးရဲ့၊ မိုးလင်းမှထတာ၊ လန်းလန်း





ဆန်းဆန်းပဲ"

"ဟုတ်လား"

မရ ကျေနပ်သွားသည်။

အပေါ်ထပ်မှာ ဒေါ်မြ ခန်းဆီးတွေတပ်နေတာကို ခဏရပ်ကြည့်ပြီး ပြန်ဆင်းလာခဲ့၏။

တစ်ခါတလေ ဒီလိုပါပဲ။

ဘာကြောင့်ဖြစ်ဖြစ် အိမ်မှာပင်ပန်းပြီး အိပ်ရာထနောက်ကျ ကြပြီဆို နေ့လည်စာထမင်းကို ဆယ့်နှစ်နာရီ တစ်ချက်ကျမှ စား ဖြစ်ကြသည်။

ခုလည်း နေ့လည်စာ ဘယ်သူမှစားရသေးပုံမပေါ်။

သူမကိုယ်တိုင်လည်း မစားရသေးပါ။

"မောင်လိုက်ခဲ့မယ်နော်. . . စောင့်နေ"

ကားတံခါးဖွင့် ပြန်ပိတ်ပေးရင်းမှာလိုက်သည့် စကားကို သတိရကာ မျက်နှာမှာ နွေးခနဲဖြစ်သွား၏။

ရင်ခုန်သွားမိတာ ဘာကြောင့်မှန်းမသိ။

ခုနေ သူမကို ဘေးကတစ်ယောက်ယောက်သာ ထိုင်ကြည့် နေပါလျှင် သူမ မျက်နှာအဝတ်စနီလိုများ ရဲနေမလားမသိ။

မရ ရှက်ပြုံးလေးနှင့် လှေခါးပေါ်က ခပ်သွက်သွက်ဆင်းလာ ခဲ့စဉ် ညေ့ခန်းသို့ထွက်သော တံခါးဝမှာ လူရိပ်တစ်ခု။

မရ ဖျတ်ခနဲမော့ကြည့်လိုက်လျှင် ခေါင်းရင်းမှာ ဘုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြည်ဟီးသွားကာ မျက်ဝန်းတွေပါ ချာချာလည်သွား၏။

"သိပ်ပျော်နေသလား မင်းမရ"

"မေမေ"

လေ့ခါးရင်းမှာ တုံ့ခနဲရပ်ပစ်ရင်း မရ တုန်လှုပ်စွာခေါ်မိသည်။

ဒေါ်တမာခါးသည် အစိမ်းရင့်ရောင်ပါတိတ်ဝတ်စုံနှင့် ဆံပင်တွေကို ခပ်မြင့်မြင့်တင်၍ ထုံးဖွဲ့ထား၏။

နဖူးပြင်မှဆံပင်တွေကို တင်းပြောင်နေအောင် သိမ်းလှန်ထားသဖြင့် ရင့်ရော်သွားသလိုထင်ရပေမယ့် ခါးတို့လက်စက အကျီ၏ လည်ဟိုက်နေရာမှာပေါ်နေသော မွတ်ပြည့်နေသည့်ဝင်းဝိုင်းနှင့်ရွှတ်သားဝင်းဝင်းလေးများက နုဖတ်စိုပြေနေသည်။

မျက်တောင်ကော့ကော့ ထူပြည့်သော နှုတ်ခမ်းလေးများက ရွှန်းစိုနေဆဲ။ သူမသည် တရစ်ရစ်ပြည့်လာနေသော မျက်ဝန်းထဲမှ မျက်ရည်တို့ကို ဖုတ်ခတ်ဖယ်ရှားဖို့ကြိုးစားရင်း ရှုစိုက်ကြည့်နေသော်လည်း ရှေ့ကိုတိုးမလာ။

"မင်း...တော်ပါတယ်၊ သတ္တိတွေလည်းရှိလာတယ်၊ ကြောက်တတ်ရင် လွဲ၊ ရဲတော့ မင်းဖြစ်တာပေါ့၊ လုပ်ရဲတဲ့သူ မင်းဖြစ်သွားတာပဲ၊ မင်းကိုပါ ချီးကျူးပါတယ်"

"မေမေ...မရ..."

"ငါဟာ...ငါ့သမီး ငါ့ရဲ့ရင်သွေးဆိုတဲ့ မာန်မာနတွေနဲ့





'မာနမာန်' ကို တည်ထောင်ခဲ့တာ၊ ငါနဲ့ ငါ့သမီးက စံပြဆိုတဲ့ မာနတွေနဲ့ ဒုက္ခသည်တွေကို ကူညီပြီး ငါ့ဆန္ဒစိတ်ကူးတွေကို အကောင်အထည်ဖော်ခဲ့တာ"

မေမေရယ်...ငါ့သမီးတဲ့လား...။

အစကတော့ ငါ့သမီးဆိုတာမရှိဘူး။ ကိုယ့်အားကိုယ်ကိုးဆို။ အားလုံး အမေတွေချည်းပဲဆို။

လောကမှာ မိခင်မေတ္တာဆိုတာ အစားမရှိနိုင်တဲ့အရာဆိုရင် သူတစ်ယောက်အတွက် အမေတွေ အများကြီး ရှိနေနိုင်ပါ့မလား။

ရေမျက်ဝန်းထဲမှာ စာတန်းကလေးတွေပေါ်နေမှသာ မေမေ တော်ရှုနိုင်တော့မှာပါ။

မရ မေမေ့ကိုငေးကြည့်ရင်း ရှေ့ကို ခြေလှမ်းချင်းတိုးလာမိသည်။

ဒေါ်တမာခါးက လက်သီးလေးနှစ်ဖက်ဆုပ်၍ နောက်လှည့်လျှောက်သွား၏။

ရင်တွင်းမှ ကြေကွဲသောစကားသံများ အဆက်မပြတ်ပြောနေရင်း ...

"နောက်ဆုံးတော့ ငါမွေးတဲ့သမီးက ငါ့ကို အရင်ဆုံး စည်းဖောက်သွားတယ်၊ နောက်ဆုံး သူတို့နှစ်ယောက်..."

"ဟင်...ဘယ်သူတို့လဲမေမေ"

ဒေါ်တမာခါး ဖျတ်ခနဲပြန်လှည့်လာလျှင် မရ တစ်သက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မမြင်ဖူးခဲ့သော မျက်ရည်ကြောင်းတို့ ဖြတ်စီးနေခဲ့သည့် မျက်နှာမှာ မြင်ရက်ဖွယ်မရှိ။

"နှန်းပန့်ခမ်းနဲ့ မေအာကာ"

"ဟင်"

"သူတို့လည်း မင်းလိုပဲလေ၊ ငါမုန်းတီးတဲ့အလုပ်ကို လုပ်ခဲ့ကြတယ်၊ အမြင့်စံကတော့ ကားတင်ခံရတာ၊ ဒါပေမဲ့ မိန်းမဘဝမှာ မထူးစိတ်ပိုက်လိုက်ရတာတွေ အများကြီးပါပဲ၊ အလှအပကို ငါမုန်းတယ်၊ မိန်းမဘဝအတွက် အလှကရန်သူပဲ၊ မင်းကို ငါ ရန်သူလို သဘောထားခဲ့တာလည်း မင်းက သိပ်လှနေခဲ့လို့ပေါ့၊ ငါဟာ မင်းကို ငါ့ရင်သွေးမို့ ငါ့စိတ်ရှိမှာပဲလို့ ယုံကြည်ခဲ့ပေမယ့် လှနေတာကို မုန်းတယ်၊ ဒါကြောင့် အားလုံးထဲမှာ မင်းကို ပိုပြီးဂရုစိုက်ခဲ့တာ၊ ချုပ်နှိမ်ထားခဲ့တာ"

မချစ်လို့မဟုတ်ဘူးလို့ ရှင်းပြနေတာလား မေမေ။

မရ မေမေ့ရှေ့မှာရပ်လိုက်တော့ မျက်ရည်တို့ကို မမြင်စေလိုသလို မေမေက မျက်နှာလွှဲပစ်ပြီး မျက်ရည်သုတ်၏။

"မင်းကို ငါ တစ်ခုပဲမေးချင်တယ်၊ ဒီအိမ်ကို မင်း ဘယ်လို လုပ်ရောက်လာတာလဲ၊ ဒါကြောင့် ငါ့ကိုအာခံပြီး ကန်ထွက်သွားတာလား"

"အို. . . မဟုတ်ပါဘူး"

မရ ပျာပျာသလဲပြောပေမယ့် ဒေါ်တမာခါးက နှုတ်ခမ်း





ခဲ့သည်။

"ငါ မင်းကို အပြစ်မတင်ပါဘူး၊ ဂုဏ်ပြုမလို့လာတာ၊ အရှုံးပေးမလို့လာခဲ့တာ၊ ငါဟာ ငါ့ရဲ့ဘဝကို ပထမဆုံး ဖျက်ဆီးခံခဲ့ရတယ်၊ နောက်ထပ် ပျိုးထောင်ခဲ့တဲ့ ငါ့ရဲ့ဆုံးဖြတ်ချက် စိတ်ကူးမျှော်လင့်ချက်အားလုံး အခု ပြိုလဲကုန်ပြန်ပြီ၊ ငါရှုံးတယ်၊ မထူနိုင်တော့အောင်ရှုံးသွားတာ မင်းမရ၊ အဲဒါ မင်းကစခဲ့တာ"

"မေမေရယ်၊ မရ ရည်ရွယ်ပြီးလုပ်ခဲ့တာမဟုတ်ပါဘူး၊ မရ ရှင်းပြတာကို နားထောင်ပါဦး"

မရ ဘယ်လိုပြောပြော ဒေါ်တမာခါး လက်မခံပါ။

သုတ်ပစ်နေရင်းမှ မျက်ရည်တို့ အဆက်မပြတ် စီးကျနေလျက်ရှိသည်။

"ဘာဖြစ်ဖြစ် ရှိပါစေတော့၊ ငါမကြားချင်တော့ဘူး၊ ငါ့ရဲ့ 'မာနမာန်'ကို နာမည်ဖြုတ်ပစ်လိုက်ပြီ၊ ငါ မင်းကို အမျိုးတစ်ယောက်အဖြစ် ငါ့မှာရှိတဲ့အမွေကိုပေးခဲ့ချင်တာ၊ အခု မင်းပိုင်ဆိုင်ထားရသမျှ အဖောက်ကရော လင်ဘက်ကရော ပစ္စည်းတွေနဲ့စာရင်တော့ အပ်နှားသောက်ပါပဲ၊ ဒါပေမဲ့ မလိုချင်လည်း မင်းရဲ့သဘောပေါ့လေ"

"မေမေက ဘယ်သွားမလို့လဲ၊ မေမေ ဘာလုပ်မလို့လဲဟင်"

ဒေါ်တမာခါးက မဖြေပါ။

"ဘယ်မှာလဲ၊ မင်းရဲ့အဖေဆိုတဲ့ ပုဂ္ဂိုလ်၊ ငါ သူ့ကို ဂုဏ်ပြုချင်လို့ပါ၊ ပြောချင်တာပြောခဲ့ချင်တယ်၊ သိးပြီးပွင့်ပြီးသား အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့် အမြဲစားနေရတဲ့ပုဂ္ဂိုလ်ဟာ ဂုဏ်ပြုထိုက်တာပါ၊ ဂုဏ်ပြုသင့်တယ်လေ''

ကြောက်မယ်ဖွယ်အေးစက်နေသည့် ဒေါ်တမာခါးမျက်နှာထက်မှာ နာကျည်းမှုများကို မြင်ရကာ မရ ထိတ်လန့်လာခဲ့၏။

ဖေဖေ့ခမျာ မေမေ့ထံမှ ရင့်သီးရက်စက်သော စကားများကို ဘယ်လိုမှ ကြားမြင်ခံစားနိုင်မည်မထင်။

''မေမေရယ် ဖေဖေ့အပေါ် မေမေ့အမုန်းတွေ ပြေပြီ၊ မပြေနိုင်ရင်တောင် မေမေ နားလည်စိတ်လေး ထားပေးစေချင်ပါ တယ်၊ ဖေဖေက ဒုက္ခိတပါ၊ အဲဒါ မေမေ့စိတ်နဲ့ဖြစ်တာ၊ ဒါတွေ စာအုပ်နဲ့ တစ်အုပ်လုံး မရရေးထည့်ပြီး မေမေ့ကို ပေးခဲ့ပါတယ်၊ မေမေ ဖတ်တယ်မဟုတ်လားဟင်''

မဖတ်ဘူးဟုမငြင်းသော်လည်း ဒေါ်တမာခါး မျိုးခြားနှင့် မျက်နှာလွှဲပစ်လိုက်၏။

''ဖေဖေက မေမေ့ကို ဘဝပျက်သောက်အောင် ချစ်ခဲ့တာပါမေမေ၊ ခုထိလည်း ချစ်နေဆဲပါ၊ ဖေဖေ့ကို မေမေ ရက်ရက်စက်စက်တွေ သွားမပြောပါနဲ့၊ မရ တောင်းပန်ပါတယ်''

''မတောင်းပန်ပါနဲ့သမီးရယ်၊ သူပြောပါစေ၊ အဲဒီလိုပြောတာကိုဖြစ်ဖြစ် တစ်စုံတစ်ခုနဲ့ အသားကို နာကျင်စေတာမျိုးဖြစ်ဖြစ် တုံ့ပြန်လာတာကိုပဲ ဖေဖေက မျှော်လင့်စောင့်စားနေခဲ့ရတာ၊ ပြောပါမာ၊ မင်း ကိုယ့်ကိုလာပြောပါ''





ဦးမောင်မောင်လွှန်း ဧည့်ခန်းဘက်ကို တရွေ့ရွေ့ဝင်လာ၏။

ကျွန်းကုလားထိုင်ကြီးတွေနားမှာ ရောက်တော့ ရပ်တန့်သွား၏။

အသံလာရာကို ဖျတ်ခနဲလှမ်းကြည့်ကာ ဒေါ်တမာခါးမျက်နှာ တစ်ချက်ငေးသွား၏။

နဂိုကဆံပင်အလယ်ခွဲ မျက်နှာနုနုနှင့် ချောမောသောမျက်နှာသည် ဆံပင်တွေ အပြောင်သိမ်းလုနီးပြီးလျက် သိသာစွာ ရင့်ရော်သွားသော မျက်နှာနှင့် သိသာစွာ ခြားနားသွားခဲ့သည်ပဲ။

ကောင်းတယ်၊ မကောင်းမှုဟာ ဒီလိုပဲပေါ့။

မကောင်းတဲ့သူစိတ်ထားဟာ အချိန်တန်ရင် ကိုယ့်ကိုယ်ကို ပြောက်လှန့်လာတာပဲ။

''ရှင်က ခုမှ သူတော်ကောင်းကြီးလိုလို သည်းခံပေးမနေပါနဲ့ ဦးမောင်မောင်လွှန်းရယ်၊ ရှင့်လိုလူကြီးတစ်ယောက်က ပြောင်တာစကားတွေ ပြောနေတော့ အကန်းရေတွင်းကျစကားတွေလိုပဲ ရေတွင်းထဲပြုတ်ကျကာမှ ငါ ရေဆာလို့ပါဆိုတာလေ၊ ကန်းရင်ကန်းတယ်ပေါ့''

ဒေါ်တမာခါးလေသံက ပြတ်သားနေ၏။

စကားလုံးတို့က ရင့်သီးလှသည်။

ဦးမောင်မောင်လွှန်း ဘာတစ်ခွန်းမှတုံ့ပြန်မပြောဘဲ ငေးမော ၍သာနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တမာခါး မျက်ဝန်းတွေက ဖျော့ကျသွားလိုက်၊ အေးစက်ခက်ထန်သွားလိုက်။

"ရှင့်ကို ကျွန်မ ရန်မတွေ့တော့ပါဘူး၊ ချီးကျူးချင်လွန်းလို့မိန်းမဆိုရင် တခြားတစ်မ်းကိုသာမကဘူး၊ ဘယ်တုန်းကမှ မသိခဲ့မမြင်ခဲ့ဘူးတဲ့ သမီးကိုတောင် အမေရင်ခွင်ထဲက ခွဲထုတ်ယူသွားနိုင်အောင် ဆွဲဆောင်နိုင်တဲ့ယောကျာ်း၊ မာယာများတဲ့ယောကျာ်း၊ ရှင်တို့ကို ကျွန်မမုန်းတယ်"

"မာ. . . အဲဒါ ကိုယ်တမင်လှုပ်ယူခဲ့တာ မပါဘူး၊ အားလုံးဟာ တိုက်ဆိုင်မှုတွေပါ။ သမီးလေးသိပါတယ် မာရယ်"

"ဘာပြောတယ်"

ဒေါ်တမာခါး ခါးထောက်လျက် တစ်လှမ်းချင်းတိုးဝင်သွား၏။

ဦးမောင်မောင်လွန်းသည် ဒိုးလ်ချဲပေါ်မှ ထလျှောက်လာတော့မလို ရှိသည်။

ဖေဖေနဲ့မေမေ ပြင်းထန်စွာပေါက်ကွဲကြတော့မည်လား။

မရ စိုးရိမ်စိတ်လေးနှင့် ကြားဝင်ဖို့ မေမေ့နောက်ကလိုက်ရန် ခြေလှမ်းပြင်လိုက်လျှင် တစ်စုံတစ်ယောက်က သူမလက်ကိုဆောင့်ဆွဲထားလိုက်၏။

မော့ကြည့်လိုက်တော့ ခွဲခြားဖြစ်နေ၏။

"မလိုက်နဲ့ မမ၊ ဒါမျိုးက အသာကြည့်နေရတယ်၊ သူတို့





ချင်း ရင်ဖွင့်ကြပါစေ၊ အန်ကယ်လည်း မမရဲ့မေမေပြောသမျှ ဆူသမျှကို ကျေနပ်မှာပါ၊ သူတို့ချင်းတော့ သိမှာပါမမရယ်၊ အသာကြည့်နေနော်"

ကြည့်နေနော်ဆိုပြီး ကြည့်ခွင့်လည်းမပေးဘဲ မရကို ခွဲခြားက တွယ်ရာအရပ်ဆီ ခေါ်လာ၏။

"ဖယ်စမ်းပါ၊ ဖေဖေက စိတ်ဆင်းရဲတဲ့ဒဏ်ကို သိပ်ခံနိုင်မှာမဟုတ်ဘူး၊ မင်း ဘယ်လောက်သိလို့လဲ"

"မထက်ပိုသိတာတော့ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်က မမထက် ပိုချစ်တတ်တယ်လေ၊ ချစ်ကြသူတိုင်းက ချစ်တဲ့သူနဲ့ ဝေးနေရတဲ့ဒုက္ခထက် ချစ်သူက မုန်းမုန်း ဆူဆူ ဘာပြောပြောတစ်စုံတစ်ခုသောလက်နက်နဲ့ ပစ်ခတ်ဖို့ပြန်နေတာကိုသာ လက်ခံထားချင်ကြတာ၊ အပြစ်ရှိရင် ဝန်ချမယ်၊ ကျေမယ်ထင်ရင်တောင်းပန်မယ်၊ အသွားအပြန်ရှိနေတာကို လိုချင်တာလေ၊ မမ မသိလို့ပါ၊ အန်ကယ်က အန်တီ့ဆီက တစ်စုံတစ်ရာကို ရမယ်ဆိုရင် အဲဒါ အချစ်ဖြစ်ဖြစ် အမုန်းပဲဖြစ်ဖြစ် ဘာလက်နက်မျိုးလာလာ သူကျေနပ်နေမှာပဲ. . .
ထိမ်မယ်"

"ဟွန်း"

သူပဲသိပါတယ်. . . လူတတ်ကြီး။ ဉပ်နေသည့်

လက်ကိုရုန်းလို့မရသဖြင့် မရ မျက်စောင်းဝေ့

ခွဲခြား အသည်းယားသွား၍ နမ်းမလို့ဆွဲဖက်ထားလိုက်သ မောင်လွန်း၏

www.burmeseclassic.com



"မင်း. . . မသွားပါနဲ့၊ ဒီတိုင်းတော့ ကိုယ့်ကို ထပ်ပြီးမထား ခဲ့ပါနဲ့ကွာ၊ တစ်ခုခုလုပ်သွားပါ. . . မင်း"

"ဝုန်း"

"ဒုန်း"

"အမလေး"

အတွင်းဘက်ကအသံတွေကြောင့် မရကိုယ်လေး ဆတ်ခနဲ တုန်သွား၏။

"ဖေဖေ"

ရင်ထဲမှာ ဖေဖေ တစ်စုံတစ်ခုဖြစ်ပြီဆိုသောအသိနှင့် ခွဲခြား ရင်ခွင်ထဲမှရုန်း၍ တံခါးဆီပြေးသည်။

ခွဲခြား နောက်ကလိုက်လာ၏။

သို့သော် မရ အထဲမဝင်ဖြစ်ခဲ့ပါ။

"ဦးမောင်"

နာမည်ကိုအစအဆုံး မခေါ်နိုင်တော့။

ရုတ်တရက် ဝေးကာနဲ ပြူးကျယ်သွားသော မျက်လုံးထဲမှာ မောင်လွှမ်း ဦးလိမ်ချပေါ်မှ ကတုန်ကယင်ထရပ်လိုက်ခြင်း။

လိုက်ရန် ခြေလှမ်းနှစ်လှမ်းခန့်အပြီးမှာ ယိမ်းထိုးလဲကျသွားပြီး နောက်မှ ဆောင့်ဆွဲထလက်ယမ်းနှင့် ဆောင့်တိုက်မိကာ နဖူးထောင့်မှာ သွေး မျောကျလာခြင်း၊ အဖြစ်အပျက်တို့က ဆက်တိုက်။

"မငတာမာခါး ဝေးကြောင်ကြောင်ကြည့်နေမိရာမှ ရုတ်တရက်





ထန်ချွန်ကာ ဦးမောင်မောင်လွှမ်းထံ ပြေးသွားမိ၏။

"ဦးမောင်. . . ရှင်. . . ရှင်ဘာဖြစ်သွားတာလဲ"

ကုလားထိုင်ကြားထဲမှာ ဦးမောင်မောင်လွှမ်း ပက်လက်ပြိုလဲ လျက် နဖူးမှာ သွေးတို့ရဲတောက်နေ၏။

ဒဏ်ရာ များသည် မများသည်ကို သူကိုယ်တိုင်မသိ။

နဖူးမှသွေးတို့သည် မျက်ခုံးကိုကျော်လွန်ကာ မျက်တောင်များ တို့ထိ ကျဆင်းကျော်လာသောကိုလည်း ဂရုမစိုက်နိုင်. . .။

ဒေါ်တာမာခါး အနားရောက်လာသည့်အမြင်ကို သိလိုက်သော ကြောင့် မှုံမှိုက်ပြာစေသွားသည့် အာရုံကို အမိအရပြန်၍ ချုပ်ထိန်း သည်။

ကိုယ်မှာထိကိုင်လာသည့် လက်ဖဝါးနုနုလေးနှစ်ဖက်ကို ဘယ်တော့မှ မလွှတ်တော့ဖို့ ဆုံးဖြတ်ချက်များနှင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

"အို. . . ရှင်"

ဒေါ်တာမာခါး သတိဝင်လာသောအခါ ဦးမောင်မောင်လွှမ်း ၏ သူမကိုယ်တိုင် ပွေ့ထူထားမိပြီးဖြစ်သလို သူမလက်များအား. . .

"တွေ့လား မမ"

နားနားကပ်ပြောကာ အထဲကို အတင်းဝင်ဖို့လုပ်နေသည့် မရကိုယ်ကလေးကို ခွဲခြားက ခက်ခက်ခဲခဲပွေ့ယူလိုက်၏။

ပြီးတော့ တံခါးဟလျက်ရှိနေသော ဦးမောင်မောင်လွှမ်း၏



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်ခန်းထဲထိ ခေါ်လာပြီးမှ အသာချပေးလိုက်သည်။

"အချစ်ဆိုတာ အဲဒီလိုရှိတယ်မမရဲ့၊ တွေ့ပြီမဟုတ်လား"

မီးခိုးရောင်ကုတ်အင်္ကျီဝတ်ထားသည့် သူ့ရင်ဘတ်ကို တွန်းပစ်၍ မရ တစ်ဘက်လှည့်သည်။

ခွဲခြားက သူ့ဘက်ပြန်ဆွဲလှည့်၍. . .

"အန်တီတောင် ငြိမ်းချမ်းရေးယူသွားပြီကွာ၊ မောင့်ကို မမ မချစ်သေးဘူးလားဟင်"

"ခွဲ. . . မင်း အလုပ်သွားမှာမဟုတ်လားဟင်"

မရ စကားတွေလွှဲနေတော့ ခွဲခြားပြုံးလိုက်သည်။

"မသွားပါဘူး၊ မင်္ဂလာဆောင်ပြီးကာစ အလုပ်တွေဖိလုပ်နေရအောင် မောင်က အရူးမှမဟုတ်တာ၊ မောင့်မိန်းမကို အားလုံးထက်သာအောင် ကိုယ့်အစွမ်းအစနဲ့ ကိုယ်ထားနိုင်ဖို့က ကြိုးစားခဲ့ပြီးသား၊ အဲဒါ ခုလိုအချိန်မှာနေဖို့ပေါ့၊ မောင် အနားမှာရှိတာ မမက မကြိုက်လို့လား"

"မကြိုက်ဘူး၊ ဖယ်ကွာ၊ ဖေဖေ့ကို သွားကြည့်မလို့"

မရကရုန်းလေ ခွဲခြားက အတင်းဖက်ထားလေနှင့် မရ မျက်နှာလေးတင်းလာ၏။

"ခွဲခြား"

"မောင်လို့ခေါ်ပါမမရယ်"

"မင်းကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးထားသလားဟင်၊ ငါ့ကို ဘယ်လောက်ထိ အပိုင်တွက်ထားသလဲ"





"မောင့်ကို လုံးဝဥဿုံ ပြန်ချစ်မှာပဲလို့တွက်ခဲ့တာ"

"ဖယ်. . . သွား"

ဒေါသဖြစ်ဖြစ်နှင့် ဆောင့်ရုန်းလိုက်လျှင် သူ့ရင်ဘတ်ကို တံတောင်ချွန်ချွန်နှင့် ဆောင့်တိုက်လိုက်သလိုဖြစ်သွားသည်။

"အား"

ခွဲက ရင်ဘတ်ဖိအော်ကာ ကုန်းကျသွား၏။

"ခွဲ"

မရ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားရင်း ခွဲခြားကို အတင်းဆွဲထူ၍ မျက်နှာကိုမော့စေသောအခါ. . .

"သိစ်ရက်စက်တာပဲမမရယ်"

နာတာမဟုတ်ဘဲ ပြုံးအီနေသောမျက်နှာကြီးကို မြင်လိုက်ပေမယ့် မရ စိတ်မဆိုးနိုင်တော့ဘဲ နှုတ်ခမ်းများမှာ အပြုံးလဲ့လဲ့လေး ဖြစ်တွန်းသွား၏။

ပြီးတော့ ဒေါသခြွင်းလွှ မလုံ့တလုံလှမ်းခြေလျက် ရှက်ပြုံးလေးနှင့် ပြေးဝင်သွားသည့် မျက်စောင်းလေးတစ်ခု။

လောကသည် သစ္စာမိုးများ လှိုင်လှိုင်ဖြိုးလျက် ချစ်ခြင်းမြစ်ကြီးကို စီးဆင်းစေခဲ့လေသည်။

ပရိသတ်အပေါ်
အမြဲတမ်း
ဗျူး



www.burmeseclassic.com